www.burmeseclassic.com



ကျွန်တော်ရေးချင်တဲ့အကြောင်း
ကျွန်တော်ပြောချင်တဲ့အကြောင်း

# ဗိုလ်ကြီးအုန်းကျော်မြင့် နိုင်ငံတော်လုပ်ကြံမှု

## ဦးဝင်းထိန်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရေးချင်တဲ့အကြောင်း

ကျွန်တော်ပြောချင်တဲ့အကြောင်း

# စိုလ်ကြီးအုန်းကျော်မြင့်

# နိုင်ငံတော်လုပ်ကြံမှု

## ဦးဝင်းထိန်

BURMESE CLASSIC

TNS

THE NEW SKY MEDIA

အမှတ် - ၁၁၇/၁၂၇၊ (E-4)၊ ၃၃ လမ်း(အလယ်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉၅၁၀၃၆၄၆

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

# ဗိုလ်ကြီးအုန်းကျော်မြင့် နိုင်ငံတော်လုပ်ကြံမှု


**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်၊ ၂၀၁၆၊ အောက်တိုဘာလ

**ထုတ်ဝေသူ**

ဦးမျိုးမြင့်(ကောင်းကင်သစ်မီဒီယာ) ယာယီ (၀၀၇၁၈)

အမှတ် - ၁၁၇/၁၂၇၊ (E-4)၊ ၃၃ လမ်း(အလယ်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၅၁၀၃၆၄၆

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ငွေကုံကော်

**မျက်နှာဖုံးဒီဇိုင်း**

GRAPHIC
NAY WINN AUNG

**အတွင်းဒီဇိုင်း**

တေဇာလင်း

**အုပ်ရေ**

၁၀၀၀

**တန်ဖိုး**

၃၀၀၀ိ/ -

**အတွင်းဖလင်**

Eagle Color Speration



ဗိုလ်ကြီးအုန်းကျော်မြင့် နိုင်ငံတော်လုပ်ကြံမှု

ဦးဝင်းထိန်

ကောင်းကင်သစ်စာပေတိုက်၊ ၂၀၁၆

၁၃ x ၁၈ စင်တီမီတာ


www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ကြီးဝင်းထိန်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| နိဒါန်း | နှစ်ပေါင်းလေးဆယ်ကျော်ကအဖြစ်အပျက် | ၁ |
| အခန်း(၁) | တာစူလာနေသော အကြောင်းအရင်းများ | ၃ |
| အခန်း(၂) | ဗိုလ်ကြီးအုန်းကျော်မြင့် | |
| | ဒုတိယကာကွယ်ရေးဦးစီးချုပ်၏ PSO ဖြစ်လာပုံ | ၁၁ |
| အခန်း(၃) | ချက်ချင်း လက်ငင်းဖြစ်ပေါ်စေသော အကြောင်းအရာ | ၁၇ |
| အခန်း(၄) | ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ကျွန်တော် | ၂၁ |
| အခန်း(၅) | ရှေကြည်အိုင် ဆိုတဲ့နေရာ | ၃၁ |
| အခန်း(၆) | ဗိုလ်ချုပ်ကြီးတင်ဦး ကို ထုတ်ပယ်မှုအပေါ် နမြောကြ | ၄၃ |
| အခန်း(၇) | ရန်ကုန်တိုင်း အထူးတရားရုံး | ၅၇ |
| အခန်း(၈) | ရှေကြည်အိုင်ရောက် ဆရာတပည့်များ | ၆၃ |
| အခန်း(၉) | ရှေကြည်အိုင်ရောက် | |
| | ပုဂ္ဂိုလ်တို့အကြောင်း တစေ့တစောင်း | ၈၁ |
| အခန်း(၁၀) | ပြီးသွားပေမဲ့ မပြီးသေးသောသူ | ၉၅ |
| အခန်း(၁၁) | သံရုံးမှာ ခိုလှုံဖို့အကြံ | ၁၀၃ |
| အခန်း(၁၂) | စစ်ကြောရေးမှာ ထွက်ချက်ယူ | ၁၁၃ |
| အခန်း(၁၃) | အုန်းကျော်မြင့်ကို သေဒဏ်ချမှတ် | ၁၂၅ |
| အခန်း(၁၄) | သတင်းစာမှ ကိုယ်ရေးအတ္ထုပ္ပတ္တိများ | ၁၃၅ |
| အခန်း(၁၅) | အုန်းကျော်မြင့် အကျိုးဆက် | ၁၃၇ |
| အခန်း(၁၆) | သူတို့ ဘယ်ကိုရောက်နေကြပြီလဲ | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com


ကြာလာလေလေ သူ့ကိစ္စက မေ့မေ့သွားလေပဲ။ အဲ့ဒီလို မေ့လာခြင်းနဲ့ အတူ တစ်ပြိုင်နက်တည်းမှာပဲ အခု ခေတ်ကာလကလည်း ပြောင်းလဲသွားပြီ ဦးနေဝင်းလည်း မရှိတော့ဘူး။ ၈၈ အရေးတော်ပုံကြီး ဖြစ်ပွားပြီးတော့ အပြောင်းအလဲတွေ အမျိုးမျိုးဖြစ်ခဲ့ကြတယ်။ အဲဒီအကြောင်းကို အသိုင်းအဝိုင်းတွေ၊ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေ ပြောလာကြတဲ့ အခါမှာ ဝိဝါဒ ကွဲပြားပြီး ဝေဝေဝါးဝါး ဖြစ်စေမယ့် အချက်တွေကို သတိထားမိတယ်။ ဥပမာ - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် က နာယကကြီးဦးတင်ဦးဟာ အဲ့ဒီတုန်းက ကာကွယ်ရေးဝန်ကြီး ဘ၀၊ ဗိုလ်ချုပ်ကြီးတင်ဦး ပြုတ်သွားတာ တပ်မတော်က နုတ်ထွက်ရတာ အုန်းကျော်မြင့်ကြောင့်၊ အုန်းကျော်မြင့် လုပ်လို့ ဗိုလ်ချုပ်ကြီး ဦးတင်ဦး နုတ်ထွက်ရတာ၊ အဲ့ဒီလိုပြောတဲ့ အခါမှာ ကျွန်တော်ကတော့ ဒီကိစ္စတွေကို အတွင်း သိဆိုတော့ ကြာလာလေလေ လူတွေရဲ့ မှတ်ဉာဏ်တွေ အသိတွေ ဝေဝါးပြီးတော့မှ လွဲချော်နေကြပါလား။ အဲ့ဒီလို တွေးမိပါတယ်။

နောက်တစ်ချက်က ဗိုလ်ကြီး အုန်းကျော်မြင့် တို့ ဖြစ်ခဲ့တဲ့ ကိစ္စက အဲ့ဒီအချိန်က တပ်မတော်အတွင်းမှာ သော်လည်းကောင်း၊ တိုင်းပြည်အတွင်းမှာ သော်လည်းကောင်း ကြီးမားတဲ့ ကိစ္စကြီးပါ။ ဒီလို ကြီးမားတဲ့ ဖြစ်စဉ်ကြီးကို ကျွန်တော့်လို သိမီခဲ့တဲ့ လူတွေက အထိုက်အလျောက် မှတ်တမ်း ရေးသင့်ခဲ့ပြီဆိုပြီး အသိဝင်လာလို့ အခုလို မှတ်တမ်းတင်ရတာပါ။

ဗိုလ်ကြီး အုန်းကျော်မြင့်နှင့်တကွ အဲ့ဒီကိစ္စမှာ ပါဝင်ခဲ့တဲ့ လူတွေက တပ်မတော်အရာရှိတွေ ဖြစ်တယ်။ သူတို့ လုပ်ကြံဖို့ လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကလည်း တပ်မတော်အရာရှိတွေ ဖြစ်တဲ့ အခါကျတော့ တပ်မတော်အတွက် အင်မတန် ဆိုးရွားတဲ့ အမည်းစက် ဖြစ်လာခဲ့တာပေါ့။ ဒီကိစ္စကို ပြောတာဆိုတာ ဝေဖန်တာ ရေးသားတာတွေက တော်တော်များများရှိခဲ့ပြီးပါပြီ။ ကြာလာလေ ဒီဖြစ်ရပ်က လူတွေရဲ့ အသိဉာဏ်တွေမှာ နည်းနည်းပါးပါး မှတ်သားမိတာတွေ ဖြစ်မှာစိုးလို့ အခုလို မှတ်တမ်းတင် ရလိုက်တာပါ။

ဦးဝင်းထိန်


www.burmeseclassic.com

www.burmeseclassic.com


# အခန်း – ၁
## တာရှည်လာနေသော အကြောင်းအရင်းများ
(Remote Causes)

ဗိုလ်ကြီးအုန်းကျော်မြင့် နိုင်ငံတော်လုပ်ကြံမှုကိစ္စ ဖြစ်ပွားလာတဲ့ အကြောင်းအရင်းကို ပြောပြရရင်တော့ ဗိုလ်ကြီး အုန်းကျော်မြင့် ကိစ္စမှ မဟုတ်ဘူး။ ဘယ်လို ကိစ္စမှာ မဆို၊ ဘယ်လို ကိစ္စကြီး ငယ်မဆို ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်းမှာ ဒီကိစ္စကို ဖြစ်စေတဲ့ အစပျိုးကာလ တစ်ခုကနေပြီးတော့ တစ်စတစ်စနဲ့ တာရှည်လာတဲ့ ကာလတွေမှာ ဖြစ်လာတဲ့ အကြောင်းအရင်းတွေ ရှိသလို ဖြုန်းခနဲ ထပေါ်လာအောင် ဖြစ်စေတဲ့ ချက်ချင်းလက်ငင်း ပြဿနာ ဖြစ်ပွားစေတဲ့ အကြောင်းအရင်းတွေ ရှိစမြဲပါ။

ခေါင်းစဉ် တစ်ခုအနေနဲ့ကတော့ အချိန်ကာလ တစ်ခုကနေ တရွေ့ရွေ့ စုလာတဲ့ အကြောင်းအရင်းတွေ၊ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် အဲ့ဒီတုန်းက **ဗိုလ်ချုပ်ကြီးတင်ဦး** အကြောင်းကို စပြောမှုဖြစ်မယ်။

### စတုတ္ထမြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးတင်ဦး

**ဗိုလ်ချုပ်ကြီးတင်ဦး** ဟာ တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်သလို တပ်မတော်အရာရှိကြီး တော်တော်များများက လေးစားရတဲ့ တပ်မတော် ခေါင်းဆောင် တစ်ယောက်ဖြစ်တယ်။ အဲ့ဒီလို ဖြစ်လာတဲ့ အချိန်မှာ သူ့ကို ဦးနေဝင်း ကိုယ်တိုင်ကပဲ ရွေးပြီးတော့ ဒုတိယကာကွယ်ရေးဦးစီး

www.burmeseclassic.com

www.burmeseclassic.com


ချုပ်၊ အဲဒီနောက် ကာ/ချုပ် လို့ခေါ်တဲ့ ကာကွယ်ရေးဝန်ကြီး၊ မ. ဆ. လပါတီမှာလည်း CEC ဗဟိုအလုပ်မှုဆောင်ကော်မတီ အဖွဲ့ဝင် အဖြစ်နဲ့ ရွေးချယ်ခံရလောက်အောင်ကို ဦးနေဝင်း က လက်သပ်မွေးခဲ့တာပါ။ အဲ့ဒီလို လက်သပ်မွေးခဲ့တာကြောင့် တပ်မတော် အသိုင်းအဝိုင်းမှာရော ဗိုလ်ချုပ်ကြီး ဦး တင်ဦး ဟာ ဦးနေဝင်း ရဲ့ သားတစ်ယောက်လိုပဲ ဆိုပြီးတော့ အဲ့ဒီလိုတောင် လူတွေက သတ်မှတ်ကြတယ်။ အဲ့ဒီလောက်ထိအောင် ပြောကြ ဆိုကြပါတယ်။

## တပ်မတော်သားများက ဗိုလ်ချုပ်ကြီးတင်ဦးအပေါ် လေးစားချစ်ခင်လာခြင်း

ဗိုလ်ချုပ်ကြီးတင်ဦး ဟာ ကာကွယ်ရေးဦးစီးချုပ်ရယ်လို့ ဖြစ်လာတဲ့အခါမှာ ကာကွယ်ရေးဝန်ကြီးပီပီ တပ်မတော်သားတွေရဲ့ အနေအထား တိုက်ရေး၊ ခိုက်ရေးအပြင် အုပ်ချုပ်မှုကိစ္စအစ ရှိသရွေ့ကို ဆောင်ရွက်ပေးတဲ့ အခါ တပ်မတော်မှာ ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ ဂုဏ်သိက္ခာ၊ ဗိုလ်ချုပ်ကြီးတင်ဦး ရဲ့ အနေအထားဟာ အင်မတန်ကို ကောင်းမွန်လာတယ်။ ဆိုလိုတာက တပ်မတော်သားတွေရဲ့ ကိုယ်တိုင်က လေးစားလိုက်နာ ချစ်ခင်တဲ့ ခေါင်းဆောင်တစ်ယောက် အဲ့ဒီလို ဖြစ်လာတယ်။

၁၉၇၄ ခုနှစ်မှာ ဗိုလ်ချုပ်ကြီး တင်ဦးက ကာကွယ်ရေးဦးစီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီး ဖြစ်လာတယ်။ အဲ့ဒီလို ဖြစ်လာတယ်ဆိုတာကလည်း အရင့် အရင်တုန်းက ဗိုလ်ချုပ်အောင်ဆန်း တုန်းက တိုင်းပြည်က ထားတဲ့ ချစ်ခင်လေးစားမှုလောက်တော့ မမီသော်လည်းပဲ ဗိုလ်ချုပ်ကြီးနေဝင်းရယ်လို့ တပ်မတော်သားတွေက လေးစားတဲ့ ချစ်ခင်တဲ့ အတိုင်းအတာဟာ အဲ့ဒီလောက်နီးပါးအထိ ဖြစ်လာတယ်။ ဒါကို ဦးနေဝင်း က တစ်စတစ်စ ရိပ်စားမိတဲ့အခါမှာ ဗိုလ်ချုပ်ကြီးနေဝင်းက ဗိုလ်ချုပ်ကြီးတင်ဦး ကို ကာကွယ်ရေး ဦးစီးချုပ်အဖြစ် CEC အဖြစ်ရွေးတာ မှန်မှ မှန်ပါ့မလားလို့ သံသယဝင်ခဲ့တဲ့ အချက်၊ အဲ့ဒီလို ကောက်ချက်ချထားတယ်။


www.burmeseclassic.com

www.burmeseclassic.com




ဗိုလ်ချုပ်ကြီးတင်ဦး

www.burmeseclassic.com

www.burmeseclassic.com



## ဦးသန့်ကို ဦးနေဝင်း မကြည်တာလည်း အကြောင်းတစ်ချက်

နောက်တစ်ချက်က ဦးသန့်အရေးအခင်း ၁၉၇၄ခုနှစ်မှာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် လုပ်ခဲ့တဲ့ ဦးသန့် ကွယ်လွန်ပြီးတော့မှ မြန်မာပြည်ကို ပြန်သယ်လာတဲ့အခါမှာ နောက်ပိုင်းကျမှ ဦးတင်ဦး ပြောပြလို့ သိရတာက ဦးသန့် ရဲ့ ရုပ်အလောင်းကို မြန်မာပြည် ပြန်ရောက်တဲ့အခါမှာ ဘယ်လိုလုပ်သင့်သလဲ ဆိုပြီးတော့ အောက်က တင်ပြလာတဲ့ အခါမှာ ဒီကိစ္စကို CEC မှာ ဆွေးနွေးကြတယ်။ ဆွေးနွေးတဲ့ အခါမှာလည်း အမျိုးမျိုး ပြောကြတဲ့အခါမှာ ဦးတင်ဦးကတော့ သူ့ရဲ့ အရိုးခံအတိုင်း ဦးသန့် ဟာ မြန်မာပြည်ကို ကမ္ဘာက သိစေတဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်တယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ထမ်းဆောင်ပြီး နိုင်ငံတွေက လေးစားရတဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်တာကြောင့် နိုင်ငံတော်မှာ ဈာပနအဖြစ် ပြုလုပ်ရင် သင့်တော်မယ်လို့ တင်ပြတဲ့အခါမှာ အများက အထိုက်အလျောက် သဘောတူခဲ့ကြသော်လည်းပဲ ဦးနေဝင်းကတော့ ဦးသန့်ကို မကြည်တဲ့အတွက်ကြောင့် မင်းတို့ ဘာသာလုပ်ကြ၊ ငါ မပါဘူး ဆိုပြီးတော့ သဘောမျိုးနဲ့ ထပြီးတော့ ထွက်သွားတာမျိုး ဖြစ်ခဲ့တယ်။

## ဦးသန့်ကိစ္စ နိုင်ငံတော်ဈာပနအဖြစ် ပြုလုပ်ဖို့ တင်ပြမှုနှင့် ဗိုလ်ချုပ်ကြီး တင်ဦး

ဦးသန့် ကို ဦးနေဝင်း မကြည်တဲ့ အကြောင်းက ဘာလဲဆိုတော့ ၁၉၆၂ ခုနှစ်မှာ ဦးနေဝင်းက တော်လှန်ရေးကောင်စီအနေနဲ့ အာဏာသိမ်းတဲ့အခါမှာ ဦးသန့် အနေနဲ့ ကုလသမဂ္ဂမှအရ အထွေထွေအတွင်းရေးမှူးအနေနဲ့ မထောက်ခံခဲ့ဘူး။ လူ သိရှင်ကြား မကန့်ကွက်သော်လည်းဘဲ ထောက်ခံမှု မပေးခြင်းအပေါ်မှာ ဆိတ်ဆိတ်နေခြင်း ဆိုတဲ့ သဘောမျိုးကို ဦးနေဝင်းက လက်မခံနိုင်ဘူး။ ဒါကြောင့် ဦးသန့်ဟာ သူ လိုလားအပ်တဲ့ ပုဂ္ဂိုလ် မဟုတ်

www.burmeseclassic.com


ဘူးလို့ ယူဆတဲ့အတွက်ကြောင့် ဦးသန့်ရဲ့ ဈာပနကို စိတ်မဝင်စားခဲ့ဘူး လက်မခံခဲ့ပေမဲ့ မင်းတို့ လုပ်ချင်တာ လုပ်ကြဆိုပြီးတော့ သဘောနဲ့ လုပ်တဲ့အခါမှာ ဦးသန့် အရေးအခင်း ဖြစ်ပေါ်လာတယ်။ ဒါကတော့ သီးသန့် အရေးအခင်းနဲ့ ပတ်သက်ပြီး ရေးကြတာတွေ ရှိလို့ ကျွန်တော်က အကျယ်တဝင့် မပြောတော့ဘူး။

ဦးသန့် ဈာပနကို သူ့ ရုပ်ကလာပ်ထားတဲ့ ကျိုက္ကစံ မြင်းပြိုင်ကွင်းက နေပြီးတော့ ကြံ့တော သုသာန်ကို သယ်တဲ့အခါမှာတော့ ကျောင်းသားတချို့နဲ့ နိုင်ငံရေးသမား တချို့နဲ့ ဘုန်းကြီး တချို့ဟာ ဦးသန့် အလောင်းကို လုယူပြီးတော့ ဘွဲ့နှင်းသဘင်အရှေ့မှာ ထားပြီးတော့ သင်္ဂြိုဟ်မယ်လို့ ဆုံးဖြတ်ကြတယ်။ အဲ့ဒီလို ကိစ္စ စဖြစ်ချင်းမှာပဲ သူတို့ဆီမှာ ပါတာ လူ ၁၀၀ တောင် မပြည့်ဘူး၊ လူ အယောက် ၅၀၊ အယောက် ၆၀ လောက်ပဲလာတယ်။ သူတို့မှာ လူ မများသေးဘူး။ အဲ့ဒီကိစ္စကို ကိုင်တွယ်တဲ့ အခါမှာ ဗိုလ်ချုပ်ကြီး တင်ဦး အနေနဲ့က ချက်ချင်းကို ပြဿနာကို ရှင်းလိုက်ချင်တယ်။ အဲ့ဒီတော့ ဦးသန့်ရဲ့ အလောင်းကို ကြံ့တော သုသာန်အထိကို ရဲတွေဖြစ်ဖြစ် အင်အားသုံး ပြီးတော့ ဖြို့ခွဲမယ်ဆိုရင် စောစောစီးစီး ပြီးသွားနိုင်တယ်။ ဒါကို ဦးနေဝင်းက မကြိုက်ဘူး။

အဲ့ဒီအချိန်တုန်းကတော့ ဒုတိယကာကွယ်ရေးဦးစီးချုပ် အဖြစ်ခန့်အပ်ခြင်းခံရတဲ့ ဗိုလ်မှူးချုပ်ကျော်ထင် ကို ဘယ်လိုတစ်ဆင့် စကား သွင်းလဲဆိုရင် အစည်းအဝေးမှာ ဆုံးဖြတ်ကြတဲ့အခါမှာ ဗိုလ်ချုပ်ကြီး ဦးတင်ဦးကဒီ ကိစ္စကို ရှင်းရှင်းလင်းလင်း လုပ်ချင်တယ်။

ဗိုလ်ချုပ်ကြီးကျော်ထင် က ဘာလုပ်လဲဆိုရင် အဲ့ဒီလိုလုပ်ရင် နယ်က တက်လာတဲ့ တပ်တွေက ရန်ကုန်ကို မကျွမ်းကျင်တဲ့ အတွက်ကြောင့် တစ်ရက် နှစ်ရက် စောင့်သင့်တယ် ဆိုပြီးတော့ ပြောတယ်။ အဲ့ဒီအဆိုကို ဗိုလ်ချုပ်ကြီးတင်ဦး က သဘောတူလိုက်တဲ့ အခါမှာ အရေးအခင်းက တဖြည်းဖြည်းနဲ့ တစ်နေ့မှာ လူ ၁၀၀၊ ၂၀၀ကနေ လူ ၅၀၀ တစ်ပတ်လောက် ကြာလာတဲ့အခါမှာ လူထောင် ဂဏန်း ၂၀၀၀၊ ၃၀၀၀ ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲ့ဒီတော့ ဒီကိစ္စကို ဦးနေဝင်းက ဦးသန့် အရေးအခင်း ဖြစ်နေတာကို မကြိုက်တဲ့အတွက် လူများနိုင်သမျှ များပါစေ၊ များလာတဲ့ အခါကျတော့မှ နှိမ်နင်းမယ်ဆိုတဲ့ စီမံကိန်းပဲ။ အဲ့ဒီစီမံကိန်း ဖြစ်သွားတဲ့အတွက် တကယ့် တကယ်တမ်း နှိမ်နင်းတဲ့အခါမှာ လူ ၃၀၀၀ လောက်က တက္ကသိုလ်ဝင်းကြီးထဲမှာ ပိတ်မိနေခဲ့တယ်။ သူတို့ကို တပ်နဲ့ ပိတ်ပြီး ဖမ်းခေါ် သွားတာ ထောင်လျှံတဲ့အထိ ဖြစ်သွားခဲ့တယ်ပေါ့။ ဒီတော့ ဦးသန့်ကိစ္စနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးတင်ဦး က နိုင်ငံတော် ဈာပနအဖြစ် လုပ်ချင်တယ်ဆိုတဲ့ အသိဟာ ဦးနေဝင်း စိတ်ထဲမှာ စွဲသွားပြီ။ အဲ့ဒီလို ကိစ္စကြောင့် ဦးနေဝင်းက ယုံကြည်မှုတွေ လျော့ပါးလာတယ်။ အဲ့ဒါက တစ်ချက်။

## အလုပ်သမား အရေးအခင်း ကြွေးကြော်သံနှင့် ဗိုလ်ချုပ်ကြီး တင်ဦး

နောက်တစ်ချက်က အလုပ်သမား အရေးအခင်း။ အဲ့ဒီတုန်းက ကျွန်တော်က စစ်ရုံးမှာ ကကကြည်း၅ဌာန ရောက်နေတယ်၊ နောက်ပိုင်းမှာ ကကကြည်း စီမံရေးပေါ့။ ကာကွယ်ရေး ဦးစီးချုပ်ရုံးကို ရောက်တယ်။ အဲ့ဒီလို အရေးအခင်းတွေ ဖြစ်နေတုန်းမှာ နေ့နေ့ညည မပြတ် သတင်းယူနေရပြီးတော့ အဲ့ဒီက ဆက်သွယ်ရေးစက်တွေနဲ့ အရေးအခင်းမှာ ပါဝင်တဲ့ တပ်တွေနဲ့ စကားပြောတာ ဆိုတာ သတင်းပို့တာတွေကို စောင့်ပြီးတော့ မှတ်တမ်းယူရတယ်။ အလုပ်သမားတွေကလည်း သူတို့ အလုပ်သမားအခွင့်အရေးတွေ မရရှိတာနဲ့ ပတ်သက်လို့ ဆန္ဒပြကြတယ်။ စက်ရုံမှာ ဆန္ဒပြပြီးတော့ လမ်းပေါ်မှာ တက်ပြီးတော့ ဆန္ဒပြကြတယ်။ လမ်းပေါ်တက်ကြတဲ့အခါ သူတို့ရဲ့ ကြွေးကြော်သံတွေက **နေဝင်း၊ စန်းယု** ကျဆုံးပါစေ၊ ဗိုလ်ချုပ်ကြီးတင်ဦး ကျန်းမာပါစေ၊ သက်တော် ရာကျော် ရှည်ပါစေဆိုတဲ့ ကြွေးကြော်သံတွေ ပါလာတယ်။ အဲ့ဒီလို ပါလာတာကို ကျွန်တော် သတိပြုမိတဲ့အခါမှာတော့ တို့ ဦးစီးချုပ်ကြီးကတော့ ကြာရှည်ခံမှ ခံပါ့မလား။ ဒီအတိုင်းဆိုရင်တော့ ပြဿနာပေါ်တော့မှာပဲလို့ စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားတယ်။


www.burmeseclassic.com

www.burmeseclassic.com



## အလုပ်သမားတွေနှင့် ဗိုလ်ချုပ်ကြီးတို့ ဆက်ဆံရေး

အလုပ်သမားတွေက ဘာဖြစ်လို့ အဲ့ဒီလို အော်ကြသလဲ ဆိုတဲ့အခါ ဦးနေဝင်း လက်ထက်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်မူအရ အလုပ်သမားနဲ့ လယ်သမားတွေကို ဦးစားပေးမယ်။ အလုပ်သမားတွေဆိုရင် စံပြလုပ်သား တွေ ရွေးရွေးပြီးတော့မှ တစ်နှစ် တစ်ခါ ငပလီ ဖြစ်ဖြစ်ပေါ့ ပို့တယ်။ ချောင်းသာတို့ ဘာတို့ မပေါ်သေးဘူး။ ငပလီမှာပဲ အပန်းဖြေ ဧည့်ခံကျွေး မွေးတယ်။ ဖျော်ဖြေရေးတွေနဲ့ ကောင်းကောင်းမွန်မွန် စားသောက်စေတယ်။ ပြီးတော့မှ ဆွေး နွေးပွဲ လုပ်ကြတယ်။ အဲ့ဒီလိုလုပ်တဲ့အခါမှာ ဗိုလ်ချုပ် ကြီးတင်ဦးက အဲ့ဒီတုန်းက တိုင်းမှူးဘဝ နဲ့ စံပြအလုပ်သမားတွေရဲ့ အလုပ် စခန်းမှာ သွားပြီးတော့ နေရတယ်။ ကြီးကြပ်ရတယ်။ အလုပ်သမားတွေနဲ့ တွေ့ရတယ်။ ဟောပြောပွဲတွေ လုပ်ရတဲ့အခါမှာ သူဟောပြောတယ်။ သူကလည်း အင်မတန်မှ အဟောအပြောကောင်းတဲ့ ပုဂ္ဂိုလ်ဆိုတော့ အလုပ်သမားအများစုနဲ့ စံပြအလုပ်သမားတွေနဲ့ သူနဲ့က ပုဂ္ဂိုလ်ရေး အကျွမ်းဝင်မှုတွေ ရှိသွားကြတယ်။ အဲ့ဒီ အကျွမ်းဝင်မှုတွေကြောင့် အဲ့ဒီ ဟာတွေကို အကြောင်းပြုပြီးတော့ အလုပ်သမားအရေးအခင်းပေါ်လာတဲ့ အခါမှာ သူနဲ့ သိတဲ့ အလုပ်သမားတွေ က 'နေဝင်း၊ စန်းယု ကျဆုံးပါစေ'၊ 'ဗိုလ်ချုပ်ကြီးတင်ဦး ကျန်းမာပါစေ' ဆိုတဲ့ ကြွေးကြော်သံတွေ ပါလာတာဟာ ထောက်လှမ်းရေး **Report** တွေမှာ လည်း ပါလာတာကြောင့် ဦးနေဝင်း သတိထားခဲ့မှာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးတင်ဦးဟာ ဗိုလ်ချုပ်ကြီးနေဝင်းတို့ ဦးစန်းယုတို့ ထက် ပိုပြီးတော့ ပြည်သူလူထုက လိုလားပါလား၊ အောက်ခြေလူထုက ပိုပြီး လိုလား ပါလားဆိုတဲ့ အသိက ဦးနေဝင်း ဘယ်လိုမှ လက်မခံနိုင်တဲ့ အသိဆိုတော့ ဗိုလ်ချုပ်ကြီးတင်ဦး အပေါ်မှာ ဦးနေဝင်းက ဒီလူတော့ ထားလို့တော့ မဖြစ် တော့ဘူးဆိုတဲ့ အသိတစ်စနဲ့ ဝင်လာရတဲ့ အကြောင်းအရင်းတစ်ခုပေါ့၊ ဒါက အရေးပါသော အချက်ပါ။

www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်ကြီး အုန်းကျော်မြင့်ဟာ
မလွဲမသွေ ဗိုလ်မှူးဖြစ်တော့မယ်။
ဗိုလ်မှူးဖြစ်ရင် တခြား နေရာမှာ
တာဝန်ထမ်းဆောင်ရမယ်။
အဲ့ဒီလို ကိစ္စတွေ မကြုံလာတဲ့ အတွက်ကြောင့်
ဗိုလ်ကြီးအုန်းကျော်မြင့် ဆိုတဲ့
အရေးအခင်း ဖြစ်လာစရာအကြောင်း
နည်းမယ်လို့
ကျွန်တော် ယူဆတယ်။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း - ၂

## ဗိုလ်ကြီးအုန်းကျော်မြင့် ဒုတိယကာကွယ်ရေးဦးစီးချုပ်၏ PSOဖြစ်လာပုံ

နောက်ထပ် အရေးပါတဲ့အချက်က ဗိုလ်ကြီးအုန်းကျော်မြင့် ဟာ ဗိုလ်မှူးချုပ်ကျော်ထင် လို့ခေါ်တဲ့ ဒုတိယကာကွယ်ရေးဦးစီးချုပ် ရဲ့ PSO ဖြစ်လာပုံ တင်ပြချင်ပါတယ်။

ဗိုလ်ချုပ်ကြီးကျော်ထင်ဟာ ဗိုလ်မှူးကြီးကျော်ထင် ဘ၀နဲ့ ရန်ကုန် တိုင်း တိုင်းမှူးအနေနဲ့ သူရဲ့ Personal Staff Officer ဆိုတဲ့ PSO လို့ခေါ် တဲ့ ကိုယ်ရေးအရာရှိက ဗိုလ်ကြီးစိန်သောင်း ဖြစ်တယ်။ သူဟာ အပတ်စဉ် ၃၀ က အင်မတန် ကြိုးစားတယ်၊ အင်မတန်တော်တဲ့ ကိုယ်ရေးအရာရှိပါ။ ရုပ်ရည်လည်း ပြေပြစ်တယ်။ စကားပြောလည်း ကောင်းတယ်။ အဲ့ဒီ ဗိုလ်ကြီး စိန်သောင်း ကို ဗိုလ်မှူးကြီးကျော်ထင် က တပ်မ (၇၇) ဗျူဟာ မှူးဘ၀ကနေ ပြီးတော့ သူ့ဆီမှာ PSO ခန့်တယ်။ ကျေနပ်စရာ ကောင်းလောက်အောင် လုပ်ငန်းတာ၀န်တွေ ကျေပွန်တဲ့အတွက်ကြောင့်မို့လို့ တပ်မ (၉၉) တပ်မှူး ဘ၀ အဲ့ဒီကနေ ရန်ကုန်တိုင်း တိုင်းမှူးဘ၀အထိ တောက်လျှောက် ဗိုလ်ကြီး


www.burmeseclassic.com

www.burmeseclassic.com


စိန်သောင်းကို PSO အနေနဲ့ ခေါ်လာခဲ့တယ်။

ဗိုလ်ကြီး စိန်သောင်း မိသားစုနဲ့ရော ဗိုလ်မှူးကြီး ကျော်ထင် မိသားစုတို့က အင်မတန် ခင်တယ်။ ရန်ကုန်တိုင်း တိုင်းမှူး ဖြစ်တာတဲ့အခါမှာ ဗိုလ်ကြီး စိန်သောင်းရဲ့ လူမှုရေး အသိုင်းအဝိုင်း ကျယ်ပြန့် လာပါတော့တယ်။ ဒီလိုနဲ့ သူဟာ ဆေးတက္ကသိုလ် ၂ တက်နေတဲ့ ဆေးတက္ကသိုလ် ကျောင်းသူတစ်ယောက်နဲ့ ချစ်ကျွမ်းဝင်သွားကြတယ်။ သူ့မှာ ပထမ အိမ်ထောင် ရှိတယ်၊ အဲ့ဒီအိမ်ထောင်က သူတို့ ကျောင်းသား ဘဝကတည်းက ဖျာပုံက ငယ်ချစ်ပေါ့။ ကလေးတွေလည်း ၃ ယောက်တောင် ရှိနေပြီ။ အဲ့ဒီလိုကြားထဲက ဗိုလ်ကြီးစိန်သောင်းဟာ ဆေးကျောင်းသူ မိန်းကလေးနဲ့ ရည်ငံပြီးတော့မှ အတည်တကျဖြစ်ဖို့အထိ သူက ကြံရွယ်ပြီးတော့ လုပ်ခဲ့တယ်။ အဲ့ဒီလို လုပ်ခဲ့တဲ့အခါမှာ ဇနီးကနေ ပြီးတော့ တိုင်းမှူး ဗိုလ်မှူးကြီး ကျော်ထင်ကို တင်ပြတယ်။ ဗိုလ်မှူးကြီး ကျော်ထင်ကလည်း သူ့ တပည့်ကို ခေါ်မေးတယ်။ သူ့ တပည့်ကလည်း ဝန်ခံတယ်။

အဲ့ဒီခေတ်က တပ်မတော်မှာ ဒီလိုကိစ္စမျိုး ပေါ်လို့ရှိရင် ထွက်ခွင့် ပေးလိုက်လေ့ ရှိတာပဲ။ (အခုခေတ် အဲဒီလိုတော့ မဟုတ်ဘူး။ အခုခေတ်က ထောင်၂ နှစ်ချတာ) ဗိုလ်မှူးကြီးကျော်ထင် က အင်မတန် စိတ်သဘောထားကောင်းတဲ့ ပုဂ္ဂိုလ် လူတော် လူကောင်းပါ။ ဗိုလ်ကြီးစိန်သောင်း ကို ဘယ်လိုမှ ပြောလို့ မရဘူး။ ချော့တာ ခြောက်တာ မရတဲ့ အတွက်ကြောင့် ကဲ ဒါဆိုရင်တော့ မင်း ငါ့ဆီမှာ မနေတော့နဲ့ မင်း တပ်ပြန် ပြောင်းတော့ ဆိုပြီး မူလတပ် ခမရ (၁၀၈) နေဖြူဘက်ကို ပြန်ပို့လိုက်တယ်။ အဲ့ဒီအခါ မှာ သူ့အတွက် PSO လိုပြီ။ တိုင်းမှူး တစ်ယောက်အနေနဲ့ လိုအပ်တဲ့ အခါမှာ အဲ့ဒီ တိုင်းမှာ G1 လို့ခေါ်တဲ့ General Staff Officer 1 ပေါ့။ ဦးစီးအရာရှိ ၁ ပထမတန်း၊ ဒုတိယဗိုလ်မှူးကြီး လှဖေကို ခေါ်ပြီးတော့ ကဲ့ငါ့အတွက် PSO တစ်ယောက် ရှာပေးစမ်းဆိုပြီး ခိုင်းတယ်။

ဘာကြောင့်လဲဆိုတော့ ဗိုလ်မှူးကြီး ကျော်ထင်က တပ်မတော်ဘဝ၊


www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးဘဝ ဖြစ်တာကြောင့် အောက်ခြေအရာရှိငယ်တွေကို မသိတော့ဘူး။ ဗိုလ်မှူးကြီးလှဖေ ကတော့ တပ်ရင်းမှူး ဘဝကနေ တက်လာတာဆိုတော့ အောက်ခြေအရာရှိတွေကို တော်တော်များများ သိတယ်။

သူ့ကို ရှာခိုင်းတဲ့ အခါမှာ ရန်ကုန်တိုင်းကို ရောက်ရှိနေတဲ့၊ ဗိုလ်မှူးကြီး လှဖေကိုယ်တိုင် တပ်ကနေ ခေါ်လာတဲ့၊ ဦးစီးအရာရှိ G 3 လုပ်နေတဲ့ တတိယတန်း ဦးစီးအရာရှိလုပ်နေတဲ့ ဗိုလ်ကြီးအုန်းကျော်မြင့် ကို သူ ထောက်ခံပြီးတော့ ဗိုလ်မှူးကြီးကျော်ထင်ရဲ့ PSO အဖြစ်နဲ့ ခန့်အပ်လိုက်တာ။ အဲ့ဒီလိုနည်းနဲ့ ဗိုလ်ကြီးအုန်းကျော်မြင့်ဟာ တိုင်းမှူး ဗိုလ်မှူးကြီးကျော်ထင်ရဲ့ PSO ဖြစ်လာတယ်။ ဗိုလ်မှူးကြီး ကျော်ထင်က ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဗိုလ်မှူးချုပ်ကျော်ထင် ဖြစ်လာတဲ့အခါမှာ သူကလည်း စစ်ရုံးကို PSO အနေနဲ့ လိုက်ပါလာတယ်။ ဗိုလ်ချုပ်ကြီးတင်ဦး ထွက်ရတဲ့အခါမှာ ဗိုလ်ချုပ်ကျော်ထင်က ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာတဲ့ အခါမှာလည်း PSOအဖြစ်နဲ့ တောက်လျှောက်ပါလာခဲ့တယ်။

ဗိုလ်ကြီးစိန်သောင်း သာလျှင် အိမ်ထောင် ရေးပြဿနာ မရှိခဲ့ရင် ဗိုလ်ကြီးအုန်းကျော်မြင့် ဟာ ဗိုလ်ချုပ်ကြီးကျော်ထင် အနားကို ဘယ်လိုနည်းနဲ့မှ ရောက်မလာနိုင်ဘူးလို့ ပြောရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သူ့ကို ကျွန်တော့်က ခင်တော့ တစ်ခါတလေ နောက်မိ စမိ ပါတယ်။ ခင်ဗျား ကြောင့် အုန်းကျော်မြင့် က ဗိုလ်ချုပ်ကြီးကျော်ထင် အနားကို ရောက်ရတာ အုန်းကျော်မြင့် ကိစ္စကြီးဖြစ်တာ အဓိက တရားခံက ခင်ဗျားလို့တောင် နောက်နောက်ပြောင်ပြောင်နဲ့ ပြောမိတယ်။

## ရာထူးခန့်အပ်ရန် အချိန်ဆွဲခြင်းက ပြဿနာတစ်ခု

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီး မကြာခင်မှာ 7 July အရေးအခင်း ဖြစ်ပေါ်လာတယ်။ အဲဒီ အရေးအခင်းမှာ အဲ့ဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com


ဒုတိယဗိုလ်မှူးကြီး စိန်လွင်ဆိုတာ (နောက်ပိုင်းမှာ သမ္မတ ဖြစ်လာတဲ့ ဒုတိယဗိုလ်မှူးကြီးစိန်လွင်)ရဲ့ လက်နက်ကိုင်တွေနဲ့ နှိမ်နင်းတဲ့အခါကျတော့ ကျောင်းသား တော်တော်များများ သေတယ်။ ပြည်သူလူထု တော်တော်များများ သေတယ်။ ဘယ်လောက်သေတယ်ဆိုတာ မှတ်တမ်းမှတ်ရာ မရှိပါဘူး။ ဆိုလိုတာက ကျောင်းသားအများစုက ပါဝင်ခဲ့တယ်။၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းတယ်။ အာဏာသိမ်းတဲ့ အချိန်မှာလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် နဲ့ တိုင်းပြည်ကို အုပ်ချုပ်တဲ့အခါကျတော့ တပ်မတော်အရာရှိ အများစုက ဌာနဆိုင်ရာတွေကို ရောက်ကုန်ကြတယ်။ မြို့နယ်အသီးသီးမှာ ကောင်စီ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်အသီးသီးယူကြတဲ့ အခါကျတော့ တပ်မတော်က အင်အားတွေ အရမ်းကြီးတော့ နည်းသွားတယ်။ ကျွန်တော်တောင်မှ ၁၉၆၃ ခုနှစ်မှာ အရာရှိဖြစ်တယ်။ ဒု-ဗိုလ် ပေါ့။ အဲ့ဒါတောင်မှ တပ်မှာ အရာရှိနည်းလို့ တပ်စု ၁ စု ကိုင်ရတာ ရှိသလို ၂ စု ကိုင်ရတာ ရှိတယ်။ တခြား တပ်ခွဲတွေကိုလည်း တွဲကိုင်ရတာမျိုးတွေလည်း ရှိတယ်။

တပ်မတော်ရဲ့လိုအပ်ချက်အရ အင်အား ဖြည့်ဖို့ဆိုပြီးတော့မှ OTS ကို ပြန်ပြီးတော့ ဖွင့်တယ်။ လိုအပ်ချက်အရ တက္ကသိုလ်အဆင့်အရ ဒုတိယနှစ်(I.A) အောင်တဲ့ ပုဂ္ဂိုလ်တွေပေါ့။ အဲ့ဒီလူတွေကို ခေါ်ရင်းနဲ့ **ဗိုလ်လောင်းသင်တန်း ၂၉** ခေါ်တယ်။ မရှေးမနှောင်းမှာ **အပတ်စဉ် ၃၀** ခေါ်တယ်။ အပတ်စဉ် ၂၉ နဲ့ ၃၀ ဟာ ၁၉၆၄ ခုနှစ် နှစ်ကုန် လောက်မှာ အရာရှိတွေ ဖြစ်လာကြတယ်။ အဲ့ဒီ အပတ်စဉ် နှစ်ခုပေါင်းရင် ၄၀၀ ကျော်လောက် ရှိလိမ့်မယ်ထင်တယ်။ အင်မတန်များတဲ့ အင်အားပေါ့။

## ဗိုလ်ကြီးအုန်းကျော်မြင့်သာ ဗိုလ်မှူးဘဝနဲ့ အခြားတာဝန်တွေထမ်းခဲ့ရပါရင်

အဲ့ဒီလိုဖြစ်လာတဲ့ အခါကျတော့ ၁၉၆၄ ခုနှစ်မှာ အရာရှိဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ၁၉၇၅ ခုနှစ်ရောက်လာတဲ့ အခါမှာ အရာရှိသက် ၁၀နှစ်ကို

www.burmeseclassic.com

www.burmeseclassic.com


ရောက်နေပြီ။ ကျွန်တော် ကိုယ်တိုင်ဆိုရင် ၁၂ နှစ်ရှိပြီ။ အရာရှိဘဝနဲ့ ဗိုလ်ကြီးဘဝနဲ့ တစ်နေ့မှာ ဗိုလ်မှူးအဆင့်ကို တက်ရ တော့မယ်။ သို့သော် ဗိုလ်မှူးအဆင့်ပေးရတဲ့အခါကျတော့ ထိပ်ပိုင်းခေါင်းဆောင် ဦးနေဝင်းတို့ ဦးစန်းယုတို့ သိကြမှာပါ။ ကျွန်တော်တို့ နာယကကြီး ဗိုလ်ချုပ်ကြီး တင်ဦးလည်း ပါကောင်းပါမယ်။ ၆၄-၆၅ မှာ အရာရှိဖြစ်လာတဲ့ လူတွေက 7 July အရေးအခင်း နဲ့ ကြုံရတဲ့အတွက်ကြောင့် အဲ့ဒီအရာရှိတွေကို ဗိုလ်မှူး အဆင့် ပေးသင့် မပေးသင့် စဉ်းစားနေကြတာပေါ့။ အဲ့ဒီ စဉ်းစားပုံ စဉ်းစားနည်းက ၁၉၇၅ မှာလည်း သူတို့ကို ရာထူး မတိုးဘူး၊ ၇၆ မှာလည်း ရာထူး မတိုးဘူးဆိုတဲ့ အခါမှာ တပ်မတော်မှာ အရာရှိ စီနီယာ ကပ္ပတိန်တွေဟာ အများကြီး အီပြီးတော့ နေခဲ့တာပေါ့။

သူတို့ကို ဗိုလ်မှူး အဆင့် ပေးသင့်၊ မပေးသင့် ချင့်ချိန်ပြီးတော့ အချိန်ဆွဲတာ။ အဲ့ဒီလို ဆွဲခြင်းသည် တပ်မတော်မှာ သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုမှာ သော်လည်းကောင်း ပြဿနာ ဖြစ်ပေါ်စေနိုင်တယ်။ တကယ်လို့ အဲ့ဒီ ပုဂ္ဂိုလ်တွေကို ဗိုလ်မှူးဘဝနဲ့ ပေးလိုက်မယ်ဆိုရင် **ဗိုလ်ကြီးအုန်းကျော်မြင့်ဟာ မလွဲမသွေ ဗိုလ်မှူးဖြစ်တော့မယ်။ ဗိုလ်မှူးဖြစ်ရင် တခြားနေရာမှာ တာဝန်ထမ်းဆောင်ရမယ်။ အဲ့ဒီလို ကိစ္စတွေ မကြုံလာတဲ့ အတွက်ကြောင့် ဗိုလ်ကြီးအုန်းကျော်မြင့် ဆိုတဲ့ အရေးအခင်း ဖြစ်လာစရာ အကြောင်းနည်းမယ်လို့ ကျွန်တော် ယူဆတယ်။**

**မာရှယ်လော**

မဆလအစိုးရလက်ထက်မှာ ဦးသန့်အရေးအခင်း၊ အလုပ်သမားအရေးအခင်းတွေ ဖြစ်လာတဲ့အခါ စစ်အုပ်ချုပ်ရေး (Martical Law) ကြေညာခဲ့ရပါတယ်။ စစ်အုပ်ချုပ်ရေး လုပ်လိုက်တဲ့အခါကျတော့ အဲ့ဒီကုန်းက တိုင်းမှူးက ဗိုလ်မှူးကြီး ခင်အုန်း။ နောက်ကျတော့ ဒုဝန်ကြီးတို့ ၊


www.burmeseclassic.com

www.burmeseclassic.com


ဥပဒေအဖွဲ့ဝင်တို့ ဖြစ်သွားတယ်။ အဲ့ဒီတော့ ရန်ကုန်တစ်မြို့လုံးကို ဗိုလ်မှူးကြီးခင်အုန်း ရဲ့ အုပ်ချုပ်မှုအောက်မှာ ထည့်လိုက်တယ်။ တစ်မြို့လုံးမှာ စစ်အုပ်ချုပ်ရေးပေါ့။တိုက်ဆိုင်ချင်တော့ မြို့မကျောင်းလမ်းက ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ရှိတယ်။လူကြီးသားသမီးတွေ ဆံပင်သွားညှပ်နေတဲ့ ဆိုင်ပေါ့။အဲ့ဒီမှာ ဦးနေဝင်းသား ဖြိုးဝေဝင်းက ဆံပင်လာညှပ်တယ်။ ဒီကောင်ကဆံပင်အရှည်။ အဲ့ဒီအနားမှာ တာဝန်ကျတဲ့ ရဲဘော်က သူ့ကိုကြည့်မရဘူး။ ဘယ်သူ့မှန်းဆိုတာလည်း မသိဘူး။ ဒီကောင်ကို ဆံပင်ညှပ်ဆိုင်ထဲ ဆွဲခေါ်သွားပြီး ခေါင်းတုန်း ဆံတောက်ညှပ်ပစ်လိုက်တယ်။ ဟိုကောင်က ဘယ်ခံမလဲ၊ ဒီကောင့်အသက်ကလည်း ၁၈၊ ၁၉ လောက်တော့ ရှိပြီ။ ဦးနေဝင်းသားကွ ဘာညာပေါ့။ အဲ့ဒီမှာ တာဝန်ကျ ရဲဘော်ကလည်း ဦးနေဝင်း သား ဘာညာနားမလည်ဘူး။ ဒီမှာ အုပ်ချုပ်နေတာက ဗိုလ်ချုပ်ကြီးတင်ဦး စစ်အုပ်ချုပ်ရေးကိုပြောပါလိမ့်မယ်။

အဲ့ဒါကို သူ့အိမ်က သူ့အဖေကို သွားတိုင်တာ တိုင်းပြည်ကိုအုပ်ချုပ်တာ ဦးနေဝင်း မဟုတ်ဘူး။ စစ်အုပ်ချုပ်ရေးဆိုတော့ ရဲဘော်ဆိုတဲ့ကောင်ကလည်း မိုက်ကန်းကန်းနဲ့ တူပါတယ်။ အဲ့ဒါ အဘိုးကြီးကိုတိုင်တော့ အဘိုးကြီးက ဗိုလ်ချုပ်တင်ဦးကို ခေါ်ပြီးတော့ ဟော့ကောင် ဒီလိုပြဿနာတွေဖြစ်နေတာ မင်းသိလားလို့ ပြောတော့ ဗိုလ်ချုပ်တင်ဦးကလည်း ကျွန်တော်မသိပါဘူး၊ တကယ် မသိပါဘူးပေါ့။ အဲ့ဒီလိုလည်း မလုပ်ထားပါဘူး၊ စစ်အုပ်ချုပ်ရေးသက်သက်ပါပဲ ရဲဘော်တွေကိုလည်း အဲ့ဒီလို မလုပ်ထားပါဘူး။ ကျွန်တော်စုံစမ်းလိုက်ပါ့မယ် လည်းဆိုရော။ မင်းကောင်တွေ ကြည့်လုပ်ဦး ဘာညာပြောလိုက်တယ်။

သူ့ သားတောင် အဲ့ဒီလို အလုပ်ခံရတယ်ဆိုတော့ ဦးတင်ဦးမှာ အနုတ်လက္ခဏာ ပြစရာတွေက ဦးနေဝင်းက အညှိုးထားစရာ တစ်ခုပြီးတစ်ခု ဖြစ်လာတယ်ဆို ပါတော့။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း - ၃

## ချက်ချင်း လက်ငင်းဖြစ်ပေါ်စေသော အကြောင်းအရာ

(Immediate Cause)

ချက်ချင်းလက်ငင်း ဖြစ်ပေါ်စေတဲ့ အကြောင်းအရင်းက ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ သားငယ်ဆုံးပါးစဉ်ကာလ။ ဗိုလ်ချုပ်ကြီးတင်ဦးမှာ သားနှစ်ယောက်ရှိတယ်။ အကြီးက ကိုသန့်ဇင်ဦး၊ အငယ်ကတစ်ယောက်၊ အဲ့ဒီကလေးက မွေးကတည်းက နှလုံးအားနည်းတဲ့အတွက်ကြောင့် သုံးနှစ်သားအရွယ်ကတည်းက နှလုံးကို စက်တပ်ထားရတယ်။ အဲ့ဒီခေတ်ကလည်း အခုခေတ်လောက် နည်းပညာတွေ မတိုးတက်သေးတဲ့ အခါကျတော့ နှလုံးစက်တပ်တဲ့ဟာက တစ် နှစ် တစ်ခါလား၊ နှစ်နှစ် တစ်ခါလား မသိဘူး။ လဲရတယ်။ အဲ့ဒီတော့ ၁၉၇၅ ခုနှစ် နိုဝင်ဘာလမှ ထင်ပါတယ်။ သူ့ကလေးကို အင်္ဂလန်မှာ သွားပြီးတော့ နှလုံးစက် လဲဖို့ ဖြစ်လာတယ်။

### ဗိုလ်ချုပ်ကြီးတင်ဦး ကို ထွက်ခိုင်းပြီ

အင်္ဂလန်သွားပြီး ခွဲစိတ်ကုသမှုခံယူတဲ့အခါ ခွဲစိတ်မှု မအောင်မြင်ဘဲ ကလေးက ဆုံးပါးသွားခဲ့တယ်။ အဲ့ဒီ ကလေးရဲ့ အလောင်းကို မြန်မာပြည်ကို ပြန်ယူလာတယ်။ ကျွန်တော် မှတ်မိသလောက်ကတော့ ၁၉၇၆ ဇန်နဝါရီ


www.burmeseclassic.com

www.burmeseclassic.com


လောက်ပေါ့။ လကုန်ပိုင်းလောက်ကျတော့ ကလေးရဲ့ အသုဘကိစ္စအတွက်ကို ပါ ကာကွယ်ရေးဦးစီးချုပ်ရုံးက ကျွန်တော်တို့က ဗိုလ်ချုပ်ကြီး တင်ဦးရဲ့ အိမ်ကို သွားပြီးတော့ ဧည့်ခံကျွေးမွေးရေးနဲ့ လုံခြုံရေး တာဝန်ကို ယူပါတယ်။ မှတ်မှတ်ရရ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလမှာ ကလေးရဲ့ ရက်လည်။ အဲ့ဒီနေ့မှာပဲ တချို့က ချက်တဲ့ ပြုတ်တဲ့ အလုပ်တွေ လုပ်ပေါ့။ ကျွန်တော်တို့ကတော့ ဝိုင်းဝန်း ဧည့်ခံပဲ။ (ဦးနေဝင်း ကတော့ မလာဘူး။ ဦးနေဝင်း အိမ်ကိုလည်း မုန့်ဟင်းခါးတွေ ပို့ပေးတယ်။ ဗိုလ်ချုပ်ကြီးစန်းယု လည်း မလာတော့ ဗိုလ်ချုပ်ကြီးစန်းယု အိမ်လည်း မုန့်ဟင်းခါးတွေ ပို့ပေးတယ်) ဒီလိုနဲ့ ကလေး ဆွမ်းကျွေးပြီးတော့ ကျွန်တော်တို့တွေ ပြန်ကြတယ်။ ဖေဖော်ရီလ ၅ ရက်ပေါ့။

ရက်လည်ပြီးလို့ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာတော့ အဲ့ဒီတုန်းက ကျွန်တော်က အိမ်ထောင်ကျပြီးတော့ ယောက်လမ်း(အခု ယောမင်းကြီးလမ်း) မှာ နေတယ်။ စစ်ဦးစီးချုပ်ရုံးကိုလည်း တစ်ခါတလေ လမ်းလျှောက်ပြီးတော့ သွားရင်တောင်ရသေးတယ်။ ၈ နာရီလောက် ကျွန်တော် ရုံးရောက်လေ့ရှိတဲ့ အချိန်ပေါ့။ ရောက်ရောက်ချင်းမှာပဲ ဗိုလ်ကြီးစံကြည် က (စာပေထူးချွန်ဆု ရွှေတံဆိပ်ရတဲ့ ဗိုလ်ကြီးပေါ့။) သူက ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ PSOဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့က သူ့ အခန်းကို ရောက်ခဲ့တယ်။ သွားခဲ့တယ်။ ကျွန်တော် သူ့ရုံးခန်းကို ရောက်ရောက်ချင်း သူ့ကိုတွေ့တဲ့အခါမှ သူက မျက်ရည်တောင်ဝဲနေတယ်။ ဟ. . ဘာဖြစ်တာလဲပေါ့ ဆိုတော့ သူက ဗိုလ်ချုပ်ကြီးတင်ဦး ကို ဦးနေဝင်းက တပ်မတော်က၊ ပါတီက ထုတ်လိုက်ပြီ ဆိုပြီး တော့ ကျွန်တော့်ကို ပြောတယ်။ ကျွန်တော်လည်း အံ့အားသင့်သွားတယ်။ ကျွန်တော် စဉ်းစားတယ်။ ပြီးတော့ ကျွန်တော် သူ့ကို မေးတယ် ဘာ အကြောင်းကြောင့်လဲပေါ့နော်။

အဲ့ဒီတုန်းက ဗိုလ်ချုပ်ကြီးတင်ဦးက အခုလက်ရှိနေတဲ့ နေရာမှာ အိမ်ဆောက်နေတယ် မပြီးသေးဘူး။ အိမ်ဆောက်တဲ့အခါမှာလည်း ရေချိုး ခန်းမှာ လိုတဲ့ ကြွေပြားတွေ၊ မှန်တွေကို ဘန်ကောက်မှာရှိတဲ့ စစ်သံရုံးတွေကို လှမ်းမှာပါတယ်။ ပြီးတော့ တရုတ်ပြည်မှာ ရှိတဲ့ သံတမန်တွေဆီက ပစ္စည်း


www.burmeseclassic.com

www.burmeseclassic.com



တွေ မှာပါတယ်။ ဘယ်လောက် ရှိသလဲဆိုတော့ တန်ဖိုးက ၅၀၀၀ ကျော် လောက်တော့ ရှိတယ်။ အဲ့ဒီတော့ အဘွားကြီး (ဒေါက်တာဒေါ်တင်မိုးဝေ) က ဝယ်ခိုင်းလို့ သူတို့က လုပ်ပေးရတာ။ အဲ့ဒီတော့ အဘွားကြီးက ပိုက်ဆံ မပေးဘူးလားဆိုတော့ ပေးတယ်တဲ့။ ဒါပေမဲ့ ကာကွယ်ရေးဝန်ကြီးဟာ မဆလရဲ့ CEC တစ်ယောက်က သူ့ရဲ့ ဩဇာသုံးပြီးတော့ အဲ့ဒီလိုလုပ်တာ မသင့်တော်ဘူး။ မဆလပါတီ စည်းကမ်းနဲ့ မကိုက်လို့ မင်း ထွက်တော့ ဆိုပြီး တော့ အဘိုးကြီး(ဦးနေဝင်း)က အဲ့ဒီလို ပြောတယ်ပေါ့။

## ပါတီကရော တပ်ကရော ထွက်ခိုင်းလိုက်တာဟာ နိုင်ငံရေးပါဝင်

ဦးနေဝင်း က ဗိုလ်ချုပ်ကြီးတင်ဦး ကို မင်း ထွက်တော့ဆိုပြီး ပြော တယ်ဆိုတာကလည်း ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ သူ့ သားငယ်ရဲ့ အသုဘ ရက်လည်ဆွမ်းကျွေးတဲ့ ညနေမှာ အေဒီလမ်းမှာ CEC အစည်းအဝေး ခေါ်တယ်။ ဦးနေဝင်းက CEC အစည်းအဝေးကို ညဘက်တွေ လုပ်လေ့ရှိ တယ်။ အဲ့ဒီ အစည်းအဝေး စစချင်း ဦးနေဝင်းက တင်ဦး ဒီကိစ္စတွေက ဒီလို ဒီလိုကြောင့် ဖြစ်တယ်။ မနေတော့နဲ့ ထွက်တော့ ဆိုပြီးတော့ ခိုင်းလို့ ထွက်ရ တယ်။

ကျွန်တော်က စဉ်းစားရင်းနဲ့ သူ့ကို သုံးသပ်ပြတယ်။ ဒါအကြောင်းရင်း မဟုတ်ဘူး။ အဘွားကြီး အိမ်ဆောက်ပစ္စည်းတွေ မှာသလိုပဲ တခြားပုဂ္ဂိုလ်တွေ လည်း အိမ်ဆောက်နေကြရတယ်။ နိုင်ငံခြားမှာ ရှိတဲ့ သံတမန်တွေဆီကလည်း မှာနေကြတာပဲ ငါတို့လည်း သိနေကြတာပဲ။ တော်လှန်ရေးကောင်စီဝင် အစိုးရအဖွဲ့ဝင်တွေလည်း ၃ ယောက် ၄ ယောက် လောက်က လိုတဲ့ ပစ္စည်း တွေကို နိုင်ငံခြားမှာရှိတဲ့ သံအရာရှိတွေက တစ်ဆင့် မှာတယ်။ ကျွန်တော်တို့က သိနေတော့ ဖြုတ်တာကတော့ သာမန် ကိစ္စတော့ မဟုတ်ဘူး။ နိုင်ငံရေးပါ။ မင်းဆရာကြီးကို ဦးနေဝင်းက ဘယ်တုန်းက စပြီး ဖြုတ်ချင်နေမှန်း မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com


ဦးတင်ဦး ကလည်း သူ့ သားငယ် ဆုံးပါးသွားလို့ စိတ်နှလုံးညှိုးနွမ်းနေတဲ့ အချိန်မှာ မင်းထွက်တော့လို့ ပြောလိုက်တဲ့ အချိန်ကိုက်။ နမူနာပြောရရင်ကွာ အဲ့ဒါ မြွေအလမ္မယ်ဆရာ အန္တရာယ်ရှိတဲ့ မြွေ ပါးပြင်းထောင်တဲ့ အချိန်မှာ ဘယ်တော့မှ မထိဘူး၊ ပါးပြင်းကျတဲ့ အချိန်မှ အဲ့ဒီမြွေကို နှိပ်ကွပ်သလိုပေါ့။ မင်းဆရာကြီး စိတ်ညှိုးနွမ်းနေတဲ့ အချိန်မှာ ဒီလိုထွက်ခိုင်းလိုက်တာ၊ ပါတီ ကရော တပ်ကရော ထွက်ခိုင်းလိုက်တဲ့ အခါမှာ ဒါ နိုင်ငံရေးပါတယ်ဆိုတာ မင်း စဉ်းစား။

အဲ့ဒီတော့ သူက ဘာလုပ်ရမလဲဆိုတော့ သူက စစ်တက္ကသိုလ်က လာတာကိုး။ စာလည်း တော်တော့ စစ်တက္ကသိုလ်မှာ ဆရာအဖြစ်နဲ့ တာဝန် ထမ်းဆောင်ခဲ့တယ်။ ကျောင်းဆရာဘဝနဲ့ စစ်တက္ကသိုလ် ဗိုလ်လောင်းတွေကို စာ ပြန်သင်ပေးတော့မယ် ဆိုပြီး ဆုံးဖြတ်လိုက်တော့ ကောင်းတယ်ပေါ့။ မင်း ဘဝကို အေးအေးဆေးဆေးနဲ့ နေပေါ့။ ကိုစံကြည်က မန္တလေးတိုင်း တပ်ကုန်း က ဇာတိ။ ရိုးတယ်၊ အေးတယ်၊ အသားညိုညိုနဲ့ ဖြောင့်တယ်။ ရိုးလွန်း အား ကြီးလို့ အတဲ့ အဆင့်ထိတောင် ရောက်လေ့ ရောက်ထရှိတဲ့ အခါမျိုးတွေ ရှိတယ်။ အဲ့ဒီတော့ ပြောပြီး ရုံးပြန်လာတဲ့ အခါမှာ စိတ်ထဲ တော်တော့်ကို မကောင်းဘူး။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း – ၄

## ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ကျွန်တော်

ဗိုလ်ချုပ်ကြီးတင်ဦး နဲ့ ကျွန်တော်နဲ့က ၁၉၆၃ ခုနှစ် တပ်မတော် အရာရှိငယ်ဘဝနဲ့ ရခိုင်ရိုးမ အရှေ့ဘက် စစ်ဆင်ရေးမှာ တွေ့ခဲ့ဖူးတယ်။ အဲ့ဒီတုန်းက ကျွန်တော်တို့ တပ်ရင်းမှူး ဗိုလ်မှူး ဇော်မင်းက ရခိုင်ရိုးမ အရှေ့ ခြမ်းဘက်မှာ ချောင်းပစ်ခံလိုက်ရပြီး ကျဆုံးသွားတယ်။ အဲ့ဒီ တုန်းက ပုသိမ် တိုင်းမှူး တာဝန်ယူနေတဲ့ အချိန်လာပြီးတော့ ကြည့်တဲ့အချိန်မှာ ကျွန်တော်နဲ့ ဒါ့ကြောင့် သူ စပြီးတော့ သိခဲ့ကြဖူးတယ်။ ဒါကြောင့် သူ ဗိုလ်ချုပ်ကြီး တင်ဦးဟာ အရာရှိကြီးငယ် အများကို ခင်မင်တတ်တဲ့အတွက်ကြောင့် သူ့ အပေါ်မှာ ကြည်ညို လေးစားမှုတွေ ရှိခဲ့တာ။

အဲ့ဒီလို ကြည်ညိုလေးစားမှုတွေ ရှိခဲ့တဲ့ ပုဂ္ဂိုလ်က စစ်ရုံးမှာ ကာကွယ်ရေးဦးစီးချုပ်ဖြစ်ခဲ့ပြီး ကျွန်တော်ကလည်း ဦးစီးအရာရှိတစ်ဦး ဖြစ်လာတဲ့ အခါမှာ မကြာခဏ တွေ့ဆုံရတဲ့အတွက်ကြောင့် သူ့အပေါ်မှာ ခင်မင်လေးစားမှုက လျော့မသွားဘူး။ အခုတော့ သူက ထွက်လိုက်ရပြီဆိုတော့ အတွက်ကြောင့် ကျွန်တော်လည်း တော်တော် စိတ်မချမ်းမသာ ဖြစ်မိပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


အဲ့ဒါကတစ်ပိုင်း သို့သော်လည်း ကိုယ် တပ်မတော်မှာ တာဝန်ထမ်းဆောင်ရမှာကလည်း တစ်ပိုင်း အဲ့ဒါကြောင့် စိတ်မချမ်းသာတာကိုပဲ ထိန်းသိမ်းထားပြီးတော့ တာဝန်ထမ်းဆောင်နေရတာပေါ့။

## အုန်းကျော်မြင့် ကို ကျွန်တော့်ရဲ့ အကဲဖြတ်ချက်

ကျွန်တော်တို့ **စစ်ရုံးမှာက မနက် ၈ နာရီ** ရုံးတက်တယ်။ ၁၁ နာရီဆိုရင် နားတယ် ၁၁ နာရီက နေပြီးတော့ နေ့လယ်စာ စားတယ်။ ၁၂ နာရီမှ ရုံးပြန် တက်တယ်ပေါ့။ ဗိုလ်စံကြည်က သူ့ ထမင်းချိုင့်ယူလာ ပြီးတော့ ကျွန်တော်တို့နဲ့ ထမင်းလာ စားတယ်။ ထမင်းစားရင်းနဲ့ ဘာပြောလဲဆိုတော့ ကျွန်တော်တို့ဆီမှာ ဗိုလ်မှူးနှစ်ယောက် ရှိမယ်။ ဗိုလ်ကြီး ၄ ၊ ၅ ယောက်လောက် ရှိတယ်။ ဝိုင်းပြီးတော့ ထမင်း စားတတ်ကြပါတယ်။ အဲဒီအခါမှာ နောက် ၂ ရက် ၃ ရက်လောက် ကြာတော့ ကိုစံကြည်က ဘာပြောလဲဆိုတော့ ဗိုလ်ကြီးအုန်းကျော်မြင့် ကျွန်တော့်ဆီ လာတယ်ဗျတဲ့။ ဘာကိစ္စလဲဆိုတော့ ဗိုလ်ချုပ်ကြီးတင်ဦး ထွက်ရတာ လုံးဝ မကျေနပ်ဘူး။ ဒီကိစ္စ ဟာ **ဗိုလ်ချုပ်ကြီး စန်းယုနဲ့ မျက်မှန်တင်ဦး** (အဲ့ဒီတုန်းက ထောက်လှမ်းရေး)က ဗိုလ်မှူးကြီးတင်ဦးပေါ့။ သူတို့နှစ်ယောက်လုပ်လို့ အဘိုးကြီးက အထင်လွဲပြီးတော့ ဖြုတ်တာဆိုတော့ ဗိုလ်ချုပ်ကြီးစန်းယုနဲ့ ဗိုလ်မှူးကြီးတင်ဦးကို ဖြုတ်ပြီးတော့ ဗိုလ်ချုပ်ကြီးတင်ဦးကို ပြန်တင်မယ် ပြောတယ်။ ကျွန်တော်လည်း တော်တော် အံ့အားသင့်သွားတယ်။

ဗိုလ်ကြီးအုန်းကျော်မြင့် နဲ့ ကျွန်တော်က သူလည်း အရာရှိ၊ ကျွန်တော်လည်း အရာရှိ ဆိုပေမဲ့ ကျွန်တော်က သူ့ထက် စီနီယာကျတာပေါ့လေ။ သူက ခမရ ၁၀၆ ကျွန်တော်က သနက ၅ မိခင်တပ်ရင်း၊ သူဟာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ထင်ပါရဲ့။ ရင်းထော်ဆိုတဲ့ စံပြအုပ်စု ကျေးရွာက ကံပြား ဇာတိ။ မန္တလေးတက္ကသိုလ်က ဘွဲ့ရပြီးတော့မှ ကျောင်းဆရာလုပ်ရင်းနဲ့ အရာရှိဖြစ်လာတာပေါ့။ သူက သာမန်အရည်အချင်းဘာဝ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ တပ်မတော် အရာရှိတွေကို အကဲဖြတ်တဲ့အခါမှာ သာမန်အရာရှိ တစ်ယောက်လိုပဲ သဘောထားရတယ်။ တပ်ရောက်လို့ တပ်က တာဝန်တွေ လုပ်ပြန်တော့လည်း ပြောင်မြောက်တဲ့ ဆောင်ရွက်ချက်တွေ မရှိခဲ့ဘူး။ သူ့ရဲ့ ထူးခြားချက်က အရာရှိကြီးတွေ လာပြီဆိုရင် အင်မတန်ကို ပျာပျာသလဲနဲ့ ညွှန်ခံ လှုပ်ရှားတတ်တဲ့ အကျင့်ရှိတယ်။ အရာရှိကြီးတွေရဲ့ ဆန္ဒကို ဘယ်လို ဆောင်ရွက်ရမလဲဆိုတာ သိထားတော့ အဲ့ဒီခေတ် အခေါ်အရတော့ အနား ပြာပေါ့။အဲ့ဒီလို အနားပြာဖြစ်ခဲ့တဲ့ ပုံစံကို ကျွန်တော်ကသိခဲ့တော့ တပ်မတော် မှာ အဲ့ဒီလို လူမျိုးက စစ်ရေးအရ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာ စရာအကြောင်း မရှိဘူး။ အဲ့ဒီတော့ ဘာသိဘာသာပဲ ကျွန်တော် ဆက်ဆံတယ်။

အဲ့ဒီလို နေရာမှာ စစ်ရုံး ရောက်လာတဲ့အခါမှာ သူက ဗိုလ်ချုပ်ကြီး ကျော်ထင်ရဲ့ PSO အနေနဲ့ ကျန်တဲ့ အရာရှိတွေကို ဗိုလ်ကျတယ်၊ အနိုင် ကျင့်တယ်၊ ဩဇာ ပြတယ်။ ဩဇာပြတဲ့ အလေ့အထ ရှိတော့ ကျွန်တော်နဲ့က ဦးသန့်အရေး အခင်းမှာလား၊ အလုပ်သမား အရေးအခင်းမှာလား မသိဘူး။ ကျွန်တော်တို့က စစ်ရုံးမှာ နေရင်းနဲ့ အဆက်အသွယ်တွေနဲ့ ဖြစ်စဉ်တွေကို လေ့လာရပါတယ်။ အဲဒီလို နေ့မအိပ် ညမအိပ် အလုပ်လုပ်နေရတဲ့ အခါမှာ သူက ဩဇာလာပြလို့၊ ကျွန်တော်နဲ့ ကတောက်ကဆ ဖြစ်ခဲ့ရတယ်။ အဲ့ဒီလို ဖြစ်ခဲ့ဖူးတဲ့အပြင် သူ့အရည်အချင်းကလည်း သာမန်ဆိုတော့ အထင်ကြီးစရာ မရှိဘူး။

## ရုံးစာရေးသာသာ

ဒါကြောင့်မို့လို့ အုန်းကျော်မြင့်အကြောင်း ငါသိတယ်။ အလုပ်တစ်ခု ကို ပြောင်ပြောင်မြောက်မြောက် အကောင်အထည်ဖော်နိုင်မယ့် လူ မဟုတ် ဘူး။ ပြီးတော့ အုန်းကျော်မြင့် တို့ ငါတို့ မင်းတို့က စစ်ရုံးမှာရှိတဲ့ ဦးစီးတတိယ တန်း အရာရှိ အဆင့်တွေ၊ ရှင်းရှင်းပြောရရင် ရုံးစာရေး သာသာပဲ ရှိတယ်။ လက်နက်လည်း မရှိ၊ တပ်လည်း မရှိ။ ဒီလိုပြောတာဟာ မတန်မရာ ပြောရာ

www.burmeseclassic.com



ရောက်တယ်။ ငါလည်း ဗိုလ်ချုပ်ကြီးတင်ဦး တပ်က ထွက်ကတည်းက စိတ်မချမ်းမသာ ဖြစ်တာပဲ။ မကျေနပ်ရင် ထွက်ရုံပဲလို့ ပြောလိုက်တယ်။ ငါကလည်း တပ်မတော်ကို ခင်တွယ်တဲ့အတွက် တပ်မတော်မှာ ဆက်နေချင်တဲ့အတွက်ကြောင့် ဒီစကားတွေ မပြောသင့်ဘူး။ အုန်းကျော်မြင့် နဲ့ ခပ်ဝေးဝေးနေ။ ဘာကြောင့်လဲဆိုတော့ ဗိုလ်ချုပ်ကြီးတင်ဦး ပြုတ်သွားတဲ့ အချိန်မှာ ဦးစီးချုပ် ဗိုလ်ချုပ်ကြီးကျော်ထင် ဖြစ်လာတယ်။ အဲ့ဒီအတွက်ကြောင့် ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ ခံစားချက်တွေ ဘယ်လို ဖြစ်နေလဲ။ ဘယ်လိုရှိသလဲဆိုတာမျိုး အစ်အောက် မေးထားတာတွေ ရှိကောင်း ရှိနိုင်တယ်။ အုန်းကျော်မြင့်နဲ့ ဝေးဝေးနေလို့ ကျွန်တော်က သူ့ကို ဖျောင်းဖျခဲ့တယ်။

## အာဏာပိုင်ကို သတင်းပို့တဲ့ အလုပ် ရှုံစရာကောင်းတဲ့ အလုပ်မို့ သတင်းမပို့

ဒီကိစ္စဟာ ကျွန်တော်က သာမန်လို့ ထင်သော်လည်းပဲ ဖြစ်စဉ်တွေ ပြန် စဉ်းစားကြည့်တဲ့ အခါမှာ ဗိုလ်စံကြည်က ကျွန်တော့်ကို စည်းရုံးတာပေ့ါ။ အုန်းကျော်မြင့် လုပ်တဲ့ ကိစ္စကို သူက သဘောတူတယ်။ သူလည်း ပါချင်တယ်။ အဲ့ဒီတော့ သူက ကျွန်တော့်ကို ဆွဲဆောင်တာ ကျွန်တော်ကလည်း အဲ့ဒီအချိန်တုန်းက စစ်ရုံးမှာ ဦးစီးမှူး တတိယတန်း အရာရှိတွေထဲမှာ စီနီယာဖြစ်တော့ အရာရှိငယ် တော်တော်များများ အပေါ်မှာ ကျွန်တော်က ဩဇာညောင်းတယ်။ ကျွန်တော်ပါရင် ကျန်တဲ့ သူတွေလည်း ပါမယ်ပေ့ါ။ အဲ့ဒီတော့ ကျွန်တော့်ကို ဆွဲဆောင်တာလို့ ယူဆမိတယ်။ ဒါကတော့ ဟုတ်ချင်လည်း ဟုတ်မယ်။ မဟုတ်ချင်လည်း မဟုတ်ဘူး။ [အခုတော့ ဗိုလ်စံကြည် မေမြို့မှာ နေပါတယ်]

ကျွန်တော်က အဲ့ဒီလို ပြောလိုက်တဲ့ အတွက်ကြောင့်လို့ ထင်ပါရဲ့ နောက်ပိုင်း ကျွန်တော့်ကို လာ မပြောတော့ဘူး။ ပြောရင်လည်း ကျွန်တော်က သူတို့ ကြားထဲ ဝင်မပါတော့ဘူး။ တခြား အရာရှိတွေက ပြောကြတယ်၊ ဆွေးနွေးကြတယ်၊ ကျွန်တော်က စိတ်မဝင်စားဘူး။ ဆိုလိုတာကတော့ အုန်းကျော်



www.burmeseclassic.com

www.burmeseclassic.com


မြင့်ဟာ လုပ်ငန်းကြီး တစ်ခုကို ပြည့်ပြည့်စုံစုံ အကောင်အထည် ဖော်နိုင်မယ့် ပုဂ္ဂိုလ် မဟုတ်ဘူးလို့ ကျွန်တော်က သဘောပေါက်တဲ့အတွက်ကြောင့် လုံး၀ ကို စိတ်မဝင်စားတော့ဘူး။ အဲ့ဒီကိစ္စကိုလည်း သူ ပြောပြနေကြဆိုတော့ နားစွံနားဖျား ကြားမိတာက တစ်ခါတလေ ကျရင်တော့ ပေါ်လာတယ်။ ဗိုလ်စံကြည်က အုန်းကျော်မြင့် နဲ့ ပြောနေတဲ့ အကြောင်းအရာတွေ တကယ် တမ်း ဟုတ်မလား၊ မဟုတ်ဘူးလားဆိုတာပေါ့။ ဟုတ်မယ်ဆိုရင်လည်း အဖျား ရှူးသွားမယ့် ကိစ္စဆိုတော့ သက်ဆိုင်ရာလူကြီးတွေကို သတင်း ပို့ရင်ကောင်း မလားလို့ အတွေးတော့ ပေါ်ခဲ့ဖူးတယ်။ ဒါပေမဲ့ သတင်းမပို့ဖြစ်ဘူး။ ဘာ ကြောင့်လဲဆိုတော့ ဗိုလ်စံကြည်ကို ထောက်ထားတာလည်း ပါတယ်။ အုန်း ကျော်မြင့် ကို အထင်မကြီးတာလည်း ပါတယ်။ ပြီးတော့လည်း ဒါတွေဟာ သူ့ဘာသာ ပြီးသွားမှာပါဆိုတဲ့ စိတ်လည်းပါတယ်။ ဒါကြောင့် သတင်းမပို့ဖြစ် တာပါ။ ကျွန်တော်က ကိုယ့်စိတ်ကိုယ် ပြောင်းပြန်လုပ်ပြီးတော့မှ ပတ်ဝန်း ကျင်ကိုရော၊ မိတ်ဆွေ အပေါင်းအသင်းတွေကိုရော မငဲ့ဘဲနဲ့ အာဏာပိုင် တွေကို သတင်းပို့တဲ့ အလုပ်က အင်မတန်ကို စက်ဆုတ်ရွံရှာစရာကောင်းတဲ့ အလုပ်မို့ လို့ ကျွန်တော် အင်ဖော်မာ မဖြစ်ချင်လို့ သတင်းမပို့ မိတာလည်း ပါပါတယ်။

သို့သော် နောက်ပိုင်းမှာ လေ့လာတဲ့အခါမှာ နိုင်ငံတော်ကို ပုန်ကန် မှု၊ ပုဒ်မ ၁၂၂ (၁) အရဆိုရင် နိုင်ငံတော် ပုန်ကန် မှုကို ကြားရင် ကြားတာနဲ့ သတင်းပို့ရမယ်။ သတင်းမပို့ရင် ကြံရာပါလို့ သတ်မှတ်နိုင်တယ်လို့ ဆိုထား တယ်။ ကျွန်တော်နဲ့က အဲ့ဒီ ကိစ္စမှာ ငြိတာ။

## ခေါင်းဆောင်တွေကို လုပ်ကြံ အာဏာသိမ်းရန် ကြံစည်မှု ရေဒီယိုက ကြေညာချက်ကြားရ

ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ သားအငယ် ဆုံးတာ၊ ဗိုလ်ချုပ်ကြီး ပြုတ်တာ၊ ထွက်ရတာတွေက ဗိုလ်ကြီးအုန်းကျော်မြင့်ကိစ္စ ဖြစ်ပေါ်တဲ့ကာလက ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ။ အဲဒီနောက် မတ်လထဲ ရောက်တဲ့ အခါကျတော့


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ကို ခမရ ၁၀၆ကို ပြောင်းလိုက်တယ်။ ပြောင်းပြီးတော့မှ ရှေ့တန်း စစ်ဆင်ရေးကို ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမှာ ရှိတဲ့ ဗ. က. ပ တွေကို ရင်ဆိုင်ရတဲ့နေရာကို သွားရပါတယ်။ အဲ့ဒီတုန်း ကတော့ တပ်ခွဲမှူးပါ။ တပ်ရင်းမှူးက ဒုတိယဗိုလ်မှူးကြီးကျော်စိန်ဝင်း။ အဲ့ဒီတော့ တပ်ခွဲတစ်ခွဲကို တာဝန်ယူပြီးကြရတဲ့ အခါမှာ ဗ. က. ပ တွေက သံလွင်မြစ် အရှေ့ဘက်ခြမ်းမှာ ကျွန်တော်တို့က အနောက်ဘက်ခြမ်းမှာ မှန်ပြောင်းနဲ့ ကြည့်ရင် မြင်နေရတာ သူတို့ကလည်း တာစူနေတာ၊ ကျွန်တော်တို့ကလည်း တာစူနေတာ တိုက်တာ ခိုက်တာတော့ မဖြစ်သေးဘူး။ အဲ့ဒီတော့ ကျွန်တော်တို့က မှတ်မှတ်ရရ ဇူလိုင်လ ၂၀ ရက် နေ့မှာ ကျွန်တော့် အရာခံဗိုလ် ချင်းဆရာကြီးဦးလှနု နဲ့ ကျွန်တော်နဲ့က တိုက်ကင်းထွက်သွားပြီး တစ်နေရာရောက်တယ်။ ဘာမှ မထူးတာနဲ့ ပြန်လာပြီးတော့ တောင်ကုန်းတစ်ခုမှာ နေရာယူပြီးတော့ ထမင်းစားမယ်လုပ်တဲ့ အခါမှာ ရေဒီယို ဖွင့်လိုက်တယ်။ အဲ့ဒီရေဒီယိုရဲ့ ၁၁ နာရီသတင်းမှာ နိုင်ငံတော်ခေါင်းဆောင်များကို လုပ်ကြံပြီးတော့ အာဏာ သိမ်းရန် ကြံစည်တဲ့ တပ်မတော်အရာရှိငယ် တချို့ကို အမျိုးသားထောက်လှမ်း ရေးအဖွဲ့က ဖော်ထုတ်နိုင်ခဲ့ခြင်းဆိုတဲ့ သတင်းကြားရတဲ့အခါမှာ ကျွန်တော့် အတွက် မျက်လုံးကျယ်သွားတယ်။ ဟ. . . ဘာတွေ ဖြစ်ကုန်လဲ ပေါ့။ ကျွန်တော်တို့ကလည်း ရှေ့တန်း ရောက်နေကြတယ်။ ဆက်ပြီးတော့ သတင်း ကြေညာတာက နိုင်ငံတော်ခေါင်းဆောင်တွေကို လုပ်ကြံတဲ့ ပုဂ္ဂိုလ်တွေရဲ့ ခေါင်းဆောင်က ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးဝင်းသိန်း၊ ဗိုလ်ကြီးစံကြည်၊ အဖွဲ့ဝင်တွေက ဗိုလ်ကြီးဟန်ဇော်၊ ဗိုလ်ကြီးအောင်ကြည်ဦး၊ ဗိုလ်ကြီး ဝင်း မောင်၊ ဗိုလ်ကြီးဘချစ်၊ ဗိုလ်မှူးစိန်မြင့် အဲ့ဒီနာမည်တွေအပြင် နောက်ထပ် တပ်မတော်ဗိုလ်မှူးကြီး နှစ်ယောက်ကိုလည်း ဒီကိစ္စနဲ့ ပတ်သက် ပြီးတော့ ခေါ်ယူမေးမြန်းလျက်ရှိ ဆိုပြီး ကြေညာတော့ "ဟ. . . အဲ့ဒီ ပုဂ္ဂိုလ် တွေကို ကျွန်တော် အကုန်သိတာပဲ။ စံကြည် ဆိုတဲ့ကောင် ငါ့ကိုပြောပြီးတော့ ဘာ တွေ ဆက်လုပ်ပါလိမ့်" လို့ အတွေးပေါ်လာပါတယ်။ အဲ့ဒီနေ့မှာပဲ အလုပ် ဆက်လုပ်ရပြီး တိုက်ကင်းတွေ ထွက်သာထွက်တယ် စိတ်က မပါဘူး။



www.burmeseclassic.com

www.burmeseclassic.com


# နိဒါန်း

## နှစ်ပေါင်းလေးဆယ်ကျော်ကအဖြစ်အပျက်

ကျွန်တော်ရေးချင်တဲ့အကြောင်း ကျွန်တော်ပြောချင်တဲ့ အကြောင်းတွေကို နိဒါန်းအနေနဲ့ ပြောရရင်တော့ ၁၉၇၆ ခုနှစ် ၁၉၇၇ ခုနှစ်တွေမှာ ပြည်တွင်းမှာ သာမက ပြည်ပမှာတွေပါ စိတ်ဝင်စားမှု ရှိအောင် ဖြစ်ပွားခဲ့တဲ့ အမှုကြီး တစ်ခုရှိခဲ့ပါတယ်။ အဲ့ဒါကတော့ တပ်မတော်အရာရှိငယ်တစ်စုက နိုင်ငံတော်ခေါင်းဆောင်လူကြီးတွေကို လုပ်ကြံပြီး အာဏာသိမ်းဖို့ကြံတဲ့ အမှုဖြစ်ပါတယ်။

အခုဆိုရင် နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီပေါ့။ ဒီကာလအတွင်းမှာကျတော့ အဲ့ဒီ ဖြစ်စဉ်တွေကို ဂယဏန သိတဲ့ လူတွေ သိပ်မကျန်တော့ပါဘူး။ နောက် တစ်ခုက အဲ့ဒီအချိန်က အာဏာရှင်တွေ အုပ်ချုပ်တဲ့ စနစ်ကြောင့် (အဲ့ဒီ ဦးနေဝင်း အုပ်ချုပ်တဲ့ ကာလဖြစ်တာကြောင့် ဦးနေဝင်း နဲ့ သူ့ရဲ့ လက်သပ်မွေး ခေါင်းဆောင်လို့လည်း ဆိုရမှာပေါ့) မ. ဆ. လ က လူကြီး တစ်စုကို လုပ်ကြံသတ်ဖြတ်ဖို့ဆိုတဲ့ အစီအစဉ်ဟာ အင်မတန် ကြီးမားတဲ့ အစီအစဉ် တစ်ခုဖြစ်တယ်။ အဲ့ဒီလို စီစဉ်တဲ့အတွက်ကြောင့် ဗိုလ်ကြီးအုန်းကျော်မြင့်နဲ့ တကွ အရာရှိကြီး တချို့ထောင်ဒဏ် အပြစ်ပေးခံရတယ်။

**ဗိုလ်ကြီး အုန်းကျော်မြင့် အကြောင်းကို သော်လည်းကောင်း၊ တပ်အကြောင်းသော်လည်းကောင်း ပေါ်ပေါ်ထင်ထင် ဆွေးနွေးနိုင်တဲ့ အခုနေအထား ပြောနိုင်တဲ့ အနေအထား မရှိကြတော့ပါဘူး။** အဲ့ဒါကြောင့် နှစ်တွေ


www.burmeseclassic.com

www.burmeseclassic.com



ညကျတော့ ရှမ်းရွာ တစ်ရွာမှာ ညအိပ်တယ်။ ရွာပြင်က ဇရပ်မှာ အိပ်တယ်ပေါ့။ အဲ့ဒီမှာ ထုံးစံအတိုင်းပေါ့ ကျွန်တော်တို့ တစ်နေ့တာ လှုပ်ရှားမှုတွေကို တိုင်းရုံးကို သတင်းပို့ရတယ်။ အဲ့ဒီမှာ ကြေးနန်းတစ်စောင်ဝင်လာတယ်။

**ရွှေတန်းရောက် ကျွန်တော့်ကို ပြန်ခေါ်ပြီ**

ဌာနချုပ်ကို ကြေးနန်း လာတယ်တဲ့ ကျွန်တော့် ဆီကိုပေါ့။ ဗိုလ်ကြီးဝင်းထိန် စစ်ရုံးကို သတင်းပို့ပါဆိုတော့ ကျွန်တော် သိလိုက်ပြီ။ အဲ့ဒီတော့ ဗိုလ်စံကြည်က ကျွန်တော့်အကြောင်း ဘာတွေ ပြောသလဲတော့ မသိဘူးပေါ့။ စစ်ကြောင်းမှူးကလည်း ကျွန်တော့်ကို ပြန်ခေါ်တော့ စစ်ကြောင်းမှူး ဗိုလ်မှူးတင်အောင် ဆီသွားတယ်။ နောက်တစ်နေ့ မနက်ခင်း အစောကြီး သွားတယ်။ ပြီးတော့ မိုင်းရှူးကို ကျွန်တော် ဆင်းရမယ်။ မိုင်းရှူးကို ကျွန်တော်တို့ နေရာကနေ တစ်ညအိပ်သွားရတယ်။ ခက်ခက်ခဲခဲပဲ မိုးကလည်း ရွာ၊ တောင်တက်တောင်ဆင်းနဲ့ပေါ့။ မိုင်းရှူးကို ရောက်တော့ ယာယီ ဗျူဟာမှူးက ဒုတိယဗိုလ်မှူးကြီး မောင်သောင်း (အခုနောက်ပိုင်း သိပ္ပံနဲ့ ဝန်ကြီးဌာန ဝန်ကြီးဖြစ်ခဲ့တဲ့ ကျွန်တော်တို့ ခေါ်တာကတော့ ကိုသောင်းပေါ့) သူက အပတ်စဉ် ၁ က ကျွန်တော်က အပတ်စဉ် ၅ က လူချင်းကတော့ သိနေတယ်။ သူကလည်း ကျွန်တော့်ကို ပြန်ခေါ်တာ သိနေတော့ ဘယ်လို ဖြစ်တာလဲလို့ မေးပါတယ်။ ကျွန်တော်လည်း ဘယ်သိမလဲဗျာ ခေါ်တယ်ဆိုတော့ သွားလိုက်တာပေါ့လို့ပဲ ပြန်ပြောရပါတယ်။

သူကလည်း ကျွန်တော့်ကို ထိန်းထိန်းသိမ်းသိမ်းနဲ့ စကားတွေ ပြောပါတယ်။ သို့သော်လည်း မလိုလားအပ်တဲ့သူအနေနဲ့ ဆက်ဆံတာမျိုးတော့ မရှိပါဘူး။ သူ့ဆီမှာ ဗိုလ်ကြီးအုန်းမြင့် (နောက်မှ ရန်ကင်းမြို့နယ် ရဲမှူး) ရှိတယ်။ အစီအစဉ်က ကျွန်တော့်ကို ရဟတ်ယာဉ်နဲ့ လာခေါ်မယ်။ နောက်တစ်နေ့မှာ ပြီးရင် ဟဲဟိုးကနေ ရန်ကုန်ကို ပြန်ရမယ်။အဲ့ဒီတော့ နောက်



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့ကျတော့ ရဟတ်ယာဉ်ရောက်လာတယ်။ **ဘဲလ်တူအိုဖိုက်(Bell-205) ဆိုတဲ့ရဟတ်ယာဉ်ပါ။ အဲ့ဒီမှာပိုင်းလော့က အပတ်စဉ် ၉ က တင့်ဆွေလေးပေါ့ (မကြာမီက ကွယ်လွန်သွားခဲ့ပါပြီ)** သူက မိတ္ထီလာသားဆိုတော့ ကျွန်တော်နဲ့က သိပြီးသား။ ကျွန်တော်က မေးတယ်။ ဗိုလ်တင့်ဆွေက ဘယ်လာတာတုံးကွဆိုတော့ သိဘူးလေ ကျွန်တော် က VIP လာကြိုရမယ် ဆိုလို့ လာတာလေဆိုတော့။ အေး. . . အဲ့ဒီ VIP က ငါကွဆိုတော့ သူတို့ အံ့သြနေတယ်။

အဲ့ဒီကျတော့မှ ကျွန်တော်လည်း သတိရပြီးတော့ ဟဲဟိုးနဲ့ မိုင်းရှူးက ဟယ်လီကော်ပတာနဲ့ဆိုရင် ၄၅ မိနစ်လောက်သွားရတယ်။ အဲ့ဒါနဲ့ ကျွန်တော့် အမေဆီကို စာရေးရပါတယ်။ မင်း မိတ္ထီလာပြန်ရင် အဖေနဲ့ အမေကို စာပေးလိုက်စမ်းပါ ကွပေါ့။ ဒီလို ဒီလို ကိစ္စတွေကြောင့် စစ်ရုံးကို ပြန်ခေါ်လို့ ပြန်သွားပြီ ဘာမှ မပူပါနဲ့ဆိုပြီး တိုတိုလေးပဲ ရေးပေးလိုက်တယ်။

နောက်တော့ ဟဲဟိုးကို ရောက်တယ်။ တောင်ကြီးက ထောက်လှမ်းရေး တပ်မှူးက ဗိုလ်မှူး မင်းလှိုင်။ သူက အပတ်စဉ် ၃ က နောက်ထပ် သူ့ရဲ့ အရာရှိတစ်ယောက်က ဗိုလ်ကြီးသန်းထွန်း၊ ကိုမင်းလှိုင်က ကျွန်တော့်ကို လာမတွေ့ဘူး။ ကျွန်တော့်ကို လိုက်ပို့တာက ဗိုလ်ကြီး သန်းထွန်း ဟိတ်. . ကိုမင်းလှိုင် မရှိဘူးလားဆိုတော့ ရှိတယ်။ တာဝါပေါ်မှာဆိုတော့ ကိုမင်းလှိုင် ကို ဟော့လူ ဘာလို့မလာတာလဲ ဘာလဲဆိုပြီး လှမ်းအော်တော့မှ သူလည်း ဆင်းလာပြီးတော့ ရှီးတိုး ရှန်းတန်းနဲ့ သွားလိုက်ပါကွာ၊ မင်းဘာသာ မင်း ဖြေရှင်းလိုက်ပေါ့ကွာ ဒီကိစ္စ ပြီးတော့လည်း ပြီးသွားမှာပါပဲ ဆိုပြီးတော့ အားပေးပါတယ်။

အဲ့ဒီနေ့က ကျွန်တော်နဲ့ ဗိုလ်ကြီးသန်းထွန်းနဲ့ ရန်ကုန်ကို ရောက်လာကြတော့ ထောက်လှမ်းရေးက အခု စူပါမားကတ် ဖွင့်ထားတဲ့ နေရာမှာ ထောက်လှမ်းရေး (၆) ရှိတယ်။ ဟိုဘက်က တပ်ထိန်းတပ်။ အဲဒီမှာ ညအိပ်ရတယ်။ တပ်မှူးက ဗိုလ်မှူးရဲဆွေ၊ သူလည်း အပတ်စဉ် (၃)ပါ။ ကျွန်တော့်ကို ခင်ပါတယ်။သူက ကဲ. . . ဘယ်လိုဖြစ်တာလဲ ပြောတော့ စံကြည်က ပြောလို့ ဖြစ်မှာပေါ့ဗျာလို့ ပြောလိုက်တယ်၊ သူက ကဲ. . ကဲ စံကြည်ပြောတဲ့


www.burmeseclassic.com

www.burmeseclassic.com



စကားတွေကို ပြမယ်ဆိုပြီးတော့ စံကြည်ရဲ့ ထွက်ဆိုချက်တွေကို ထုတ်ပြတယ်။ ဟာ. . အများကြီးပဲ။ ကျွန်တော့်အကြောင်းက ဘာပြောလဲဆိုတော့ ဗိုလ်ကြီးအုန်းကျော်မြင့် က ဗိုလ်ချုပ်ကြီးတင်ဦးကို ထွက်ခိုင်းတာ မကျေနပ်လို့ ဗိုလ်ချုပ်ကြီး စန်းယုနဲ့ ဗိုလ်မှူးကြီးတင်ဦး(မျက်မှန်)ကို လုပ်ကြံ၊ လုပ်ကြံပြီးတော့မှ ဦးနေဝင်း ကို ဒီအတိုင်း ထားရမယ်တဲ့လေ။ သူတို့ပြောတာက ဦးနေဝင်း ကိုတော့ ဒီအတိုင်းချန်ထားရမယ်ပေါ့ ရယ်စရာပါပဲ။ ပြီးရင် ဗိုလ်ချုပ်ကြီးတင်ဦး ကို ပြန်တင်မယ်။ အဲ့ဒီအစီအစဉ်ကို ကိုဝင်းထိန်ကို ပြောမိပါတယ်ဆိုပြီး အဲ့ဒီ ဝါကျတစ်ကြောင်းလေးပဲ ပါတယ်။ ကျွန်တော်က ဘာတွေ သိတယ် ဘာတွေ သိတယ် သူ မပြောဘူး။ သိလည်း မသိမှ မသိဘဲလေ။

## ဗိုလ်ချုပ်ကြီး တင်ဦး ရုံးက လူတွေ အကုန်ဖမ်း

အုန်းကျော်မြင့် က မခံချင်စိတ်နဲ့ ချချင်တယ်လို့ ပြောတဲ့ကိစ္စကို ကိုဝင်းထိန် ကို ပြောမိပါတယ်ဆိုတဲ့ ဝါကျလေး တစ်ခုတည်းနဲ့ ကျွန်တော့်ကို ပြန်ခေါ်တာပေါ့။ အဲ့ဒါနဲ့ ကျွန်တော့်ကို မေးတယ် ဟုတ်လားဆိုတော့ 'ဟုတ်တယ်' လို့ ပြောလိုက်တယ်။ မင်း ဘာလို့ သတင်းမပို့လဲ မေးတော့ အုန်းကျော်မြင့် ပါမှတော့ အဖြစ်ရှိမှာ မဟုတ်ဘူးလို့လည်း ထင်တယ်။ ပြီးတော့ အုန်းကျော်မြင့် ကိုယ်တိုင်ကလည်း စံကြည် ကို လာလာပြီးတော့ သူ့ဆရာကြီး အကြောင်းသိချင်လို့လာ အစ်နေတယ်လို့လည်း ထင်တယ်။ အဲ့ဒါနဲ့ ကျွန်တော်ကလည်း ကျွန်တော် သိတဲ့ဟာတွေကို ရေးလိုက်တယ်။ ဗိုလ်ကြီး အုန်းကျော်မြင့် နဲ့က တွဲပြီး အလုပ်လုပ်ဖူးတဲ့အတွက်ကြောင့် သူက အင်မတန်ထူးချွန်ပြောင်မြောက်တဲ့ အရာရှိ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ သူ လုပ်သမျှကိုင်သမျှတွေဟာ ထူးချွန်ပြောင်မြောက်စွာ အောင်မြင်မယ့် လူပုဂ္ဂိုလ်မဟုတ်ဘူး နောက်ပြီး သူ့မှာ လက်နက်လည်း မရှိဘူး၊ တပ်လည်း မရှိတဲ့အတွက် ဘာမှလည်း ဖြစ်လာမှာ မဟုတ်ဘူးလို့ ယူဆတဲ့ အတွက်ကြောင့်ဆိုတဲ့

www.burmeseclassic.com



အကြောင်း ပြောလိုက်တာ။ အဲဒီလို ထွက်ချက်ရေးလိုက်ပြီး ထလရ(၆)မှာ ၃ ၊ ၄ ရက်လောက် နေလိုက်ရသေးတယ်။ တော်တော် စဉ်းစားနေတယ်နဲ့ တူပါတယ်။ ကျွန်တော့်ကို ပြန်လွှတ်လိုက်ရမလား။ အရေး ယူရမလား။ ချက်ချင်း မဆုံးဖြတ်နိုင်ဘူး ထင်ပါတယ်။ ဦးနေဝင်းက ဗိုလ်ချုပ်ကြီးတင်ဦးနဲ့ ဗိုလ်မှူးကြီးတင်ဦး (မျက်မှန်) အဲ့ဒီနှစ်ဦးကို ယှဉ်တဲ့အခါမှာ ထောက်လှမ်းရေး တင်ဦးကို ဦးစားပေးပြီးတော့ ကျွန်တော်တို့ ဗိုလ်ချုပ်ကြီးတင်ဦးကို နှိပ်ကွပ်မယ်ဆိုပြီးတော့ ဆုံးဖြတ်လိုက်တဲ့အတွက် ကျွန်တော်တို့ကလည်း ဗိုလ်ချုပ်ကြီး တင်ဦး ရုံးက အရာရှိတွေဖြစ်တဲ့အတွက်ကြောင့် ဗိုလ်ချုပ်ကြီး တင်ဦးရဲ့ ရုံးက အရာရှိတွေ အကုန်အဖမ်းခံရတာ။ ဒါနဲ့ ၃ ရက် ၄ ရက်နေပြီးတော့မှ ကျွန်တော့်ကို ရေကြည်အိုင် ခေါ်သွားတယ်။

ထောက်လှမ်းရေး (၆)က ဗိုလ်မှူး ရဲဆွေ၊ အခုတော့ ကွယ်လွန်သွားပါပြီ။ ဗိုလ်မှူးကြီးဘဝနဲ့ ကွယ်လွန်သွားပြီ။ နောက်တော့ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး အမ်အိုင်ဒါရိုက်တာဖြစ်လာတယ်။ နောက်ပိုင်းမှာ တပ်က ထွက်ရပြီး တက္ကဆီ မောင်းတယ်။ နှလုံးရောဂါဖြစ်ပြီးမှ ရုတ်တရက် ဆုံးသွားတာ။ ကိုရဲဆွေက ကျွန်တော့်ကို ဗိုလ်စံကြည် ရဲ့ ထွက်ဆို ချက်ကို ဖတ်ခိုင်းတဲ့ ဖြစ်ရပ်က တော်တော် ထူးခြားပါတယ်။ သာမန်ဆိုလို့ ရှိရင် ကျွန်တော်က စစ်ကြောရေးထဲဝင်မယ့် လူဆိုရင် တစ်ဖက်လူပြောတာကို သိခွင့် မရှိဘူး။ ဒါကို သိခွင့်ပေးရုံတင် မကဘူး။ သူရေးတာကိုပါ ပြတယ်ဆိုတာ တော်တော်ထူးခြားပါတယ်။ ကျွန်တော့်ကို တော်တော်ညှာခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


# အခန်း - ၅

## ရေကြည်အိုင် ဆိုတဲ့နေရာ

ရေကြည်အိုင် ထောင်ရဲ့ ဝင်ဝင်ချင်း နီးစပ်တဲ့ အဆောက်အဦးမှာ ကျွန်တော်ကို ထားလိုက်တယ်။ အဲ့မှာ ဘယ်သူ တွေ့လဲဆိုတော့ ဗိုလ်ကြီး ရဲဦး။ ဗိုလ်ကြီးရဲဦး က ကျွန်တော့်ထက်လည်း အသက်ကြီးတယ်။ **အမှတ်စဉ် (၂၉) က ဆင်းတယ်လို့** သူကိုယ်သူ မိတ်ဆက်တယ်။ သူက မှော်ဘီမှာရှိတဲ့ တင့်ကားတပ်က အရာရှိပေါ့။ မိတ်ဆက်ရင်းနဲ့ ခင်ဗျား ဘာ ဖြစ်လို့ ဒီအထဲ ရောက်လာတာလဲလို့ မေးမိတော့ ဗိုလ်ကြီးရဲဦး က ဗိုလ်ကြီးအုန်းကျော်မြင့် ရဲ့ အပတ်စဉ် အတူတူကို ဦးစီးချုပ်က သူ့တပ်က တင့်ကားတွေကို မတ်လ (၂၇) ရက်နေ့ လိုချင်တယ်။ အလုံလမ်းက အိမ်တော်ကို လာခဲ့ပါ။ လာနိုင် မလားဆိုပြီး မေးတဲ့အခါမှာ ဗိုလ်ကြီးရဲဦး က တင့်ကားတွေရဲ့ လှုပ် ရှားမှုကို ကာကွယ်ရေးဦးစီးချုပ်ရုံးက ထိန်းတာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး က အမိန့်ပေးမှ သာလျှင် တင့်ကားတွေ လှုပ်ရှားလို့ရမယ်လို့ ပြောလိုက်တယ်။ အဲဒီတော့


www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်ကြီးအုန်းကျော်မြင့် ကလည်း သူ့ ရည်ရွယ်ချက်ကို ပြောဟန်တူပါရဲ့။ ဦးတင်ဦးကြီး ထွက်တာ သူမကျေနပ်တဲ့ အကြောင်း၊ ဘာညာပေါ့။ သူတို့ချင်း ကလည်း သဘောထားချင်း တူညီမယ်လို့တော့ ထင်ပါတယ်။ ဒါပေမဲ့ ကိုရဲဦး က အပြည့်စုံတော့ မပြောဘူးပေါ့။ သူရဲ့ ဆန္ဒမပါဘဲနဲ့ ဗိုလ်ကြီးအုန်းကျော်မြင့် က လာပြီး စည်းရုံးတဲ့အခါမှာ ပြောမိတာပေါ့။ တွေ့မိလို့ပြောတဲ့ အခါမှာ အဖမ်းခံရတယ်လို့ ယူဆရတယ်။

အဲဒီမှာ နေနေရင်းနဲ့ ဗိုလ်ကြီးရဲဦး နဲ့ စကားစမြည် ပြော၊သူကလည်း သူ့အကြောင်း သူပြော၊ ကိုယ်ကလည်း ကိုယ့်အကြောင်း ကိုယ်ပြော၊ ထူးခြား တာက သူ့မိန်းမက ကျွန်တော်တို့ မိတ္ထီလာက။ ကျွန်တော့်တို့ သူငယ်ချင်းရဲ့ ညီမ ဖြစ်နေတာ။ ကျွန်တော်ကလည်း မိတ္ထီလာသားဆိုတော့ သူနဲ့ စကား စမြည်ပြော အဲဒီလို ဖြစ်တယ်။ ကျွန်တော့် အခန်းဘေးမှာလည်း အသံတွေ ကြားနေရတယ်။ အသံတွေ ကြားလို့ မေးစမ်းကြည့်လိုက်တော့ ကျွန်တော်နဲ့ တစ်ဌာန တည်း ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှာ နေခဲ့ဖူးတဲ့ ဗိုလ်ကြီးစိုးမြင့်နဲ့ ဗိုလ်ကြီး မြင့်သိန်း သူတို့အသံ။ ဗိုလ်ကြီးစိုးမြင့်ဆိုတာ အမှတ်စဉ်(၇)က သူ့ကို အားလုံးက တရုတ်မလို့ ခေါ်တယ်။ အသားဖြူဖြူ တရုတ်နဲ့ တူလို့ တရုတ်မ ကြီးလို့ ခေါ်တယ်။ သူနဲ့တွဲတဲ့ ဗိုလ်ကြီးမြင့်သိန်း ဖိုက်ဝမ်းလို့ခေါ်တယ်။ ဘာကြောင့်လဲ ဆိုတော့ သူ့ ဗိုလ်လောင်းနံပါတ်က 351မို့လို့ပါ။ သူတို့အဖွဲ့မှာ မြင့်သိန်းတွေ က အများကြီး 349 မြင့်သိန်းဆိုတာရှိတယ်။ ဒီကောင်ကျတော့ ဖိုးနိုင်း လို့ခေါ်တယ်။ 351 မြင့်သိန်းကျတော့ ဖိုက်ဝမ်းလို့ ခေါ်တယ်။

သူတို့နဲ့ စကားပြောချင်တဲ့အခါမှာ အခန်းချင်း ခြားထားတဲ့ သွပ်ပြား အောက်က ပြောရင်တော့ ရတယ်။ အဲဒီမှာ သူတို့ အခြေအနေကို ပြောပြတာ က အုန်းကျော်မြင့် ကိစ္စကို ဘာမှမသိဘူး ငြင်းတယ်။ ငြင်းပေမဲ့ သူတို့ ပါလာတယ်။ ထောင်ထဲ ထည့်တယ်။

သူတို့က မေးတယ်။ တစ်ဌာနတည်းမှာ ဖြစ်ပြီးမှ ကချင် (၃) ကွမ်းလုံ ကို ပြောင်းသွားတဲ့ ဗိုလ်ကြီးစန်းအောင် ဆိုတာရှိတယ်။ ကိုစန်းအောင်ကို မျှော်နေတာပေါ့။ ကိုစန်းအောင် မလာသေးဘူးလား။ ပြီးမယ့်သာ ပြီးသွား



www.burmeseclassic.com

www.burmeseclassic.com


ရော ကိုစန်းအောင်က ပေါ် မလာဘူး။ ဘာကြောင့် ပေါ်မလာသလဲ ဆိုတော့ ဇာတ်လမ်းက ဒီလို။

## ဗိုလ်စန်းအောင် မပါလာခြင်းအကြောင်း

အုန်းကျော်မြင့် ကိစ္စကို စံကြည် က ဌာနမှာ ထမင်းစားတဲ့အခါမှာ လာလာပြီး ပြောနေတဲ့ အခါမှာကျတော့ အဲဒီမှာ စန်းအောင် က စကား အပြောဆုံး သူက တွက်ပြတယ်။ ချက်ပြတယ်။ သူဖြစ်နိုင်ခြေတွေ ပြောပြ တယ်။ အုန်းကျော်မြင့် အကြောင်းကို အပြောဆုံး အဲဒီလို အပြောဆုံးဖြစ်တဲ့သူ ဖြစ်လို့ ပါရမယ်။ မပါဘူးဆိုတော့ ဘာကြောင့်ဆိုတာ နောက်ပိုင်းမှ ပြန်သိရ တယ်။ စန်းအောင် ရဲ့ မိန်းမ က (၈)မိုင် မီးပွိုင့်အလွန်မှာ ဖွင့်ထားတဲ့ ကလေး မူကြိုပိုင်ရှင် ဒေါ်ရင်ရင်ဝိုင်း ပေါ့။ လူကြီးတွေ မြေးတွေသားတွေ သမီးတွေ ထားကြတဲ့ မူကြို။ ဒေါ်ရင်ရင်ဝိုင်းက စန်းအောင်ထက် အသက် ကြီးတယ်။ ယဉ်ကျေးတယ်။ ရုပ်လည်း ပြေပြစ်တယ်။ အဲဒီအချိန်မှာ ရန်ကုန်မြို့မှာ နာမည်အကြီးဆုံး မူကြိုပိုင်ရှင်ပေါ့။ ဒေါ်ရင်ရင်ဝိုင်း က ထောက်လှမ်းရေးမှာ တာဝန်အကြီးဆုံး ဗိုလ်မှူးကြီးတင်ဦး (နောက်မှ ဗိုလ်မှူး ချုပ်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်)ရဲ့ ကလေးတွေကို သူက အနီးကပ်အိမ်မှာ ကျူရှင်ပြပေးနေတာ။

ဗိုလ်စန်းအောင်ကို ရွှေတန်းက ပြန်ခေါ်ဖို့အတွက် စစ်ရုံးကနေ အမိန့်ရတယ်။ ပြန်ခေါ်တဲ့အချိန်မှာ ဒေါ်ရင်ရင်ဝိုင်း က သူ့ယောကျ်ားကိစ္စကို မျက်မှန်ကြီးကကိုပြောတယ်။ ကြည့်လုပ်ပေးပါပေါ့။ အသေးစိတ်တော့ မသိပါဘူး။ အခုထိလည်း မမေးမိပါဘူး။ သို့သော် သေချာတာက စန်းအောင် ရောက်လာတယ်။ စစ်ကြောရေးမှာ မေးတယ်။ဒီကိစ္စကို သူဘာမှမသိပါဘူး။ ဘာမှမပြောပါဘူး။ သူမသိရပါဘူးနဲ့ ဘူးခံတယ်။ အဲဒီလိုဘူးခံတဲ့အတွက် ကြောင့် စန်းအောင်ကို ရေကြည်အိုင် မပို့တော့ဘဲနဲ့ တပ်ပြန်ပို့လိုက်တာ။

ဆိုလိုတာက စန်းအောင်က ဘာမှ ဒီထဲမှာ ပတ်သက်ခြင်းအရေးယူ ခြင်းမခံရဘူးဆိုတဲ့ အနေအထားရောက်သွားတာပေါ့။


www.burmeseclassic.com

www.burmeseclassic.com


## လူတွေနဲ့ ကံကြမ္မာ

လူတစ်ယောက်ရဲ့ ကံကြမ္မာဆိုတာ သူ ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ ကြီးပွားချင်တဲ့ သူက ကြီးပွားတယ်။ မကြီးပွားချင်တဲ့ သူက မကြီးပွားဘူး။ စန်းအောင်က အဲဒီမှာ လွတ်သွားတဲ့ အပြင်ကို နောက်မှာ အဆင့်တွေ ရာထူးတွေ တက်တက် နောက်ဆုံးမှာ ဗိုလ်ချုပ်တောင် ဖြစ်သွားတယ်။ NDC ဆိုတဲ့ Naitonal Defence College အဲဒီကောလိပ်မှာ ကျောင်းအုပ်ကြီးဘဝနဲ့ အနားယူတာ။ အခုတော့ ကျန်းမာရေး မကောင်းဘူးလို့ ကြားပါတယ်။

ကျွန်တော်နဲ့ အတူတူနေတဲ့ ကိုရဲဦး ကတော့ သူက လိပ်ခေါင်းရှိတော့ ရေကြည်အိုင်က ဆေးမှူးကြီးက လာလာကြည့်တယ်။ ကျွန်တော်ကတော့ ဘာမှ ထွေထွေထူးထူး မရှိဘူး။ ရှေ့တန်းက ပြန်လာတာဆိုတော့ ဝိတ်ကလည်း မတက်ဘူး။ လူကလည်း ပိန်တဲ့ ဘက်ရောက်နေတော့ ဝိတ်က ပေါင် (၁၃၀) လောက်ရှိမှာ မဟုတ်ဘူး။ အဲမှာနေရင်း အထူးသဖြင့် ကျွန်တော် က မြင့်သိန်း တို့ တရုတ်မစိုးမြင့် တို့နဲ့ စကားပြောတာကို ရေကြည်အိုင် ထောင်အာဏာပိုင်တွေက မကြည်ဘူး။ မကြည်တော့ ကျွန်တော်တို့ကို ခေါ်ထုတ်သွားပြီးတော့ ဟိုးနောက်ဘက်မှာ ရှိတဲ့ အိမ်ပေါက်စလေးမှာ ထားတယ်။ နှစ်အိမ်ကျော်လောက်မှာ ထားတယ် ထင်ပါတယ်။ ကျွန်တော် မှတ်တောင် မမှတ်မိတော့ဘူး။ အိမ်ပေါက်စ ဆိုပေမဲ့ အဲဒီထဲမှာ ခုတင် နှစ်လုံးရှိတယ်။ ထမင်းစားခန်းရှိတယ်။ ရေချိုးခန်းရှိတယ်။ ပေ(၆၀)ပတ်လည်ရှိတဲ့ ဝင်းထဲမှာ သွပ်ပြားတွေ ထောင်ပြီး ကာထားတယ်။ သွပ်ပြားတွေက အထူကြီးတွေ၊ (၂၆) ဂိတ်လို့ပြောတယ်။ အဲဒီထဲမှာ နေနေရင်းနဲ့ ဇူလိုင်လကုန် ဩဂုတ်လထဲ ရောက် သွားတော့ ကျွန်တော်တို့ လေးယောက်စလုံးကို ခေါ်သွားပါတယ်။

## ဗိုလ်ချုပ်ကြီးနေဝင်း ဧနီးအသစ်လေးနဲ့ ခရီးထွက်

မတ် (၂၇) ရက်နေ့ ည အာဏာသိမ်းမယ်။ လူကြီးတွေကို လုပ်ကြံ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ အဲဒီတုန်းက ဗိုလ်ချုပ်ကြီးစန်းယု နဲ့ ဗိုလ်မှူးကြီးတင်ဦး ရယ် (၂) ယောက်ပဲ ရှိတယ်။ အဲဒီ လူပါးကြီး ဗိုလ်ချုပ်ကြီးနေဝင်းက ဇနီး အသစ် ကလေး ဒေါ်နီနီမြင့် ကို ခေါ်ပြီးတော့ အင်ဒိုနီးရှား က ဘာလီ ကို ထွက်သွား တာ။ ဘယ်အချိန်က ထွက်သွားလဲ ဆိုတော့ ဖေဖော်ဝါရီလ (၅) နေ့မှာ ဗိုလ်ချုပ်ကြီးတင်ဦး ကို ဖြုတ်ပြီးတော့ ဖေဖော်ဝါရီလ ကုန်ခါနီးမှာ ထွက်သွား တာ။ ဒီလူကြီးက လူပါးကြီးဆိုတော့ သိတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးကို ထုတ် လိုက်ခြင်းအားဖြင့် တပ်မှာ မငြိမ်မသက် ဖြစ်နိုင်တယ်။ အဲဒီတော့ မရှိဘဲ ရှောင်နေတာ ကောင်းတယ်ဆိုပြီး ဘာလီကို ထွက်သွားတာ။ အဲဒီလို ထွက် သွားတော့ မတ်လ (၂၇) ရက်နေ့ တော်လှန်ရေးနေ့ အခမ်းအနား ကျင်းပတဲ့ အခါမှာ ဗိုလ်ချုပ်ကြီးတင်ဦး မိန့်ခွန်း မပြောနိုင်ဘူး။ ဗိုလ်ချုပ်ကြီးကျော်ထင် မိန့်ခွန်းပြောတယ်။ မတ် (၂၇) ရက်နေ့မှာ လုပ်ကြံမယ်လို့ အနန်းကျော်မြင့် က ဆုံးဖြတ်ဖြစ်တဲ့အခါမှာ အဲဒီ ည အလုံလမ်းအိမ်တော်မှာ တော်လှန်ရေးနေ့ ထမင်းစားပွဲရှိပါတယ်။ နိုင်ငံခြား သံတမန်တွေနဲ့ စစ်သံမှူးတွေ ဖိတ်မယ်။ တပ်မတော်က အရာရှိကြီးတွေ အကုန်ပါမယ်။ ကျွန်တော်ကတော့ အဲဒီညမှာ ဖိတ်ခံရပါတယ်။ ကျွန်တော် မသွားဘူး။ ဘာကြောင့် မသွားလဲဆိုရင် အဲဒီမှာ မမြင်ချင်တဲ့ လူတွေကို မြင်ရင် စကားများပြီး ပြဿနာဖြစ်မှာစိုးလို့ ကျွန်တော် မသွားဘဲ အိမ်မှာပဲ နေတာ။

အနန်းကျော်မြင့် က စစ်ရုံးက စခန်းမှူးဗိုလ်မှူးစိန်မြင့် ဆီက ထုတ် ယူထားတဲ့ သေနတ်တို့ ပစ္စတိုတို့ကို ကားရဲ့ အနောက်ဖုံးထဲမှာ ထည့်တယ်။ အဲဒီကားက ဘယ်သူ့ကားလဲဆိုတော့ ဗိုလ်ချုပ်ကြီးကျော်ထင်ရဲ့ကား၊ ဗိုလ် ချုပ်ကြီးကျော်ထင် နဲ့ သူက အိမ်တော်ကို သွားဖို့အစီအစဉ်၊ အဲဒီကိုသွားရင်းနဲ့ ကားထဲကို ထည့်လာတယ်။ ထည့်လာပြီးတော့ အိမ်တော်ကို ရောက်တဲ့အခါမှာ အဲဒီနေ့အစီအစဉ်အရ အိမ်တော်ပတ်ပတ်လည်မှာလည်း တပ်တွေက အများ ကြီးချထားတယ်။ တပ်ရင်း (၃) က တပ်တွေကို ပတ်ပတ်လည် ချထားတယ်။

တကယ်လို့ ဗိုလ်မှူးမောင်လတ်လည်း အနန်းကျော်မြင့် စကားယုံပြီး မော့ ခ. လ. ရ (၁၆) ကို ခေါ်လာရင် အဲဒီတပ်တွေနဲ့ အရင်ဆုံး ပြဿနာ

www.burmeseclassic.com


ဖြစ်မှာ ဝုန်းဒိုင်းကျဲပြီးပစ်တာ ခတ်တာတွေတောင် ဖြစ်လာနိုင်တယ်။ သို့သော် လည်းပဲ ဗိုလ်မှူးမောင်လတ်ရဲ့ မပြတ်သားမှုကြောင့် ခ. လ. ရ (၁၆) က ဘာမှ မဖြစ်ဘူး။ အုန်းကျော်မြင့်ကလည်း ဘာမှလုပ်လို့မရဘူး။ အဲဒီထဲမှာ အစီ အစဉ်က ဘချစ် က ဘယ်သူကိုလုပ်ကြမယ်။ ထွန်းကျော်က ဘယ်သူကို လုပ်ကြမယ်။ ဝင်းသိန်းနဲ့ အုန်းကျော်မြင့်က ဘယ်သူ့ကို လုပ်ကြမယ် သူတို့အစီအစဉ် လုပ်ထားပြီးသား။

ဒါပေမဲ့ အဲဒီနေ့မှာ အစီအစဉ်တွေပြောင်းပြီး ကားတွေက အဝေး ကြီးမှာ သွားရပ်ထားတယ်။ ကားနောက်ဖုံးမှာ ထည့်ထားတဲ့ လက်နက်တွေကို ဘယ်လိုမှ ယူလို့ မရဘူး။ သူတို့မှာလည်း ဘယ်သူမှ လက်နက် မရှိဘူး။ မရှိတော့ အဲဒီအစီအစဉ်မှာ အဓိကကျတဲ့ ဗိုလ်ကြီးအောင်ကြည်ဦး (ဗိုလ်မှူးကြီး စိန်လွင်ရဲ့ PSO) ဘာလုပ်ရမှာလဲဆိုတော့ ပင်မဗဟိုမီးရဲ့ Main Switch နေရာမှာ အုန်းကျော်မြင့် အချက်ပေးတာနဲ့ မီးပိတ်ရမယ့် တာဝန်ယူထားတယ်။ ဒါပေမဲ့ အုန်းကျော်မြင့်ရော တခြား PSO တွေလို အဲဒီနေ့ည အထူးအစီအစဉ်အရ သူတို့ လူကြီးတွေရဲ့ အနားမှာ အမြဲ ရှိနေရမယ်။ လုံခြုံ ရေး သတင်းထူးတွေကြောင့်မို့ လူကြီးနားမှာ PSO တွေ ရှိနေရမယ်လို့ အမိန့်ထုတ်တဲ့ အခါကြတော့ သူတို့ လူကြီးနားက ခွာလို့ မရဘူး။ အုန်းကျော် မြင့်ရော၊ ဝင်းသိန်းရော၊ အောင်ကြည်ဦး တို့ သူတို့ လူကြီးနားက ခွာလို့မရတဲ့အပြင် သူတို့ လက်နက်တွေ ကားထဲမှာ ရှိတယ်။ ဘယ်လိုမှ ယူလို့ မရဘူး။ အဲဒီတော့ အချိန်စေ့လို့ စားကြသောက်ကြပြီးတော့ ဗိုလ်ချုပ်ကြီး စန်းယုနဲ့ အစိုးရခေါင်းဆောင်များ အပါအဝင် ဗိုလ်မှူးကြီး တင်ဦးအပါအဝင် ယဉ်ကျေးမှုအကတွေ လုပ်နေတဲ့အချိန်မှာ အုန်းကျော်မြင့် တို့ ဝင်းသိန်းတို့ကလည်း လူကြီးနားမှာ ဗလောင်ဆူနေကြမှာပေါ့။ အခွင့် ကောင်းကြီး လွတ်သွားပြီဆိုတဲ့ သဘောမျိုးနဲ့ အဲဒီတော့ လူကြီးတွေ လုပ်ကြဖို့ တာဝန်က ဗိုလ်ကြီး ထွန်းကျော်၊ ဗိုလ်ကြီးဘချစ်၊ ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးဝင်းသိန်း. သူတို့ (၄)ယောက်က တာဝန်ယူတယ်။ လေးယောက်လုံး ကလည်း လက်နက်မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



## သမ္မတအိမ် ညစာစားပွဲကို ဗိုလ်ထွန်းကျော် ရောက်မလာ

လေးယောက် မဟုတ်တော့ဘူး။ ဗိုလ်ကြီး ထွန်းကျော်ကလည်း အခြေအနေ မဟန်ဘူးလို့ သူဟာ သူ တွက်ဆဟန် တူပါရဲ့။ ဒီကောင်က တိုက်ရည် ခိုက်ရည် ကောင်းတယ်။ တွက် တတ်တယ်။ ချက် တတ်တယ်။ အုန်းကျော်မြင့်က လေဖမ်း ဒါန်းစီး။ အဲဒီ ညကပေါ် မလာဘူး။ သဘော ပေါက်လားတော့ မသိဘူး။ ညစာစားပွဲ တက်မလာဘူး။အဓိက လုပ်ကြံရမယ့် လေး ယောက်မှာ သုံးယောက်ပဲရှိတယ်။ တစ်ယောက်က ပျက်ကွက်သွားပြီ။ ထွန်းကျော် ကတော့ ဗိုလ်ချုပ်ကြီးတင်ဦး ပြုတ်တာနဲ့ ပတ်သက်ပြီး သံသယ ဇဉ်တော့ ရှိတယ်။ ကိုယ်တိုင်ကိုယ်ကျ လုပ်ဖို့ကျတော့လည်း မဝံ့မရဲ၊ အုန်း ကျော်မြင့် ကိုလည်း မယုံဘူး။ အဲဒီတော့ သူ မှန်မှန်ကန်ကန် ဆုံးဖြတ်ပြီး သမ္မတအိမ်က ညစာစားပွဲကို မတက်တာပေါ့။ ဒါက ဇာတ်လမ်း တစ်ခု။

(၂၇) ရက်နေ့ ည ဇာတ်လမ်းမှာ ဓါးဘချစ် တာဝန်ယူရတာ တစ် ယောက်၊ အောင်ကြည်ဦး က Main Switch ကို ပိတ်မယ်။ ဝင်းသိန်း၊ အုန်းကျော်မြင့် ရယ်၊ ထွန်းကျော် ရယ်၊ ကျော်ရှိန် ရယ်က လုပ်ကြံဖို့ ဘယ်သူ ဘယ်သူ့ကို လုပ်ကြံဖို့ဆိုတာ အားလုံး တာဝန်သတ်မှတ်ပြီးသား။ မှတ်မိ သလောက်ဆိုရင် မျက်မှန်ကြီး ကိုတော့ အုန်းကျော်မြင့်က ဆော်ပလော် တီး မယ်။ သူကိုယ် သူ လက်နက်ရှိတယ်လို့ သတ်မှတ်ထားတာ။ တကယ်တမ်းတော့ လက်နက် မရှိဘူး။ ဗိုလ်ကြီးဟန်ဇော် ရေကြည်အိုင်မှာ ကျော်ရှိန်းနဲ့ တစ်အိမ် တည်း၊ ကိုရဲဦး နဲ့ သန့်ဇင်မြိုင် နဲ့က တစ်အိမ်တည်း၊ ဗိုလ်မှူးကြီးဝီလီမောင်မောင် ရောက် လာတယ်။ ဗိုလ်မှူးလှမြင့်(ခေါင်းကြီး) ရောက်လာတယ်။

## အထင်နဲ့အမြင်

နောက်ပိုင်းမှာ နိုင်ငံရေးက နီးကြားလာတဲ့အခါ အုန်းကျော်မြင့်က ဦးနေဝင်း ရဲ့ စနစ်ကို တော်လှန်ဖို့ ပထမဦးဆုံးသော ပုဂ္ဂိုလ်ဆိုပြီး အမွှမ်း



www.burmeseclassic.com

www.burmeseclassic.com



တင်ခံရတာပေါ့။ အထိုက်အလျောက်တော့ မှန်ပါတယ်။ အုန်းကျော်မြင့်တို့က အဲဒီနေ့ ညက ဘာမှ မလုပ်ဖြစ်ဘူး။ နောက်တစ်နေ့ (၂၈) ရက်နေ့မှာ အကုန်ခေါ်ပြီးတော့ သူရဲ့ နဝရတ်တိုက်ခန်းမှာ အစည်းအဝေးလုပ်တယ်။ ညက မအောင်မြင်ဘူး။ Stand Down လုပ်ကြစို့။ အေးဆေးပေါ့။ ဒါပေမဲ့ အခွင့်သင့်ရင်သင့်သလို လုပ်ကြမယ်ဆိုပြီး သဘောတူလိုက်ကြတယ်။ ရာထူးတွေ တက်သွားလည်း ရောက်တဲ့နေရာမှာ ဆက်လုပ်ကြမယ်။ အဲဒါက မတ်လ (၂၈) ရက်နေ့၊ အဲဒါပြီးတော့ ကျွန်တော်တို့က တပ်တွေပြောင်းကြပြီ၊ စံကြည် က စစ်တက္ကသိုလ်၊ စန်းအောင်က ကွမ်းလုံ ကချင် (၃)၊ ကျွန်တော်က ရှေ့တန်း မိုင်းရှူးပါသွား အစရှိ သဖြင့်ပေါ့။ ဇူလိုင်မှာ တိုင်းမှူး၊ တပ်မမှူးတွေ (၄) လပတ် အစည်းအဝေးပွဲ ရှိတယ်။ အဲဒီပွဲမှာ ဗိုလ်ကြီးဝင်းသိန်း ကလည်း အနောက်ပိုင်းတိုင်းမှူး ဖြစ်တဲ့ ဗိုလ်မှူးကြီး မင်းခေါင်နဲ့အတူ သူ့ PSO အနေနဲ့ ရောက်လာတယ်။

## လုပ်ကြံတဲ့ ကိစ္စတချို့ ဗိုလ်ကြီးဝင်းမောင် ပြန်ပြောလို့သိရ

မတ်လ ၂၇ ရက်နေ့က ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးဝင်းသိန်း၊ ဗိုလ်ကြီး ဟန်ဇော်၊ ဗိုလ်ကြီးအောင်ကြည်ဦး၊ ဗိုလ်ကြီး ထွန်းကျော်တို့ဟာ အဓိကကျတဲ့ ပုဂ္ဂိုလ်တွေပေါ့။ နောက်ပြီးတော့ ဗိုလ်ကြီး စံကြည်နဲ့ ဗိုလ်ကြီးသန့်ဇင်မြိုင်။ သူတို့ အစီအစဉ်ကတော့ မတ်လ ၂၇ ရက်နေ့ အိမ်တော်မှာ ညစာစားပွဲလုပ်တဲ့အချိန်မှာ ဗိုလ်ကြီးအောင်ကြည်ဦး (နောင်မှာ သမ္မတ ဖြစ်တဲ့ ဦးစိန်လွင်(ဗိုလ်ချုပ်စိန်လွင်)ရဲ့ ပီအက်စ်အို)က လျှပ်စစ်မီး Main Switch နားကို သွားမယ်။ Main Switch ကို ပိတ်မယ်။ ပိတ်တဲ့ အချိန်မှာ ထွန်းကျော်ရယ်၊ ဝင်းသိန်းရယ်၊ ဘချစ်ရယ်၊ အုန်းကျော်မြင့်တို့က အဲဒီ ဗိုလ်ချုပ်ကြီး စန်းယု၊ ဗိုလ်မှူးကြီးတင်ဦး(ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားထောက်လှမ်းရေး အဖွဲ့ခေါင်းဆောင်) သူတို့ကို လုပ်ကြံမယ်။ လိုအပ်ရင် ထောက်လှမ်းရေးက အထက်ပုဂ္ဂိုလ်တွေကို လုပ်





www.burmeseclassic.com

www.burmeseclassic.com


ကြံမယ်။ လုပ်ကြံတဲ့အခါမှာ ဗိုလ်ကြီးစံကြည်တို့၊ ဗိုလ်ကြီး သန့်ဇင်မြိုင်တို့က ဗိုလ်ချုပ်ကြီး ကျော်ထင် နားမှာ စောင့်နေမယ်။ သူ့ကို ဘေးမသီ ရန်မခ ဖြစ်အောင်။ စောင့်ရှောက်မယ်။ စောင့်ကြည့်မယ်။ အဲဒီလို တာဝန်တွေ ခွဲထားတာပေါ့။

အဲဒီလုပ်ကြံတဲ့ အထဲမှာ ဗိုလ်ကြီးထွန်းကျော်လည်း ပါတယ်။ ဗိုလ်ကြီးထွန်းကျော် ကတော့ တိုက်ရည် ခိုက်ရည် ပြည့်တဲ့အတွက် ကြောင့်မို့ ဗိုလ်ကြီး အုန်းကျော်မြင့်တို့က အားကိုးတယ်။ အထင်ကြီးတယ်။ ဒါကြောင့်မို့လို့ ထွန်းကျော်လည်း လုပ်ကြံတဲ့အဖွဲ့ထဲမှာပါဖို့ အဲဒီလို အစီအစဉ်ပေါ့။ အဲဒီလို စီစဉ်တဲ့အခါမှာ အဲဒီနေ့ ညလည်းရောက်ရော လုပ်ကြံမယ့် ပုဂ္ဂိုလ်တွေ လက်ထဲမှာ ဘာလက်နက်မှမရှိဘူး။ အင်း ခါးကြားထိုးရင်တော့ ထိုးလာမှာ ပေါ့။ ပစ္စတိုတို့ ဘာတို့ ဒါပေမဲ့ ဗိုလ်ကြီးအုန်းကျော်မြင့်က သူတို့ ယူထားတဲ့ ဘရင်းဂန်း အမ် ၁၆ တို့ ကားနောက်ထဲပါသွားတယ်။ ကားကလည်း ဘယ်သူ့ ကားလဲဆိုတော့ ဗိုလ်ချုပ်ကြီးကျော်ထင် ကားပေါ့။

အိမ်တော်ကိုလာတဲ့ အခါမှာ ဗိုလ်ချုပ်ကြီးကျော်ထင် ရဲ့ ကားက သူ့ကို လာကြိုတယ်။ လာကြိုတဲ့ အချိန်မှာ ဗိုလ်ကြီး အုန်းကျော်မြင့်က သူထုတ်ထားတဲ့ လက်နက်တွေကို ကားနောက်ခန်းထဲမှာ ထည့်တယ်။ ကားဘောနက်(စ်)အဖုံးကို ဖွင့်ထည့်တယ်။ ထည့်ပြီးတော့ ဗိုလ်ချုပ်ကြီးကျော် ထင် အိမ်သွားကြိုတယ်။ သူကိုယ်မှာတော့ ဘာလက်နက်မှ မရှိဘူး။ ပြောရ မယ်ဆိုရင်တော့ ရှာဖွေရေး ဘာညာလုပ်ရင် လက်နက်တွေမိမှာ စိုးလို့။ မိရင် ပေါ်မယ် မဟုတ်လား။ တကယ်တမ်းလည်း အဲဒီနေ့လည်းကျရော လုပ်ကြံရင် ပါမယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဆီမှာ ဘာလက်နက်မှ မရှိဘူး။ ဒါ တစ်ချက်ပေါ့။

## လူကြီးတွေအနား PSO တွေအနီးကပ်နေရမယ် အမိန့်ထုတ်

အဲဒီညကကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ အပြင်မှာ ကောလာ ဟလတွေ အမျိုးမျိုး ထွက်တယ်။ ဗိုလ်ချုပ်ကြီးတွေကို အရာရှိငယ်တွေက

www.burmeseclassic.com


လုပ်ကြဲတော့မယ်။ ပုန်ကန်ထကြွမယ်ဆိုတဲ့ သတင်းဟာ ထောက်လှမ်းရေး report ပေါ့။ နေ့စဉ်လုပ်တဲ့ ထောက်လှမ်းရေး အစီရင်ခံစာထဲမှာ အမြဲ တမ်းပါနေတယ်။ အဲဒီတော့ ဘာအမိန့် ထုတ်လည်းဆိုတော့ လူကြီး PSO အားလုံးက သူတို့တွေနဲ့ နီးနီးကပ်ကပ်ရှိရမယ်။ ချက်ချင်း အမိန့်ပေးတယ်။ အဲဒီ PSO တွေက သူတို့ အားလုံးက ဆရာကြီးတွေနားမှာ နေနေရတယ်။ နေနေရတဲ့ အခါကျ တော့ သူတို့ လှုပ်ရှားဖို့ အခွင့်အရေး မသာတဲ့အခါမှာ သူတို့ အားလုံးက မျက်နှာရိပ် မျက်နှာကဲ ပြပြီးတော့ ဘာမှ မလုပ်တော့ဘူး။ အေးဆေးအေးဆေး ဆိုပြီး ဖြတ်သန်းလိုက်တာ။ ဖြတ်သန်းပြီးတော့မှ နောက်နေ့ကျမှ ဗိုလ်ကြီး အုန်းကျော်မြင့်က သူတို့တွေကို ခေါ်တယ်။ အကုန် လုံးတော့ လာချင်မှလာမှာပေါ့။ သိရတာကတော့ ဗိုလ်ကြီး ဝင်းသိန်း လာ တယ်။ ထွန်းကျော် ပါတယ်။ ဗိုလ်ကြီး ဟန်ဇော်တို့၊ ဗိုလ်ကြီး အောင်ကြည်ဦး တို့လည်း ပါမှာပေါ့လေ။ သူတို့ လုပ်တာက ဗိုလ်ကြီးအုန်းကျော်မြင့် က သူတို့ အားလုံးကို Stand Down ပေါ့။ ငါတို့ ခဏနားကြမယ်။ အစီအစဉ်ကတော့ ဖျက်တာ မဟုတ်ဘူး။ အစီအစဉ် ဆက်ရှိမယ်။ နောက်တစ်ခါ အခွင့်အရေး ရရင် ထပ်လုပ်ကြမယ်။ ယုတ်စွ အဆုံး ၅ နှစ်ပဲ ကြာကြာ၊ ၁၀ နှစ်ပဲ ကြာကြာ လုပ်မယ်ဆိုပြီး သဘောမျိုးနဲ့ ပြောခဲ့ကြတယ်လို့ သိရပါတယ်။

ရေကြည်အိုင် ရောက်တော့မှ ဗိုလ်ကြီး ဝင်းမောင် နဲ့ တစ်ခန်းတည်း နေရတယ်။ နေရတော့မှ အုန်းကျော်မြင့် တို့ ဝင်းသိန်းတို့ ဘာတွေလုပ်လည်း ဆိုတာ သိရတယ်။ အဲဒီတော့ သူတို့ လုပ်ကြဲတဲ့ ကိစ္စတွေကို တချို့ ဗိုလ်ကြီး ဝင်းမောင် ပြန်ပြောပြလို့ သိရတယ်။

## တချို့ကိစ္စတွေ သတင်းစာတွေထဲကမှ သိရ

တချို့ကျတော့လည်း အဲဒီကာလမှာ သတင်းစာတွေထဲမှာပါတာ အဲဒီတော့မှ သိရတာ။ အဲဒီတော့ ဖြစ်စဉ်ကြီးတစ်ခုလုံးကို စဉ်းစားကြည့် မယ်ဆိုရင် ဗိုလ်ကြီးအုန်းကျော်မြင့်ဟာ လုပ်ချင်တာပဲသိတယ်။ ဆန္ဒပဲရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လက်တွေ့ ကောင်အထည်ဖော်တဲ့အခါမှာ ဟာကွက်တွေ အများကြီး ရှိတယ်။ ဗိုလ်ကြီးစံကြည်က ဖြစ်စ ကနဦးတုန်းက ကျွန်တော့်ကိုပြောတဲ့ စကားလိုပေါ့။ ဗိုလ်ကြီးအုန်းကျော်မြင့် က လူကြီးတွေကို လုပ်ကြံပြီး ဗိုလ်ချုပ်ကြီးတင်ဦး ကို ပြန်တင်ချင်တယ်ပေါ့။ ဆိုတဲ့ အခါမှာ ဗိုလ်ကြီးစံကြည် ကို ကျွန်တော် ပြောတယ်။ ဘာလက်နက်မှလည်း မရှိဘူး။ စစ်ရုံးမှာနေတဲ့ ဗိုလ်ကြီးတွေဆိုတဲ့အခါကျတော့ စာရေးကြီးသာသာပဲ ရှိတယ်။ လက်နက် လည်း မရှိဘူး။ လူအင်အားလည်း မရှိဘူး။ ဘယ်လိုမှ လုပ်ကြံတာ အဓိပ္ပာယ် မရှိဘူး။ အောင်လည်း မအောင်မြင်နိုင်ဘူး။ အောင် မြင်ဖို့လည်း အင်မတန် ခဲယဉ်းတယ်။ အဲဒီလို ရှင်းပြခဲ့ဖူးပါတယ်။

## တကယ်တမ်း အခွင့်အရေးကြုံချိန် လက်နက် မရှိ၊ လူ မရှိခဲ့

နောက်တစ်ခုက ဗိုလ်ကြီးအုန်းကျော်မြင့် က တိုက်ရည် ခိုက်ရည်နဲ့ ပတ်သက်ပြီးတော့ ထူးထူးချွန်ချွန် ပြောင်ပြောင်မြောက်မြောက် ဘာမှ မလုပ်နိုင်ခဲ့ဘူးဆိုတာ ကျွန်တော်က သိတဲ့အခါကျတော့ ကိုစံကြည်ကို ပြောခဲ့ သလိုပေါ့။ အခု သူတို့ မတ်လ ၂၇ ရက်နေ့ ဖြစ်တယ်။ ဖြစ်ပြီး နောက်တစ်နေ့ ၂၈ ရက်နေ့မှာ ပြောတဲ့စကားတွေကို ကြည့်ရင် တကယ်တမ်းလည်း အခွင့် အရေးလည်း ကြုံရော လက်နက်လည်း မရှိ၊ လူလည်း မရှိ၊ နောက်ပြီးတော့ မလရ ၁၆ တပ်ရင်းမှူး ဗိုလ်မှူးမောင်လတ် ကို သွားခေါ်တယ်။ သွားခေါ်တဲ့ အခါကျတော့ ဗိုလ်မှူးမောင်လတ်ကလည်း မပြတ်သားဘူး။ အဲဒီတော့ ဗိုလ်ကြီးအုန်းကျော်မြင့် က လာပြောတဲ့အတွက်ကြောင့်မို့ အထိုက်အလျောက် တော့ ဟုတ်ကောင်း ဟုတ်မယ်။ သို့သော်လည်းပဲ ဗိုလ်ချုပ်ကြီးကျော်ထင် နာမည်ကို အသုံးချပြီး လုပ်တယ်လို့ပဲ သံသယရှိတယ်။

ဒါပေမဲ့ ခက်တာက သူ့မှာ အဓိက ချွတ်ယွင်းချက်က သူ သံသယ ရှိရင်လည်း သူ့ သက်ဆိုင်ရာ အထက်က လူကြီးကို သတင်းပို့ရမယ်။ ဒါပေမဲ့ အဲဒီလို သတင်းမပို့ဘူး။ တကယ့်နေ့ကျတော့လည်း ဗိုလ်ကြီးအုန်းကျော်မြင့်



www.burmeseclassic.com

www.burmeseclassic.com


ပြောသလို သူ့ တပ်ကို ခေါ်ပြီး အလုံလမ်း ကိုလည်း မလာဘူး။ တကယ်လို့ ဗိုလ်မှူးမောင်လတ်က အုန်းကျော်မြင့် ပြောတဲ့အတိုင်း တပ်နဲ့ အလုံလမ်းကို လာရင် ဒီအလုံလမ်းရဲ့ အိမ်အပြင်မှာ လုံခြုံရေး တပ်တွေ ရှိတဲ့အတွက်ကြောင့်မို့လို အစောင့်တွေက ပတ်ပတ်လည်ချထားတာ။ အဲဒီမှာ ပစ်တာ ခတ်တာ ဖြစ်ဖို့ များတယ်။ ဖြစ်ရင် အထဲမှာ ရုတ်ရုတ်သဲသဲဖြစ်မယ်။ ရုတ်ရုတ်သဲသဲဖြစ်သည့်တိုင်အောင်မှ အုန်းကျော်မြင့်တို့ ဝင်းသိန်းတို့ လက်ထဲမှာ ဘာလက်နက်မှ မရှိဘူး။ မရှိတဲ့အတွက်ကြောင့်မှ ဘာမှ လုပ်လို့ မရဘူး။ လုပ်လို့ အကောင်အထည်ပေါ်မှာ မဟုတ်ဘူး။ အဲဒီတော့ ပေါ်လွင် သွားတာကတော့ ဗိုလ်ကြီး အုန်းကျော်မြင့်၊ ဗိုလ်ကြီး ဝင်းသိန်း၊ ကြံ့ရာပါတွေကတော့ ဗိုလ်ကြီးဘချစ်၊ ဗိုလ်ကြီးအောင်ကြည်ဦး၊ ဗိုလ်ကြီးထွန်းကျော်၊ ဗိုလ်ကြီးစံကြည်၊ ဗိုလ်ကြီးသန့်ဇင်မြိုင်၊ ဗိုလ်ကြီး ဟန်ဇော်၊ ဗိုလ်ကြီးဝင်းမောင် အားလုံး PSOတွေ ချည်းပဲ။ နောက် ဗိုလ်ကြီး စိန်သောင်းလည်း ပါတာပေါ့။ ဗိုလ်ကြီးစိန်သောင်းကတော့ သူ NDC တပ်မှာ သာမန်အချိန်ဆိုရင် တပ်အင်အား ဘယ်လောက်ထုတ်လို့ရမလဲ၊ ရယ်ဒီပဲ ဆိုပြီး အုန်းကျော်မြင့်ကို အာမခံတာ။ သူက အဲဒီကဏ္ဍက ပါတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း – ၆

## ဗိုလ်ချုပ်ကြီးတင်ဦး ကို ထုတ်ပယ်မှုအပေါ် နှမြောကြ

နောက် ဗိုလ်ကြီးသူရချစ်ခိုင်(လေ)။ သူက မဆလခေတ်မှာတုန်းက ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာ နည်းပြချုပ်။ နည်းပြချုပ်ဆိုတာ တကယ်တမ်းကျတော့ ဒုတိယကျောင်းအုပ်ကြီး သဘောမျိုးပါ။ ကျောင်းအုပ်ကြီးက ဦးချစ်လှိုင်၊ နာမည်ကျော် အညမည ဦးချစ်လှိုင်။ ဦးချစ်လှိုင် အောက်မှာ နေခဲ့တယ်။ သို့သော်လည်းပဲ အဲဒီ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာ ပြဿနာတွေ ဖြစ်ကြတယ်။ ပြဿနာတွေကို အသေးစိတ်တော့ မသိသော်လည်းပဲ အုပ်စုဖွဲ့ပြီးတော့ သဘောတရားရေးရာအရ ကွဲတယ်နဲ့ တူပါတယ်။ ကွဲတဲ့အချိန်မှာ ဦးချစ်လှိုင်ကိုလည်း အနားပေးလိုက်တယ်။ ဗိုလ်မှူးသူရချစ်ခိုင် ကိုကျတော့ လေတပ် ပြန်ပို့လိုက်တယ်။ ကက(လေ)ဆိုတဲ့ စစ်ရုံးမှာ။ ဖြစ်ချင်တော့ ဗိုလ်မှူးသူရချစ်ခိုင်က ကက(လေ)အင်အားနဲ့ နဝရတ်ရိပ်သာမှာ နေရတယ်။ နဝရတ်မှာ ဗိုလ်ကြီးအုန်းကျော်မြင့် နဲ့ တစ်တိုက်တည်း။ ဗိုလ်ကြီးအုန်းကျော်မြင့်



www.burmeseclassic.com

www.burmeseclassic.com


ကလည်း ဗိုလ်မှူး သူရချစ်ခိုင် ကို အထင်ကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ရုံဖန်ရံခါ ကြုံတဲ့အခါမှာ ဗိုလ်မှူးသူရချစ်ခိုင်က နိုင်ငံရေးသမားဖြစ်ခဲ့တဲ့ ဗဟို နိုင်ငံရေးတက္ကသိုလ်မှာ ဒုတိယကျောင်းအုပ်ကြီး ဖြစ်ခဲ့တဲ့အတွက်မို့ နိုင်ငံရေး အတွေ့အကြုံတွေ၊ နိုင်ငံရေးသုံးသပ်ချက်တွေပြောပြတဲ့ အခါကျတော့ အုန်းကျော်မြင့်က ဗိုလ်မှူးသူရချစ်ခိုင်ကို လေးစားတယ်။

အဲဒီတော့ ဗိုလ်ကြီးအုန်းကျော်မြင့် က ဗိုလ်ချုပ်ကြီးတင်ဦး ကို လုပ် တာနဲ့ ပတ်သက်ပြီးတော့ မကျေနပ်ဘူး။ အလားတူပဲ ဗိုလ်မှူးချစ်ခိုင် က လည်း မကျေနပ်ဘူး။ ခံစားရတယ်။ နှုမြောတယ်ပေါ့။ ဗိုလ်ချုပ်ကြီးတင်ဦး ကို နှုမြောတယ်။ အဲဒီမှာ သူတို့ အကြိုက်ညီသွားပြီးတော့ ဗိုလ်ကြီးအုန်းကျော် မြင့် သူတို့ အကြံအစီတွေကို ဗိုလ်မှူးချစ်ခိုင်ကို အမြဲတမ်းတိုင်ပင်တယ်။ တိုင် ပင်တယ်လို့လည်း နောက်ပိုင်းမှာ ပေါ်လွင်တာပဲ။

ဗိုလ်ကြီးအုန်းကျော်မြင့် က ဗိုလ်မှူးသူရချစ်ခိုင်(လေ) ကို ဆရာ သမားတစ်ယောက်လို သဘောထားတယ်။ သဘောတရားရေးမှာ ဆရာကြီး ပေါ့။ ဗိုလ်မှူးသူရချစ်ခိုင်က မတ်လနောက်ပိုင်းမှာ မင်္ဂလာဒုံတပ်ကို ပြန်ပြောင်းရတယ်။ ဘာတပ်လဲဆိုတော့ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း။ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်းမှာ ဦးစီးအရာရှိအနေနဲ့ ပြောင်းသွား တဲ့အခါမှာ သူတို့ချင်းပုဂ္ဂိုလ်ရေးအရ အဆက်အသွယ်ပြတ်သွားတယ်။ တယ် လီဖုန်းနဲ့တော့ မကြာမကြာ အဆက်အသွယ်ရှိတယ်။ အဲဒီလို ဆက်ဆံရေး ရှိတယ်။

## ဗိုလ်ကြီးအုန်းကျော်မြင့်ကို ဗိုလ်မှူးချုပ်စောဖြူက ဗိုလ်ချုပ်ကြီးကျော်ထင်ထံ ပို့ကာမှ ထောက်လှမ်းရေးထံ လွှဲ

နောက် ဗိုလ်ကြီးစံကြည်က ဒီကြားထဲမှာ မတ်လထဲမှာ စစ်တက္ကသိုလ် ကို ပြောင်းတော့ စစ်တက္ကသိုလ်မှာရှိတဲ့ ဗိုလ်မှူးကြီးလှရှိန်၊ သမိုင်းဌာနမှူးကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်က အကျိုးအကြောင်းတွေ အကုန်ပြောတယ်။ နောက်ပြီးတော့ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးခင်မောင်တင့် ကလည်း ဗိုလ်ကြီးစံကြည်ဟာ ဗိုလ်ချုပ်ကြီးတင်ဦး ရဲ့ PSO ဖြစ်ခဲ့တဲ့အတွက်ကြောင့်မို့ သူ့ကို အလေးထားတဲ့ အတွက်ကြောင့်မို့လို့ ဗိုလ်ကြီးစံကြည် ရန်ကုန်မှာ ဖြစ်ခဲ့တဲ့ အုန်းကျော်မြင့် အကြောင်းတွေကို ဗိုလ်မှူးကြီးလှရှိန် ကိုလည်း ပြောတယ်၊ ဗိုလ်မှူးကြီးခင် မောင်တင့်ကို လည်း ပြောတယ်။ ကျွန်တော် ပြောတာထက် ပိုပြီးတော့ စုံမှာပေ့ါ။ အဲဒီတော့ အဲဒီလို အဖမ်းအဆီးတွေ ဖြစ်တဲ့အခါကျတော့ အုန်းကျော် မြင့် လည်း ကြားမှာပေ့ါလေ။ တယ်လီဖုန်းနဲ့ အဆက်အသွယ် လုပ်နေမှာပေ့ါ။ ဟို လူဆက် မရှိဘူး။ ဒီ လူဆက် မရှိတော့ဘူး။ အဲဒီကျတော့မှ နှစ်ညအိပ် သုံးညအိပ် လောက်ပြီးတော့မှ မင်္ဂလာဒုံက ဗိုလ်မှူးချစ်ခိုင် အားကိုးရာပေ့ါ။ သဘောတရားရေးရာအရ ဆရာကြီးလို အားကိုးတဲ့ ဗိုလ်မှူးချစ်ခိုင် ဆီကို သွားတယ်။ ဘာလုပ်ရမလဲဆိုတော့ ဗိုလ်မှူးချစ်ခိုင် က သူလည်း ကြံရာမရ ဖြစ်ပြီးမှ မင်္ဂလာဒုံမှာနေတဲ့ ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်မှူးချုပ် စောဖြူဆီကို ခေါ်သွားတယ်။ ခေါ်သွားတဲ့ အခါကျတော့ ဗိုလ်မှူး ချုပ်စောဖြူ ကတော့ အထိုက်အလျောက်သိနေပြီ။ အဖမ်းအဆီး ဖြစ်တာတွေရော။ လူကြီး PSO တွေ ပါနေတာရော။ အဲဒီတော့ ဗိုလ်မှူးချစ်ခိုင်က လာပါ ရစေလို့ ပြောတယ်။ ပြောပြီးတော့မှ ဗိုလ်ကြီးအုန်းကျော်မြင့် ခေါ်လာပါ ရစေလို့ ပြောတော့ ခေါ်လာခဲ့ဆိုပြီး ပြောတဲ့အခါမှာ ဗိုလ်မှူးချုပ် စောဖြူ ဆီရောက်သွားရော၊ အိမ်ရောက်တဲ့ အခါမှာ ဗိုလ်မှူးချစ်ခိုင်တို့ အုန်းကျော် မြင့်တို့က ဖြစ်စဉ်တွေကို ပြောပြတော့ ဗိုလ်မှူးချုပ်စောဖြူဆီမှာလည်း ဘာမှ လုပ်စရာ မရှိတော့ဘူး။ မတတ်သာတော့ ဘူး။ အဲဒီမှာ ဗိုလ်ချုပ်ကျော်ထင်ဆီကို သတင်းပို့ပြီးမှ ဗိုလ်ကြီးအုန်းကျော်မြင့် ကျွန်တော့်ဆီ ရောက်နေတယ်။ နှစ် ရက် သုံးရက်ပျောက်နေတာ။ အဲဒါဆို ခေါ်ခဲ့ဆိုပြီးမှ ဘယ်ကို ခေါ်သွားလဲ ဆိုတော့ ဦးဝိစာရလမ်း၊ နဝရတ်ရိပ်သာနဲ့ မျက်နှာချင်းဆိုင်မှာ ရှေ့တန်း ရန်ကုန်တိုင်းဆိုပြီး ဖွင့်ပြီး ဒီကိစ္စကို ကိုင်တွယ်တာ။ ဗိုလ်ချုပ်ကြီးကျော်ထင်



www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းဆောင်ထင်ပါရဲ့။ အဲဒီမှာ ဗိုလ်မှူးချုပ်စောဖြူ ဗိုလ်မှူးချစ်ခိုင်နဲ့ ဗိုလ်ကြီးအုန်းကျော်မြင့် ကို ဗိုလ်ချုပ်ကြီးကျော်ထင် ဆီကို ပို့လိုက်တော့ ပို့လိုက်တဲ့အခါမှာ ဗိုလ်ကြီးအုန်းကျော်မြင့် ကို ဗိုလ်ချုပ်ကြီးကျော်ထင် က ထောက်လှမ်းရေးကို လွှဲပေးလိုက်တယ်။ ဗိုလ်မှူးချစ်ခိုင် က ပထမတော့ အိမ်ပြန်ရတယ်။ နောက်တော့ အိမ်မပြန်ရတော့ဘူး။ သူလည်း ပတ်သက်ရာ ပတ်သက်ကြောင်းဆိုပြီး ဖမ်းထားတယ်။

## ဗိုလ်မှူးသူရချစ်ခိုင် နှင့် ဗိုလ်မှူးမောင်လတ်တို့ကို အင်းစိန် သီးသန့်ထောင်ပို့

ဖမ်းတော့ အဲဒီမှာ စိတ်ဝင်စားစရာအချက်လေးတွေ ဖြစ်လာတယ်။ ပထမဆုံးအိမ်မှာ ဗိုလ်မှူးကြီးမောင်မောင် နဲ့ ခေါင်းကြီးလှမြင့်၊ ဒုတိယ အိမ်က လွတ်ထားတယ်။ တတိယအိမ်က ကျွန်တော်နဲ့ ဗိုလ်ကြီးဝင်းမောင်၊ စတုတ္ထ ထောင့်ချိုးအိမ်မှာတော့ ထားဝယ်ဗိုလ်မှူးကြီးမျိုးအောင် နဲ့ 49မြင့်သိန်း(ရေ) နောက်ဟိုဘက် ထောင့်ချိုးအခန်းမှာတော့ ဗိုလ်မှူးမောင်လတ် နဲ့ ဗိုလ်မှူးသူရချစ်ခိုင်၊ အဲဒီဟိုဘက်မှာတော့ 51မြင့်သိန်းနဲ့ တရုတ်မစိုးမြင့်၊ အဲဒီဟိုဘက်မှာကတော့ ဗိုလ်ကြီးအောင်ကြည်ဦးနဲ့ ဗိုလ်ကြီးစိန်သောင်း၊ ဟိုဘက်မှာတော့ ဗိုလ်ကြီးသန့်ဇင်မြိုင်နဲ့ ဗိုလ်ကြီးရဲဦး၊ ဗိုလ်ကြီးရဲဦးဆိုတာ ခုနက ပြောသွားတဲ့ တင့်ကားတပ်က အရာရှိ။ အုန်းကျော်မြင့် ကနေ သူ့တင့်ကားတွေ အလုံလမ်းကို ၂၇ ရက်နေ့ညမှာ တင့်ကားတွေ လာလို့ရရင် လာဖို့ဆိုပြီး သွားပြောတယ်။ သွားပြောခံရလို့ ပါလာတဲ့ ပုဂ္ဂိုလ်ပေါ့။ နောက်ဟိုဘက်မှာတော့ ဗိုလ်ကြီးဟန်ဇော်နဲ့ ဗိုလ်ကြီးကျော်ရှိန်း၊ ဗိုလ်ကြီးကျော်ရှိန်း ဆိုတာ ခုနက ပြောခဲ့တဲ့ နောက်တန်း ၁၀၆ မှာ တပ်ရေးဗိုလ်ကြီး လုပ်ရင်းနဲ့ အုန်းကျော်မြင့်က တပ်တပ်သွားပြီးတော့ ဗိုလ်ကြီးကျော်ရှိန်း ကို တပ် ဘယ်လောက် ထုတ်လို့ရမလဲဆိုပြီးတော့ စုံစမ်းတယ်။ သူတို့နှစ်ယောက်ဟာ အလုံလမ်းမှာရှိ အိမ်တော်ရဲ့ မြေအနေအထားတောင် သွားပြီးတော့ လေ့လာခဲ့တဲ့ပုဂ္ဂိုလ်။



www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်ကြီး ဟန်ဇော်က တော့ ဗိုလ်မှူးကြီးလှဖေရဲ့ PSOပေါ့။ ဗိုလ်မှူးကြီး လှဖေက အဲဒီတုန်းက မြောက်ပိုင်းတိုင်း တိုင်းမှူး။

## ဗိုလ်မှူးနှစ်ယောက်ရဲ့ ကံကြမ္မာ

အဲဒီမှာ စိတ်ဝင်စားစရာ ကောင်းတာက ဗိုလ်မှူးမောင်လတ်နဲ့ ဗိုလ်မှူးသူရချစ်ခိုင်။ အဲဒီအချိန်မှာ အမျိုးသားထောက်လှမ်းရေးအဖွဲ့ အနေ ဖြင့်သော်လည်းကောင်း၊ မှူးခင်းတပ်ဖွဲ့က သော်လည်းကောင်း တာဝန်ယူပြီး ရုံးတင်ဖို့ ဆုံးဖြတ်လိုက်တဲ့အခါမှာ သူတို့ ဘယ်လိုဆုံးဖြတ်လဲဆိုရင် ဗိုလ်ကြီး အုန်းကျော်မြင့် နဲ့ ဗိုလ်ကြီး ဝင်းသိန်းကို ခေါင်းဆောင်၊ ကျန်တာအဖွဲ့ဝင်တွေက ဗိုလ်ကြီးဘချစ်၊ ဗိုလ်မှူးစိန်မြင့်၊ ဗိုလ်မှူးကြီးလှဖေ၊ ဗိုလ်မှူးမောင်လတ်၊ ဗိုလ်မှူး သူရချစ်ခိုင်(လေ)၊ နောက်ပြီးတော့ ကျွန်တော် တို့ ဗိုလ်ချုပ်ကြီးတင်ဦး၊ အဲဒီလို သူတို့က တရားခံလို့ သတ်မှတ်လိုက်တယ်။ သတ်မှတ်ပြီးတော့ သူတို့ ကို အင်းစိန်သီးသန့်ထောင်ကို ခေါ်သွားတယ်။ ရေကြည်အိုင်ကနေ ခေါ် သွားတယ်။ ကျန်တဲ့သူတွေကို ဘယ်မှာထားမှန်းတော့ မသိဘူး။

အင်းစိန်ထောင်မှာ နှစ်ထပ်အိမ်ကြီး ရှိတယ်။ နှစ်ထပ် အိမ်ကြီးအပေါ် ထပ်မှာ ဗိုလ်မှူးသူရ ချစ်ခိုင်နဲ့ ဗိုလ်မှူးမောင်လတ်ကို ထားဖို့ခေါ်သွားတယ်။ ဗိုလ်မှူးမောင်လတ် က DSAအမှတ်(၁) က။ သူက အိန္ဒိယနွယ် နည်းနည်း ပါတယ်။ ဝိရိယ အင်မတန် ကောင်းတယ်။ စိတ်ဓာတ်ကလည်း ပြင်းထန်တယ်။ အဲဒီတော့ နောက်ပိုင်း ကျွန်တော်တို့ကို ပြန်ပြောတဲ့အခါ ဘာဖြစ်လည်းဆို တော့ ထောင်ထဲလည်း ရောက်သွားတော့ ဗိုလ်မှူးမောင်လတ်က သူ့ဘဝ တော့ ပြီးသွားပြီ။ ဘဝဆုံးပြီ။ ဒီအတိုင်းဆုံးမယ့် အတူတူတော့ မထူးဘူးဆိုပြီး ဆုံးသပ်မိတယ်။ ထောင်ထဲ ရောက်တော့ လက်ထိပ်တွေ ဘာတွေ ဖြုတ်ပြီ ပေါ့။ လက်ထိပ်ဖြုတ်ပြီးသွားတဲ့အချိန်မှာ အဲဒီသစ်သားအိမ်ကြီးမှာရှိတဲ့ ပြကင်းပေါက် က သံတိုင်တွေကို ဝုန်းခနဲဆွဲဖြုတ်ပြီးမှ I will not die like


www.burmeseclassic.com

www.burmeseclassic.com


a Sheep. လို့ ကြွေးကြော်ပြီး (ငါသိုးလို ဆိတ်လိုတော့ အသေမခံနိုင်ဘူးဆိုပြီး) အဲဒီလို အားနဲ့ လုပ်တဲ့အခါမှာ အနှစ်နှစ် အလလက လုပ်ထားတဲ့ သံတိုင်ကြီးက ပြုတ်ထွက်သွားတယ်။ သံတိုင်ကြီး သူ့ လက်ထဲပါလာပြီးတော့ အဲဒီသံတိုင်နဲ့ ထောက်လှမ်းရေးက ကောင်တွေကို ရိုက်တာ။ ဟိုကောင်တွေလည်း အလူးအလဲနဲ့ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားကြတယ်။

ထွက်ပြေးပြီးတဲ့နောက် သူတို့ပြန်လာပြီးတော့ ခွန်အားနဲ့ ထိန်းချုပ်တာ ပေါ့။ ဗိုလ်မှူးသူရချစ်ခိုင်ကတော့ ဘာမှ မလုပ်ဘူး။ ဗိုလ်မှူးမောင်လတ်ပဲ သောင်းကျန်းတာ။ သူတို့ကတော့ ဗိုလ်မှူးမောင်လတ် စိတ်ဖောက်ပြန်သွားပြီလို့ ကောက်ချက်ချကြတယ်။

## ကက်ဘိနက်ကိုတင်ပြီ

အဲဒီလိုဖြစ်တဲ့အကြောင်းကို ထောက်လှမ်းရေးကို သတင်းပို့တဲ့အခါမှာ ဗိုလ်မှူးကြီးတင်ဦးပေါ့။ (နောက် ဗိုလ်မှူးချုပ် ဖြစ်သွားတယ်။ နောက် ဘယ်အထိ ဖြစ်သွားလဲဆိုလို့ရှိရင် ပါတီဥက္ကဋ္ဌချုပ်က တွဲဖက်အတွင်းရေးမှူးအထိ ဖြစ်သွားတယ်။) အဲဒီသတင်းဟာ အဲဒီ အထိကို ရောက်သွားတယ်။ ရောက်သွားတဲ့အခါမှာ ဒီအမှုကို အစိုးရအဖွဲ့ကို တင်မယ်။ ဝန်ကြီးချုပ် က ဦးစိန်ဝင်း (ဗိုလ်မှူးချုပ်စိန်ဝင်း)၊ ဒုတိယဝန်ကြီးချုပ်က မောင်လွင်(ဗိုလ်မှူးကြီးမောင်လွင်)၊ ပြည်ထဲရေးဝန်ကြီးက ဗိုလ်မှူးချုပ်စိန်လွင်၊ ကျန်းမာရေးဝန်ကြီးက ဗိုလ်မှူးကြီးကြည်မောင်၊ နိုင်ငံခြားရေးဝန်ကြီးက ဒေါက်တာမောင်လွင်၊ နောက်သတ္တုတွင်းကတော့ ဝန်ကြီးဦးမောင် မောင်ခ၊ စွမ်းအင်ကတော့ ဗိုလ်မှူးချုပ်သောင်းတင်ထင်ပါတယ်။ စိုက်ပျိုးရေးနဲ့ လယ်ယာကတော့ ဦးရဲခေါင် ထားပါတော့။ အစိုးရအဖွဲ့ကို တင်တယ်။

တင်တဲ့အခါမှာ မျက်မှန်ကြီးကနေပြီးတော့ ဗိုလ်ကြီးအုန်းကျော်မြင့်ရဲ့ လုပ်ဆောင်ချက်၊ ဗိုလ်ကြီးဝင်းသိန်း ရဲ့ လုပ်ဆောင်ချက်၊ ဒါတွေကြောင့်မို့


www.burmeseclassic.com

www.burmeseclassic.com


သူတို့ကို အဓိကတရားခံ၊ ကြံရာပါတွေကတော့ ဗိုလ်ကြီးဘချစ်၊ ဗိုလ်မှူးကြီးလှမော်၊ ဗိုလ်မှူးစိန်မြင့်၊ နောက်ဗိုလ်မှူးမောင်လတ်၊ ဗိုလ်မှူးသူရချစ်ခိုင်(လေ)၊ နောက် ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦး၊ အစိုးရသက်သေအဖြစ် ဗိုလ်ကြီးထွန်းကျော် နဲ့ ဗိုလ်ကြီးစံကြည်ပေါ့။ အဲဒီလို တင်ပြီးတော့မှ အစိုးရရဲ့ အယူအဆတွေ ဆွေးနွေးဖို့ ခေါ်တဲ့အခါမှာ အဲဒီအချိန်မှာ ဘယ်သူမှ ဘာမှ မပြောဘူး။ မပြောဘူးဆိုတာထက် မပြောရဲကြဘူး။

ဒါပေမဲ့ အဲဒီအထဲက ကျန်းမာရေးဝန်ကြီး ဗိုလ်မှူးကြီးကြည်မောင်ကနေပြီးတော့ ပုဂ္ဂိုလ်နှစ်ယောက်နဲ့ ပတ်သက်ပြီးတော့ ထောက်ပြတယ်။

ဘယ်လို ထောက်ပြလဲ ဆိုလို့ရှိရင် ဒီအမှုကြီးက အင်မတန်ကြီးကျယ်တဲ့ အမှုကြီး။ နိုင်ငံတကာကပါ စိတ်ဝင်စားတဲ့အမှု၊ ပြည်တွင်း ပြည်ပ ပါ စိတ်ဝင်စားတဲ့အမှု။ အဲဒီတော့ ပါတဲ့ တရားခံတွေရဲ့ အနေအထားတွေကို ဆန်းစစ်ကြည့်ဖို့ လိုတယ်။ အဲဒီတော့ ဆန်းစစ်ကြည့်သင့်တယ်ဆိုတဲ့ လူနှစ်ယောက်ပဲ ရှိတယ်။ တစ်ယောက် ဗိုလ်မှူးသူရချစ်ခိုင်နဲ့ နောက်တစ်ယောက်က ဗိုလ်မှူးမောင်လတ်။

ဗိုလ်မှူးသူရချစ်ခိုင်ဟာ တရုတ်ဖြူအရေးအခင်း ဖြစ်တုန်းက တရုတ်ဖြူလေယာဉ်ပျံကို ပစ်ချခဲ့လို့ သူရဘွဲ့ရခဲ့တဲ့ ပုဂ္ဂိုလ်။ တကယ်လည်း ထိုက်တန်တဲ့ ပုဂ္ဂိုလ်၊ တပ်မတော်(လေ)မှာ သူရဘွဲ့ရခဲ့တဲ့ အထဲမှာ ပြည်ပရန်နဲ့ ပတ်သက်ပြီး သူရဘွဲ့ရတာ ဗိုလ်မှူးသူရချစ်ခိုင် တစ်ယောက်တည်းပဲ ရှိတယ်။ ဒီလို ပုဂ္ဂိုလ်ကို ဒီအမှုထဲမှာ ထည့်မယ်ဆိုရင် နိုင်ငံရေးအရ စဉ်းစားစရာတွေ ရှိလာနိုင်တယ်။ ဒီလို ပုဂ္ဂိုလ်ကတောင်မှ လူကြီးတွေကို လုပ်ကြံတဲ့အထဲမှာ ပါပါလားဆိုရင် အစိုးရအဖွဲ့ရဲ့ ယုံကြည်မှု၊ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ထိခိုက်နိုင်တယ်။ ဒါကြောင့်မို့လို့ သူ့ကို တရားခံအဖြစ် စဉ်းစားရန်သင့်၊ မသင့်ဆုံးဖြတ်ကြဖို့ ဖြစ်တယ်။

နောက်တစ်ယောက်က ဗိုလ်မှူးမောင်လတ်။ သူက စစ်တက္ကသိုလ်အပတ်စဉ် (၁)က အင်မတန်ဝီရိယကောင်းတဲ့ ပုဂ္ဂိုလ်။ အခု ဒီအမှုထဲမှာ ပါ


www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အခါ မှာ ခလရ ၁၆ ရဲ့ တပ်ရင်းမှူးအနေနဲ့ ပါလာတာ။ အဲဒီတော့ ဒီကိစ္စတစ်ခုလုံးမှာ ဗိုလ်မှူးမောင်လတ်က အခရာ။ ဗိုလ်မှူးမောင်လတ်ကို ဗိုလ်ကြီးအုန်းကျော်မြင့်က သူ့ဆရာနာမည်ပြောပြီး သွားဆွဲဆောင်တဲ့အခါမှာ သူ့ မရေရာလို့၊ သူမပြတ်သားလို့ အုန်းကျော်မြင့် ပြောတဲ့အတိုင်း အလုံလမ်းကို သူ့တပ်ကိုခေါ်မလာဘူး။ မလာဘဲနဲ့ ရန်ကင်းက သူ့အစ်မအိမ်မှာ သွားအိပ်နေတယ်လို့ သိရတယ်။

တကယ်လို့ ဗိုလ်မှူးမောင်လတ် သာ အဲဒီညက သွားဖြစ်တယ်ဆိုလို့ ရှိရင် လုပ်ကြံတာ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ဒါက တစ်ပိုင်း၊ အဲဒီအလုံလမ်းက အိမ်ကို သွားတဲ့အခါမှာ အဲဒီမှာ လုံခြုံရေးအဖွဲ့တွေနဲ့ တိုက်ပွဲတွေ ဖြစ်မယ်။ တစ်နိုင်ငံလုံး ရှုတ်ရှုတ်သဲသဲ ဖရိုဖရဲဖြစ်မယ်။ အဲဒီတော့ ဗိုလ်မှူးမောင်လတ် က အုန်းကျော်မြင့် ပြောတဲ့အတိုင်း လိုက်မလုပ်တဲ့ အချက်ဟာ ဗိုလ်မှူးမောင်လတ် ကို သက်သာအနေနဲ့သာ စဉ်းစားသင့်တယ်။ အဲဒီလို ရှင်းပြပါတယ်။

အဲဒီလို အစိုးရအဖွဲ့မှာ ဗိုလ်မှူး ကြီးကြည်မောင် က ထောက်ပြတဲ့အချိန်မှာ ဗိုလ်မှူးမောင်လတ် က ထောင်ထဲမှာ ဝုန်းဒိုင်းကြပြီးတော့၊ ပြန်ပြီးတော့ ခုခံတယ်။ ဗိုလ်မှူးမောင်လတ် ကို ခွန်အားသုံးပြီး နှိမ်နှင်းရတယ်။ အဲဒီလို နှစ်ခုဆုံတဲ့အခါမှာ ဝန်ကြီးချုပ်ရဲ့ ဆုံးဖြတ်ချက်၊ နောက် ဗိုလ်မှူးကြီးတင်ဦးရဲ့ သဘောတူညီချက်နဲ့ ဗိုလ်မှူးသူရ ချစ်ခိုင် နဲ့ ဗိုလ်မှူးမောင်လတ်တို့ကို တရားခံ အဖြစ်ကနေပြီးမှ ထုတ်ပယ်ဖို့ ဆုံးဖြတ်တယ်။ ဒါကြောင့် နောက်နေ့မှာ သူတို့(၂)ယောက်ကို ရေကြည်အိုင် ပြန်ခေါ်သွားကြတယ်။

**အစိုးရသက်သေ၊ ဖော်ကောင်အဖြစ် ထွက်ဆိုဖို့ တရားခံမှ ပယ်လိုက်သူများ**

အဲဒီအမှုတွေ ခိုင်လုံဖို့အတွက် ဗိုလ်ကြီးထွန်းကျော် နဲ့ ဗိုလ်ကြီးစံကြည်ကို အစိုးရသက်သေ။ နောက်တစ်နည်းကတော့ ဖော်ကောင်အဖြစ်နဲ့ သက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်လိုက်ကြပါတယ်။ ဗိုလ်ကြီးထွန်းကျော် နဲ့ ဗိုလ်ကြီးစံကြည်တို့ရဲ့ သက်သေထွက်ချက် တွေပေါ် မူတည်ပြီးတော့ ကျန်တဲ့သူတွေအပေါ် စွဲချက်တင်တယ်ပေါ့။

အဲဒီမှာထူး ခြားချက်တွေ ရှိတယ်။ ဗိုလ်မှူးမောင်လတ် နဲ့ ဗိုလ်မှူးသူရချစ်ခိုင်ကို အဲဒီ အစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ နောက်တစ်နေ့မှာ ထောင်ကနေ ပြန်ထုတ်ပြီးတော့ ရေကြည်အိုင်ကို ပြန်ပို့လိုက်ပါတယ်။ ကျွန်တော်တို့ နဲ့ ခုံပေါ်ကနေ တက်ကြည့်လို့ရှိရင် လှမ်းမြင်နေရတဲ့ အဆောင်မှာ ကျွန်တော်က နံပါတ်သုံးဆို လို့ရှိရင် အဲဒီထောင့်ချိုးမှာ L Shape ပေါ့။ အဲဒီ ထောင့်ချိုးမှာ ဗိုလ်မှူးမောင်လတ် နဲ့ ဗိုလ်မှူးသူရချစ်ခိုင် ပြန်ရောက်လာတယ်။ အဲဒီတော့ သူတို့ တရားခံမဟုတ်တော့ဘဲနဲ့ သက်သေအဖြစ်နဲ့ ဖြစ်သွားတယ်။ အဲဒီတုန်းကတော့ ဒါတွေဘယ်သိလိမ့်မလဲ။

ထွန်းကျော်နဲ့ ဗိုလ်ကြီးစံကြည် ကိုလည်း ပြန်ခေါ်လာတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဝင်းထဲမှာ မထားတော့ဘူး။ ချောင်ကလောင်တစ်နေရာမှာပေါ့။ နေရာတွေတော့ ကောင်းကောင်း မသိဘူး။ အဲဒီတော့ အခြေအနေတွေက အဲဒီလိုဖြစ်ခဲ့တာပေါ့။ ကျွန်တော်တို့ကတော့ ဘယ်သိမလဲ။ ကျွန်တော်တို့ သက်သေထွက်ချက်တွေကို ခိုင်မာအောင်လို့ ထင်ပါရဲ့။ ကျွန်တော်တို့ ထွက်ချက်တွေကို ပြန်ပြီးတော့ ယူတယ်။ ပြန်ယူတဲ့နေရာမှာ အရင်ကလို ထောက်လှမ်းရေး မဟုတ်တော့ဘူး။ SBနဲ့ ရဲက ပေါင်းပြီးတော့ ကျွန်တော်တို့ကို ထုတ်ပြီးတော့မှ စဖြစ်စဉ်ကနေပါတဲ့ အကုန်လုံး ထွက်ချက်ယူတယ်။ အဲဒီမှာ ထွက်ဆိုချက်တစ်ခုက တခြားလူတော့ မသိဘူး၊ ကျွန်တော့် ထွက်ချက်ထဲမှာ ဘာထည့်ပြောရမလဲလို့ သူတို့ ပြောတဲ့အခါမှာတော့ စံကြည် အကြောင်းနဲ့ ပတ်သက်ပြီးတော့ပေါ့။

နောက် စံကြည် ပြောလို့ သိတယ်ဆိုတဲ့အချက်ကို သူတို့က ထပ်ခြားကိစ္စတွေပါ ထည့်ရေးတယ်။ ဘာလဲဆိုလို့ရှိရင် ဗိုလ်ချုပ်ကြီးတင်ဦး ရဲ့ ဇနီး ဒေါက်တာ ဒေါ်တင်မိုးဝေဟာ အရှိန်အဝါကို သုံးပြီးတော့ ဘန်ကောက်စစ်သံ

www.burmeseclassic.com



ဗိုလ်မှူးကြီး သန်းလှနဲ့ တရုတ်ပြည်က စစ်သံ၊ ဗိုလ်မှူးကြီးသက်ဝေ တို့ဆီကို အိမ်သာသုံး ကျောက်ပြားတွေ မှာတယ်။ အဲဒါတွေကို လေဆိပ်ရောက်လို့ရှိရင် ဗိုလ်ကြီးသန့်ဇင်မြင့် ကနေပြီးတော့မှ ရွေးရတယ်။ ပိုက်ဆံတန်ရာတန်ကြေးကို တော့ ဒေါက်တာဒေါ်တင်မိုးဝေ ကနေ ဗိုလ်မှူးကြီးသန်းလှ နဲ့ ဗိုလ်မှူးကြီး သက်ဝေ တို့ကို ပြန်ပေးတယ်။ အဲဒါတွေထွက် ခိုင်းတာ။ ဆိုလိုတာက ကျွန် တော့် ထွက်ဆိုချက်မှာ ဒေါ်တင်မိုးဝေရဲ့ လုပ်ရပ်တွေ ပါစေချင်တယ်။ ဒါမှ လည်း သူတို့က ဗိုလ်ချုပ်ကြီးတင်ဦး နဲ့ ဒေါ်တင်မိုးဝေ တို့ဟာ မလျော်မကန် နဲ့ ဩဇာသုံး ပြီးတော့မှ အခုလို ကိုယ်ကျိုးရှာတယ်။ ကိုယ်ကျိုးအတွက် လုပ် တယ်ဆိုတာ ပေါ်လွင်အောင် ထည့်ရေးဖို့ သူတို့က ပြောတော့ ကျွန်တော်က လည်း မထူးဘူးလေ ကျွန်တော့်ဘဝက မူလက တပ်မတော်မှာ ပြောင်ပြောင် မြောက်မြောက် တာဝန်ထမ်းဆောင်ခဲ့တယ်။ အခုအချိန်မှာ ဘာမှ မဟုတ် တော့ ဘူး။ တပ်ကလည်း ထွက်ရတော့မယ်။ ထောင်မကျရင် ကံကောင်းဆိုတဲ့ စိတ်နှလုံး တုံးတုံးချပြီးတော့မှ ထွက်ဆိုချက်ကို လက်မှတ်ထိုးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





# ခေါင်းဆောင်များ လုပ်ကြံရန်ကြံမှု ဆက်စစ် အုန်းကျော်မြင့်ဆန္ဒအတိုင်းဖြောင့်ချက်ပေး

ရန်ကုန် ဇောက်ဝိုဏာ ၅

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် ကြံစည်မှုကို ယနေ့ဆက်လက် စစ်ဆေးသည်။ ယနေ့ စစ်ဆေးရာတွင် တရားလိုပြ သက်သေ များ ဖြစ်ကြသော ဦးမောင်မောင်ဦး၊ ထပ် ကြပ် ကြီး အောင်မြင့် ဗိုလ်ကြီး တင်အေး၊ အရာခံဗိုလ်တင်မြိုင်၊ ဗိုလ်ကြီး ဝင်းလှိုင်၊ ဦးစိန်ဝင်း (အင်းစိန်မြို့နယ် တရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ)၊ ဦးစိန်ဝင်း (ကုန်သွယ်ရေး ၅)နှင့် ဒု အရာခံဗိုလ် ဖေအုန်းမြင့် တို့ကို စစ်ဆေးသည်။

## ဗိုင်းအုံကြည့်

ပထမဦးစွာ တရားလိုပြ သက်သေ ဦးမောင်မောင်ဦးကို စစ်ဆေးသည်။ ၎င်း၏ ထွက်ဆိုရာတွင် မိမိသည် ၁၉၇၂ ခုတွင် တပ်မတော် ဗိုလ်ကြီး အဖြစ်မှ အငြိမ်းစား ယူခဲ့ကြောင်း၊ လက်ရှိ မိမိ နေ ထိုင်ရာမြောက်ဒဂုံ ရပ်ကွက်ကောင်တာတွင်နေခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ၁၉၇၆-ခု ဇူလိုင်လ ရက်စွဲနှင့် ၁၀ နာရီကျော်ခန့်တွင် မိမိအိမ်နှင့်ကိုက် ၅၀ အကွာ၌ ကား တစီးကို လူများ ဗိုင်းအုံကြည့်နေ သဖြင့် မိမိသွား ကြည့်သောအခါ စစ်ကားဘီ-၆၄၀၊ မဘဒ၊ နံပတ် ၃၁၃၈(င)ကိုတွေ့ရကြောင်း။

## ဗုံးဆက်

ယင်းကားသည် ယမန်နေ့သက ပင်ထိုးနေရာ၌ ရပ်ထားသည် ဟု အချို့ကပြောသဖြင့် မိမိကကားကို မကိုင်ရန်နှင့် ပစ္စည်းများမယူရန်ကို ပြောခဲ့ကြောင်း၊ ထို့နောက်မိမိအိမ်ရှင် ဦးသာဦး ရောက်လာပြီး ကားနှင့် ပတ်သက်၍ သက်ဆိုင်ရာသို့ ဖုန်း ဆက် အကြောင်း ကြားရန် အကြံပေး၍ မိမိသည် အိမ်နောက်ဖက်ရှိ ...

(နောက်စာမျက်နှာ)



www.burmeseclassic.com

www.burmeseclassic.com






# ခေါင်းဆောင်ကြီးများ လုပ်ကြံရန် ကြံမှုစစ်

# နိုင်ငံရေးခိုလှုံခွင့်တောင်းသည်ကိုငြင်းဆန်ခဲ့

## သမ္မတကြီးရှိနေသမျှ ငါဘာမှမလုပ်ဟု ပြောဆိုခဲ့ကြောင်း ထွက်ဆို

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် ကြံစည်မှုနှင့် စပ်လျဉ်း၍ တရား၊ လိုပြ သက်သေ ဗိုလ်ကြီး၊ ကျော်ရှိန်း၊ ရန်ကုန် တိုင်း၊ တရားရုံး၌ စစ်ဆေးခံ ထွက်ဆိုစဉ်။

ရန်ကုန် စက်တင်ဘာ ၃၀

နိုင်ငံတော် ခေါင်းဆောင်ကြီးများအားလုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုကို ယနေ့နံနက်က ဆက်လက်စစ်ဆေးသည်။



ယနေ့ဆက်လက်စစ်ဆေးရာတွင် ယမန်နေ့က စစ်ဆေးဆဲတရားလိုပြသက်သေ ဗိုလ်ကြီးအောင်ကြည်ဦးကိုစစ်ဆေးသည်။ ၎င်းက ဆက်လက်ထွက်ဆိုရာတွင် မြေလနောက်ဆုံးပတ်တွင် ဗိုလ်ကြီး အုန်းကျော်မြင့် မိမိထံ ဖုန်းဆက်ပြီး လာ ဖြစ်အောင် လာခဲ့ရန် မှာသော်လည်း မသွားခဲ့ပါ။ နေ့တရက်နှစ်ရက်အကြာ ၎င်းကိုယ်တိုင်သူ၏ဘီ ၆၀၀ စစ်ကားဖြင့် မိမိအိမ်သို့ရောက်လာပြီး လမ်းလျှောက်ရန် အတင်းခေါ်၍ မိမိလည်းအားနာသဖြင့် လိုက်သွားကြောင်း။ လမ်းတွင် ၎င်းက လေ့လာထားမိုင်းတာတွေ လေ့လာပြီးပြီလားဟု မေးလျှင် မိမိက သိပြီးဖြစ်၍လေ့လာရန် မလိုပါဟု ပြန်ပြောရာ၊ ၎င်းက ဆက်လက်၍ နေရာတွေ အသေအချာသိရန် လေ့လာဘို့လိုတယောက် နှစ်
ဇေကော်ဆေ ၅ဆို★★




www.burmeseclassic.com

www.burmeseclassic.com






# ခေါင်းဆောင်များ လုပ်ကြံရန် ကြံမှုဆက်စစ်

## လေယာဉ်ကွင်း၌ လုပ်ကြံမည့်အစီစဉ်ရှင်းပြ

### အင်အားရှိလျှင် အာဏာသိမ်းမည် အင်အားမရှိလျှင် လုပ်ကြံမည်ဟုဆို






www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံရန်ကြံစည်မှုတွင် တရားလိုပြသက်သေ အင်းစိန်မြို့နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်း အစစ်ဆေးခံ ထွက်ဆိုစဉ်။

(ကြေးမုံ၊ ၆-၁၀-၁၉၇၆)



၁၉၇၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့က နိုင်ငံတော်ခေါင်းဆောင်ကြီးများ လုပ်ကြံရန်ကြံစည်မှုအတွက် တရားလိုပြသက်သေ ဗိုလ်ကြီးအုန်းကျော် အစစ်ခံ ထွက်ဆိုစဉ်။



## အခန်း - ၇

### ရန်ကုန်တိုင်း အထူးတရားရုံး

ခုံရုံးအကြောင်းတော့ ပြောရဦးမှာပေါ့။ မတရားခံတွေကို တိုင်းတရားရုံးကို တင်တာ။ တိုင်းတရား ရုံးက ဒုဗိုလ်မှူးကြီးအုန်းမောင်ဆိုတာ မူလက ထောက်ပို့တပ်က တပ်မှူး။ တပ်မှူးဘဝကနေ တရားရုံးဥက္ကဋ္ဌ ဖြစ်ပြီး ရန်ကုန် တိုင်းတရားသူကြီး။ ကျန်တဲ့သူတွေတော့ မေ့သွားပြီ။ ကျွန်တော်က ဗိုလ်မှူး ကြီး အုန်းမောင်နဲ့ မကြာကြာဆက်ဆံဖူးတယ်။ ဘာကြောင့်လည်းဆိုတော့ စစ်ရုံးမှာနေရင်းနဲ့ ကျွန်တော့်ကို အိန္ဒိယ-မြန်မာ နယ်စပ်တိုင်းတာရေးကော်မရှင်၊ ကော်မရှင်အောက်မှာ စစ်ရုံးမှာ အောင်နိမိတ်စစ်ဆင်ရေး ဌာနချုပ်၊ အဲဒီဌာန ချုပ်မှူးက ဗိုလ်မှူးကြီးကြည်မောင်။ ကျွန်တော်က အဲဒီမှာ G3အနေနဲ့ G1 အလုပ်ရော၊ G2အလုပ်ရော သိမ်းကျုံးလုပ်ခဲ့ရတယ်။

လုပ်ရတော့ အဲဒီနယ်စပ်ရောက်တဲ့ တပ်တွေရဲ့ ရိက္ခာတွေ၊ နောက်ပြီးတော့မှ ကျန်းမာရေး ပတ်သက်တာ အစစအရာရာ စစ်ရုံးရောက်သမျှ report တွေကို လူကြီးတွေဆီ တင်ပြရတယ်။ တင်ပြီးတဲ့ အခါမှ ညွှန်ကြားတဲ့ဟာတွေကို အထက်အောက် ညှိနှိုင်းဆက်သွယ်ပေးရပါတယ်။ ဗိုလ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com


# အခန်း - ၇

## ရန်ကုန်တိုင်း အထူးတရားရုံး

ခုံရုံးအကြောင်းတော့ ပြောရဦးမှာပေါ့။ မတရားခံတွေကို တိုင်းတရားရုံးကို တင်တာ။ တိုင်းတရား ရုံးက ဒုဗိုလ်မှူးကြီးအုန်းမောင်ဆိုတာ မူလက ထောက်ပို့တပ်က တပ်မှူး။ တပ်မှူးဘဝကနေ တရားရုံးဥက္ကဋ္ဌ ဖြစ်ပြီး ရန်ကုန် တိုင်းတရားသူကြီး။ ကျန်တဲ့သူတွေတော့ မေ့သွားပြီ။ ကျွန်တော်က ဗိုလ်မှူး ကြီး အုန်းမောင်နဲ့ မကြာကြာဆက်ဆံဖူးတယ်။ ဘာကြောင့်လည်းဆိုတော့ စစ်ရုံးမှာနေရင်းနဲ့ ကျွန်တော့်ကို အိန္ဒိယ-မြန်မာ နယ်စပ်တိုင်းတာရေးကော်မရှင်၊ ကော်မရှင်အောက်မှာ စစ်ရုံးမှာ အောင်နိမိတ်စစ်ဆင်ရေးဌာနချုပ်၊ အဲဒီဌာန ချုပ်မှူးက ဗိုလ်မှူးကြီးကြည်မောင်။ ကျွန်တော်က အဲဒီမှာ G3အနေနဲ့ G1 အလုပ်ရော၊ G2အလုပ်ရော သိမ်းကျုံးလုပ်ခဲ့ရတယ်။

လုပ်ရတော့ အဲဒီနယ်စပ်ရောက်တဲ့ တပ်တွေရဲ့ ရိက္ခာတွေ၊ နောက်ပြီးတော့မှ ကျန်းမာရေး ပတ်သက်တာ အစစအရာရာ စစ်ရုံးရောက်သမျှ report တွေကို လူကြီးတွေဆီ တင်ပြရတယ်။ တင်ပြီးတဲ့ အခါမှ ညွှန်ကြားချက်တွေကို အထက်အောက် ညှိနှိုင်းဆက်သွယ်ပေးရပါတယ်။ ဗိုလ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



အုန်းမောင် က ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှာ ဗိုလ်မှူး၊ ဦးစီးအရာရှိ ဒုတိယတန်းပေါ့။ ရှေ့တန်းက တပ်တွေ လိုအပ်တဲ့ ရိက္ခာတွေ ထုတ်ချင်ရင် ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာ လေကြောင်းကနေ ပို့ပေးပါ၊ ကြည်းကြောင်းကနေ ပို့ပေးပါဆိုတာ သွားပြီးတော့မှ ညှိနှိုင်းရတာ ပေါ့။ သူတိုက်တွန်းလို့ သူ့ကောင်းမှုနဲ့ အထဲမှာ သတင်းစာတွေ အကုန် ကျွန်တော်တို့ ဖတ်ရတယ်။

## ဦးနေဝင်း အကြောင်း တစ်စွန်းတစ်စ

အဲဒီကာလမှာ ထူးခြားချက် တစ်ခု ရှိသေးတယ်။ ကျွန်တော်တို့ သတင်းစာဖတ်တဲ့ အချိန်မှာ ဘာထူးတာလည်း ဆိုတော့ ဗိုလ်ချုပ်ကြီးနေဝင်းက တက္ကသိုလ် ဆရာမဒေါ်နီနီမြင့်နဲ့ အိမ်ထောင်ပြုတယ်။ ကျွန်တော် တပ်ထဲ မှာပဲ ရှိသေးတယ်။ အဲဒီတုန်းက ၁၉၇၄ ခုနှစ်လား၊ ၁၉၇၅ ခုနှစ်လား မသိဘူး။ ဒေါ်နီနီမြင့်ကို အကြောင်းပြုပြီးတော့မှ ဒေါ်နီနီမြင့်ရဲ့ ညီမ ဒေါ်ဝါဝါမြင့်ကနေ ပြီးတော့မှ သမ္မတရုံးတံဆိပ်တွေပါတဲ့ စာတွေနဲ့ ကုန် သွယ်ရေးကို ပစ္စည်းတွေ လျှောက်တယ်။ အဝတ်အစားတွေ လျှောက်တယ်။ ဆေးဝါးတွေ လျှောက်တယ်။ လူသုံးကုန်တွေ လျှောက်တယ်။ ဆိုလိုတာက စီးပွားရေးသောင်းကျန်းတယ်ပေါ့။ အဲဒါတွေကို ထောက်လှမ်းရေးက သိတဲ့ အခါကျတော့ ထောက်လှမ်းရေးက report တွေက ဦးနေဝင်း ဆီရောက်တယ်။ ဦးနေဝင်း က ဒေါ်နီနီမြင့် ကို ခေါ်မေးတဲ့အခါမှာတော့ အဲဒီမှာ ဦးနေဝင်း နဲ့ ဒေါ်နီနီမြင့် က ကတောက်ကဆ စကားများကြတယ်။ ဒေါ်ဝါဝါမြင့် လည်း တရားစွဲခံရတယ်။ အဲဒီခေတ်က သတင်းစာတွေမှာပါတယ်။

ဦးနေဝင်း က တစ်ခါတလေကျလို့ရှိရင် ပြည်တွင်းရော ပြည်ပရော ခရီးထွက်လို့ရှိရင် အကြာကြီး။ ပြည်တွင်း ထွက်ရင်တော့ ငပလီတို့၊ မော် မကန် တို့ပေါ့။ အဲဒီမှာ သူ့တပည့်တပန်းတွေ၊ နောက်တော်ပါတွေနဲ့ သူလေး ငါးဆယ်။ အဲဒီအချိန်မှာ သူ့မိသားစုနဲ့ သွားတဲ့အချိန်မှာ ဟိုမှာ ငပလီမှာ ရေ



www.burmeseclassic.com

www.burmeseclassic.com


ကျူမယ်၊ စားမယ် သောက်မယ်။ အားတဲ့အချိန်မှာ သူ့သားသမီးတွေ ဖြိုးဝေ တို့၊ စန္ဒာ တို့၊ ကြေးမုံ တို့ သူတို့ကို ဗဟုသုတကြွယ်ဖို့ ဆိုပြီးတော့ သမိုင်း ဆရာတစ်ယောက်ကို ခေါ်လာစေချင်တယ်။ ဖြစ်နိုင်ရင်တော့ ဆရာမ တစ် ယောက်ပေ့ါ။ ဆရာကိုတော့ ဦးနေဝင်း က လုံးဝ လက်မခံဘူး။ ဆရာမ ဖြစ် ရမယ်။ ဒေါ်ခင်မေသန်း ကလည်း သူ့ ယောကျ်ားအကြောင်း သူသိတဲ့အခါကျ တော့ သမိုင်းဌာနကို သွားတယ်။ အဲဒီက ပါမောက္ခချုပ်နဲ့ တွေ့ပြီးတော့မှ သူတို့ ခရီးသွားလို့ရှိရင် ကလေးတွေအတွက် သမိုင်းဗဟုသုတ ရဖို့အတွက် ဆရာမ တစ်ယောက်လောက်ထည့်ပေးပါ။ အပျိုဖြစ်ရင်ကောင်းမယ်။ ဘာ ကြောင့်လည်း ဆိုလို့ရှိရင် သူတို့ခရီးက ဘယ်လောက် ကြာမယ်ဆိုတာလည်း မသိ၊ ဒါကြောင့် မို့လို့ သင့်တော်တဲ့ ဆရာမ တစ်ယောက် လိုချင်တယ်ဆိုတော့မှ ဆရာမတွေထဲမှာ ရုပ်ရည်ကတော့ အသင့်အတင့်ပဲ။ ဒါပေမဲ့ အင်မတန်ပိန် တယ်။ကျန်းမာတဲ့ မိန်းမတွေမှာ ရှိသင့်တဲ့ ခန္ဓာကိုယ်မျိုး မဟုတ်ဘဲနဲ့ ပိန်ပိန်သွယ် သွယ်လျလျ။ ရုပ်ကတော့ မွန်ရည်တယ် ပေ့ါ။ အဲဒီ ဆရာမကို သူတို့ခေါ်သွားတယ်။ ဟိုမှာနားတဲ့ အခါမှာ မြန်မာနိုင်ငံသမိုင်း၊ ကမ္ဘာ့သမိုင်း တွေကို ဒေါ်နီနီမြင့်က စာသင်သလိုလို၊ ဆွေးနွေးသလိုလိုနဲ့ ကလေးတွေနဲ့ သမိုင်းနဲ့ယဉ်ပါးသွားအောင်၊ ကလေးတွေလည်း မပျင်းတော့ဘူးပေ့ါ။ သမိုင်း ဗဟုသုတရတယ်။ အဲဒီလိုနည်းနဲ့ ဒေါ်နီနီမြင့် နဲ့ ဦးနေဝင်း တို့ သိခဲ့ကြတယ်။

နောက် ဒေါ်ခင်မေသန်း ဆုံးတဲ့ အခါကျတော့ ခြောက်လ တစ်နှစ် လောက် ကြာတဲ့အခါမှာ ဒေါ်နီနီမြင့် က ကမာရွတ်ထဲက သုခလမ်းမှာနေတယ်။ အဲဒီမှာ ဗိုလ်မှူးကြီးလှဟန် က ကမကထပြုပြီးတော့မှ မိန်းမတောင်းတယ် ပေ့ါလေ။ သတင်းစာထဲမှာပါတယ်။ အဲဒီမှာ အကျယ်တဝင့်ပါတယ်။ အဲဒီ နောက်မှာ သူတို့လက်ထပ်။ လက်ထပ်ပြီးတော့ မကြာခင်မှာ ဒေါ်ဝါဝါမြင့် ကနေ ကုန်သွယ်ရေးကနေ ပစ္စည်းတွေ ထုတ်ရောင်းစားတဲ့ ကိစ္စဖြစ်တော့ ဦးနေဝင်း က ဒေါ်နီနီမြင့် နဲ့ စကားများ ကတောက်ကဆ ဖြစ်ပြီးတော့မှ ဒေါ်နီနီမြင့် က ဦးနေဝင်း အိမ်မှာ မနေတော့ဘူး။ ဒေါ်နီနီမြင့် ကလည်း စိတ်ကြီးတယ်။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ ဒေါ်နီနီမြင့်ကို တက္ကသိုလ်ဝင်းထဲက ကထိကတွေ၊ ပါမောက္ခတွေ ထားတဲ့ အိမ်ကို ပို့လိုက်ပြီးတော့မှ ယာယီ ပြတ်စဲလိုက်တယ်။ ဒေါ်နီနီမြင့်အိမ်မှာ ထောက်လှမ်းရေးတပ်ကြပ်ကြီး နှစ်ယောက်က အမြဲတမ်း နေနေရတယ်။ ဒေါ်နီနီမြင့် အကြောင်းကို အမြဲတမ်း သတင်းပို့ရတယ်။ ဒီနေ့ ဘယ်သွားတယ်၊ ဘာလုပ်တယ် အစရှိသဖြင့်ပေါ့။

## ရေကြည်အိုင်မှာ ဖတ်ရပြန်တဲ့ ဦးနေဝင်း မင်္ဂလာဆောင် သတင်း

ဩဂုတ်၊ စက်တင်ဘာလောက်မှာ ဦးနေဝင်း နောက်အိမ်ထောင် ပြုပြန်တယ်။ ရတနာနတ်မယ်နဲ့။ အင်္ဂလိပ်နာမည်က ဂျွန်ရီ့စ်ဘယ်လာမီ ပေါ့။ မစ္စတာ ဘယ်လာမီ ဆုံးသွားတဲ့အခါမှာ ရတနာနတ်မယ် က အီတလီမှာ အခြေချတယ်။ အဲဒီလိုမှ ပြန်အဆက်အသွယ် ရရင်းနဲ့ ရတနာ နတ်မယ်က ဦးနေဝင်းနဲ့ ချိတ်မိတယ်။ မင်းမျိုးမင်းနွယ် ရတနာနတ်မယ် က တော်တော် ချောတဲ့ မိန်းမကြီး။ ၁၉၆၀၊ ၆၁-၆၂ မေမြို့မှာ ရှိတုန်းက လာလည်ရင်းနဲ့ သူ့ကို တွေ့ဖူးတာ။ အရပ်က ၅ ပေ ၆ လက်မ လောက်ရှိမယ်။ သူက ကပြား။ ရုပ်က အင်မတန်ချောတဲ့အတွက် အဲဒီတုန်းက Asian Week မဂ္ဂဇင်းမှာ တောင်မှ မြန်မာမင်း သမီးဝတ်စုံနဲ့ မျက်နှာဖုံးပုံတောင် တွေ့ခဲ့ဖူးတယ်။ ဒါပေမဲ့ ဦးနေဝင်းနဲ့ လက်ထပ်တဲ့ အချိန်မှာတော့ အသက်လေးဆယ်၊ ငါးဆယ် ကြားလောက် ရှိမယ်ထင်ပါရဲ့။

အဲဒီအမျိုးသမီး နဲ့ လက်ထပ်တဲ့ကိစ္စ သတင်းစာမျက်နှာဖုံးမှာ ပါလာ တယ်။ ကျွန်တော်တို့ ရေကြည်အိုင်မှာ ဖတ်လိုက်ရတယ်။ ဩော် ဒီလိုနဲ့ မိန်းမ တစ်ယောက် ရပြန်ပြီပေါ့။ အဲဒီမှာ နေရင်းနဲ့ ထူးခြားချက်က အဲဒီတစ်ခု။

နောက်တစ်ခုကတော့ မော်စီတုန်း သေပြီးမှ မသေခင်လား မသိ ဘူး။ တစ်ပတ်လောက်အလိုမှာ တရုတ်ပြည် မှာ လျှော်လှုပ်တာ။ လူတွေ သိန်းနဲ့ချီ သောင်းနဲ့ချီပြီး သေကြတာ။ အဲဒီတစ်ခု ကျွန်တော်မှတ်မိတယ်။ အဲဒါတွေက ကျွန်တော်တို့ ရေကြည်အိုင်ကာလမှာ ဖြစ်ကြတာတွေပေါ့။

www.burmeseclassic.com

www.burmeseclassic.com


ရေကြည်အိုင်ဟာ အခုထိ ရှိပါသေးတယ်။ ထောက်လှမ်းရေးက သုံးတဲ့ အချုပ်ထောင်ပေါ့။ ၈၈ တုန်းကလည်း အသုံးပြုခဲ့တယ်။ နောက်ပိုင်းလည်း အသုံးပြုမှာပေါ့လေ။ ဒါပေမဲ့ အသုံးပြုတာတော့ နည်းသွားပြီပေါ့။ အဲဒီတော့ မင်္ဂလာဒုံ သွားလို့ မင်္ဂလာဒုံ ဈေးလွန်တာနဲ့ ညာဘက်မှာ ဝါးရုံပင်နဲ့ ချိုင်ထားပြီးမှ သွားတဲ့ ကားလမ်းရှိတယ်။ အဲဒီလမ်းမှ နောက်ပိုင်းကို နှစ်ပေ သုံးပေလောက် ဆုတ်ပြီးမှ ဂိတ်လုပ်ထားတယ်။ အဲဒီဂိတ်က သစ်သားတန်းနဲ့။ ဆေးအနီ၊ အဖြူခြယ်ထားတဲ့ သစ်သားတန်းနဲ့။ အပြင်ကနေ ကြည့်ရင် အထင်ကြီးစရာ မရှိဘူး။ ဘာမှန်းတောင် သိမှာ မဟုတ်ဘူး။ ဘာ အဆောက်အဦးမှန်းလည်း သိမှာ မဟုတ်ဘူး။ ရောက်ဖူးတဲ့ သူမှ သိမှာ။ အဲဒီဘားတိုက်ကနေ ဖွင့်ပြီးတော့ အထဲကို ဝင်တဲ့အခါမှာ ရေကြည် အိုင်ပေါ့။ အဲဒီဌာနပေါ့။ ဂိတ်က အခြေအနေအရ အရေးကြီးရင် အရာရှိ ထားတယ်။ အရေးမကြီးရင် တပ်ကြပ်၊ အခြားအဆင့်တွေ ထားတယ်။ အဲဒီကနေ ဝင်သွားလို့ရှိရင် ရုံး အဆောက်အဦးတွေ ရှိတယ်။ သူတို့ ထောက်လှမ်းရေးက အရာရှိရုံး အဆောက်အဦးတွေပေါ့။ အဲဒီကနေ ဝင်တော့မှ ထောင်။ အဲဒီ ထောင်မှာက တံတိုင်းက နှစ်ထပ်။ အပြင် တံတိုင်းနဲ့ အတွင်းတံတိုင်းနဲ့ ကြားထဲမှာလည်း အဆောက်အဦးတွေ ရှိတယ်။ ကျွန်တော်တို့ ရောက်ခါစက အဲဒီနေရာမှာ ချုပ်ထားတာ။ အပြင်တံတိုင်းနဲ့ အတွင်းတံတိုင်းကြားထဲက အဆောက်အဦးပေါ့။ ဟိုး နောက်မှာလည်း ရှိတယ်။ အရှေ့မှာလည်း ရှိတယ်။ အဲဒီမှာ ထားတာက သိပ်အရေးမကြီးဘူးထင်ရတဲ့ ပုဂ္ဂိုလ်တွေထားတာ။ အဲဒီကနေ ပြီးတော့ အတွင်းထဲမှာ အိမ်လေးတွေ အိမ်လေး တွေ။ ဦးနေဝင်းက ဒီအိမ်စောင့် အစိုးရလက်ထက်မှာ ဆောက်တဲ့ မှတ်တမ်းရှိတယ်။ တော်လှန်ရေး ကောင်စီ တက်တဲ့ အခါကျတော့ အဲဒီထောင်ထဲမှာ နိုင်ငံရေးခေါင်းဆောင်တွေကို ထားတာ။ ဦးနု ကျတော့ နှစ်ထပ်အိမ်နဲ့ ထားတယ်။ အဲယားကွန်းနဲ့။ ကျန်တဲ့ ဝန်ကြီးတွေ ဦးဘဆွေ တို့၊ ဦးကျော်ငြိမ်း၊ စပ်ခွန်ချို တို့ ခေါင်းဆောင်တွေက အဲဒီအထဲမှာ ထားတယ်။


www.burmeseclassic.com

www.burmeseclassic.com






# နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း လက်ထပ် ထိမ်းမြားခြင်း



နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် ရတနာနတ်မယ်တို့အား ဇီဇင်ဘာ ၂၄ ရက်နေ့ ညနက် ပိုင်းတွင် ပြုလုပ်သော လက်ထပ်ထိမ်းမြားမင်္ဂလာပွဲတွင် တွေ့ရစဉ်။

ရန်ကုန် ဇီဇင်ဘာ ၂...
နိုင်ငံတော် သမ္မတ...
ဦးနေဝင်းနှင့် ရတနာ...
မယ်တို့သည်ယနေ့နံနက်...
က နှစ်ဖက် ဆွေမျိုး...
သင်္ဂဟ အချို့ ရုံရာတွင်...
မင်းအနား အကျယ်...
မြန်မာဗုဒ္ဓဘာသာတို့...
အလာ လိုက်နာကျင့်...
ကြသော အိမ်ထောင်...
ဆိုင်ရာ ဓလေ့ထုံးတမ်း...
စံနှင့်အညီ လက်ထပ်...
မြားကြသည်။

ညနေ ခင်း တွင်...
တော် သမ္မတကြီးနှင့်...
ရတနာနတ်မယ်တို့သည်...
တိနှင့်နိုင်ငံတော်အာဏာ...
အဖွဲ့ အစည်းများမှ...
ဆွေမျိုးနှင့်ဧည့်သည်များကို...
အိမ်မြက်ခင်းပြင်တွင်...
ဧည့်ခံကြသည်။ (သတင်း...)








www.burmeseclassic.com

www.burmeseclassic.com


# အခန်း – ၈

## ရေကြည်အိုင်ရောက် ဆရာတပည့်များ

ရေကြည်အိုင် ရောက်တဲ့အခါ ဖြစ်တဲ့ အဖြစ်လေးတွေထဲမှာ တချို့ ဟာလေးတွေက သိသင့်တယ်။ တချို့ဟာလေးတွေက မသိသင့်ဘူး။ ခုနတုန်းက ကျွန်တော် ပြောခဲ့တဲ့အထဲမှာ P.A စုံတွဲတွေနဲ့ P.A နဲ့ သူတို့ တွေ စပြောရရင်တော့ ဦးတင်ဦးကြီးနဲ့ ဗိုလ်ကြီး စံကြည်၊ တရားခံ စာရင်း မှာပါတဲ့ ဗိုလ်မှူးကြီးလှဖေ နဲ့ ဗိုလ်ကြီးဟန်ဇော်တို့ ရေကြည်အိုင် ရောက်လာ တယ်။ ဗိုလ်မှူးကြီးစိန်လွင် ပြည်ထဲရေးထင်ပါတယ်။ အဲဒီတုန်းက သူနဲ့ သူ့တပည့် ဗိုလ်ကြီးအောင်ကြည်ဦး၊ နောက် ဗိုလ်ကြီးသန့်စင်မြိုင် ဆိုတာ လည်း ဗိုလ်ချုပ်ကြီးတင်ဦး ရဲ့ ရုံးက Staff Officer ပေါ့။ PSO တော့ မဟုတ်ဘူး။ ဒါပေမဲ့ ဗိုလ်စံကြည် မအားရင် သူလည်း လုပ်ရတာပါပဲ။ နောက် ဗိုလ်ကြီးဝင်း မောင် က ရတခ ဗိုလ်မှူးကြီးထွန်းကြည်(တိုင်းမှူး) ရဲ့ PSO၊ ရှေ့ပိုက


www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး 49 မြင့်သိန်း နဲ့ သူ့ရဲ့ဆရာ ဗိုလ်မှူးချုပ်ချစ်လှိုင်၊ ဗိုလ်မှူး ချုပ်ချစ်လှိုင် ကတော့ မပါဘူးပေါ့။ ဗိုလ်ကြီးမြင့်သိန်း ကတော့ ပါတာပေါ့။ ဗိုလ်ကြီး ဝင်းသိန်း နဲ့ ဆရာဗိုလ်ချုပ်မင်းခေါင်၊ နောက်ဒုတိယဝန်ကြီး နောက်မှ ဗိုလ်မှူးချုပ်ဖြစ်တဲ့ ဗိုလ်မှူးချုပ်သန်းတင် နဲ့ သူ့ရဲ့တပည့် ဓားဘချစ် အစရှိ သဖြင့် ပုဂ္ဂိုလ်တွေပေါ့လေ။ နောက် ဗိုလ်မှူးကြီးလှဖေနဲ့ ဗိုလ်ကြီးဟန်ဇော်၊ ဗိုလ်မှူးကြီးထားဝယ်မျိုးအောင် နဲ့ ဗိုလ်ကြီးစိန်သောင်း။

ဒီကိစ္စကြီးတစ်ခုလုံးမှာ ခေါင်းဆောင်သွားတာက PSOတွေ များတယ်။ အဲဒီ အထဲမှာ အဓိကခေါင်းဆောင်တွေကတော့ ဗိုလ်ကြီးဝင်းသိန်း နဲ့ ဗိုလ်ကြီးအုန်းကျော်မြင့် ၊ နောက် ဗိုလ်ကြီးထွန်းကျော်၊ သူကတော့ PSO မဟုတ်ဘူး။

## ခမရ(၁၀၆)က အရာရှိတွေ

ဒါတွေ ပြောရင်းနဲ့ ခ. မ. ရ (၁၀၆) အကြောင်းလည်း နည်းနည်း ပြောရမယ်။ ခ. မ. ရ (၁၀၆) က တရုတ်ဖြူအရေးအခင်းပြီးတဲ့ အခါမှာ တရုတ်ဖြူတွေကို တပ်မတော်ရဲ့ တိုက်ခိုက်မှုတွေရော၊ ကုလသမဂ္ဂအကူအညီနဲ့ရော မောင်းထုတ်နိုင်တဲ့အတွက်ကြောင့် ဦးနေဝင်း က အစိုးရခွင့်ပြုချက်တောင်း ပြီးတော့ တပ်ရင်း(၉) ရင်း ဖွဲ့တယ်။ (၁၀၁) ကနေ (၁၀၉) အထိ ခြေမြန်တပ် ရင်းဆိုပြီးတော့ Fighting Force တကယ့်တပ်မတော်က အကောင်းဆုံးဆိုတဲ့ စိတ်ကြိုက်ရဲဘော်တွေနဲ့ အရာရှိတွေဖွဲ့ခဲ့တာ။ အဲဒီ အချိန်မှာ (၁၀၆) က ဘယ်မှာရှိလဲဆိုတော့ မင်္ဂလာဒုံ ခရေပင်လမ်းဆုံက နေပြီးတော့ အင်းစိန် ဘက်သွားလို့ ရှိရင် ဒညင်းကုန်း၊ ခရေပင်လမ်းဆုံ နဲ့ ဒညင်းကုန်းသွားတဲ့ ဘယ်ဘက်မှာ (၁၀၆) ရှိတယ်။ အရာရှိတွေရော၊ တပ်သားတွေ၊ ရဲဘော်တွေရောပဲ။

အခု ဒီကိစ္စမှာ ဘယ်သူတွေ ပါလာသလဲဆိုတော့ ဗိုလ်မှူး ကြီးပုပေ ပါတယ်။ သူက (၁၀၆) တပ်ရင်းမှူးဖြစ်ခဲ့ဖူးတယ်။ ဗိုလ်မှူး ထား





www.burmeseclassic.com

www.burmeseclassic.com


ဝယ်မျိုးအောင် ပါတယ်။ ဒါပေမဲ့ ဗိုလ်မှူးမျိုးအောင် က ဒီကိစ္စနဲ့ မပတ်သက်သော်လည်း (၁၀၆) မှာ တပ်ရင်းမှူးဖြစ်ခဲ့တယ်။ ဒီဟာကို ခေါင်းဆောင်တဲ့ ဗိုလ်ကြီးအုန်းကျော်မြင့်(၁၀၆) က ဖြစ်တယ်။ ဗိုလ်ကြီးထွန်းကျော် (၁၀၆) က ဖြစ်တယ်။ ဗိုလ်ကြီးကျော်ရှိန်း (၁၀၆)က ဖြစ်တယ်။ ဗိုလ်ကြီးဟန်ဇော် (၁၀၆) မှာ နေခဲ့ဖူးတယ်။ (၁၀၆)က အရာရှိတွေ တိုက်ဆိုင်တာက ကျွန်တော်လည်း စစ်ရုံးကနေ ပြောင်းတဲ့အခါမှာ (၁၀၆) ကို ရောက် သွားတယ်။ (၁၀၆) က ဒီအမှုကြီးထဲမှာ တကယ့်အရေးပါခဲ့တယ်။ ဒီအမှုဖြစ်နေတဲ့ အချိန်မှာ (၁၀၆) က မိုင်းရှူးမှာ သံလွင်မြစ်အနောက်ဘက်ကမ်း ဗ. က. ပ နဲ့ ဆိုင်နေရတယ်။ ၆ လ ၁ နှစ် လောက် နေတော့ စစ်ဆင်ရေးပြီးသွားတော့ သူတို့ပြန်လာတယ်။ (၁၀၆) က လူတွေက အထိုက်အလျောက်တော့ သိမယ်လို့ အထက်က ယူဆဟန်တူပါရဲ့ ပြန်တဲ့အခါမှာ ရွှေညောင်ကနေ ရထားတစ်စီးလုံး သာစည်၊ သာစည်ကနေမှ ပဲခူးရောက်၊ ရန်ကုန် မဝင်ရတော့ဘူး။ ပဲခူးမှာ အကုန်ဆင်း အရာရှိ၊ တပ်ကြပ်၊ တပ်သား အားလုံး လက်နက်တွေ အပ်၊ အပ်ပြီး လက်နက်တွေ သိမ်းပြီးမှ အရာရှိ၊ တပ်ကြပ်၊ တပ်သားတွေ အားလုံးက လက်နက်မဲ့နဲ့ ပြန်ရတယ်။ ပြန်ရတော့လည်း ရိုးရိုးပြန်ရတာ မဟုတ်ဘူး။ Out Pass တွေ ဘာတွေပိတ်၊ အဲဒီလောက်ထိ (၁၀၆)က ကပ်ဆိုက် သွားတာ။ အမှန်ကတော့ ဘာမှ မဆိုင်ဘူး။ ဗိုလ်ကြီးအုန်းကျော်မြင့် နဲ့ ဗိုလ်ကြီးထွန်းကျော် တို့ လုပ်တာပေါ့။

## ဆရာတပည့် ဆက်ဆံရေးတွေ

အဲတော့ ဗိုလ်ကြီးဝင်းသိန်း ကတော့ မဆိုင်ဘူး။ သူက ခ. လ. ရ (၂)က။ ထားတော့ PSOနဲ့ ဆက်နွယ်ပြီး ခ. မ. ရ (၁၀၆) အကြောင်း ပြောပြီးပြီဆိုရင် အဲဒီထဲမှာ ဒီအမှုအကြောင်း ဂယနဏသိတဲ့ ဗိုလ်မှူးချုပ်သန်းတင်၊ ဘာကြောင့်လဲဆိုတော့ ဗိုလ်ကြီးဘချစ် က နေပြီးတော့ သူ့ကို ဆွဲဆောင်တာ။ ခေါင်းဆောင်လုပ်ဖို့ မဲဆွယ်တော့ သူကလည်း ဒီပြဿနာကို သတင်းမပို့လို့


www.burmeseclassic.com

www.burmeseclassic.com


မရဘူး။ သတင်း ပို့ရတယ်။ နောက် ဒီထဲမှာ ပါတဲ့ P.A တွေနဲ့ ပတ်သက်ရင် ဗိုလ်ကြီးဝင်းသိန်း နဲ့ ဗိုလ်ချုပ်မင်းခေါင် အဲဒီတုန်းက နောက်တော့ ဝန်ကြီး၊ ဗိုလ်ကြီးဝင်းသိန်း နဲ့ ဗိုလ်မှူးကြီးမင်းခေါင် က တခြားဆရာတပည့်တွေလို ခပ်တန်းတန်းနေကြတာ မဟုတ်ဘူး။ လင်မယားတွေလို နေတာ။ ဝင်းသိန်း က ဒီကိစ္စကို ဗိုလ်မှူးကြီးမင်းခေါင် ကို မပြောဘဲ မနေဘူး။ ပြောမယ်လို့ ယုံကြည်ရတယ်။ ဖမ်းဆီးခံရပြီး သက်သေထွက်တဲ့အခါမှာ သူ့ဆရာအကြောင်းကို လုံးဝ မပြောဘူး။ ရေငုံနှုတ်ပိတ်၊ သူ့ဆရာ ဘာမှ မသိဘူးဆိုတဲ့ သဘောမျိုး။ အလားတူပဲ ဗိုလ်ကြီးဝင်းမောင်၊ သူ့ဆရာ ဗိုလ်မှူးကြီးထွန်းကြည် ကို အကုန်ပြောထားတယ်။ ဘာတွေ လုပ်တယ်၊ ဘာတွေ လုပ်တယ်။ ဘယ်သူက ဘယ်လိုဖြစ်တယ်။ ဘာညာပေါ့။ အကုန်လုံး ပြောထားတယ်။ ဒါပေမဲ့ ထောင်ထဲရောက်လို့ စစ်ကြောရေးလုပ်တဲ့အခါမှာ သူ့ဆရာ ဘာမှ မသိပါဘူးဆိုပြီး သူက ဘူးခံတယ်။ ဗိုလ်မှူးကြီးမင်းခေါင်းရော၊ ဗိုလ်မှူးကြီး ထွန်းကြည် ရော မပါတော့။ ဒီအထဲမှာ ပတ်သက်မှု မရှိတော့ဘူး။

အလားတူပဲ သိတာက ဗိုလ်မှူးကြီးလှဖေ နဲ့ ဗိုလ်ကြီးဟန်ဇော်။ ဗိုလ်မှူးလှဖေက (၁၀၆)မှာ တပ်ရင်းမှူး လုပ်ခဲ့ဖူးတယ်။ ဗိုလ်ကြီးဟန်ဇော် ကလည်း (၁၀၆) ကလာတယ်။ အုန်းကျော်မြင့် ပြောတဲ့ ဟာတွေကို ဗိုလ်မှူးကြီးလှဖေ လည်းကြားတယ်။ ဗိုလ်ကြီးဟန်ဇော် လည်း ကြားတယ်။ ဒါက သူတို့ဆရာ တပည့်ဆက်ဆံရေး။ နောက်ထပ် ရေတပ်က ဗိုလ်ကြီးမြင့်သိန်း နဲ့ သူ့ဆရာဗိုလ်မှူးချုပ်ချစ်လှိုင် ကျတော့ ဗိုလ်ကြီးမြင့်သိန်းက ပျော့ပျော့နေတတ်တဲ့ ပုဂ္ဂိုလ်၊ အရာရာကို လေးလေးနက်နက် သိပ်မရှိဘူး။ ဆရာတပည့်ဆက်ဆံရေး ဆိုတော့ သူက ပြောမယ်လို့ ကျွန်တော် မယူဆဘူး။ ဗိုလ်မှူးသူရချစ်ခိုင် သူကလည်း သူရ ရတယ်။ ဗိုလ်မှူးချုပ်စောဖြူကလည်း သူရ ရတယ်။ သူရစောဖြူနဲ့ သူရချစ်ခိုင် သူတို့ချင်းရင်းနှီးမှု ရှိတယ်။ ဒါပေမဲ့ ဗိုလ်မှူးစောဖြူက မသိနိုင်ဘူး။ ပြောမယ်လို့တော့ မယူဆဘူး။ ဒီသဘောလေးတွေ ရှိတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



## မျက်မှန်ကြီး ပြောတိုင်း မလုပ်သူ ဗိုလ်မှူးကြီးမောင်မောင်

ဒီအမှုထဲမှာ ဖြစ်စဉ်လေးတွေရဲ့ ထူးခြားချက်လေးတွေ နောက်တစ်ခုက ဗိုလ်မှူးမောင်လတ်၊ ဗိုလ်မှူးကြီးကြည်မောင် က Col.G.S ကနေ ပြီးတော့ ကျန်းမာရေးဝန်ကြီး ဖြစ်တဲ့ အချိန်မှာ သူ့အစား ဗိုလ်မှူးကြီးဝီလီမောင်မောင် တာဝန်ယူရတယ်။ သူက စစ်ရေးမှာရော တပ်မတော်လုပ်ငန်းတွေမှာ အင်မတန်ကျွမ်းတဲ့အထဲမှာ သူလောက် စွယ်စုံရတဲ့သူ ကျွန်တော်တစ်ယောက်မှ မတွေ့ဖူးဘူး။ ဥပမာဆိုပါတော့ ဗ. က. ပ တွေ ဝင်လာတဲ့အချိန်မှာ ခြေမြန်တပ်ရင်း (၁၀၄) မှာ တပ်ရင်းမှူးဖြစ်တယ်။ အရှေ့မြောက်ဒေသမှာ ဗ. က. ပတွေ တိုက်တဲ့ တိုက်ပွဲထဲမှာ မံယုံမော်တိုက်ပွဲဆိုတာ နာမည်ကြီးတယ်။ ဘယ်လို နာမည်ကြီးလည်းဆိုတော့ အဲဒီအရင်တုန်းကဆိုရင် တိုက်ပွဲ ဖြစ်တိုင်းဖြစ်တိုင်း ကျွန်တော်တို့ တပ်က ခံရတာကြီးပဲ။ သေတယ်၊ အဖမ်းခံရတယ်။ (၁၀၆) ဆို အဆိုးဆုံးပေ့ါ။ (၁၀၆)က အဲဒီအရင်တုန်းကဆိုရင် ကွတ်ခိုင်က နန့်ဖတ်ကာ နာတီ၊ တာမိုးညဲတစ်ခွင်မှာ အကြိမ်ကြိမ်ပဲ၊ ဗိုလ်ကြီးထွန်းကျော် ဆိုလို့ရှိရင် တပ်ခွဲတစ်ခုလုံး ပျက်ပြီးတော့ (၁၁) ယောက်တည်း ကျန်တဲ့အထိ သေတဲ့သူတွေက သေ မသေရင်အဖမ်းခံရတယ်။ ဟဲလောက်ထိ အကြီးအကျယ်ခံခဲ့ရတယ်။ နောက် ခ. လ. ရ (၁၀)၊ ခ. လ. ရ (၃) တချို့ဆိုရင် တပ်ရင်းမှူးတွေပါကျတဲ့ တိုက်ပွဲတွေ ဘာတွေရှိတယ်။ ၆၈-၆၉-၇၀ ကျော်ကျော် လောက်မှာ ခ. မ. ရ (၁၀၆)ကို ဗ. က. ပ တွေကဝိုင်းတိုက်နေတဲ့အချိန်မှာ (၁၀၄) က သွားကယ်ရတယ်။ အဲဒီခေတ်က တပ်ကတိုက်ပြီဆိုရင် ဗ. က. ပ များတယ်။ များတာ ဘာကြောင့်လဲဆိုတော့ ဝိုင်းတဲ့တပ်ကို အဓိက မဟုတ်ဘူး။ လာကယ်မယ့် တပ်ကို လမ်းမှာချတာ ချုံခို တိုက်ပွဲချတာ။ အဲလို တိုက်ပွဲချတဲ့ခွင်ကို (၁၀၄) က ရအောင် ရှောင်ပြီးတော့ (၁၀၆) ကို သွားကယ်နိုင်တယ်။ မံယုံမော်တိုက်ပွဲဆိုတာ နာမည်ကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com


ပထမဦးဆုံးအကြိမ် ဗ. က. ပ ရဲ့ ထိုးစစ်ကို ဟန့်တားနိုင်ပြီးတော့ တပ်မတော်ရဲ့အနေအထားဟာ အရှေ့မြောက်ဒေသမှာ ပြောင်းပြန်ဖြစ်သွားတယ်။

အဲတုန်းကဖြစ်တဲ့ မင်ယုံမော်တိုက်ပွဲမှာ ခေါင်းဆောင်တာက ဗိုလ်မှူးကြီးမောင်မောင်၊ အဲဒီကနေ သူတဖြည်းဖြည်းရာထူးတွေ တက်ပြီး ကာ/နယ် GS ဖြစ်တဲ့အခါမှာ သူကတော်တဲ့အတွက် မျက်မှန်ကြီးပြောတိုင်း မလုပ်ဘူး။ မျက်မှန်ကြီးကိုလည်း အလိုမလိုက်ဘူး။ မျက်မှန်ကြီးက ထောက်လှမ်းရေးဆိုပြီး သူက နည်းနည်း ဗိုလ်ကျတာတွေလည်း ရှိတာပေါ့။ အဲဒီမှာ စခန်းမှူး ဗိုလ်မှူးစိန်မြင့် ဟာ သူ့ကို ဗိုလ်ကြီးအုန်းကျော်မြင့် က လုံခြုံရေးအတွက်ဆိုပြီး သေနတ်တွေ ဘာတွေ ထုတ်ပေးပါဆိုပြီး ထုတ်ပေးလိုက်တယ်။ ပစ္စတိုအချို့ ထုတ်ပေးရတယ်။ နောက် အစ္စရေးအူဇီသေနတ်ထုတ်ပေးတယ်။ ဒါတွေက တရားရုံး ထွက်ဆိုချက်မှာ အပြည့်အစ ပါပါတယ်။ သတင်းစာတွေပြန်ကြည့် ရင် သိပါတယ်။ အဲလို ထုတ်ပေးရတာကို သူက သံသယမကင်းဘူး။ သူက ဥပဒေ နဲ့ ညီမှ ညီပါ့မလား။ လူကြီးတွေမှ သိမှသိပါ့မလား။ အဲဒါမျိုး သံသယ ရှိ တယ်။ အဲဒီမှာ စခန်းမှူးရဲ့ အလုပ်က လူကြီးတွေ ရုံးဆင်းမှသူက ဆင်းရ တယ်။ လူကြီးဆိုတာ ဦးစီးချုပ် ရယ်၊ ဒု-ချုပ်ရယ်၊ ကာ/နယ် GS အဲဒီ သုံး ယောက်က အဓိကပဲ။ နောက်ပြီးတော့မှ စစ်ဆင်ရေး G-1၊ နောက်ကက ကြည်း တာဝန်က G-1 အဲလို ပုဂ္ဂိုလ်တွေ ရုံးဆင်းဆိုမှ ဆင်းရတာဆိုတော့ အမြဲတမ်း စောင့်နေရတယ်။ ၅ နာရီ ၆ နာရီ အဲလိုဖြစ်နေတဲ့အချိန်မှာ ဗိုလ်ချုပ်ကြီး ဆင်းသွားပြီ၊ ဒု-ချုပ် ဆင်း သွားပြီ၊ ဗိုလ်မှူးကြီးမောင်မောင် က ရုံးဆင်းတယ်။

## ရေကြည်အိုင်မှာ တစ်အိမ် နှစ်ယောက်နှုန်း နေရာချ

ရေကြည်အိုင် စပြီး အဖမ်းအဆီး လုပ်တာက ဇူလိုင်လ ဖမ်းပြီးတော့ ဇူလိုင်လ (၂၀) ပြီးတော့ ဩဂုတ်လကုန်လောက်မှာ ဘယ်သူ့ကို တရားခံလုပ်မယ်၊ ဘယ်သူ့ကို အစိုးရသက်သေ လုပ်မယ်။ ဘယ်သူ့ကိုတော့ သာမန်


www.burmeseclassic.com

www.burmeseclassic.com


သက်သေ လုပ်မယ်ဆိုပြီးတော့ ဩဂုတ်လ အကုန်လောက်မှာ ဆုံးဖြတ်ပြီးပြီ။ စက်တင်ဘာ လလောက်မှာ ၁၉၇၆ ခု စက်တင်ဘာလဆန်းလောက်မှာ ရေကြည်အိုင်မှာ စပြီးတော့ လူတွေကို နေရာချတော့တာပေါ့။ တစ်အိမ်မှာ နှစ်ယောက်နှုန်းနဲ့ ချတဲ့အခါမှာ ပထမဦးဆုံးအိမ်မှာ ဗိုလ်မှူးကြီးဝီလီမောင်မောင်နဲ့ ဗိုလ်မှူးခေါင်းကြီးလှမြင့်။ ဝီလီမောင်မောင် ဆိုတာ အဲဒီတုန်းက ကာ/နယ် GS လို့ခေါ်တယ်။ သူက စစ်ဘက်အရည်အချင်းရော၊ စစ်ရေးစစ်ရာ အရည်အချင်းရော၊ ဝန်ထမ်းဆိုင်ရာ ရုံးကိစ္စတွေမှာလည်း အင်မတန်ကျွမ်းကျင်ပြီးတော့ တော်တယ်လို့ နာမည်ကြီးတဲ့ ပုဂ္ဂိုလ်၊ တကယ်လည်း တော်ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင် တွေ့ခဲ့ဖူးတယ်။ သူ့လက်အောက်မှာ လုပ်ခဲ့ဖူးတယ်။ သူနဲ့ အတူတူနေရတဲ့ ခေါင်းကြီးလှမြင့် ဆိုတာ အပတ်စဉ် (၃) က ရွှေတံဆိပ်ရတဲ့ ပုဂ္ဂိုလ်၊ အင်္ဂလိပ်စာ အရမ်းတော်တယ်။ ဉာဏ်လည်း ကြီးတယ်။ ဒါ့ကြောင့်မို့လို့ ခေါင်းကြီးလှမြင့် လို့ ခေါ်တယ်။ သူ့အပတ်စဉ်က လှမြင့် သုံးယောက်။ တစ်ယောက်က ခေါင်းကြီးလှမြင့်၊ နောက်တစ်ယောက်က အပြေးသန်လို့ လန်ချားလှမြင့်၊ နောက် လှမြင့်တစ်ယောက်ကတော့ နှာဘူးလှမြင့် ကျောက်ဆည်သား၊ ဒါသူတို့ အချင်းချင်း ခေါ်တာပါ။ လူငယ်တွေက သူတို့ကို မခေါ်ရဲပါဘူး။ (၁) အခန်းမှာက ခေါင်းကြီး လှမြင့်။

(၂) အခန်းမှာက ဘယ်သူမှ မရှိဘူး။ အိမ်နံပါတ် (၃) မှာက ကျွန်တော်ရယ်။ ဗိုလ်ကြီးဝင်းမောင် ၊ ဗိုလ်ကြီးဝင်းမောင် ဆိုတာက အဲဒီအချိန်တုန်းက မော်လမြိုင် အရှေ့တောင်ပိုင်း တိုင်းမှူး ဗိုလ်မှူးကြီးထွန်းကြည်ရဲ့ PSO။ ဒီလူက အပတ်စဉ် (၃၀) က ရင့်ကျက်တယ်၊ အတွေးအခေါ်ကောင်းတယ်၊ အကျိုးအကြောင်း ဆီလျော်တဲ့ အမှုတွေကို သူ စဉ်းစဉ်းစားစားလုပ်တတ်တယ်။ ဘွဲ့ရပညာတတ်ဖြစ်တဲ့ အခါကျတော့ သူရဲ့ဆရာ ဗိုလ်မှူးကြီးထွန်းကြည် က သူ့ကို အရမ်းအားကိုးတယ်။ ကျွန်တော့်ကို သူက ဝန်မခံသော်လည်းဘဲ အုန်းကျော်မြင့် တို့ လုပ်တဲ့ ကိစ္စအားလုံးကို ဗိုလ်မှူးကြီးထွန်းကြည် ကို သတင်းပို့ထားပြီးပြီလို့ ယူဆရတယ်။ သူ့ကိုဖမ်းပြီး စစ်တဲ့အခါမှာ ဗိုလ်မှူးကြီးထွန်းကြည် သိတယ်လို့ ဝန်မခံဘူး။ မပြောခဲ့ဘူး။ မပြောခဲ့တဲ့အတွက်ကြောင့် ဗိုလ်မှူးကြီးထွန်းကြည် က ဒီကိစ္စတွေမှာ ဘယ်လိုမှ မပတ်သက်ဖူး။ ကျွန်တော်လည်း ကိုဝင်းမောင်နဲ့ အတူနေတော့မှပဲ


www.burmeseclassic.com

www.burmeseclassic.com



အုန်းကျော်မြင့် တို့ လုပ်ပုံ၊ ဗိုလ်ကြီး ဝင်းသိန်း တို့ လုပ်ပုံ အဲဒီဟာတွေ သေချာသိလာတာ။ ဗိုလ်ကြီးဝင်းမောင် က ပဲခူးက။

နောက်တစ်ဆောင်မှာကျတော့ တစ်အိမ်ကျော်မှာပေါ့။ ဗိုလ်မှူးကြီးထားဝယ် မျိုးအောင် နဲ့ ရေတပ်က ဖိုးနိုင်းလို့ခေါ်တဲ့ 49 မြင့်သိန်း။ သူက ရေတပ် ဗိုလ်မှူးချုပ်ချစ်လှိုင်ရဲ့ PSO။ နောက်ပြီးတော့. . . ဗိုလ်စံကြည်နဲ့ အပတ်စဉ် အတူတူ အပတ်စဉ် (၈)၊ သူနဲ့ အတူတူ ထားတာက ဗိုလ်မှူးကြီးမျိုးအောင်၊ ထားဝယ်မျိုးအောင်။ သူကတော့ ဒီကိစ္စမှာ လုံးဝ မပတ်သက်ခဲ့ဖူး။ အပြင်က လူတွေကတော့ မသိဘူးပေါ့။

ကျွန်တော်တို့ အတွင်းက လူတွေကတော့ သိတယ်။ သူ့ရဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းက (၁၀၆) မှာ တပ်ရင်းမှူး ဖြစ်ခဲ့ဖူးတယ်။ တပ်ရင်းမှူးဖြစ်ခဲ့တုန်းက အုန်းကျော်မြင့်နဲ့ အတူတူ နေခဲ့ဖူးတယ်။ အလားတူပဲ ဒီကိစ္စမှာ ပါဝင်ပတ်သက်တဲ့ သူတွေက ကျွန်တော် ကိုယ်တိုင်က (၁၀၆) ရောက်တာ မကြာသေးသော်လည်းပဲ (၁၀၆)၊ နောက် အုန်းကျော်မြင့် ကလည်း (၁၀၆) မှာ နေခဲ့ဖူး တယ်။ ဗိုလ်မှူးကြီးမျိုးအောင် ရဲ့ လက်အောက်အရာရှိ ဖြစ်ခဲ့ဖူးတယ်။ ဗိုလ်ကြီးထွန်းကျော် (၁၀၆)၊ ဗိုလ်ကြီးထွန်းကျော် တပ်ခွဲမှူးလက်ထက်မှာ ဗ. က. ပ တွေနဲ့ ဖြစ်ခဲ့ဖူးတယ်။ အဲ တုန်းက တပ်ရင်းမှူးက ဗိုလ်ကြီးမျိုးအောင် မဟုတ်သေးဘူး။ နှုတ်ခမ်းပဲ့စိန်ရ က တပ်ရင်းမှူး။ သူပြောင်းသွားတော့မှ ဗိုလ်မှူးကြီးထားဝယ်မျိုးအောင် ရောက်တာ။ ထားဝယ် မျိုးအောင် က (၁၀၆) တပ်ရင်းမှူး အပြင်မှာ ထင်နေကြတာပေါ့။ (၁၀၆)က လူတွေပြောလို့ နောက်ပြီး ထားဝယ်မျိုးအောင် ရဲ့ PSO ကို စိန်သောင်း။ သူကလည်း ရေကြည်အိုင်မှာ စိန်သောင်း ပြောလို့ အဲလိုဖြစ်တယ် ဆိုပြီးတော့ လူတွေက အပြင်မှာ ထင်နေကြတာ တကယ်တော့ မဟုတ်ဘူး။

## ဗကပ ခေါင်းဆောင်ကြီး သခင်ဗသိန်းတင်ရဲ့ ညီအရင်း ဗိုလ်မှူးကြီး မျိုးအောင်

ဗိုလ်မှူးကြီးထားဝယ်မျိုးအောင် က ထားဝယ်ဇာတိ သူက ပါးစပ် များတယ်။ ညီအစ်ကိုမောင်နှမထဲမှာ သူက အငယ်ဆုံး။ အဲဒီအငယ်ဆုံးဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးမျိုးအောင် က ဗ. က. ပ ထိပ်သီး သခင်ဗသိန်းတင် ရဲ့ ညီအရင်း။ ဗိုလ်မှူးကြီးမျိုးအောင် က အပတ်စဉ် (၄) ကနေ ဗိုလ်ဖြစ်တယ်။ တိုက်ရည်ခိုက်ရည် ကောင်းတယ်။ စာဖတ်တယ်။ တပ်မတော်ထဲမှာ နာမည်ကောင်းရှိတယ်။ ခုနက ကျွန်တော် ပြောတဲ့ ဗိုလ်မှူးကြီး ဝီလီ မောင်မောင် နဲ့ မတိမ်းမယိမ်းပေါ့။ စစ်ရေးအရည်အချင်းရော၊ ဉာဏ်ပညာအရည်အချင်းရော အဲလိုနဲ့ သူက ဒုတိယဗိုလ်မှူးကြီးကနေ၊ ဗိုလ်မှူးကြီးကနေ၊ ဗျူဟာမှူးကနေ၊ နောက်တပ်မမှူး၊ နောက်တိုင်းမှူး။ ဗိုလ်မှူးကြီးထွန်းကြည် အရင်ဖြစ်တဲ့ တိုင်းမှူးပေါ့။ မော်လမြိုင်ရဲ့ အရှေ့တောင်ပိုင်းမှာ။

ဦးနေဝင်းရဲ့ အကျင့်နဲ့ လုပ်ထုံးလုပ်နည်းက တပ်မတော်က တိုင်းမှူး၊ တပ်မမှူးတွေ ဖြစ်လာပြီဆိုရင် အဲဒီ လူတွေ ရန်ကုန်ရောက်တုန်းမှာ ထမင်းခေါ်ခေါ်ကျွေးတယ်။ နေ့လယ်စာ၊ ညစာ တစ်ခုခု ခေါ်ကျွေးတာ။ ကျွေးချင်လွန်းလို့တော့ မဟုတ်ဘူး။ အဲဒီအခါမှာ သူတို့နဲ့ စကားပြောတဲ့ အခါမှာ အဲဒီလူတွေရဲ့ အရည်အချင်းကို အကဲဖြတ်တာ။ တပည့်မွေးဖို့ ပေါ့လေ။ ဒါကတော့ ဦးနေဝင်းရဲ့ လုပ်ထုံး လုပ်နည်း။ အဲတော့ ဗိုလ်မှူးကြီးမျိုးအောင် တိုင်းမှူး ဘဝမှာ ဦးနေဝင်းက နေ့လယ်စာကျွေးတဲ့အခါကျတော့မှ ဦးနေဝင်း က ဘာသိသွားလဲဆိုတော့ ဗိုလ်မှူးကြီးထားဝယ်မျိုးအောင် ဟာ သခင်ဗသိန်းတင် ရဲ့ ညီအရင်းဆိုတာ အဲဒီမှာ သိတယ်။ သိတဲ့အခါမှာ အဲဒီအကျိုးဆက်နဲ့ ရန်သူကို ဆွေမျိုးအရင်းချာတော်တဲ့သူဟာ ဒီလို နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ နေရာမှာ မပေးသင့်ဘူးလို့ ဦးနေဝင်း က ယူဆဟန်တူတယ်။ နောက်တစ်လလောက်ကြာတော့ ရန်ကုန်က NDC ကို ပြောင်းလိုက်တယ်။ NDC ဆိုတာ National Defence College အမျိုးသားကာကွယ်ရေးတက္ကသိုလ်။

သူ့ကို ပြောင်းတုန်းက အဲဒီ အမျိုးသားကာကွယ်ရေးကောလိပ်က အလံပြဘုရားလမ်း၊ ဒဂုံ အ. ထ. က (၁) ရဲ့ ရှေ့မျက်နှာချင်းဆိုင်က အခု ယုဇနပလာဇာဟိုတယ် ဖွင့်ထားတဲ့နေရာ။ အဲဒီနေရာမှာ အရင်တုန်းက NDC အမျိုးသားကာကွယ်ရေးတက္ကသိုလ် အဲဒီတော့သူက အမျိုးသားကာကွယ်ရေး ရောက်တဲ့အခါမှာလည်း သင်တန်းတွေ ဘာတွေ မရှိသေးဘူး။ သူရောက်တဲ့အခါမှာ သင်တန်းတွေ ဘာတွေ လုပ်မယ်ဆိုပြီး စိုင်းပြင်းနေပြီ နောက် သူ့ရဲ့ PSO က ဗိုလ်ကြီးစိန်သောင်း။



www.burmeseclassic.com

www.burmeseclassic.com



## အချောင်ခံရသော ဗိုလ်မှူးကြီးထားဝယ်မျိုးအောင်

ဒီလူကလည်း PSO ဇာတာပါတယ်နဲ့ တူပါတယ်။ ဗိုလ်ချုပ်ကြီး ကျော်ထင် က သူ့ကို တပ်ပြန်ပို့တယ်။ (၁၀၈) ရောက်သွားတယ်။ (၁၀၈) ရောက်တဲ့အခါမှာ ဗိုလ်မှူးကြီးမျိုးအောင် က ဗျူဟာမှူး ဖြစ်တယ်။ ဗျူဟာမှူး ဖြစ်တဲ့အခါမှာ သူ့ကို ဗိုလ်မှူးကြီးမျိုးအောင် က PSO ပြန်ခေါ်တယ်။ တပ်မ (၈၈) တပ်မမှူးကျတော့လည်း PSO ဖြစ်တယ်။ နောက် တိုင်းမှူးဘဝမှာလည်း PSO ၊ NDC ကျောင်းအုပ်ကြီး ကျတော့လည်း သူက PSO ။ အဲဒီလို တောက်လျှောက် လိုက်လာတာ အဲဒီတော့ ဗိုလ်စိန်သောင်း က ဗိုလ်ကြီးပေါ့။ NDC တစ်ခုလုံးရဲ့ လုံခြုံရေးအုပ်ချုပ်မှု ကိစ္စတွေကို သူက တာဝန်ယူရတယ်။

ဗိုလ်စိန်သောင်း က အပတ်စဉ် (၃၀) Best Cadet လူတော်ပါ။ တော်လည်း တော်တယ်။ ကြိုးလည်း ကြိုးစားတယ်။ အဲလိုနေတဲ့အခါမှာ ဗိုလ်ကြီးစိန်သောင်း က တပ်ရေးဗိုလ်ကြီး ဖြစ်တဲ့အခါကျတော့ ဗိုလ်ကြီးအုန်း ကျော်မြင့် က ဗိုလ်ကြီးစိန်သောင်း ဆီသွားတယ်။ NDC မှာ လူ အင်အား ဘယ်လောက်ရှိလဲ။ အရေးပေါ်ဆိုရင် အင်အား ဘယ်လောက်ထုတ်လို့ရလဲ။ အုန်းကျော်မြင့်က သူလုပ်တဲ့ စီမံကိန်းမှာ ဗိုလ်စိန်သောင်း ရဲ့ တပ်တွေကို သုံးချင်တာ သုံး လို့ ရ၊ မရမေးတာပေါ့။ ကိုစိန်သောင်း ရဲ့ စိတ်ထားတစ်ခုက ဘာလဲဆိုတော့ သူ့ထက်တော်တဲ့ သူတွေ မှန်သမျှ စီနီယာတွေရဲ့ ဆန္ဒကို လိုက်လျောတယ်။ အမြဲတမ်း လုပ်ပေးတတ်တယ်။ အဲတော့ အုန်းကျော်မြင့်က အပတ်စဉ် (၂၉) သူ့ထက်စီနီယာကျတဲ့အပြင်ကို ဗိုလ်ချုပ်ကြီးကျော်ထင်ရဲ့ PSO ဖြစ်တဲ့ အတွက်ကြောင့်မို့ သူက တလေးတစားနဲ့ အုန်းကျော်မြင့် လိုတဲ့အချိန်မှာ တပ်တွေ ဘယ်လိုထုတ်လို့ရတယ်။ ဘယ်လို ထုတ်ပေးမယ်ဆို တာ ပြောတယ်။ အဲတော့ ဒီကိစ္စမှာ ကိုစိန်သောင်း ကလည်း ပါလာတယ်။ ဗိုလ်မှူးကြီး မျိုးအောင် ကလည်းပါတယ်။ သူက တကယ်တမ်း ပတ်သက်လို့ ပါလာတယ်လို့ပဲ ယူဆရတယ်။ တကယ်တော့ မဟုတ်ဘူး။ ဦးနေဝင်း က သူ့ကို တိုင်းမှူးကနေ ဖြုတ်လိုက်တယ်။ ဖြုတ်ပြီး NDC ကို ပို့လိုက်တယ်။ ပို့ပြီးတော့မှ အုန်းကျော်မြင့် ကိစ္စဖြစ်တော့ မထူးဘူး (၁၀၆) က လူ



www.burmeseclassic.com

www.burmeseclassic.com


တွေ့ပါတယ်။ သူ့ပါ ထင်ရှောင်ထင်မှား ဖြစ်အောင် သူ့ပါ ခေါ်ထည့်လိုက်တယ်။ ခေါ်ထည့်ထား တာ။ သူ့ကို စစ်ကြောရေးလည်း မလုပ်ဘူး။ တောက်လျှောက် အထဲမှာနေ ရတယ်။

သူတို့ နှစ်ယောက်ပြီးတဲ့အခါမှာ ဟိုဘက်မှာ တစ်အိမ်ကျော်မှာ ဗိုလ်မှူးကြီးသူရ ချစ်ခိုင် (လေ)နဲ့ ဗိုလ်မှူးမောင်လတ် ၊ သူတို့နှစ်ယောက်က တစ်ခန်းပေါ့။ သူတို့နှစ်ယောက် က စောစောကပြောတဲ့အတိုင်း သူ့နှစ်ယောက် ကို ထောင်ထဲကို ပို့တယ်။ ထောင်ထဲမှာ ကိုလတ်ကြီး က စိတ်ထပြီးတော့ သံတိုင်ဖြုတ်ပြီး ထောက်လှမ်းရေးတွေကို ရိုက်ပြီးတာနဲ့ ရေကြည်အိုင်ပြန် ရောက်လာတာ။ အစပထမတုန်းက ဗိုလ်မှူးမောင်လတ် စိတ်ဖောက်လို့ ပြန် ရောက်လာတာလို့ ယူဆရတာ။ အမှန်တော့ မဟုတ်ဘူး။ အရင်အပတ်တုန်း က အစိုးရအဖွဲ့ကို တင်တဲ့အချိန်မှာ ဗိုလ်မှူးကြီးကြည်မောင် က ထောက်ပြလို့ သူတို့နှစ်ယောက်ကို တရားခံစာရင်းက ဖယ်ပြီးတဲ့အတွက် သက်သေအဖြစ်နဲ့ ရေကြည်အိုင် ပြန်ရောက်လာတာ။

ဗိုလ်မှူးသူရချစ်ခိုင် ဆိုတာ ၁၉၅၃-၅၄ တရုတ်ဖြူအရေးခင်းဖြစ်တော့ ကျိုင်းတုံ ဘက်မှာ တရုတ်ဖြူတပ်တွေ လွှမ်းမိုးနေတယ်။ အဲဒါကို ကျွန်တော် တို့ ခြေလျင်က တပ်တွေကလည်း တိုက်တယ်။ လေတပ်ကလည်း တိုက်တယ်။ အဲတော့တရုတ်ဖြူက လေယာဉ်ပျံတွေနဲ့ တပ်မတော်(လေ)က လေယာဉ်တွေနဲ့ တိုက်တဲ့အခါမှာ ဗိုလ်မှူးကြီး သူရချစ်ခိုင်က တရုတ်ဖြူလေယာဉ်နှစ်စီးကို ပစ်ချနိုင်ခဲ့တဲ့အတွက် သူရ ဘွဲ့ရခဲ့တယ်။ သူက ညောင်လေးပင်သား၊ အရပ် ပုပုနဲ့ မျက်လုံးပြူးပြူး၊ ဉာဏ်ကောင်းတယ်။ သတ္တိရှိတယ်။ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်တယ်။ ဒါကြောင့်မို့လို့လည်း ဗဟိုနိုင်ငံရေး တက္ကသိုလ်မှာ နည်းပြ ချုပ်အဖြစ်နဲ့ တာဝန် ထမ်းဆောင်ခဲ့တာ။ ဗိုလ်မှူးမောင်လတ် ဆိုတာက အပတ်စဉ်(၁) က အင်မတန်ကို ကြိုးစားတဲ့ လူ။ အရပ်ရှည်ရှည်နဲ့ သူက ဟိန္ဒိယ နွယ်ဖွားဆိုတော့ အသားအရေက သိသာတယ်။ သို့သော်လည်း ဗုဒ္ဓ ဘာသာကို ယုံကြည်တယ်။ သူ့မိန်းမကတော့ ရှမ်းမျိုးရိုးပေါ့။ ပြီးတော့ ဟို ဘက်က တစ်ဆောင်ကျော်မှာ ကာကွယ် ရေးဦးစီးချုပ်ကြည်းက G-3 နှစ် ယောက်၊ ဖိုက်ဝမ်းမြင့်သိန်းနဲ့ တရုတ်မ စိုးမြင့် တရုတ်မစိုးမြင့်ဆိုတာ သူက


www.burmeseclassic.com

www.burmeseclassic.com



တရုတ်နဲ့တူလို့ တရုတ်မစိုးမြင့် လို့ ခေါ်တာ။ သူ က အပတ်စဉ် (၇) က 51 မြင့်သိန်းက အပတ်စဉ် (၈) ဒါပေမယ့် အပတ်စဉ်(၉)မှာမှ ဆင်းတယ်။ ဒီကောင်က စစ်တက္ကသိုလ် လာတက်တာ ကိုယ့်စရိတ်နဲ့ကိုယ် တက်ခွင့်ရတဲ့ စီမံကိန်းရှိတဲ့ နှစ်မှာ ဗိုလ်လောင်း လာဖြေတယ်။ ဒါပေမယ့် ဒီကောင်က ဒါဂျီလင်မှာနေတဲ့ အခါကျတော့ ဗမာစာ ကောင်းကောင်း မတတ်ဘူး။ စစ်တက္ကသိုလ်ရောက်မှ ဗမာစာ စပယ်ရှယ် သင်ပေးရတာ။ သူကလည်း ကကကြည်း စီမံမှာ။

ဗိုလ်စံကြည် ကလည်း အုန်းကျော်မြင့် အကြောင်း လာပြောတယ်။ လာပြောတဲ့အခါမှာ သူတို့လည်း ကြားတယ်။ ကျွန်တော်ကြားတယ်။ နောက်ပြီးတော့ ဗိုလ်စန်းအောင် ကြားတယ်။ အဲဒီတော့ အုန်းကျော်မြင့် တို့ ဝင်းသိန်းတို့ ပြဿနာဖြစ်လို့ အဖမ်းခံရတဲ့အခါမှာ ဗိုလ်စံကြည်က နေ့လယ်စာ ကကကြည်း(စီမံ)မှာ လာစားတဲ့အခါမှာ ပြောတယ်ဆိုတဲ့အကြောင်း ထွက်ချက်ရှိတယ်။ အဲဒီထွက်ဆိုချက်နဲ့ ဖိုက်ဝမ်းမြင့်သိန်းနဲ့ တရုတ်မစိုးမြင့်ကို ခေါ်စစ်တဲ့ အခါမှာ သူတို့ မကြားဘူးလို့ငြင်းတယ်။ ငြင်းပေမဲ့လည်း စံကြည်ပြောတာက ခိုင်လုံနေတော့ သူ့တို့နှစ်ယောက်စလုံးကို ရေကြည်အိုင် ခေါ်ထားလိုက်တာ။

အဲဒီ အချိန်တုန်းက တရုတ်မစိုးမြင့်အဖေက ဗိုလ်မှူးအုန်းမောင်။ စိတ်သဘောထား အရမ်းကောင်းတယ်။ ဘောလုံးကန်လည်း သိပ်ကောင်းတာ။ 51 မြင့်သိန်း ကတော့ ငယ်ငယ်ကတည်းက ပိုက်ဆံရှိတာ။ ဒါဂျီလင်က ပြန်လာပြီးတော့မှ စစ်တက္ကသိုလ်တက်တာ။ တက်ပြီးတော့ မြင်းခြံက ခလရ(၅၆) ကိုရောက်တယ်။

သူတို့ ဟိုဘက်မှာ ဘယ်သူရှိလဲ ဆိုတော့ ဗိုလ်ကြီးအောင်ကြည်ဦးနဲ့ ဗိုလ်ကြီးစိန်သောင်း။ ဗိုလ်ကြီးစိန်သောင်း ကတော့ ခုနပြောခဲ့သလို ဗိုလ်ကြီးမျိုးအောင် ရဲ့ PSO ဖြစ်ခဲ့သလို အုန်းကျော်မြင့် ကနေ တပ်တွေလိုရင် ထုတ်ပေးနိုင်တယ်လို့ ပြောတဲ့အတွက်ကြောင့် သူက ပါလာတာ။ ဗိုလ်ကြီးအောင်ကြည်ဦး ကတော့ ဗိုလ်ချုပ်စိန်လွင် ရဲ့ PSO ပါ။ ဗိုလ်ချုပ်စိန်လွင် က အဲဒီတုန်းက ပြည်ထဲရေးဝန်ကြီး လို့ ထင်ပါတယ်။ သူက အုန်းကျော်



www.burmeseclassic.com

www.burmeseclassic.com



မြင့် ကို အထင်ကြီးတယ်။ အုန်းကျော်မြင့် လုပ်မယ့်ဟာကို သဘောတူတယ်။ အဲတော့ သူနှစ်ယောက်က အဲဒီမှာ တစ်ခန်း။

ဟိုဘက်ကျတော့ ကိုရဲဦး နဲ့ သန့်စင်မြိုင်၊ ကိုရဲဦးကတော့ ကျွန်တော် ရေကြည်အိုင် ရောက်ရောက်ချင်း အတူနေရတဲ့ ပုဂ္ဂိုလ်ပေါ့။ တင့်ကားတပ်က အပတ်စဉ် (၂၉) အုန်းကျော်မြင့် နဲ့ အပတ်စဉ်အတူတူ၊ အုန်းကျော်မြင့် က တင့်ကားတွေ ရန်ကုန်ကို လာစေချင်တယ်။ တင့်ကားတွေရဲ့ လှုပ်ရှားမှုကို ကကကြည်း က ထိန်းချုပ်ထားတာ။ အဲအတွက်ကြောင့်မို့ ကကကြည်း အမိန့် မပါရင် တင့်ကားတွေက ဘယ်လိုမှ လှုပ်ရှားလို့ မရဘူး။ အဲအချိန်မှာ တင့် ကားတွေက အောင်ဆန်းကွင်း ရောက်နေပြီ။ ဒါပေမဲ့ ဘယ်သူမှလုပ်လို့ မရဘူး။

ကိုသန့်စင်မြိုင် ကတော့ ဗိုလ်ချုပ်ကြီးတင်ဦး ဆီမှာ။ သူက အပတ် စဉ်(၁၁) က ဗိုလ်ချုပ်ကြီးတင်ဦး ရုံးခန်းက ဝန်ထမ်းပေါ့။ သူက အပတ်စဉ် (၁၁) ရဲ့ ရွှေတံဆိပ်ရှင်၊ ဉာဏ်ကောင်းတယ်။ သတ္တိလည်း ကောင်းတယ်။ ဟိုဘက်မှာကျတော့ ဗိုလ်ကြီးကျော်ရှိန်း နဲ့ ဗိုလ်ကြီးဟန်ဇော်၊ ဗိုလ်ကြီး ဟန် ဇော်က (၁၀၆) က။ သူက တရားခံထဲမှာ ပါသွားတဲ့ ဗိုလ်မှူးကြီးလှဖေ ရဲ့ PSO၊ သူက အုန်းကျော်မြင့်နဲ့ တစ်တပ်တည်း နေဖူးတော့ အုန်းကျော်မြင့် က စီနီယာ သူက ဂျူနီယာဆိုတော့ အုန်းကျော်မြင့် လုပ်သမျှကို သဘောတူ တယ်။ ဗိုလ်ကြီးကျော်ရှိန် ကလည်း (၁၀၆) က အုန်းကျော်မြင့် က တပ်လို ရင်သုံးမယ်ဆိုတော့ သူက သဘောတူတယ်။ ဒါပေမဲ့ (၁၀၆) က စစ်ဆင်ရေး နောက်တန်းမှာ လူ (၁၀၀) တောင် မရှိဘူး။ အဲလိုအချိန်မျိုးမှာ ကျော်ရှိန်း က လှုပ်ရှားရတာ။

## အစိုးရသက်သေများ (သို့) ဖော်ကောင်များ

ကျွန်တော်တို့ အထဲမှာ ထားတာ မဟုတ်ဘဲနဲ့ ဟိုးအပြင်မှာ ထားတာ က ဗိုလ်ကြီးထွန်းကျော် နဲ့ ဗိုလ်ကြီးစံကြည်။ ဗိုလ်ကြီးထွန်းကျော်ဆိုတာက (၁၀၆) မှာ နေရင်း နဲ့ ဗ. က. ပ တွေနဲ့ စစ်ဆင်ရေး အကြိမ်ကြိမ် ဆင်နွဲခဲ့ တဲ့ပုဂ္ဂိုလ်။ သူက သတ္တိလည်း ကောင်းတယ်။ တစ်ခါများဆို ကွတ်ခိုင်နားက

www.burmeseclassic.com

www.burmeseclassic.com


နန့်ဖတ်ကာခိုမုန်းတီးမားတိုက်ပွဲမှာ သူ့ တပ်ခွဲတစ်ခွဲလုံး ပြုတ်ပြုတ်ပြုန်းပြီးတော့ သူရယ် အခြားအဆင့်(၁၁)ယောက် ရယ် ကျန်ပြီးတော့မှ တပ်ကို ပြန်ရောက်ရတဲ့ အခါမှာတောင်မှ မချောက်ချားဘဲ စစ်ဆင်ရေးပြန်ဝင်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်။ ထောက်လှမ်းရေးက ဖမ်းတဲ့အခါ သူကအကုန်လုံး အမှန်တိုင်းပြောတယ်။ ဖော်ကောင်တွေက ပြောတာမျိုး မဟုတ်ဘူး။ သူက သတ္တိရှိတဲ့အခါမှာ အကုန်လုံးကိုသိတဲ့အတိုင်းပြောတယ်။ သူ့ကို မျက်မှန်ကြီးက သဘောကျသွားတယ်။ သူက အမှန်တိုင်း ပြောတဲ့သူ့စကားတွေနဲ့ အုန်းကျော်မြင့်ကို ချုပ်လို့ရမယ်။ နောက် ပြီး ဒီ (၁၀၆)ကပါတဲ့ ကျန်တဲ့သူတွေကိုချုပ်လို့ရမယ်။ အဲဒါကြောင့်မို့ မျက်မှန်ကြီးက ထွန်းကျော်ကို အစိုးရသက်သေအဖြစ်နဲ့ သုံးမယ်လို့ ဆုံးဖြတ်တာ။

စံကြည် ကတော့ ချက်ချင်းမဆုံး ဖြတ်နိုင်ဘူး။ သူ့ ဆရာ ဗိုလ်ချုပ်ကြီးတင်ဦးကို ကာကွယ်ရမယ်ဆိုတဲ့အခါမှာ ရေကြည်အိုင်လည်း ရောက်ရောဘာမှ မပြောဘူး။ အုန်းကျော်မြင့် အကြောင်းလည်း မပြောဘူး။ အုန်းကျော်မြင့်က အဘိုးကြီးနဲ့ တွေ့တဲ့အကြောင်းလည်း မပြောဘူး။ အဲဒါကြောင့် ထောက်လှန်းရေးက သူ့ကို ရေကြည်အိုင်မှာ Torture Chamber ဆိုတာရှိတယ်။ Torture Chamber ဆိုတာ ညှင်းဆဲတဲ့ အခန်းပေါ့။ အဲဒီအခန်းက လူတစ်ကိုယ်ထိုင်စာပဲ ရှိတယ်။ သံပြားတွေနဲ့ ပိတ်ထားတာ။ အထဲမှာပဲ ဆီးတွေ ဝမ်းတွေသွား ညစ်ပတ်နေတဲ့ နေရာ ထမင်းကျွေးပြန်ရင်လည်း ထမင်းကို သဲဖြူးပြီးမှ ငပိနဲ့ကျွေးတာ။ စံကြည် က နဂိုကတည်းက စိတ်က ပျော့တယ်။ ဒါမျိုး အတွေ့အကြုံ မရှိဘူးဆိုတော့ ၅ ရက်လောက် ကြာတော့ Break down ဖြစ်သွားတယ်။ ငိုကြီးချက်မနဲ့ သူ့ကိုထုတ်ပြီးတော့မှ မျက်မှန်ကြီးက သူ့ကို ချော့မော့ပြီးတော့မှ အုန်းကျော်မြင့်က ဗိုလ်ချုပ်ကြီးတင်ဦးကို လာတွေ့တဲ့ အကြောင်းတွေ၊ ဗိုလ်ချုပ်ကြီး တင်ဦးမိန်းမက နိုင်ငံခြား သံတမန်တွေဆီက ပစ္စည်းမှာတဲ့ အကြောင်းတွေ အကုန်လုံး ပြောတဲ့ အခါကျမှ ဗိုလ်ချုပ်ကြီးတင်ဦးကို ထောင်ချဖို့ဆိုတာ စံကြည်ရဲ့ထွက်ဆိုချက်လိုတဲ့အတွက်ကြောင့်မို့ စံကြည်နဲ့ ထွန်းကျော်ကို အစိုးရသက်သေအဖြစ် သုံးမယ်လို့ မျက်မှန်ကြီးက ဆုံးဖြတ်လိုက်တာ။ အမှန်တော့ အစိုးရ


www.burmeseclassic.com

www.burmeseclassic.com



သက်သေဆိုတာ ဖော်ကောင်ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်း တို့ လုပ်ကြံတုန်းက ဖော်ကောင် ဘညွန့်ဆိုတာ ရှိသလိုပေါ့။ ဒီအမှုမှာတော့ စံကြည်နဲ့ ထွန်းကျော်က ဖော်ကောင်တွေပေါ့။

## မိသားစုနဲ့ ပြန်တွေ့ရပြီ

ဒါတွေကတော့ ရေကြည်အိုင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အနေအထားပါ။ ကျွန်တော်တို့က သက်သေဆိုတဲ့ အခါကျတော့ ကျွန်တော်တို့က တစ်ပတ်တစ်ခါ မိသားစုနဲ့ တွေ့ရတယ်။ ဘယ်မှာသွား တွေ့လည်းဆိုတော့ကာ ကျွန်တော်တို့ နှစ်ယောက်ရယ်၊ ဗိုလ်မှူးမောင်လတ် တို့ ခေါင်းကြီးလှမြင့် တို့ကို တစ်ရက်ဆိုရင် နေ့လယ် ၂ နာရီ လောက်က ထွက်သွားတယ်။ မင်္ဂလာဒုံ စရေပင် လမ်းဆုံက ပိုင်းလှော်ဂေဟာမှာ မိသားစုတွေ ခေါ်ထားတယ်။ အဲဒီမှာ မိသားစုတွေနဲ့ စားကြသောက်ကြနဲ့ တစ်နာရီ နှစ်နာရီလောက်ကြာတဲ့အခါမှာ ပြန်လာတယ်။ စာအုပ်တွေ ရေဒီယိုတွေ သယ်လို့ရတယ်။ တစ်ပတ်မှာ နှစ်ခါ သုံးခါလောက် တွေ့ရတယ်။ ကျွန်တော်တို့က ရေကြည်အိုင်မှာ နေရတာ ပင်ပန်းတယ်လို့ မဆိုနိုင်ဘူး။ ဖတ်စရာ စာလည်း ရှိတယ်။ ရေဒီယိုလည်း ရှိတယ်။ တစ်ခုပဲ ကျွန်တော့်အတွက် ထူးခြားတာကတော့ ကျွန်တော်တပ်ထဲမှာလို နေလို့တော့ မရတော့ဖူးဆိုတာ သဘောပေါက်တော့ တပ်က အမှုအကျင့်တွေကို ဖျောက်တယ်။ လေ့ကျင့်ခန်း လုပ်တယ်။ ပရိတ်ကြီး တို့ ဘုရားစာတွေ ရအောင် လုပ်တယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်တည်ဆောက်ရတာပါ။ အဲဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် ရေကြည်အိုင်မှာ ပြန်လည်တည်ဆောက်ရတာပေါ့။ ဘယ်အထိ ဖြတ်သန်းခဲ့ရသလဲဆိုရင် ၁၉၇၆ ဇူလိုင်လ တချို့ကလည်း ဩဂုတ်လကနေစပြီးတော့ ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်လောက်အထိ ခြောက်လလောက်နေခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအမှုမှာ စီရင်ချက်ချတာက ၁၉၇၇ ခုနှစ် ဇန်နဝါရီလ လွတ်လပ်ရေးနေ့ပြီးတော့ ရက်တော့ အတိအကျ မမှတ်မိတော့ဘူး။ သတင်းစာထဲတော့ ပါမှာပါ။ ဒါက ရေကြည်အိုင်မှာ နေခဲ့တဲ့ ဇာတ်လမ်း။



www.burmeseclassic.com

www.burmeseclassic.com








ဗိုလ်ကြီးဝင်းထိန်နဲ့ဖနီး






www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲ သေနတ်ယူလာရန် ပြောသည်ဆို

ဗိုလ်ကြီးဘချစ်က ကြံစည်ခဲ့ပုံ ဖြောင့်ချက်ပေး

ခေါင်းဆောင်ကြီးများ လုပ်ကြံရန်ကြံစည်မှုဆက်လက်စစ်ဆေး





ခေါင်းဆောင်များ လုပ်ကြံရန်ကြံမှု ဆက်စစ်

တရားလိုပြသက်သေ ဗိုလ်ကြီးခံကြည့်ခံစစ်ခံ

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံ သတ်ဖြတ်ရန် ကြံစည်မှုကို ယနေ့နံနက်က ဆက်လက်စစ်ဆေးသည်။

တရားရုံး စတင် မစစ်ဆေးမီ ... သက်သေခံပစ္စည်း အမှတ်တင်ပြခဲ့သော မာဇဒ ါတ်၆၀၀၊ အမှတ် ကြယ် ၃၁၃၈(င) ကို တရားသူကြီးအမှုကနှစ်ဖက်အကျိုးဆောင်များရှေ့မှောက်၌ စစ်ဆေးကြည့်ရှုသည်။

ထို့နောက်တရားရုံးစတင်လျှင် တရားလိုပြ သက်သေ ဗိုလ်ကြီး ခံကြည့်ကိုစစ်ဆေးသည်။

ဗိုလ်ကြီးခံကြည့်

တရားလိုပြသက်သေ ဗိုလ်ကြီး ...

၆၁ ခုနှစ်ကအောင်မြင်ပြီး ၁၉၆၂ ခုနှစ်တွင်မေမြို့စစ်တက္ကသိုလ်အမှတ် ၁၃(ဂ)ဗိုလ်လောင်း သင်တန်းသို့ တက်ရောက်ခဲ့ရာ ၁၉၆၆ခုနှစ်တွင် ကျောင်းဆင်းခဲ့ကြောင်း။ ထို့နောက် အမှတ်(၁၀၉) ခြေမြန် တပ်ရင်းတွင်တာဝန်ထမ်းဆောင်ကြောင်း။ ၁၉၆၉ခုနှစ်တွင် မေမြို့ စစ်တက္ကသိုလ်သို့ပြောင်းရွှေ့ တာဝန်ထမ်းဆောင်

သက်သေခံ ပစ္စည်း အဖြစ်တင်သွင်းသော မော်တော် ယာဉ်ကို တရားသူကြီး အဖွဲ့က စစ်ဆေးရန် (အပေါ်မှ)နှင့် သက်သေခံ ပစ္စည်းအဖြစ် ထပ် သွင်းခဲ့သော ကာဘိုင် သေနတ်မှာ ဗိုလ်ကြီး ထွန်းကျော်မြင့်၊ အိမ်တွင် ပြသော သေနတ် ဟုတ်မှန်ကြောင်း တရားလိုပြ သက်သေ ဗိုလ်ကြီး ခံကြည် ထ စစ် ခံ နေ စဉ်။ (ယာမှ)

ခဲ့ပြီး ၁၉၇၂ခုမေလတွင် ဒုတိယ ... ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ရုံးတော်ထံ... ★



...လေ့ကြသည်။

အကြံပြု

ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး သန်းတင်နှင့် အဖွဲ့သည် နမ့်တူမြို့သို့ ရှေးဦးစွာ ရောက်ရှိခဲ့ပြီး စက်ဟင်ဘာ ၁၄ ရက်တွင် ဘော်တွင်း သတ္တုတွင်း၌ မိုးသည်းထန်စွာ ရွာ သွန်း၍ ချောင်းရေလျှံကာ ဝင်ခဲ့သည့် ဘော်တွင်းမြေအောက် ဆင်း တွင်း နှင့် စက်ရုံကို လှည့်လည် စစ်ဆေး ကြည့်ရှုခဲ့ပြီး ထာဝန်ရှိ ပုဂ္ဂိုလ် များ အား ပြင်ဆင်ရေး လုပ် ငန်း များ နှင့် ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းအကြံပြုခဲ့သည်။

အားပေး

ရေ ဘေး ဒဏ် ကြောင့် ထိုးပဲ့ ထိခိုက်ဖြစ်ခဲ့ရသည့် ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ သတ္တုတွင်း လုပ်သားများနှင့် လုပ်ငန်းကိစ္စနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

လုံခြုံရေး

ညအချိန်တွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နမ့်တူစည်ပိုင်သာ အမှတ် (၁)၌ နမ့်တူ မြို့နယ် ပါတီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်များ၊ လုပ်ကြံရန် ကြံမှု

# ဒုတိယ၀န်ကြီး ဗိုလ်မှူးကြီးသန်းတင် ထွက်ဆို

## လုပ်ကြံ အာဏာသိမ်းရန် ဗိုလ်ကြီး၀င်းသိန်း လာပြောပုံများကို အစစ်ခံ

## မြေအောက်အဖွဲ့ ဖွဲ့ပြီး ဗိုလ်ကြီး၀င်းသိန်း အတွင်းရေးမှူး လုပ်ခဲ့သည်ဆို

ရန်ကုန် ဇက်တင်ဘာ ၂၈

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံ သတ်ဖြတ်ရန် ကြံစည်မှုကို ယနေ့ နံနက်က ဆက်လက် စစ်ဆေးသည်။

ယနေ့ ဆက်လက် စစ်ဆေးရာတွင် ယမန်နေ့က စစ်ဆေးဆဲတရားခံပြသက်သေ ဗိုလ်မှူးမောင်လတ်ကို ပထမဦးစွာ တရားခံ အကျိုးဆောင်များဖြစ်ကြသော ဦးကိုယုနှင့်ဦးဆိုးသာတို့က မေးမြန်းသည်။

ယင်းနောက်တရားလိုအကျိုးဆောင် ဦးတင်အုန်းက မေးမြန်းသည်။

### ဒု-၀န်ကြီး

ဆက်လက်၍ တရားလို့ သက်သေသတ္တုတွင်း၀န်ကြီးဌာနဒုတိယ၀န်ကြီး ဗိုလ်မှူးကြီး သန်းတင်က ထွက်ဆိုရာတွင် မိမိသည် အလယ်ပိုင်းတိုင်း၊တိုင်းမှူးအဖြစ်မှ ၁၉၇၅ ခု မတ်(၂၈)ရက်တွင် သတ္တုတွင်း၀န်ကြီးဌာနဒုတိယ၀န်ကြီးတာ၀န်ကို ထမ်းဆောင်ရကြောင်း၊လက်ရှိတာ၀န် မထမ်းဆောင်မီက ခြေလက်တာ၀န်များကို အရှေ့ပိုင်းတိုင်း၊ အနောက်တောင်ဆိုင်းနှင့် အလယ်ပိုင်းတိုင်းတို့တွင် တာ၀န် ထမ်းဆောင်ခဲ့ကြောင်း၊ လက်ရှိတာ၀န်ထမ်းဆောင်နေစဉ်ကိုယ်ရေးအရာရှိမှာ ဗိုလ်ကြီးဘချစ် ဖြစ်ကြောင်း၊ ဗိုလ်ကြီးဘချစ်ကို ဤ ရုံးရှေ့တွင် ယခု မိမိတွေ့ကြောင်း၊ ၎င်းကို မိမိသည် အရှေ့ပိုင်းတိုင်း၌ တိုင်းမှူးတာ၀န်ထမ်းဆောင်စဉ်က စပြီးသိကြောင်း၊ ဗိုလ်ကြီး၀င်းသိန်းကို မိမိသိကြောင်း၊ ၎င်းသည် အနောက်ပိုင်း တိုင်းမှူးဗိုလ်မှူးကြီးမင်းဂေါင်၏ ကိုယ်ရေးအရာရှိ ဖြစ်ကြောင်း၊ ၎င်းသည် အနောက်ပိုင်း တိုင်းမှာ ယာ၀န်ထမ်းဆောင်ခြင်းဖြစ်၍၎င်း

**၄ ကော်လံ ၈ သို့**

၄ ကော်လံ ၈ သို့



တရားလိုပြသက်သေ သတ္တုတွင်း၀န်ကြီးဌာန ဒုတိယ၀န်ကြီး ဗိုလ်မှူးကြီး သန်းတင် က ရန်ကုန်တိုင်း တရားရုံးတွင် အမှုနှင့် စပ်လျဉ်း၍ လူကြီးများ သို့ ... စာကိုစစ်ဆေး၍ မိမိထင်မြင်ခဲ့ ... စာ ဖြစ်ကြောင်း၊ ထောက်ခံ ... (ဓါတ်ပုံ) နှင့် တရားလိုပြ သက် ... အမေရိကန် ယံအမတ်ကြီး ... ပြင့် ရေး ... ၀န် ကျ ဦး ... အစစ်ခံစဉ်။ (ဓာတ်ပုံ)



www.burmeseclassic.com

www.burmeseclassic.com


# အခန်း - ၉
## ရေကြည်အိုင်ရောက် ပုဂ္ဂိုလ်တို့အကြောင်း တစေ့တစောင်း

ရေကြည်အိုင်မှာ ချုပ်နှောင်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့အကြောင်း တစ်စေ့တစောင်း ပေါ့လေ။ တစ်ခါတုန်းက ပြောဖူးတုန်းက ဗိုလ်မှူးမောင်လတ်နဲ့ ဗိုလ်မှူးသူရချစ်ခိုင် (လေ) သူတို့အကြောင်း ပြောပြီးပြီ။ နောက်တစ်ကွက်ကျော်ပေါ့။ ကျွန်တော်တို့က နံပါတ် ၃၊ ဗိုလ်မှူးကြီးမျိုးအောင်တို့က နံပါတ် ၅၊ ၇ မှာက ဗိုလ်မှူးမောင်လတ်နဲ့ ဗိုလ်မှူးသူရချစ်ခိုင် (လေ)၊ ၈ မှာ ၂ ယောက်ရှိတယ်။ ၉ မှာက တရုတ်မ စိုးမြင့် စစ်တက္ကသိုလ် အပတ်စဉ် ၇ က၊ နောက်ပြီး ဗိုလ်ကြီးမြင့်သိန်း(Five One မြင့်သိန်း)၊ အတွဲစဉ် အပတ်စဉ် ၈၊ အပတ်စဉ် ၉ နဲ့ ကျောင်းပြီးတယ်။ အပတ်စဉ်(၈)မှာ စာမေးပွဲကျလို့ သူက ထူးခြားချက်က ဘာလဲဆို ရင် စစ်တက္ကသိုလ် အပတ်စဉ် ၈ မှာ တခြားဗိုလ်လောင်းတွေလို ကိုယ့်စားရိတ်ကိုယ် ကုန်ကျစားရိတ်တွေ ခံပြီးတော့မှ တပ်ထဲမှာ ဗိုလ်လောင်းအဖြစ် ခံယူမယ်ဆိုတဲ့ အတွေးနဲ့ သူက စတင်ပြီးတော့ အကောင်အထည်ဖော်တယ်။ အဲ့ဒီမှာ သူက တစ်ယောက်ပေါ့။ သူ့လို လူတွေက ၆ ယောက်လောက် ရှိတယ်။ လူတွေတော့ မမှတ်မိတော့ဘူး။ သူ့အဖေက ဦးချစ် လှိုင် ဆိုတာက ပဲခူးမှာ သစ်စက်နဲ့ ချမ်းသာတယ်။ ဖက်လှန်ရေးကာလမှာလည်း တော်လှန် ရေးမှာ ပါဝင်ခဲ့တဲ့အတွက်ကြောင့်မို့လို့


www.burmeseclassic.com

သူ့ရဲ့ စည်းကမ်းကြောင့်လည်း ပါတယ်။ သူ့ရဲ့ အရည်အချင်းကြောင့်လည်း ပါတယ်။ အဲ့ဒီ ပဲခူးမှာ ချမ်းသာကြွယ်ဝတဲ့ အထဲမှာလည်း ပါတယ်။ ချမ်းသာကြွယ်ဝလို့ မောင်မြင့်သိန်းကို အိန္ဒိယနိုင်ငံ၊ ဒါဂျီလင်ဆိုတဲ့ နာမည်ကြီး ကျောင်းမှာ ပို့ပြီးတော့ ပညာသင်စေတယ်။ နောက်ပြီးတော့ ပညာသင်တဲ့အထဲမှာ ရွှေမန်း တင်မောင် ရဲ့ သားတွေ ညွန့်ဝင်း ပါတယ်၊ ဝင်းဗိုလ်ပါတယ်၊ တချို့ ကျွန်တော် မသိတဲ့သူတွေ လည်း ပါတယ်။ ဒါဂျီလင်ပို့ ပညာသင်ပြီး ပြန်လာ၊ မောင်မြင့်သိန်း ပညာသင်ပြီး ပြန်လာတဲ့ အခါမှာ သူ့ အဖေက အုပ်ချုပ်ရေးနယ်ပယ်ကို မပို့တော့ဘဲနဲ့ စစ်တက္ကသိုလ်ကို တက်ဆို ပြီးတော့ ပို့တာ။ နောက်ပြီးတော့ ဒါဂျီလင်မှာ နေတာကြာတော့ အင်္ဂလိပ်လို ပြောတာကလည်း အင်မတန်တော်တယ်။ အဆင့်မြင့်တယ်။ တခြားဘာသာရပ်တွေလည်း သူတတ်တယ်။ သူညံ့တာက ဗမာစာ၊ စစ်တက္ကသိုလ်ကို ရောက်ကာစ ပထမ တစ်နှစ် နှစ်နှစ်မှာ မြန်မာစာအထူး သင်ပေးရတယ်။ မြန်မာစာသင်တဲ့ ဆရာ၊ ဆရာမတွေကလည်း သူ့ကို အချိန်ပိုပေးရတဲ့အတွက်ကြောင့် မြန်မာလိုတော့ ပြောတတ်တယ်။ ဒါပေမဲ့ မရေးတတ်ဘူး။

စစ်တက္ကသိုလ် အပတ်စဉ် ၉ ဆင်းတဲ့အခါမှာ မြင်းခြံက ခလရ ၅၆ ရောက်တယ်။ အဲ့ဒီအချိန်မှာ ခလရ ၅၆ ရဲ့ စစ်ဆင်ရေးနယ်ပယ်က KIA နဲ့ ရင်ဆိုင်ရတဲ့ ကချင်ပြည်နယ် စစ်ဆင်ရေးမှာ သူ အများကြီးပါခဲ့တယ်ပေါ့လေ။ နောက်ပိုင်း ဗိုလ်ကြီးဖြစ်တဲ့ အချိန်ကျမှ အတွေ့အကြုံ ရင့်လို့ဆိုပြီးတော့ စစ်ရုံးကို ခေါ်ထားတယ်။

အဲ့တရုတ်မ(အပတ်စဉ် (၇) က ဗိုလ်ကြီးစိုးမြင့်)ကျတော့ နှစ်ယောက်စလုံးက လူ တော်လူကောင်း တွေပါ။ ကျောင်းမှာဆိုလည်း ကျောင်းလူ ငယ် ဘောလုံးအသင်းမှာပါတယ်။ စိတ်ကောင်းလည်း ရှိတယ်။ အပေါင်းအသင်းတွေနဲ့ ဆက်ဆံတဲ့အခါမှာလည်း နာမည် တစ်လုံးရှိတယ်။ သူ့အဖေကလည်း တပ်မတော်က ဗိုလ်မှူးတစ်ယောက်ပဲ။ အုန်းမောင် ဆို တာရှိတယ်။ တပ်မတော်မှာ ဒုတပ်ရင်းမှူး အဆင့်ရောက်ပြီးတော့ တော်လှန်ရေးကောင်စီ မတက်ခင်မှာ ဗဟိုလုံခြုံရေးအုပ်ချုပ်မှုကော်မတီ အဲ့ဒီမှာ အရာရှိကြီးတစ်ယောက်ဖြစ်တယ်။


www.burmeseclassic.com

www.burmeseclassic.com



## မျက်မှန်ကြီးကိုယ်တိုင်စစ်

ဗိုလ်ကြီးစိုးမြင့်က အသားဖြူတဲ့အတွက်ကြောင့် တရုတ်မလို့ တွင်ခဲ့တာ။ သူ့ မိန်းမ မတင်တင်လှိုင်နဲ့ကလည်း ညီအစ်ကိုမောင်နှမလိုနေရင်းနဲ့ ကြီးပြင်းလာပြီးတော့မှ အိမ် ထောင်ကြတယ်။ သူတို့မှာ ကလေးမရှိရှာကြဘူး။ ဦးစိုးမြင့်က စိတ်ကောင်းရှိတဲ့အတွက်ကြောင့် ဘယ်သူနဲ့ မဆို ပေါင်းလို့သင်းလို့ရတယ်။ ဒါပေမဲ့ စစ်ရုံးက ထမင်းစားချိန် ရောက်တဲ့အခါမှာ ဗိုလ်စံကြည်က လာလာပြီးတော့ အုန်းကျော်မြင့် အကြောင်းပြောရင်းပြောရင်းနဲ့ သူတို့က ကြားမိတယ်။ ပြောမိကြတယ်ဆိုပါတော့။

စံကြည် တို့ ကိစ္စပေါ်တဲ့အခါမှာ သူတို့ကိုခေါ်ပြီးစစ်ဆေးတော့ သူတို့မကြားဘူး၊ မသိဘူးဆိုပြီးတော့ ဗိုလ်စံကြည် ဘာမှမပြောဘူး၊ ဘာမှ မသိဘူးဆိုပြီးတော့ ဘူးခံကြတယ်။ အဲ့ဒါ သူတို့ကို မျက်မှန်ကြီး ကိုယ်တိုင် စစ်တာ။ ဗိုလ်မှူးကြီးတင်ဦး ကိုယ်တိုင်စစ်တာပေါ့။ သူတို့ကလည်း ဘူးခံနေတော့ စိတ်တွေဆိုးပြီး ရေကြည်အိုင်ကို တောက်လျှောက်ခေါ်သွားတာ။ သို့ သော်လည်းပဲ ဒီနှစ်ယောက်က အုန်းကျော်မြင့် ကိစ္စမှာ မပါဘူးဆိုပြီး သိသွားတာ။ ဒါပေမယ့် သူတို့က သိနေတဲ့အတွက်ကြောင့် သူတို့ အုန်းကျော် မြင့် ကိစ္စကို ဗိုလ်စံကြည်က စစ်ရုံးမှာလာပြီးပြောတဲ့ဟာကို အတည်ပြုတဲ့ အနေနဲ့ သူတို့ကသက်သေပြုတဲ့ သဘောအနေနဲ့ ခေါ်ထားတယ်ပေါ့လေ။

ဗိုလ်ကြီး စိန်သောင်း နဲ့ ဗိုလ်ကြီးအောင်ကြည်ဦး။ ဗိုလ်ကြီးအောင် ကြည်ဦးက အဲ့ဒီတုန်းက ဗိုလ်မှူးကြီးစိန်လွင်(ပြည်ထဲရေးဝန်ကြီး ဖြစ်ပြီထင် ပါရဲ့။ နောက်မှ သမ္မတဖြစ်လာတဲ့ ဗိုလ်မှူးကြီးစိန်လွင်ပေါ့) သူ့ရဲ့ PSO။ ဗိုလ်မှူးကြီးစိန်လွင် က ပြည်ထဲရေးဝန်ကြီး မဖြစ်ခင်က မန္တလေးမှာ နမခ ပေါ့ အနောက်မြောက်တိုင်း။ အခုလို လပခ မဟုတ်သေးဘူး။ နမခ တိုင်းမှူး ဘဝကတည်းက အောင်ကြည်ဦး က တိုင်းမှူးရဲ့ PSO အဖြစ်ရှိနေပြီးတော့ တောက်လျှောက်ပါလာတာ။ စစ်ရုံးမှာ လုပ်လေ့လုပ်ထရှိတဲ့ လုပ်နေကျ လေး လပတ်အစည်းအဝေး ရှိတယ်။ လေးလပတ် အစည်းအဝေးတွေမှာ တိုင်းမှူး တပ်မမှူးတွေက လေးလပတ်ကာလမှာ စစ်ရေးအကြောင်းတွေကို တင်ပြ တယ်။ အစည်းအဝေးက အနည်းဆုံး ၂ရက် (သို့မဟုတ်) ၃ ရက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာတတ်တယ်။ အဲ့ဒီ ကြာတဲ့အခါမှာ တိုင်းမှူး၊ တပ်မမှူးတွေရဲ့ PSO တွေက သူတို့ ဆရာတွေရဲ့ လုပ်ငန်းတွေကို သူတို့က လုပ်ပေးတယ်။

## အပေါင်းအသင်းဆန့်သူ

ရန်ကုန်မှာရှိတဲ့ လုပ်ငန်းတွေ လုပ်တယ်။ ဟိုသွားဒီသွားနဲ့ တိုင်းမှူးတွေရဲ့ လူတွေဆိုတော့ လူ ဝင်ဆန့်တယ်။ အထူးသဖြင့် အဲ့ဒီခေတ်တုန်းက အင်မတန်ရှားပါးတဲ့ ဟောလစ်တို့၊ အိုဗာတင်းတို့၊ နို့ဆီတို့၊ သကြား၊ နို့မှုန့်တို့ဆိုရင် သူတို့ဆရာတွေ အရှိန်ကြောင့် လွယ်လွယ်ကူကူ ရတယ်။ အထည်အလိပ်တွေဆိုလည်း ရှားပါးတဲ့အတွက်ကြောင့် သူတို့တွေရတယ်။ ကုန်သွယ်ရေးမှာ ထူးထူးခြားခြား ပစ္စည်းဆိုရင် သူတို့ မရတာ မရှိဘူး။ သူတို့ ကိုယ်တိုင်သုံးတာလည်း ရှိတယ်။ သူတို့ ဆရာတွေ သုံးတာရှိမယ်။ ပိုတဲ့ဟာတွေကို ရောင်းစားကြတယ်ပေါ့။ ဒါကတော့အဲ့ဒီခေတ်ရဲ့ ထုံးစံပါ။ မှောင်ခို သဘောမျိုးတော့ မဟုတ်ဘူး။ အခွင့်ထူးရတဲ့ သဘောမျိုးနဲ့ ရောင်းစားကြတယ်။

ဒီတော့ တိုင်းမှူးကနေပြီးတော့ ဝန်ကြီးဖြစ်တဲ့ အခါမှာ တောက်လျှောက် PSO ပါလာတာပေါ့။ လေးလပတ် အစည်းအဝေးတွေမှာ ဆုံကြတယ်၊ သွားကြတယ် လာကြတဲ့အခါမှာ များသောအားဖြင့် PSO တွေက (အဲ့ဒီခေတ်က ဗိုလ်ကြီးတွေက) ကျန်တဲ့ ရုံးတို့၊ တပ်မတော်စစ်ရုံးတို့ကို ပို့တဲ့စာတွေကို အခွင့်ထူးရတဲ့ သဘောမျိုး ရှိတယ်။ အခွင့်အရေးတွေလည်း သူတို့ ပိုရတယ်ပေါ့။ သူတို့က ပိုပြီးတော့ ဗဟုသုတ ကြွယ်ဝတယ်။ အုပ်ချုပ်ရေးဌာနအကြောင်းရော တချို့ဝါသနာပါတာတွေ ရှိတယ်။

## လုပ်ကြံမှုကြံစည်ရာမှာ လျှပ်စစ်မီးပိတ်ဖို့ တာဝန်ယူသူ

အောင်ကြည်ဦး တို့ကလည်း အဲ့ဒီအုပ်စုထဲမှာ တစ်အုပ်စုတည်းပဲ။ တော့ အုန်းကျော်မြင့် နဲ့ ပြောဆိုဆက်ဆံဖြစ်တယ်။ အုန်းကျော်မြင့် က

www.burmeseclassic.com

www.burmeseclassic.com


မျက်မှန်ကြီးတင်ဦး နဲ့ ဗိုလ်ချုပ်စန်းယုကို ချချင်တယ်ဆိုရင် သူကလည်း စိန် လိုက်ပေ့ါ။ သူလည်း ပါမယ်ဆိုတော့ ဒါကြောင့်မို့လို့ တကယ်တမ်း မတ်လ ၂၇ ရက်နေ့လုပ်တဲ့အခါမှာ လုပ်ကြံမှုတွေ ကြံစည်တဲ့အခါမှာ အောင် ကြည်ဦး က လျှပ်စစ်မီးပိတ်ပစ်ဖို့အတွက် တာဝန်ယူတဲ့အထိ လုပ်ဖို့အတွက် အုန်းကျော်မြင့်ကို ထောက်ခံခဲ့တာ။

ရေကြည်အိုင်မှာ ထိန်းသိမ်းထားတဲ့ သူတွေအားလုံးနီးပါးဟာ စက် တင်ဘာ လလောက်ကစပြီး တရားရုံးကို ထွက်ပြီး သက်သေထွက်ဆိုရပါတယ်။ ကျွန်တော်တို့ကို အလှည့်ကျမာစဒါဂျစ်တွေနဲ့ခေါ်ပြီး အင်းစိန်သီးသန့်ထောင် နားမှာရှိတဲ့ ခမ္မာရုံကိုပို့၊ အဆောက်အဦးတစ်ခုမှာ ဖွင့်ထားတဲ့ တရားရုံးကို သွားကြရပါတယ်။ တရားရုံးကလည်း တစ်ပတ်မှာဆိုရင် ၅ ရက် စလုံးရှိရင် ၅ ရက်စလုံး သွားကြရတာ။ အဲ့ဒီတုန်းက သက်သေခံတွေ မျက်မှန် ကြီး စီစဉ်တဲ့အတိုင်း ပေါ်ပေါ်ထင်ထင်ပြော၊ ပေါ်ပေါ်ထင်ထင် မှတ်တမ်း တင်၊ ရေဒီယိုကလည်း ကြော်ငြာ၊ သတင်းစာကလည်းကြော်ငြာ ဆိုတော့ ကျွန်တော်ဖတ်တော့မှ အော် ဒီလူတွေက အဲ့ဒီလောက်အထိလုပ်ခဲ့ကြပါလား ဆိုတာ သိရတယ်။

နောက်တစ်ခုက သူတို့ရဲ့ လူမှုရေးလှုပ်ရှားမှုက ကျွန်တော် ဆိုလို့ရှိ ရင် ကျွန်တော်တို့ ကဏ္ဍက ပထမက ကကြည်း တာဝန်မှာ ကာကွယ်ရေး ဦးစီးချုပ်ရုံးကြီးရဲ့ တာဝန်ဌာန၊ အဲ့ဒီနောက်မှာမှ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ရဲ့ စီမံရေးဌာနကို ရောက်တာ အဲ့ဒီကို ရောက်တော့ အလုပ်လုပ်ရတယ်။ ပေးအပ်တဲ့ တာဝန်ပေ့ါ။ တပ်မတော်တစ်ခုလုံးရဲ့ ကိစ္စတွေကို စီမံရေး လုပ် တယ်။ စစ်ဆင်ရေးစီမံ ချက်တွေကို လုပ်တဲ့အခါ အထူးသဖြင့် လူကြီးတွေက မဟာဗျူဟာ ဖော်ထုတ်တယ်၊ နည်းဗျူဟာဖော်ထုတ်တယ်ဆိုရင် ကျွန်တော်တို့ စီပံရေးဌာနကနေပြီးတော့ လိုအပ်တဲ့စာတမ်းတွေ ရေးရတယ်။ အကြံဉာဏ် မေတ္တ ပေးရတယ်။ မြေပြင်ပေါ်ရောက်မှ လူကြီးတွေကို ရှင်းပြရ တယ်။ အဲ့ဒီလို လုပ်ခဲ့ကြရတယ်။ နောက်ထပ် အရေးပေါ်ကာလမျိုးမှာ အလုပ်သမား အရေးအခင်းပေါ်တယ်။ မြစ်ဝကျွန်းပေါ်မှာ ရေကြီးတဲ့အတွက် ကြောင့်မို့ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ရေးဝန်ကြီး အမှုးပြုတဲ့ ကယ်ဆယ်ရေးဌာန ကယ်ဆယ် ရေးအဖွဲ့ အောက်မြန်မာပြည်ကယ်ဆယ်ရေး အဖွဲ့ဖွဲ့ပြီး စစ်ရုံးမှာ တာဝန်ယူ ပြီးတော့ နေ့စဉ်သတင်းပို့ချက်တွေကို Report တင်ပြီးတော့ လူကြီးကို တင်ပြတဲ့ အလုပ်လုပ်တယ်။

## မင်းပျိုမင်းလွင်များ

တကယ်အလုပ်လုပ်ရတာပါ။ ရေကြည်အိုင်ရောက်တော့မှ ကိုဝင်းမောင် ပြောပြလို့ PSO တွေက တိုင်းမှူး၊ တပ်မမှူးတွေ အစည်းအဝေး လုပ်တဲ့ အခါမှာ အပြင်မှာ သွားကြတယ်၊ လာ ကြတယ်၊ ကောင်မလေးတွေနဲ့ တရုန်းရုန်း ဖြစ်ကြတဲ့အခါမှာ ဒီလူတွေကလည်း တကယ့်လူတန်းစား တစ်မျိုး ပါလား ပေါ့။ မင်းပျိုမင်းလွင် တွေပေါ့လေ။ ခေတ်စကားနဲ့ပြောမယ်ဆိုရင် မင်းပျို မင်းလွင် ဆိုတာက ငွေကြေးချောင်လွယ်တယ်။ သွားရေး လာရေး အတွက်ကလည်း ကားတွေ အဆင်သင့်ရှိတယ်။ လူကြီးတွေကလည်း သူတို့ကို အရေးပေးတယ်ဆိုတော့ PSO တွေ ၂၀ ၊ ၃၀ လောက်ရှိတဲ့ အုပ်စုပေါ့။ ဒါဟာ တကယ့်ကို တပ်မတော်ဗိုလ်ကြီးတွေရဲ့ အလွှာမှာ အင်မတန်ကို အခွင့်အထူးရတဲ့ ပုဂ္ဂိုလ်တွေရယ်လို့ ကျွန်တော် ရေကြည် အိုင်ရောက်တော့မှပဲ အဲ့ဒီလို အမြင်ပေါက်လာတော့တယ်။

အဲ့ဒါကတော့ ဗိုလ်ကြီးအောင်ကြည်ဦး နဲ့ ဗိုလ်ကြီးစိန်သောင်း။ တစ် ကွက်ကျော်ကြတော့ ဗိုလ်ကြီးဟန်ဇော်နဲ့ ဗိုလ်ကြီးရဲဦး။ ဗိုလ်ကြီးရဲဦး က တော့ ကျွန်တော် အရင်ပြောခဲ့သလိုပေါ့။ ကျွန်တော် ရေကြည်အိုင် ရောက်တဲ့ အခါမှာ ထောင်နံရံမှာရှိတဲ့ အပြင်အိမ်မှာထားတယ်။ ဆိုလိုတာက အိမ်နား မှာရှိတဲ့ အိမ်တစ်လုံးမှာ ထားတယ်ဆိုတော့ ဒီလူဟာ ဘာမှအရေးပါတဲ့ လူ မဟုတ်ဘူး။ အမှုအရ အရေးပါတဲ့ လူမဟုတ်ဘူး။ ဘာမှ ထိထိရောက်ရောက် ကူညီတာ မရှိဘူး။ အုန်းကျော်မြင့် က တင့်ကား တွေလာပြီး စုံစမ်းတဲ့ ကိစ္စကို လူကြီးတွေကို သတင်းမပို့ဘဲနဲ့ သူငယ်ချင်းအချင်းချင်း ဆက်ဆံရေးရှိ အဲ့ဒီတင့်ကားတွေရဲ့ အနေအထား၊ တင့်ကားတွေဟာ ကာကွယ်ရေးဦးစီး ချုပ်ကြီးရဲ့ အမိန့်မရရင် ဘာမှမလုပ်ရဘူးဆိုတဲ့ အကြောင်းတွေ အဲ့ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မတ်လ ၂၇ ရက်နေ့မှာ ကိုရဲဦးကို အသုံးချလို့ မရသော်လည်းပဲ အုန်းကျော်မြင့်က အသုံးချချင်တယ်၊ အသုံးချဖို့အတွက်လည်း စီစဉ်တယ်။ အုန်းကျော်မြင့် အကြံဟာ အတော်ကြီး ပါလားဆိုတာကို ပေါ်လွင်အောင် ကိုရဲဦး ကို သက်သေအဖြစ် ခေါ်ထားတယ်။

## စစ်တပ်သံသရာ

၁၉၆၅ခုနှစ်မှာ ထင်ပါရဲ့။ ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံးက တပ်ရင်း လိုက် ပြန်လည်လေ့ကျင့်ရေး၊ တိုက်ကြီးမြို့နယ်ထဲက ဂျိုးဖြူမှာ သင်တန်း ကျောင်း ရှိတယ်။ အဲ့ဒီ သင်တန်းကျောင်းမှာ တပ်ရင်းတစ်ရင်းလုံးပေါ့၊ အရာရှိကလည်း အရာရှိပီပီ တပ်ရင်းတစ်ရင်းလုံးက သင်တန်းတက်ရတယ်။ အဲ့ဒီအချိန်မှာ ဗိုလ်ဟန်ဇော်က အပတ်စဉ် ၃၂ ကနေပြီးတော့ ဆင်း၊ ကျွန်တော် တို့တပ်ကို ရောက်လာတယ်။ သူကကျွန်တော့်တပ်ခွဲမှာတပ်စုမှူး၊ ကျွန်တော်က တပ်ခွဲမှူး အဲ့ဒီလို အဆက်အစပ် ရှိတယ်။ အဲ့ဒီလိုနေရင်းနဲ့ ဂျိုးဖြူမှာ သင် တန်းတက်ရင်းနဲ့ တစ်လမပြည့်ခင်မှာ သူနဲ့ ခင်မင်ရင်းနှီးတဲ့ အဆင့်ရောက် သွားတာပေ့ါ။ ကိုဟန်ဇော် က ပြောရင်လည်း ရည်ရည်မွန်မွန်ပဲ။ ပြီးတော့ ဆင်ပေါင် ဝဲဇာတိ၊ အသားလည်း ညိုသော်လည်းပဲ မွန်ရည်တဲ့ ရုပ်ရည်ရှိတယ်။ ပြီးတော့ သွက်လက်ချက်ချာတယ်။ စိတ်ကောင်းရှိတယ်။ ပြီးတော့ သူ့အရည် အချင်းတွေကို ကျွန်တော် သတိထားမိတယ်။သင်တန်း ကာလ တစ်လမပြည့် ခင်မှာ သူတို့ တစ်သုတ်လုံးပေ့ါ။ သူတို့အပတ်စဉ်၃၂ အကုန်လုံးပြောင်းသွားပြီး တော့ အပတ်စဉ် ၃၄ ကျောင်းဆင်းအရာရှိတွေ ရောက်လာတယ်။

## အပတ်စဉ် ၃၄ ရဲ့ထူးခြားချက်

တပ်မတော်မှာ အပတ်စဉ် ၃၄ ရဲ့ ထူးခြားချက်တွေက ဘာတွေ လည်းဆိုတော့ တပ်မတော်မှာရှိတဲ့ တပ်ကြပ်တွေ၊ တပ်ကြပ်ကြီးတွေ အရာခံ ဗိုလ်တွေကိုမှ OTS ကို ပို့ပြီးတော့မှ အရာရှိ ဖြစ်လာတာ။ တပ်မတော်တစ်ခု လုံးမှာ သူတို့ တော်တော်အင်အား များပါတယ်။ ကျွန်တော်တို့ တပ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com


အဲ့ဒီလိုပဲ အပတ်စဉ် ၃၄ အရာရှိတွေ ၈ ယောက်၊ ၉ ယောက်လောက်ရောက်လာတဲ့အခါမှာ ကျွန်တော့်တပ်ခွဲမှာလည်း တပ်ကြပ်က ဗိုလ်ဖြစ်တဲ့လူတွေပါတယ်။ တပ်ကြပ်ကြီးက ဗိုလ်ဖြစ်တဲ့ လူတွေပါတယ်။ သူတို့က အရာခံဗိုလ်က ဗိုလ်ဖြစ်တဲ့ လူတွေပါတယ်။

ကျွန်တော်တို့ တပ်ရင်း ၅ ကလည်း ဂျိုးဖြူသင်တန်းပြီးတဲ့အခါမှာ ပဲခူးရိုးမကို စစ်ဆင်ရေးဝင်တယ်။ အဲဒီစစ်ဆင်ရာ မှာ တပ်ရင်း ၃ ရင်း၊ ကျွန်တော့်တပ်ရင်းရယ်၊ ခမရ ၁၀၆ရယ်၊ ခလရ ၁၃ရယ်။ အဲ့ဒီတုန်းက ခလရ ၁၃က မှော်ဘီမှာ ခမရ ၁၀၆ က ခရေပင်လမ်းဆုံမှာ အဲ့ဒီ စစ်ဆင်ရေးဝင်တဲ့ အခါမှာ ကိုဟန်ဇော် ကလည်း တပ်မ ၁၀၆ မှာဆိုတော့ သူနဲ့တစ်ခါ ပြန်တွေ့ရတာပေါ့။ သူနဲ့ ၁၀၆ က အရာရှိတွေမှာ အပတ်စဉ် ၈ က ဗိုလ်ကြီးမြင့်မောင် ပါမယ်။ အုန်းကျော်မြင့် ပါတယ်။ ကျော်ရှိန် ပါတယ်။ အပတ်စဉ် ၂၉၊ ဗိုလ်ဟန်ဇော်၊ ကိုကိုကြီး တို့ ပါတယ်။

ကျွန်တော်က တပ်ရင်း ၅ မှာ တပ်ခွဲမှူး စစ်ကြောင်းတွေ ဝင်တဲ့ အခါမှာ ကျွန်တော်က စစ်ကြောင်း ၂ မှာ၊ ပထမက တပ်ရင်းမှူး ခေါင်းဆောင်တဲ့ စစ်ကြောင်း ၁။ နောက်တော့ တပ်ရင်းမှူးက တခြားနေရာရောက်သွားတဲ့အခါကျတော့ စစ်ကြောင်း၂၊ စစ်ကြောင်းမှူးက ဗိုလ်ကြီးထွန်းရီ ပေါ့။ ဗိုလ်ကြီးထွန်းရီ က နောက်ပိုင်း ကွမ်းလုံတိုက်ပွဲမှာ နိုင်လိုက်ပြီး နာမည်ကြီးလို့ နပိုလီယံ လို့ ခေါ်ကြတာလေ။ အတိုက်အခိုက် တော်တယ်။ အဲ့ဒီနောက်မှာ ဒုတိယဗိုလ်ချုပ်ကြီး ဖြစ်ခဲ့တယ်။ အဲ့ဒီတုန်းက တော့ ဗိုလ်ကြီး(ဗိုလ်မှူး) ပေါ့လေ။ သူကတော့ ကျွန်တော်စစ်တက္ကသိုလ်မှာ တက်တုန်းကလည်း ကျွန်တော့် တပ်ခွဲမှူးဆိုတော့ ကျွန်တော့်ရဲ့ နှစ်ထပ်ကွမ်းဆရာပေါ့။ အဲ့ဒီတော့ ကျွန် တော်လည်း ကိုဟန်ဇော် နဲ့ ပတ်သက်ပြီးတော့ ရောက်တတ်ရာရာ ရှင်းပြရင်း နဲ့ ကိုဟန်ဇော် က ၁၀၆ ရောက်ပြီးတော့ နောက်မှ တပ်ရင်းမှူးက ဗိုလ်မှူး ကြီးလှဖေ ဆိုတော့ ဗိုလ်မှူးကြီးလှဖေ က ဗျူဟာမှူးဖြစ်တုန်းက ကိုဟန်ဇော် ကို PSO ခေါ်လိုက်တယ်။ ဗျူဟာမှူး ကနေ မြောက်ပိုင်းတိုင်း တိုင်းမှူး ဖြစ်တဲ့ အခါမှာ ကိုဟန်ဇော် က တိုင်းမှူးရဲ့ PSO လေးလပတ်အစည်းအဝေး လုပ်တဲ့အခါမှာ ထုံးစံအတိုင်း အုန်းကျော်မြင့်က သူ့ရဲ့ စီနီယာဖြစ်တဲ့အခါကျတော့ သူ့ရဲ့အစီအစဉ်တွေကို ပြောပြတဲ့အခါမှာ သူလည်း ပါမယ်ပေါ့။ လူငယ် စကားပြောရရင်တော့ စိန်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



ကြာသလားလို့ပေါ့။ အပေါင်း အသင်းကောင်းရင် လိုက်ရတယ်ဆိုတဲ့ပုံစံမျိုးနဲ့ အုန်းကျော်မြင့် အစီအစဉ်ကို သဘောတူတယ်ပေါ့။

ကိုကျော်ရှိန်က အပတ်စဉ် ၂၉ က ရိုးတယ်၊ အေးတယ်။ တစ်ခါတလေကျ ရိုးတဲ့အဆင့်ထက် အတဲ့အဆင့်ထိတောင် ရောက်သွားတယ်။ ဒါကြောင့်မို့လို့ အုန်းကျော်မြင့်က နေပြီးတော့ အိမ်တော်မှာ မတ်လ ၂၇ ရက်နေ့ လုပ်ကြံမှုအတွက် ၁၀၆ က တပ်အင်အားထုတ်လို့ရမလားဆိုပြီးမေးတော့ သူကိုယ်တိုင် အလုံလမ်းကအိမ်တော်ကိုတောင်မှ ကားနဲ့ပတ်ပြီး လေ့လာတဲ့ အဆင့်ထိ လုပ်ခဲ့ဖူးတယ်။

ခုနတုန်းက ကိုသန့်ဇင်မြိုင် နဲ့ ကိုရဲဦး၊ ကိုဟန်ဇော် နဲ့ ကိုကျော်ရှိန်း၊ ကိုစိန်သောင်း နဲ့ ကိုအောင်ကြည်ဦးတို့ အကြောင်းရေးခဲ့ပြီးပြီ။ သန့်ဇင်မြိုင်က အပတ်စဉ် ၁၁ က စာပေထူး ချွန်ဆုလည်းရတယ်။ သူက ခလရ ၃၅ ရောက်တယ်။ ရောက်တော့ ကျွန်တော်တို့ နာယကကြီး ဦးတင်ဦးက ဒုချုပ်ပေါ့။

## ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတင်ဦး PSO

ကာကွယ်ရေးဦးစီးချုပ်ဖြစ်တဲ့ အခါမှာ PSO အနေနဲ့ကလည်း ကိုစံကြည် ကို ရွေးတယ်။ အဲ့ဒီတုန်းက ဗိုလ်စံကြည် က DSA သမိုင်းဌာနမှာ ကျောင်းဆရာပြန်လုပ်နေတာ စစ်ရုံးက လူကြီးတွေ ရွေးလို့ PSO ဖြစ်လာပြီးတော့ ရုံးဝန်ထမ်းအနေနဲ့ ရုံးမှာ ကြီးကြပ်ဖို့ လူလိုတယ် ဖွဲ့စည်းပုံအရ လိုအပ်တဲ့အခါမှာ သန့်ဇင်မြိုင် ကို ရွေး လိုက်တယ်။ သန့်ဇင်မြိုင်ရော၊ စံကြည် ရောက စံကြည်က အပတ်စဉ် ၈ မှာ ဝိဇ္ဇာပညာရပ်နဲ့ ပတ်သက်လို့ ရွှေတံဆိပ်ဆု ရခဲ့တယ်။ သန့်ဇင်မြိုင်က ကျတော့ အပတ်စဉ် ၁၁ မှာ သိပ္ပံပညာနဲ့ ပတ်သက်တဲ့ ရွှေတံဆိပ်ဆု ရခဲ့တယ်။ တော်တယ်၊ ထက်တယ်။ အင်္ဂလိပ်စကားပြော ကောင်းတယ်။ စံကြည်ကတော့ တပ်ကုန်းဇာတိ အညာသား ပီပီရိုးတယ်။ ဖြောင့်တယ်။ ဉာဏ်ထက်မြက်တယ်။ သန့်ဇင်မြိုင်က ရန်ကုန်ဇာတိ၊ သူ့အဖေကအရင်တုန်းက စသုံးလုံးမှာ ရဲမှူးကြီး အထိ တာဝန်ထမ်း ဆောင်ခဲ့ဖူး ဟန်တူပါတယ်။ ရာထူးတွေလည်း မမှတ်မိ တော့ပါဘူး။ နောက်ပိုင်းကျတော့ သူ့မိသားစုနဲ့ ကျွန်တော် ခင်တဲ့ အဆင့်ထိ ရောက်သွားတယ်။ နောက်တော့ သန့်ဇင်မြိုင်က ဗိုလ်ချုပ်ကြီးတင် ဦးရဲ့ ရုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ရုံးလုပ်ငန်းတွေ လုပ်ဖို့ဆိုပြီး ခေါ်ထားတာ ခေါ်တဲ့အခါမှာ ဗိုလ်ချုပ်ကြီးတင်ဦး လည်း ပြုတ်ရော ဗိုလ်စံကြည် နဲ့ အုန်းကျော်မြင့်ပေါင်းတဲ့အခါမှာ သန့်ဇင် လည်း တက်တက်ကြွကြွနဲ့ ဆွေးနွေးမှုတွေ ရှိတယ်။ အဲ့ဒီကဏ္ဍကြောင့် သူ့ကို ခေါ်ထားတာပေါ့။

နောက်မှ သိရတာက ကျွန်တော်တို့ဆီမှာ မထားဘဲနဲ့ အပြင်က အိမ် တွေမှာထားတဲ့ နှစ်ယောက်က ဗိုလ်ကြီးထွန်းကျော်နဲ့ ဗိုလ်ကြီးစံကြည်။ ဗိုလ် ကြီးထွန်းကျော် အကြောင်းလည်း ပြောသင့်သလောက် ပြောခဲ့ပြီးပြီ။ သူက အရပ်ထောင်ထောင် မောင်းမောင်းနဲ့ သတ္တိကောင်းတယ်။ ဗ. က. ပ တိုက်ပွဲ တွေမှာ ဆိုလည်း အကြိမ်ကြိမ် ရှုံးခဲ့၊ ထွက်ပြေးရတဲ့ တိုက်ပွဲတွေနဲ့လည်း ကြုံခဲ့သလို နိုင်တဲ့တိုက်ပွဲတွေနဲ့လည်း ကြုံတွေ့ခဲ့ရတယ်။ သူက စစ်သွေး စစ် ရည်ဝပြီးတော့ စစ်ဆင်ရေးတိုင်းမှာယုံကြည်ကိုးစားပြီး တကယ်အားကိုး ထိုက် တဲ့ အရာရှိတစ်ယောက် ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ သူကလည်း ၁၀၆ ကိုး။

ပြီးတော့ ဗိုလ်မှူးကြီးလှဖေ နဲ့ ဗိုလ်မှူးကြီးမျိုးအောင် တို့ တပ်ရင်း မှူး မဖြစ်ခင် ဗိုလ်ထွန်းကျော် တို့ အရာရှိဖြစ်တဲ့အချိန်မှာ တပ်ရင်းမှူး က ဗိုလ်မှူးကြီးနုတ်ခမ်းပဲ့စိန်ရ နောက်မှ ပို့/ဆက် ဝန်ကြီးဖြစ် လာတဲ့ ပုဂ္ဂိုလ်။ အဲ့ဒီဗိုလ်မှူးကြီးစိန်ရ လက်ထဲမှာ ၁၀၆ က အကြီးအကျယ်တိုက် ပွဲ တွေ ဖြစ်ခဲ့တယ်။ တချို့တိုက်ပွဲတွေဆိုရင် တပ်လုံးပျောက်တဲ့ တိုက်ပွဲတွေရှိ တယ်။ တချို့ တိုက်ပွဲတွေ နိုင်တာတွေ ရှိတယ်။ အဲ့ဒီအချိန်မှာ ဗိုလ်ထွန်းကျော် က တိုက်ပွဲအလီလီ ဆင်နွှဲပြီးတော့မှ နာမည်ရလာတဲ့ပုဂ္ဂိုလ်။ စီနီယာဖြစ်လာ တဲ့အခါမှာ ထုံးစံအတိုင်း အရာရှိတွေကို နေရာရွှေ့တာတို့ ကောင်းတဲ့နေရာ ရွှေ့တဲ့အခါမှာ ဗိုလ်ထွန်းကျော်က ဘယ်နေရာကို ရောက်လဲဆိုတော့ ကက (ထူး)လို့ ခေါ်တဲ့ စစ်ရာထူးခန့်ရုံးရောက်တယ်။ စစ်ဦးစီးအရာရှိ(တတိယ တန်း)ပေါ့။

## လုပ်ကြံမှုစီမံချက် တာဝန်ခွဲဝေ

ရောက်တဲ့အခါမှာ ကိုအုန်းကျော်မြင့် ကလည်း ဒု/ချုပ် နဲ့ PSO ဆိုတော့ သူတို့နှစ်ယောက်ပြန်တွဲမိတယ်။ သူ့မှာ ကိုထွန်းကျော်ကို အရပ်၊





www.burmeseclassic.com

www.burmeseclassic.com


အထင်ကြီးတယ်။ ဘာကြောင့်လဲဆိုတော့ တိုက်ရည်ခိုက်ရည်လည်း ကောင်းတယ်။ အကြံဉာဏ်လည်း ကောင်းတယ်။ ဒါကြောင့်မို့လို့ အုန်းကျော်မြင့် က ကိုထွန်းကျော် ကို တာဝန်ပေးတာ။ မတ်လ ၂၇ ရက်နေ့မှာ ကိုထွန်းကျော်က ဘယ်သူ့ကို တာဝန်ယူပြီး တော့ လုပ်ကြံရမယ်။ ဝင်းသိန်း က ဘယ်သူ့ကို တာဝန်ယူပြီးတော့ လုပ်ကြံရ မယ်။ ဓားဘချစ် လို့ခေါ်တဲ့ ဘချစ်က ဗိုလ်မှူးကြီးသန်းတင်ရဲ့ PSO ၊ ဘယ်သူ့ကို တာဝန်ယူပြီး လုပ်ကြံရမယ်။ အဲဒါမျိုးတွေ အသီးသီး တာဝန် ပေးပြီးတော့ အုန်းကျော်မြင့်ကလည်း သူကတော့ ဘယ်သူ့ကို တာဝန်ယူထား လည်းဆိုတာ မေ့တော့မေ့သွားပြီ။ ဗိုလ်မှူးကြီးတင်ဦးကို လုပ်ကြံဖို့လား၊ ဗိုလ်ချုပ်ကြီးစန်းယုကို လုပ်ကြံဖို့လား။ သူ တာဝန်ယူထားတယ်။ သူတို့ရဲ့ စီမံချက်ပေါ့။ တကယ်တော့ သူတို့ ဘာမှမလုပ် ဖြစ်တော့ဘဲနဲ့ လေထဲမှာ တင်ပျောက်သွားကြတာပါ။

## လုပ်ကြံမှုစီမံချက် တာဝန်ခွဲဝေ

တပ်မတော်ကို တပ်မတော် ပီပီသသအနေနဲ့ မဟုတ်ဘဲ နိုင်ငံရေးမှာ အသုံးချတဲ့အခါမှာ တော်လှန်ရေးကောင်စီ တက်ကတည်းက တပ်မတော်ဟာ ဆိုရှယ်လစ်စနစ်ကို ကာကွယ်တဲ့တပ်မတော် အဖြစ်နဲ့ နိုင်ငံရေးဇာတ်သွင်းခဲ့တယ်။ ဦးနေဝင်း က အခါအားလျော်စွာ အာဏာကစားတဲ့အခါ ကျွန်တော်တို့ နာယကကြီးဖြစ်တဲ့ ဗိုလ်ချုပ်ကြီးတင်ဦး ကလည်း ကစားခံရတဲ့အခါမှာ ပါသွားတာပေါ့။ ဒါတွေက နိုင်ငံရေးဇာတ်သွင်းတဲ့ တပ်မတော်ဖြစ်တဲ့အတွက်ကြောင့် ဒီလိုကိစ္စတွေ ဖြစ်လာတယ်လို့ ဆင်ခြင်မိပါတယ်။ အရာရှိတွေမှာလည်း စဉ်းစားဉာဏ် ရှိတဲ့အခါကျတော့ မှားမှားမှန်မှန် တုံ့ပြန်မှုတွေ၊ တရားတာ မတရားတာတွေကို တုံ့ပြန်မှုတွေကြောင့် ပေါက်ဖွားလာတဲ့ ဇာတ်လမ်းတစ်ခုလို့ ယူဆပါတယ်။

နောက်တော့ ဗိုလ်ကြီးထွန်းကျော်က အုန်းကျော်မြင့်ကိစ္စနဲ့ ဖမ်းလိုက်တဲ့အခါမှာ ရိုးဖြောင့်တဲ့လူဖြစ်တဲ့အတွက်ကြောင့် လုပ်တာ မှားမှန်းလည်း သိတယ်။ တစ်ခွန်းမှ လိမ်လည်ခြင်းလည်း မရှိဘူး။ ဝေ့လည်ကြောင်ပတ်လည်း မပြောဘူး ပွင့်ပွင့်လင်းလင်းနဲ့ တည့်တိုးပြောတယ်။ ဟုတ်တယ်၊ မှန်တယ် ဒီ

www.burmeseclassic.com

www.burmeseclassic.com


အလုပ်ကို လုပ်တယ်။ မတ်လ ၂၇ရက်နေ့ မင်း ဘာလို့မသွား လည်းဆိုတော့ သူကတော့ စစ်သားပီပီ ပေါ့။ အုန်းကျော်မြင့်ရဲ့အစီအစဉ်ဟာ ဘယ်လိုနည်းနဲ့မှ အကောင်အထည်ပေါ်ဖို့ မဖြစ်နိုင်ဘူး။ ရုတ်ရုတ်သဲသဲ ဖြစ်ရုံကလွဲလို့ အောင်မြင်မှာ မဟုတ်ဘူး။ သူကိုယ်တိုင်ကလည်း မပါချင်ဘူး ဒါကြောင့်မို့လို့ မတ်လ ၂၇ ရက်နေ့ သူထမင်းစားပွဲကို မတက်ဘူးလို့ ဆိုခဲ့ပါတယ်။

အဲ့ဒီအဖြေပေါ်တဲ့ အခါမှာ မျက်မှန်ကြီးက အဲ့ဒီထွက်ချက်ကို မူ တည်ပြီးမှ စစ်ဘက်ဥပဒေ၊ ပြီးတော့ အပြင်က ရှေ့နေချုပ်ရုံးတွေနဲ့ တိုင်ပင်တဲ့ အခါကျတော့ သူ့ကို အသုံးချခြင်းဖြင့် ဝင်းသိန်း တို့၊ အုန်းကျော်မြင့် တို့က ဘယ်လိုပဲရှောင်လွှဲလို့ လွတ်ပြီးတော့ တရားရုံးမှာ ထွက်ဆိုသည်ဖြစ်စေ။ ထွန်းကျော် ရဲ့ ထွက်ဆိုမှုနဲ့ သူတို့နှစ်ယောက်က ငြိနိုင်တယ်၊ လုံးဝ သေချာ ပေါက်ငြိမယ်ဆိုတဲ့ သဘောနဲ့ ဗိုလ်ကြီးထွန်းကျော်ကို အစိုးရသက်သေနဲ့ထား တာ။

အရင်က အလားတူ ဗိုလ်ကြီးစံကြည် ကို အစိုးရသက်သေအဖြစ် ထွက် ဆို ချက်ထားတာ။ အုန်းကျော်မြင့် နဲ့ ဗိုလ်ချုပ်ကြီးတင်ဦး တို့ကို တရားစွဲ ဆိုရာမှာ စံကြည်ရဲ့ ထွက်ဆိုချက်ကြောင့် ဗိုလ်ချုပ်ကြီးတင်ဦး၊ အပေါ်မှာ လုံးဝငြိ ပြီးတော့မှ ငြင်းလို့မရတဲ့ သက်သေဖြစ်သွားတာကြောင့် ရှေ့နေချုပ် ရုံးနဲ့ မျက်မှန်ကြီးတို့ရဲ့ ဆုံးဖြတ်ချက်ကြောင့် စံကြည်နဲ့ထွန်းကျော်က အစိုးရသက်သေဖြစ်လာတာ။ စံကြည်နဲ့ ထွန်းကျော် တို့ရဲ့ ကံလည်း ပါမှာ ပေါ့လေ။

## ရေကြည်အိုင်မှ နိစ္စဓမ္မ

အဲ့ဒီတော့ ရေကြည်အိုင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေအကြောင်းလည်း စုံ သွားပြီ။ ရေကြည်အိုင်မှာနေတဲ့ နိစ္စဓမ္မအကြောင်းလေးလည်း စိတ်ဝင်စား ရာကောင်းတဲ့ အချက်လေးတွေလည်း ပြောပြချင်တယ်။ ပြီးတော့ ဘယ်သူ တွေကိုတရားခံအဖြစ်၊ ဘယ်သူတွေကို သက်သေအဖြစ် နဲ့ သတ်မှတ်မယ်ဆို တာကို ထောက်လှမ်းရေး ဗိုလ်မှူးကြီးတင်ဦး နဲ့ ရှေ့နေချုပ်ရုံးက အရာရှိတွေ တိုင်ပင်ပြီးတော့ ဆွေးနွေးကြပါတယ်။ နောက်တော့ တရားခံအဖြစ်နဲ့ သတ်


www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားတာက ဗိုလ်ကြီး အုန်းကျော်မြင့် နဲ့ ဗိုလ်ကြီးဝင်းသိန်း။ နောက်ပြီးတော့ ကြံရာပါတွေအဖြစ်နဲ့ သတ်မှတ်ခံထားရတာက ဗိုလ်ချုပ်ကြီးတင်ဦး၊ ဗိုလ်မှူးကြီးလှဖေ အရာရှိကြီးနှစ်ယောက်ပေါ့။ ကျန်တာတွေကတော့ ဗိုလ်မှူးစိန်မြင့်၊ ဗိုလ်ကြီးဘချစ်၊ ကျွန်တော် မှတ်မိသလောက်ကတော့ ဒီလောက်ပဲ။ အုန်းကျော်မြင့်ရယ်၊ ဝင်းသိန်းရယ်၊ ဗိုလ်ချုပ်ကြီးတင်ဦးရယ်၊ ဗိုလ်မှူးကြီးလှဖေရယ်၊ ဗိုလ်မှူးစိန်မြင့်ရယ်၊ မားဘချစ်ရယ်ပေါ့။ အားလုံးစုစုပေါင်း (၆) ယောက်။ မတ်လ ၂၇ ရက်နေ့မှာ လုပ်ကြံတာ မအောင်မြင်တော့ မတ်လ ၂၈ ရက်နေ့ကျတော့ အားလုံးအေးဆေးနေကြ ဘာမှမလုပ်ကြနဲ့၊ တစ်ချိန်မှာ ပြန်ပြီး ဆုံပြီးတော့မှ အခွင့်အရေး ပေါ်ရင် ထပ်လုပ်ကြမယ်။ အခုတော့ ဒီစိတ်ဓာတ်ကို ထိန်းသိမ်းကြလို့မှာပြီးတော့ ခေတ္တနားကြတဲ့ သဘောပေါ့။ အဲ့ဒါတွေက ပြီးသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



# တိုင်းပြည်အတွက် အနစ်နာခံပြီး တပ်မတော်တည်ထောင်ခဲ့သူ

# ခေါင်းဆောင်ကြီးများအား လုပ်ကြံမှုမပြုသင့်

## အင်းစိန် တရားသူကြီးအဖွဲ့တွင် ဗိုလ်ကြီးဝင်းသိန်း ဖြောင့်ဆိုချက်ပေး



www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၁၀

## ပြီးသွားပေမဲ့ မပြီးသေးသောသူ

မတ်လ ၂၈ ရက်နေ့မှာတော့ ဗိုလ်ကြီးအုန်းကျော်မြင့် ကတော့ ပြီးသွားပြီလို့ ပြောခဲ့ပေမယ့် မပြီးသေးတာက ဗိုလ်ကြီးဝင်းသိန်း ပါ။ မပြီးသေးသော ဗိုလ်ကြီးဝင်းသိန်း က အပတ်စဉ် ၃၁ ထင်ပါရဲ့။ အဲ့ဒီမှာ အရာရှိဖြစ်တာ သူ အရာရှိဖြစ်တာကလည်း အရာရှိတွေ အရမ်းလိုချင်နေတဲ့ အခါကျတော့ ဥပမာ အသက်ကအား ဖြင့် ၃၀ အထိ ဗိုလ်လောင်းလျှောက်ခွင့် ရှိတယ်။ အိမ်ထောင်ရှိရင်လည်း လျှောက်ခွင့်ရှိတယ်။ မျက်မှန်ပါရင်လည်း လျှောက်ခွင့်ရှိတယ်။ အဲ့ဒီလို လျှော့ပေးတဲ့အခါ မှာ OTT(Officer Testing Team) လို့ခေါ်တဲ့ အရာရှိငယ်ဖြစ် သင့်မဖြစ်သင့်စမ်းသပ်တဲ့ စမ်းသပ်စစ် ဆေးတဲ့တပ်။ အဲဒီတပ်က စိတ်ကျန်းမာ ရေးနဲ့ပတ်သက်လည်း သေချာစစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com


ပေးတယ်။ ရည်ရွယ်ချက်ကတော့ အဲ့ဒီပုဂ္ဂိုလ်တွေက အရာရှိဖြစ်လာခဲ့လို့ရှိရင် စစ်မြေပြင်မှာရှိတဲ့ ဖိအားကို ခံနိုင်ရည်ရှိ အောင်ဆိုပြီးတော့ စမ်းသပ်တာ။ သူ ၆၄ မှာ အရာရှိငယ်တွေ လျော့ပါးသွားတဲ့ အတွက်ကြောင့် အရာရှိငယ်တွေ မွေးရမယ်ဆိုတဲ့ သဘောနဲ့ OTS တက်ခွင့် လူငယ်တွေကို အများကြီးလျော့ ပေးတဲ့ အခါမှာ စိတ်ပညာနဲ့ သေချာစစ်ရင် ကျနိုင်လောက်တဲ့ လူတွေ အများ ကြီးပါလာပါတယ်။

ကျွန်တော်ထင်တယ် ဗိုလ်ကြီးဝင်းသိန်း လျှောက်တဲ့ OTT အဖွဲ့မှာ စိတ်ပညာဆရာဝန်က သေချာစစ်ရင် ဒီလိုမျိုး ပါလာစရာအကြောင်း မရှိဘူး။ ဘာကြောင့်လည်းဆိုတော့ ဗိုလ်ဝင်းသိန်း ကို တက္ကသိုလ်ကျောင်းသားဘဝမှာက တည်းကနာမည်ကြီး။ စနေ၊ တနင်္ဂနွေဆိုရင် သူ့အခန်းမှာ ဖဲဝိုင်း ရှိတယ်။ တစ်ခါတစ်လေကျရင် အဆောင်မှူးကနေပြီး ခေါ်ရှင်းရတာတွေ ရှိတယ်။ နောက်တစ်ခုက တပ်ရောက်တဲ့အခါမှာ ခလရ ၂ ကနေ တပ်စုမှူး သင်တန်း တက်ဖို့သွားတဲ့အခါမှာ ဗထူး တိုက်ခိုက်ရေးကျောင်းမှာ သူ့အခန်းမှာလုပ်တဲ့ ဖဲဝိုင်းမှာ ရန်ဖြစ်လို့ သူ့ကို တပ်ပြန်ပို့ခံရတယ်။ RTU လို့ ခေါ်ပါတယ်။

အလားတူပဲ ရာထူးကြီးလာတဲ့အခါမှာ မေမြို့ အ. အ. က (အုပ်ချုပ်မှု အတတ်သင်ပညာသင်ကျောင်း) တပ်မှာ တပ်ထောက် ဗိုလ်ကြီးသင်တန်းတက် တယ်။ အလားတူပဲ ဖဲဝိုင်းထောင်တယ်၊ ရန်ဖြစ်တယ်၊ တပ်ကို ပြန်ပို့ခံရတယ်။ တပ်ပြန်ပို့ခံရတာကို RTU(Return to Unit)လို့ခေါ်ပါတယ်။အဲ့ဒီပြန်ပို့ခံ ရတဲ့ မှတ်တမ်းတွေက စစ်ရာထူးခန့်ရုံးမှာ အကုန်ရှိတယ်။ အရာရှိရဲ့ စစ်တမ်း မှာ ကောင်းရင်ကောင်းသလို၊ မကောင်းရင် မကောင်းသလို မှတ်တမ်းတင်ရ တယ်။ အဲ့ဒီတော့ ဗိုလ်မှူးကြီးမင်းခေါင် က ခလရ ၂ မှာ တပ်ရင်းမှူးဖြစ်တဲ့အခါ မှာ ကိုဝင်းသိန်း ရဲ့ သွက်လက်ချက်ချာမှုကို သတိထားပြီးတော့ အတည်ပြုပြီး တဲ့အခါမှာ သူ့ရဲ့ IOခန့်ခဲ့တယ်။ သူက ဗိုလ်မှူးကြီးမင်းခေါင် ရဲ့ မိသားစု ကိစ္စတွေကိုပါ ဆောင်ရွက်ပေးရတဲ့အခါကျတော့ နာမည်ရလာတယ်။ အဲ့ဒီ တော့ ဗိုလ်မှူးကြီးမင်းခေါင် က ဗျူဟာမှူးဖြစ်တဲ့အခါမှာ သူ့ကိုလည်း PSO ခေါ်ဖို့အတွက် ရည်ရွယ်ပြီးတော့ စစ်ရာထူးခန့်ရုံးကို လှမ်းစာရေးတယ်။ စစ် ရာထူးခန့်ရုံးက သူ့မှတ်တမ်းကြည့်ပြီးတော့မှ လူကြီးတစ်ယောက်ရဲ့ PSO မဖြစ်သင့်ဘူးဆိုပြီးတော့ ဝင်းသိန်းကို အတည်မပြုဘူး။


www.burmeseclassic.com

www.burmeseclassic.com


## ဗိုလ်ဝင်းသိန်း PSO ဖြစ်ရေးနဲ့ မှင်နီ

ဗျူဟာမှူးဖြစ်တဲ့ ဗိုလ်မှူးကြီး မင်းခေါင်က အတင်းပဲ ရန်ကုန်ကို လာတယ်။ စစ်ရာထူးခန့်ရုံးမှာ အဲ့ဒီတုန်းက ဗိုလ်မှူးကြီးလှမောင် ထင်ပါရဲ့၊ ဂျူနီယာကြီးလို့လည်း ခေါ်တယ်။ အဲ့ဒီမှာ ဗိုလ်မှူးကြီးမင်းခေါင် တို့၊ ဗိုလ်မှူးကြီး လှမောင် တို့ဆိုတာက ငယ်သူငယ်ချင်းတွေ တပ်ထဲဝင်ကတည်းက တပ်မှာ ကြီးပြင်းပြီးတော့မှ မသေလို့ ဒီနေရာရောက်ပြီး ရာထူးတွေရကြတာ။ လူချင်း က ခင်တယ်။ အဲ့ဒီတော့ ဗိုလ်မှူးကြီးမင်းခေါင် က တွေ့ပြီးတော့မှ ဝင်းသိန်း ကို PSO အဖြစ်နဲ့ ခေါ်ချင်ပါတယ်လို့ ပြောတဲ့အခါမှ ဗိုလ်ကြီးဝင်းသိန်း ရဲ့ မှတ်တမ်းဆိုပြီး ပြခိုင်းတယ်။ အဲဒီမှာ ဒုတိယဗိုလ်ချုပ်ကြီးဖြစ်သွားတဲ့ ကိုတင်လှက G3 ။ သူ့စကား အရဆိုရင် ဗိုလ်ကြီးဝင်းသိန်း ရဲ့ မှတ်တမ်းက မှတ်ချက်တွေက မှင်နီတွေနဲ့(မကောင်းတဲ့ မှတ်ချက်တွေ မင်နီနဲ့ ရေးရတာကိုး)

သူ ဖဲရိုက်လို့ ရန်ဖြစ်တဲ့ မှတ်တမ်းတွေက မှင်နီနဲ့ ရေးထားတဲ့အခါ ကျတော့ ဗိုလ်ကြီးဝင်းသိန်းရဲ့ ကတ်ပြားပေါ်မှာ မင်နီအိုးကြီး မှောက်ကျ ထားသလို ဖြစ်နေတယ်တဲ့။ ဆိုလိုတာကတော့ ဒီအရာရှိမှာ ကောင်းတဲ့ မှတ်ချက်မရှိဘဲ မကောင်းတဲ့ မှတ်ချက်ကများတယ် ဆိုတဲ့သဘော။ ဗိုလ်မှူးကြီးလှမောင် ကနေ ဗိုလ်မှူးကြီးမင်းခေါင် ကို ပြတော့၊ ခင်ဗျားလူက အဲ့ဒီလို ဖြစ်နေတယ် မသင့်တော်ဘူး။ တခြား လူရွေးပါလားဗျာလို့ ပြောတဲ့ အခါမှာ ဗိုလ်မှူးကြီး မင်းခေါင် က မဟုတ်ဘူး ဝင်းသိန်း မှ ဝင်းသိန်း၊ ဗိုလ်ကြီးဝင်းသိန်းပဲ။ ဒါမှ အဆင်ပြေမှာဆိုတဲ့အတွက်ကြောင့် ခင်ဗျား တာဝန်ယူလား၊ တာဝန်ယူရင် မှတ်ချက်ရေး။ ဗိုလ်ကြီးဝင်းသိန်း ရဲ့ ကိစ္စနဲ့ ပတ်သက် လို့ ဗိုလ်မှူးကြီးမင်းခေါင် က တာဝန်ယူတယ်။ အဲ့ဒီလိုဖြစ်ပြီးတော့မှ ဗိုလ်မှူးကြီးမင်းခေါင်ရဲ့ PSO ဖြစ်လာတာ။

### အစွမ်းအစရှိသော ဗိုလ်ဝင်းသိန်း

ဗိုလ်မှူးကြီးမင်းခေါင် ကလည်း ဗျူဟာမှူး၊ ဗျူဟာမှူး ကနေ တပ်မ မှူး၊ တိုင်းမှူး အထိ ရာထူးတက်လာပြီးတော့ ဗိုလ်ကြီးဝင်းသိန်း ကိုလည်း

www.burmeseclassic.com


တောက်လျှောက် ခေါ်လာတာ။ သူတို့တိုင်းမှူး၊ တပ်မမှူး အစည်းအဝေး လေးလပတ် လုပ်ပြီဆိုရင် ဗိုလ်ကြီးဝင်းသိန်း က ကားတစ်စီးနဲ့ ရန်ကုန်မြို့တစ်မြို့လုံးက ဌာနတွေ မှာ ကုန်သွယ်ရေးဌာနတွေမှာ ဝင်မွှေတယ်။ ပြီးတော့ ဗိုလ်မှူးကြီးမင်းခေါင် တို့ မိသားစုမှာလိုတဲ့ အဝတ်အစားတွေ၊ အစားအသောက်တွေ အလျှံအပယ် တိုင်းမှူး တပ်မမှူးနာမည်နဲ့ လျှောက်တဲ့အခါမှာ ကျန်တဲ့ PSO တွေထက် သူက အမြတ်မ်းတစ်ပန်းသာတယ်။ အဲ့ဒီတော့ တိုင်းမှူး၊ တပ်မမှူးတွေက စစ်ရုံးလာတဲ့အခါမှာ တိုင်းမှူး၊ တပ်မမှူးတွေ တည်းဖို့အတွက် တိုက်သစ်ကြီးရှိတယ်။ တခြား PSO တွေက နို့ဆီ၊ သကြား လိုတယ်ဆိုရင် ဗိုလ်ကြီး ဝင်းသိန်း ခုတင်အောက် သွားကြည့် အကုန် ရှိတယ်။ ကျန်တဲ့ နယ်ကလာတဲ့ ခပ်အအ ဗိုလ်ကြီးတွေကတော့ သူ့ကို အတုယူပြီး လိုက်လျှောက်တော့ သူတို့လည်း ရတာပေါ့။ ဒါပေမဲ့ သူတို့ထက် နှာတစ်ဖျားအမြဲတမ်းသာတယ်။ ဗိုလ်မှူးကြီးမင်းခေါင်ရဲ့ မိသားစုတွေအတွက် တင်မကဘူး။ သူ့အတွက်ပါ အဆင်ပြေသွားတယ်ပေါ့။ တချို့ပိုတဲ့ဟာတွေ ရောင်းစားတော့ သူ့အတွက်ကလည်း ငွေပို ငွေလျှံက အမြဲရှိနေတာကိုး။

## ဗိုလ်ဝင်းသိန်းရဲ့ အကြံ

သူက ဇာတိက ကြို့ပင်ကောက်က တရုတ်သွေးပါတယ်။ အဲ့ဒီလိုနဲ့ ကိုဝင်းသိန်း ကို PSO ဖြစ်တဲ့အခါမှာ ခုနက မတ်လ ၂၈ ရက်နေ့မှာ အုန်းကျော်မြင့် က Stand Down လုပ်တယ်ဆိုသော်လည်းပဲ ဇူလိုင်လမှာ လေးလပတ် အတွက် ဗိုလ်မှူးကြီးမင်းခေါင် ရန်ကုန် လာတဲ့အခါမှာ သူက မလျှော့သေးဘူး။ မေးဘချစ်ဆီ သွားပြီးတော့မှ မေးဘချစ်ရဲ့ဆရာ ဒုဝန်ကြီး ဗိုလ်မှူးချုပ် သန်းတင်ပေါ့။ အဲ့ဒီတုန်းက ဗိုလ်မှူးကြီး အဆင့်ပဲ ရှိသေးတယ်။ ဗိုလ်မှူးကြီးသန်းတင်က တိုက်ရည်ခိုက်ရည် အရမ်းတော်တယ်။ မြစ်ဝကျွန်းပေါ်မှာ အောင်မြင်အောင် တိုက်ခဲ့တယ်။ ပဲခူးရိုးမမှာ ဗကပ(ဗဟို)ရဲ့ အထိကို တိုက်ခဲ့တဲ့ ပုဂ္ဂိုလ်ဆိုတော့ နာမည်ကြီးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဗိုလ်ချုပ်ကြီးတင်ဦး ကိုလည်း အင်မတန်ချစ်တယ်။ စရိုက်ချင်း ဗီဇချင်းတူ ကြတာကိုး။ စစ်သားကောင်းတွေ အနေနဲ့ ချစ်လည်း ချစ်တယ်။


www.burmeseclassic.com

www.burmeseclassic.com


လေးလည်း လေးစားတယ်။ အဲ့ဒီလိုနဲ့နေတဲ့အခါမှာ ဗိုလ်ချုပ်ကြီးတင်ဦး အရေးယူခံရတဲ့အခါမှာ ဗိုလ်မှူးချုပ်သန်းတင်က အရမ်းကို စိတ်ထိခိုက်တာ။ ဗိုလ်ချုပ်ကြီးတင်ဦးပြုတ်တဲ့ အခါမှာ ဗိုလ်မှူးကြီးသန်းတင် က အင်မတန် စိတ်ထိခိုက် တယ်ဆိုတဲ့ အချက်ကို ဘချစ်က သိတယ်။ ဘချစ်သိတော့ ကျန်တဲ့ PSO တွေလည်း သိသွားတာပေါ့။

အဲ့ဒါကို အခွင့်ကောင်းယူပြီးတော့ ဝင်းသိန်း က မတ်လမှာ လုပ်တဲ့ ကိစ္စ မအောင်မြင်ဘူး၊ ဇူလိုင်လမှာ ဆက်လုပ်မယ်ဆိုတဲ့အခါကျတော့ ဗိုလ်မှူးကြီးသန်းတင် လို လူ ခေါင်းဆောင်ရင် အောင်မြင်မယ်လို့ဆိုတဲ့ အတွေးနဲ့ ဘချစ်ကို မင်းတို့ ဆရာကြီးနဲ့တွေ့ချင်တယ်ဆိုတော့ ဘချစ် က သူ့ဆရာကို တင်ပြတယ်။ ဘာကိစ္စလည်းကွာ ဆိုတော့ ဒီတစ်ခါတော့ အရေးကြီးတဲ့ ကိစ္စ လို့ ပြောတယ် ဗိုလ်ချုပ်၊ နားထောင်ပေးပါလို့ ဆိုတော့။ ဗိုလ်မှူးချုပ်သန်းတင် က အိမ်မှာ ချိန်းတယ်။ ချိန်းတဲ့နေ့မှာ ဝင်းသိန်း က ဗိုလ်ချုပ်သန်းတင် ကို ပြောတယ်။ သူတို့ ဗိုလ်ချုပ်ကြီးတင်ဦး ပြုတ်ကတည်းက လူကြီးတွေကို လုပ်ကြံဖို့ ကြံစည်တဲ့အကြောင်း အုန်းကျော်မြင့် က ဦးဆောင်ပြီး ကြံစည်တဲ့ အကြောင်း၊ အရာရှိ တော်တော်များများပါတယ် ဆိုတဲ့အကြောင်း၊ မတ်လ ၂၇ ရက်နေ့မှာ လုပ်ကြံဖို့ ကြိုးစားပေမယ့်လည်း မအောင်မြင်ခဲ့တဲ့ အကြောင်း တဲ့ ဒီအခါမှာ ဖွဲ့မလျော့ဘူးဆိုပြီး ဗိုလ်ချုပ်သန်းတင် လို လူခေါင်းဆောင်ရင် အောင်မြင်နိုင်မယ်လို့ ထင်တာကြောင့် ဗိုလ်မှူးကြီးသန်းတင် ကို အားကိုးပါ တယ်ဆိုပြီးတော့ သွားတိုင်ပင်တာ။ ဗိုလ်မှူးကြီးသန်းတင် ကလည်း အပ်ချ မပ်ချ ကြားလိုက်တဲ့အခါကျတော့ သူလည်း ပုထုဇဉ်ပီပီ ဆုံးဖြတ်ရ ခက်သွား ဟန် တူပါတယ်။ ပထမအချက်က ဗိုလ်ချုပ်ကြီးတင်ဦး ကို ပြန်ပြီးတော့ တာဝန်ပေးချင်တဲ့ကိစ္စ၊ ဒါကိုလည်း စိတ်ထဲတော့ နည်းနည်းတော့လက်ခံချင်တဲ့ သဘော ရှိဟန်တူပါတယ်။ ပြီးတော့ သူက ဒုဝန်ကြီးဆိုတော့ တာဝန်ကြီးတယ်။ ဗိုလ် မှူးချုပ်လည်း ဖြစ်တဲ့အတွက်ကြောင့် ဒီလို လူကြီးတွေကို လုပ်ကြံတဲ့အခါ မျိုးကို သူ့အနေနဲ့ သဘောတူဖို့ ခက်နေတယ်။ အဲ့ဒီတော့ ဗိုလ်မှူးချုပ်သန်းတင် အနေ နဲ့ ဗိုလ်ဝင်းသိန်းကို အဲ့ဒါဆိုရင်တော့ ငါစဉ်းစားလိုက်ဦးမယ်။ ဘချစ်နဲ့ လည်း တိုင်ပင်မယ်ဆိုပြီး ဝင်းသိန်း ကို ဖျောင်းဖျပြီးတော့ ပြန်လွှတ်လိုက်တယ်။

တကယ်တမ်းဆိုရင် ဒီလောက်အရေးကြီးတဲ့ ကိစ္စဟာ ညတွင်းချင်း


www.burmeseclassic.com

www.burmeseclassic.com


သတင်းပို့ရမှာ၊ ဒါပေမဲ့ ဗိုလ်မှူးချုပ်သန်းတင့် ခမျာ သတင်းမပို့နိုင်ဘဲနဲ့ သူ့မှာ ဘာတွေ ဖိစီးသလဲဆိုတော့ ဒါက သူကိုယ်တိုင်ပြောမှဖြစ်မယ့်ကိစ္စ၊ ကျွန်တော်ပြောခဲ့ သလိုပဲ ဗိုလ်ချုပ်ကြီးတင်ဦး ပြန်လည်ကောင်းစားရေးအတွက် လုပ်တဲ့ ကိစ္စဆိုပေမယ့် မူအရတော့ လက်ခံချင်တယ်။ သို့ပေမဲ့ တပ်မတော်မှာ ဂျူနီယာတွေ ကနေ အရာရှိတွေကို လုပ်ကြံမယ့် ကိစ္စကို သူ့အနေနဲ့ကတော့ လုံးဝ လက်ခံနိုင်တဲ့ ကိစ္စတော့မဟုတ်ဘူး။ အဲ့ဒီ အတွေးတွေကြောင့် ဗျာများပြီးတော့ တစ်ညလုံးစဉ်းစားဟန်တူပါတယ်။ ဒီကိစ္စ သူမကြိုက်ဘူးဆိုလည်း လူကြီးတစ်ယောက်အနေနဲ့ ချက်ချင်း သတင်းပို့ရမယ်။ ဒါပေမဲ့ နောက်နေ့ ရုံးတက်တဲ့အချိန်ထိ သတင်းမပို့ဖြစ်ပါဘူး။ တော်တော်နေမှ သူဟာ ဦးမောင်မောင်ခ ကို သတင်းပို့လိုက်တယ်။

## ဝန်ကြီး ဦးမောင်မောင်ခလုပ်ရပ်

ဝန်ကြီး ဦးမောင်မောင်ခ ဆိုတာကလည်းပဲ တပ်မတော်မှာ တောက်လျှောက် အင်ဂျင်နီယာလိုင်း က လာတာဆိုတော့ လူကြီးတွေကို လည်းပဲ သိတယ်။PSO တွေကို မသိဘူး။အဲ့ဒီတော့ ဝင်းသိန်း က ဒီလို ဒီလိုပြောတယ်၊ အုန်းကျော်မြင့် နဲ့ပေါင်းပြီးတော့ လူကြီးတွေကို လုပ်ကြံမယ်။ အဲ့ဒီတော့ ကျွန်တော့် သဘောပါမှုဆိုတဲ့အတွက်ကြောင့် မသင့်တော်တဲ့ကိစ္စမို့လို့ ဝန်ကြီးကို သတင်းပို့တယ် ဆိုတဲ့အခါမှာ အဲ့ဒီမှာ ဦးမောင်မောင်ခရဲ့ ဆုံးဖြတ်ချက်က စိတ်ဝင်စားဖို့ကောင်းတယ်။ တပ်မတော်ရဲ့ ထုံးစံအရ အထက်ကို တက်တက်၊ အောက်ကို ဆင်းဆင်း သတင်းပို့ရတဲ့အခါမှာ ဝန်ကြီးတစ်ယောက်အနေနဲ့ သူက ဝန်ကြီးချုပ်ကို သတင်းပို့ရမှာ ဝန်ကြီးချုပ်က ဦးစိန်ဝင်း။ ဝန်ကြီးချုပ် ဦးစိန်ဝင်း ဟာ ဦးတင်ဦး နဲ့ အင်မတန် ရင်းနှီးခင်မင်တယ်။ စစ်သားကောင်းချင်း စိတ်ဓာတ်နဲ့ ခင်ကြတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးကို တာဝန်ကနေ ရပ်သိမ်းတဲ့အခါမှာ ဝန်ကြီးချုပ်နေရာကို တာဝန်ယူထားတဲ့ ဝန်ကြီးချုပ်ဦးစိန်ဝင်း အနေနဲ့ စိတ်မကောင်းဘူး ဆိုတဲ့ ဟာကိုတော့ ပတ်ဝန်းကျင်မှာ ပြောခဲ့ကြမယ်လို့ ထင်ပါတယ်။ အဲ့ဒီတော့ ဦးမောင်မောင်ခ က ဗိုလ်ချုပ်သန်းတင့် သတင်းပို့ တဲ့အခါမှာ ထုံးစံအရ ဝန်ကြီးချုပ်ကို သတင်းမပို့ဘဲ အဲ့ဒီတုန်းက


www.burmeseclassic.com

www.burmeseclassic.com



အစိုးရအဖွဲ့ အတွင်းရေးမှူး ဗိုလ်ချုပ်စန်းယုကို သတင်းပို့ပါတယ်။ ဗိုလ်ချုပ်စန်းယု က ဟံသာဝတီအဝိုင်းနားက နိုင်ငံတော်ကောင်စီရုံးမှာ ရုံးထိုင်တယ်။ ဒါကြောင့် သူတို့ အဲဒီရုံးရောက်တဲ့အခါ ဗိုလ်ချုပ်သန်းတင် ကလည်း ညက ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြတာပေါ့။ အဲဒီမှာ ဗိုလ်ချုပ်စန်းယု က မျက်မှန်တင်ဦးကို လှမ်းခေါ်လိုက်တယ်။ အဲဒီမှာ မျက်မှန်တင်ဦး က သေချာ မှတ်သားပြီး တော့မှ ဗိုလ်ဝင်းသိန်း ဘယ်မှာရှိလဲဆိုတော့ စစ်ရုံးက အရာရှိ ရိပ်သာမှာ ရှိတယ်။ ဗိုလ်ကြီးဝင်းသိန်း ကို သွားဖမ်းတယ်။ ဖမ်းပြီးတော့မှ စစ်ကြောရေး လုပ်တယ်။

## ဖမ်းကုန်ပြီ

စစ်ကြောရေးလုပ်တဲ့အခါမှာ ထောက်လှမ်းရေး ၆ က ဗိုလ်ကြီးရဲဆွေ လုပ်တယ်။ အဲ့ဒါကနေမှ အုန်းကျော်မြင့်နဲ့ ပတ်သက်တာတွေပါတယ်။ ဗိုလ်ဝင်းသိန်းထွက်ဆိုတဲ့ ထွက်ဆိုချက် အပေါ်မူတည်ပြီးမှ အုန်းကျော်မြင့်တို့ ထွန်းကျော် တို့ရော ပါတာပေါ့။ အဲ့ဒီနေ့မှာ အုန်းကျော်မြင့် ကို မဖမ်းသေးဘူး။ တစ်နေကုန် စစ်ဆေးရတာကိုး။ တရားခံကို စစ်ဆေးပြီး တင်ပြရတာဆိုတာဆို တော့ ဘယ်သူတွေကို ဖမ်းရမယ်ဆိုတာ မျက်မှန်ကြီး က ဦးနေဝင်း ကိုလည်း သတင်းပို့ရတယ်။ နောက်နေ့ကျမှ ဘယ်သူတွေ ဖမ်းဆိုတာ ဆုံးဖြတ်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲ သေနတ်ယူလာရန် ပြောသည်ဆို
ဗိုလ်ကြီးဘချစ်က ကြိုစည်ခဲ့ပုံ ဖြောင့်ချက်ပေး

# ခေါင်းဆောင်ကြီးများ လုပ်ကြံရန် ကြံမှုစစ်

## တရားဥပဒေအရ ရှောင်မပြေးဘဲ ရင်ဆိုင်

### ဗုံးကြဲအမိန့်ပေးရန် အုန်းကျော်မြင့်ပြောခဲ့ပုံ ဗိုလ်မှူးချုပ် စောဖြူထွက်ဆို


ရန်ကုန် ဇက်တင်ဘာ ၂၉
နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံ သတ်ဖြတ်ရန် ကြံစည်မှုကို ယနေ့ နံနက်က ဆက်[illegible] စစ်ဆေးသည်။

ကာအေဒွား

[illegible] စစ်ဆေးလျှင် ယမန်[illegible] ယူကိုးမ် အစားလိုမြ[illegible] ဗိုလ်မှူးချုပ်မိုင် (ဓလ)ကို စစ်ဆေးသည်။ ၎င်းက ထွက်ဆိုရာ[illegible] ကြီး အုန်းကျော်မြင့် မြန်မာ[illegible] မိမိနှင့်မြသည် ကိုသ[illegible] သွားသည်ဟု ယူဆမိကြောင်း [illegible] ကြောင့် တပ်ကို စည်းရုံးခြင်းအရပ်[illegible] ကိုစည်းရုံးခြင်းမပြုတော့ဘဲ [illegible] ပြောက်နေကြောင်းရှင်းကိုယ်ည်း ယပ်မံဆက်သွယ်ခြင်း မပြု [illegible] ကြောင်း၊ စိတ်ထင် ပြိုလကဝါ[illegible] ၍နာရီ ကျော်ခန့်တွင် ဗိုလ်ကြီးအုန်းကျော်မြင့် မိမိအိမ်သို့ ရောက်လာ၍ ငွေ့သည်တရောက် လိုက်ပို့ရန် မော်တော်ကားလာငှားကြောင်း။

နှုတ်ဆက်

မိမိကားမှာ လင့်ရိုဗာစစ်ကား ၁၂၅၅(၄)ဖြစ်ကြောင်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်မိမိကား သော့ယူသွားပြီး အချိန် အတန် ကြာသည်အထိကားမထွက်၍အခန်းပြင်ဘက်ထွက်ကြည့်ရာ ကား မီး ဖွင့် ခြင်းအခက်အခဲတွေ့နေသည်ကိုတွေ့ရသဖြင့် မိမိ ရောက်သွားသော အခါ ၎င်းနှင့် အတူ ကား ရှေ့ခန်းတွင် ဗြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးလှမယ်ကိုတွေ့ရကြောင်း၊ မိမိက နှုတ်



■ နောက်စာ ၁ သို့

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် ကြံစည်မှုနှင့် ပတ်သက်၍ တရားလိုပြ သက်သေ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ် မှူး ချုပ် စောဖြူ ရန်ကုန်တိုင်း တရားရုံးတွင် အစစ်ခံခြင်း (ဝဲ)နှင့် တရားလိုပြ သက်သေ ဗိုလ်ကြီး အောင်ကြည်ဦး အစစ်ခံခြင်း(အောက်ပုံ)

### အခြေခံနိုင်ငံရေး
### စီမံ သင်တန်းဆင်း

ရန်ကုန် ဇက်တင်ဘာ ၂၉
အခြေခံ နိုင်ငံရေး စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်-၁၀ ဆင်းပွဲ ယနေ့ နံနက် ၉ နာရီက မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးသိပ္ပံ အဆောင်အမှတ် ၆၂ တွင် ကျင်းပသည်။
သင်တန်းသို့ ဒေသ ပါတီ ကော်မီတီအသီးသီးနှင့် မြန်မာ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟို ကော်မီတီ ဌာနချုပ်၊ ဗဟိုပြည်သူ့ ကောင်စီ လယ်သမား ကောင်စီ အလုပ်သမား ကောင်စီနှင့် လုပ်ငန်းရှင်များ ပြည်ထဲရေးဗဟို ကော်မီတီဌာနများမှ သင်တန်းသား ၁၅၀ ဦး တက်ရောက်သည်။ (သတင်းစဉ်)

စာစစ





www.burmeseclassic.com

www.burmeseclassic.com


# အခန်း – ၁၁

## သံရုံးမှာ ဒိုလုံ့ဖို့အကြံ

အချိန်က ဇူလိုင်လ လဆန်းပေါ့ ဘယ်နေ့လည်းတော့ မသိဘူး။ ဝင်းသိန်းကို ဖမ်းတယ်ဆိုကတည်းက အုန်းကျော်မြင့် က သိပြီ။ အဲ့ဒီညမှာပဲ သူ အိမ်မပြန်တော့ဘဲနဲ့ မှောင်ရီပိုးဝါးမှာ ပြည်လမ်းက အမေရိကန်သံအမတ်ရုံး အရှေ့မှာ ကားရပ်ပြီးတော့ တံခါးစောင့်ကို သွားပြီး သံအမတ်ကြီးနဲ့ တွေ့ချင်လို့ပါဆိုပြီး ပြောတယ်။ တံခါးစောင့်က သွားပြီး သတင်းပို့တဲ့အခါ ၁၀ မိနစ် လောက်နေတော့ အုန်းကျော်မြင့် ဆိုတာ ဗိုလ်ချုပ်ကြီးကျော်ထင်ရဲ့ PSO ဆိုတာကို သိတာနဲ့ တစ်ပြိုင်နက် သံအမတ်က ခေါ်တွေ့တယ်။ အဲ့ဒီအခါမှာ CIA လို့ ယူဆရတဲ့ အရာရှိရယ် ကျန်တစ်ယောက်ရယ် ပေါင်း သုံးယောက်ပေါ့။ သူတို့ က အုန်းကျော်မြင့်ကို ခေါ်တွေ့တယ်။ အုန်းကျော်မြင့်ကလည်း သူ့နဲ့ တချို့ကို လုပ်ကြံဖို့ ကြိုးစားတဲ့အကြောင်း၊ မအောင်မြင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com


အခု အဖမ်းအဆီးတွေ စနေပြီ။ သူလည်း ဖမ်းတော့မယ်။ ဖမ်းရင်သူ ဒုက္ခရောက်တော့မယ်ပေါ့။ ဒီအမှုကြီးတဲ့ အတွက်ကြောင့်မို့လို့ သေဒဏ်မကျရင် တောင်မှ ထောင်ထဲမှာ အကြာကြီးနေရမှာ ဒါကြောင့်မို့လို့ ကျွန်တော့်ကို နိုင်ငံရေးခိုလှုံခွင့်ပေးပါလို့ တောင်းတယ်။

အဲ့ဒီအချိန်က ကျွန်တော်တို့ နိုင်ငံမှာလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ချီတက်နေတယ် ဆိုသော်လည်းပဲ အမျိုးသားထောက်လှမ်းရေး ဉက္ကဋ္ဌ မျက်မှန်ဗိုလ်မှူးကြီးတင်ဦး က အမေရိကန်နဲ့ ဆက်ဆံရေးက တိုးတက်ဖို့ တည်ဆောက်နေတဲ့ကာလဖြစ်တယ်။ အထူးသဖြင့် CIA နဲ့ ဆက်ဆံရေး ကောင်းမွန်ဖို့ တည်ဆောက်နေတဲ့ကာလ ဖြစ်တယ်။ အမေရိကန်အစိုးရနဲ့ ဆိုရှယ်လစ်လမ်းစဉ်ဆိုတာ ဆက်ဆံရေးကောင်းမွန်မှ ဖြစ်တဲ့အတွက်ကြောင့် မို့လို့ အုန်းကျော်မြင့် ကနေပြီး နိုင်ငံရေး ခိုလှုံခွင့်တောင်းတဲ့ ဟာကို သံ အမတ်က ငြင်းလိုက်တယ်။

အုန်းကျော်မြင့်ကို CIA က ပုဂ္ဂိုလ်က သံရုံးကားနဲ့ တင်ပြီးတော့မှ တစ်မြို့လုံးပတ်မောင်းခိုင်းတယ်။ အဲ့ဒီလို ပတ်မောင်းခိုင်းတဲ့အခါမှာ အုန်းကျော်မြင့်ရဲ့ အကြောင်းတွေပေါ့။ အစကနေပြီးတော့ အခုထိ လုပ်နေရတဲ့အကြောင်းတွေ မိသားစုကိစ္စတွေ အကုန်လုံးကို ခရေ စေ့တွင်းကျ မေးတယ်။ နောက်ပြီးမှ ဗိုလ်ချုပ်ကြီးတင်ဦးကို ပြန်တင်ဖို့ လုပ်ကြံတဲ့ အထဲမှာ ဘယ်သူတွေပါတယ်ဆိုတာကို မေးတယ်။ အဲ့ဒီ မော်တော်ကားနဲ့ပတ် မောင်း တာကို ၂ နာရီအကြာလောက် ရှိမယ်လို့ထင်တယ်။ အဲ့ဒီတော့မှ သံအရာရှိ က ခင်ဗျားရဲ့ ဖြစ်ရပ်ကိုတော့ စာနာပါတယ်။ သို့သော်လည်း အမေရိကန်နိုင်ငံ အနေနဲ့ နိုင်ငံရေးခိုလှုံခွင့်ပေးလို့ မဖြစ်ပါဘူးဆိုပြီးတော့ အဲ့ဒီကားပေါ်မှာ ထပ်ပြီး ငြင်းလိုက်တယ်။

ခင်ဗျားကို ကျွန်တော် ဘယ်လိုက်ပို့ရမလဲဆိုတဲ့အခါမှာ သူက သူ့ကားကို ပြန်မသွားတော့ဘဲနဲ့ PSO တွေ ကျက်စားလေ့ရှိတဲ့ နာမည် ကြီး အမျိုးသမီးတစ်ယောက် (ရုပ်ရှင်မင်းသမီးပေါက်စ ထင်ပါတယ်။) နာမည် တော့ မပြောတော့ပါဘူး။ အဲ့ဒီအိမ်ကို ပို့ပေးပါဆိုတော့ အဲ့ဒီအိမ်မှာပဲ ရက် ၄ ရက်လောက်ကြာမယ်လို့ ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## သူ့ရဲ့ကားက သံအမတ်ကြီးအိမ်ရှေ့မှာ

အဲ့ဒီ အောင်းတဲ့ကာလမှာ သူ့ရဲ့ကားက အမေရိကန်သံရုံးအရှေ့မှာ ကျန်နေခဲ့တယ်။ နောက်တစ်နေ့ အဲ့ဒီကား လာယူမယ့် လူမရှိတော့ ရပ်ကွက်ကနေပြီးတော့ ရဲစခန်းကိုအကြောင်း ကြားတယ်။ ရဲစခန်းကလည်း ဒီကားက စစ်ရုံးက ကားဆိုတော့ စစ်ရုံးကို အကြောင်းကြား၊ နောက်တစ်နေ့ရောက်တော့မှ စစ်ရုံးက နေပြီးတော့ အဲ့ဒီ ကားကို လာပြန်ဆွဲသွားတာ။ နောက်တစ်နေ့က စပြီးတော့ အဖမ်းအဆီးတွေ လုပ်ပြီ၊ သေချာသွားပြီ။ ထွန်းကျော် ကို ဖမ်းပြီ၊ ဟန်ဇော် ကို ဖမ်းပြီ။ ဝင်းသိန်း ပြီးတော့ ဗိုလ်မှူးစိန်မြင့် ဖမ်းပြီ၊ နောက်တော့ ဘချစ် ဖမ်းပြီ။ နောက်တော့ ဗိုလ်မှူးကြီးဝီလီမောင်မောင် ကိုလည်း ဗိုလ်မှူးစိန်မြင့်ရဲ့ ထွက်ဆိုချက်ကြောင့် သူလည်း တာဝန်ရှိတယ်ဆိုပြီးတော့ ရေကြည်အိုင်ကို ပို့လိုက်တယ်။

ပြီးတော့ ဗိုလ်မှူးကြီးလှဖေ က ရန်ကုန်လာတိုင်းလာတိုင်းမှာ သူ့တပည့် ဖြစ်တဲ့ ဗိုလ်ကြီးအုန်းကျော်မြင့် ကို ဟော့ကောင် အခြေအနေကောင်းလား ဘာလားပေါ့ အမြဲမေးတယ်။ သူက သူ့အကြံအစည်တွေကို ကျွန်တော်က ချမယ်ပြုမယ် ဘာညာပေါ့ပြောပြတဲ့အခါမှာ ဗိုလ်မှူးလှဖေ က ဟော့ကောင် မင်း လူကြီးအနားမှာ နေပြီး ဒီလိုမပြောရဘူးလေ။ ကိုယ့်ကိုယ်ကိုယ် ထိန်းထိန်းသိမ်းသိမ်း နေပါကွာ အဲ့ဒီလိုတွေမလုပ်ပါနဲ့ ဆိုပြီးတော့ လူကြီးပီပီ ဆုံးမတယ်။ အဲ့ဒါကို မူတည်ပြီးတော့ ဗိုလ်မှူးကြီးလှဖေ ကို ဖမ်းတာ။

## အမျိုးသားထောက်လှမ်းရေးမှ ကြေညာချက်ထုတ်ပြန်ပြီ

ဖမ်းတာကလည်း ဗိုလ်မှူးလှဖေ က ရန်ကုန်မရောက်သေးဘူး။ မျက်မှန်ကြီးတင်ဦးကိုယ်တိုင် တပ်မတော်လေယာဉ်နဲ့ မြစ်ကြီးနားကို သွားပြီးတော့ ဖမ်းတယ်။ ပြီးတော့ တစ်ခါတည်း သူ့ကို ရေကြည်အိုင်ကို ပို့လိုက်တယ်။ အဲ့ဒါတွေ အကုန်လုံး စီကာစဉ်ကာ ထွက်ဆိုချက်တွေရပြီ ဆိုတော့ အမျိုးသားထောက်လှမ်းရေးအဖွဲ့အနေနဲ့ ဇူလိုင်လ ၂၀ ရက်နေ့မှာ ထုတ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ကြေညာတာ။ ကြေညာချက်မှာက နိုင်ငံတော်အကြီးအကဲ အချို့ကို လုပ်ကြံပြီးတော့ အာဏာသိမ်းရန်ကြံတဲ့ တပ်မတော်အရာရှိ အချို့အား ဖော်ထုတ်နိုင်ခဲ့ခြင်း။ အမျိုးသားထောက်လှမ်းရေးမှ ဖော်ထုတ်နိုင်ခဲ့ခြင်းဆိုတဲ့ အောက်မှာ အဲ့ဒီအဖွဲ့ခေါင်းဆောင်က ဗိုလ်ကြီး အုန်းကျော်မြင့် ၊ ဗိုလ်ကြီးဝင်းသိန်း၊ ဗိုလ်ကြီးစံကြည်။ အဖွဲ့ဝင်တွေကတော့ ဗိုလ်ကြီးထွန်းကျော်၊ ဗိုလ်ကြီးဟန်ဇော်၊ ဗိုလ်ကြီးဘချစ်၊ ဗိုလ်မှူးစိန်မြင့်၊ ဗိုလ်ကြီးအောင်ကြည်ဦး၊ ဗိုလ်ကြီးရဲဦး၊ ဗိုလ်မှူးမောင်လတ်၊ ဗိုလ်မှူးသူရချစ်ခိုင် အစရှိသဖြင့် ကြေညာလိုက်တယ်။

## ရေဒီယိုမှ တောက်လျှောက်ကြေညာ

နောက်ဆုံးမှ အပြီးသတ်အပိုဒ်မှာတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ တာဝန်မကင်းဘူးလို့ ယူဆတဲ့ တပ်မတော်မှ ဗိုလ်မှူးကြီးနှစ်ယောက်ကိုလည်း ခေါ်ယူ မေးမြန်းလျက်ရှိသည်ဆိုပြီး ရေဒီယိုမှာ ဇူလိုင်လ ၂၀၊ ၂၁ရက်နေ့တွေမှာ တောက်လျှောက်ကြေညာတယ်။ အဲ့ဒီ ကြေညာချက်ကို ကျွန်တော်က မိုင်းရှူးဘက်မှာ တိုက်ကင်းလှည့်ပြီးတော့ ခဏနားတဲ့အချိန်မှာ ကြားတာ ဇာတ်လမ်းက အဲ့ဒီလို။ ဒီတော့ ရေကြည်အိုင်မှာ ခေါ်ထားတဲ့ဟာတွေက ရေကြည်အိုင်မှာ ဖမ်းတယ်။ ဩဂုတ်လမှာ သူတို့ ရှေ့နေချုပ်ရုံးတို့ တပ်မတော်ဥပဒေချုပ်ရုံးတို့မှာ တရားခံဘယ်သူ့ သက်သေဘယ်သူ ဆုံးဖြတ်တဲ့အခါမှာ သက်သေတွေ အကုန်လုံးကို ရေကြည်အိုင်ကို ပို့လိုက်တာ။ ၁၉၇၆ ဇူလိုင်လ အစမှာ ၁၉၇၇ ဇန်နဝါရီလ ပထမပတ်အထိ ရေကြည်အိုင်မှာ ၆ လ လောက် နေခဲ့ရတယ်။ ရေကြည်အိုင်ဆိုတာက နာမည်ကြီး။ ထောက်လှမ်းရေးအချုပ်ခန်းတွေ ရှိတဲ့နေရာ။ တခြားနေရာတွေကတော့ မင်္ဂလာဒုံမှာ ရှိတယ်။ အဲ့ဒီ နေရာရဲ့ ထူးခြားချက်က မြေက ခုံးလျှောလေး ပြေပြေလေးလျှော သွားတာ။ အချို့ စခန်းတွေက မြင့်ပြီးတော့ တဖြည်းဖြည်း နိမ့်သွားတဲ့ သဘောတော့ သတိထားမိတယ်။ နောက်တစ်ချက်က ညနေဆို ရင် အဲ့ဒီအနားမှာ ရှိတဲ့ တက်တီတူးတွေက အုပ်လိုက်လာပြီးတော့ ကျက်စား တာဆိုတော့ ညဘက် ဆိုရင် တက်တီတူးအသံတွေ ညံနေတာပဲ။ ကျွန်တော်က တောမှာပဲ ကြီး ပြင်းလာတဲ့ အတွက် တက်တီတူးအသံကို သိတယ်။



www.burmeseclassic.com

www.burmeseclassic.com


## မှတ်ဆိတ်ပါးသိုင်းရိတ်ခြင်းစွန့်လွှတ်

ရေကြည်အိုင်မှာ နေတုန်း ကျွန်တော့် ပုဂ္ဂိုလ်ရေး ကိစ္စလေးတစ်ခုတော့ ပြောပြရဦးမယ်။ စစ်တက္ကသိုလ်တုန်းကလည်း ဆုတွေရတဲ့အထိ ထူးချွန်ခဲ့တယ်။ ခြေလျင်မှာလည်း တိုက်ရည်ခိုက်ရည်နဲ့ ပတ်သက်လို့ အညွှံ့စားမဟုတ်ဘဲ သတ္တိရှိရှိ တိုက်ပွဲတွေ ဆင်နွှဲခဲ့သူပါ။ နောက်ပြီးတော့ စစ်ရုံးမှာလည်း လူကြီးတွေ သဘောကျလောက်အောင် လုပ်ပေးခဲ့တဲ့သူ ကိုယ့်ကိုယ်ကိုယ်တော့ အမြဲတမ်း ဂုဏ်ယူတာပေါ့။ သူများထက်တော့ အောက်ကျနောက်ကျ မရှိခဲ့ဘူး။ ကိုယ်က အဆင့်တန်းမြင့်မြင့်နဲ့ တာဝန်ထမ်းဆောင်နိုင်ခဲ့တယ်။ ကြီးပွားစရာ အကြောင်းတော့ များတယ်ပေါ့။ သို့သော်လည်း ဒီလို လောကဓံ ကြုံပြီးတော့မှ ရေကြည်အိုင်အထိ တောက်လျှောက် ရောက်ခဲ့တယ်ဆိုတဲ့ဘဝ။ ဒါကြောင့်မို့လို့ ကိုယ့်ကိုယ်ကိုယ် သုံးသပ်တဲ့ အခါမှာ ဘာသာရေးကိစ္စ လုပ်တာတွေ၊ ကျန်းမာရေးအတွက် လုပ်တဲ့အခါမှာ ကိုယ့်ကိုယ် နှုတ်ဆက်တဲ့အခါ တပ်မတော်သားဘဝဟာ ဒီဘဝဟာ နောက်ဆုံးပဲလို့။ တပ်မတော်ဟာ ကိုယ့်အတွက် နေရာမရှိတော့ဘူး။ ပြန်လာစရာ အကြောင်း မရှိတော့ဘူး။ အဲဒီလို တွက်လိုက်မိလိုက်အတွက် ကျွန်တော် ဘာလုပ်လဲဆိုလို့ရှိရင် နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ ရိတ်တဲ့ မုတ်ဆိတ် မွေး၊ ပါးသိုင်းမွေး ရိတ်ခြင်းကို စွန့်လွှတ်လိုက်ပြီးတော့မှ အဲဒါတွေကို မလုပ်တော့ဘူး။

သာမန် အရပ်သားလိုပဲ လုပ်တော့မယ်ဆိုပြီး မွေးညှပ်နဲ့ပဲ နုတ်တော့မယ်လို့ ဆုံးဖြတ် လိုက်တဲ့အချိန်မှ မွေးညှပ်က မရှိဘူး။ အိမ်လည်းမှာလို့ ရချင်မှရမှာ။ အဲဒီမှာ အပြင်မှာ ကာထားတဲ့ သွပ်ပြားတွေ။ သွပ်ပြားတွေကို အရွယ်သင့်တော် အောင်ချိုး၊ မွေးညှပ်လုပ်တာ။ အဲဒီလိုနေခဲ့ရာမှ ကာထားတဲ့ သွပ်တွေက ဆွေးတဲ့ဘက်ကိုချိုး၊ ချိုးတာက လွယ်လွယ်ကူကူ ချိုးလို့ရတာ မဟုတ်ဘူး။ တစ်ရက် နှစ်ရက်လောက်နေမှ ကိုယ်လိုချင်တဲ့အတိုင်း အဆ လောက်ကို ရတာ။ တော်တော်တော့ ပင်ပန်းတာပေါ့။ လက်တွေ ဘာတွေ ပွန်းပဲ့။ အဲဒါလေးကို မွေးညှပ် လုပ်တယ်။ မွေးညှပ်ကို စိတ်ရှည်ရှည်နဲ့ မရှေ အောင်လုပ်တယ်။ အမွေးနုတ်လို့ရအောင် ဖန်တီး။ ဖန်တီးပြီးတော့မှ ... စေ့

www.burmeseclassic.com



နဲ့ နုတ်ခမ်းအပေါ်မှာ ပေါက်နေတဲ့ အမွေးတွေကို အဲဒီလက်ဖြစ်မွေးညှပ်နဲ့ နုတ်တဲ့အခါကျတော့ နုတ်လို့ရတယ်။ ဒါပေမဲ့ နုတ်နေကျ မဟုတ် ဘူး။ ဒီတိုင်းက ရိတ်နေကျဆိုတော့။ အဲဒီတော့ နှုတ်ခမ်းဘာတွေ ပူထူပြီးတော့မှ လက်သီးနဲ့ ထိုးခံရတဲ့ပုံစံမျိုး ဖြစ်နေတယ်။

အဲဒီဟာကို လုပ်လည်း လုပ်ပြီးရော မေးစေ့အရှေ့က အမွေး၊ နှုတ်ခမ်းအပေါ်က အမွေးတွေကို နုတ်တာ နုတ်လို့ရတယ်။ ဒါပေမဲ့ ဘာဖြစ်လည်းဆိုတော့ နုတ်စ မရှိတဲ့အတွက်ကြောင့်မို့လို့ နုတ်လည်း ပြီးရော အဲဒီ နေရာတွေက ရောင်ကိုင်းနေတယ်။ အဲဒီအချိန်တော့ နာတယ်။ ဒါပေမဲ့ ကိုယ်ကလည်း သည်းခံပြီးတော့ တစ်ရက် နုတ်ပြီးလို့ရှိရင် နှစ်ရက် သုံးရက် နုတ်စရာ မလိုဘူး။ သုံးရက်လောက်ကျမှ တစ်ခါထပ်နုတ်။ အဲဒီလို နုတ်ရ ပြန်ရော။ အဲဒီတော့ တပ်မတော်မှာ အဲဒီလို ထူးထူးချွန်ချွန် လုပ်ရာကနေပြီးတော့ အခုလို အချုပ်ထဲကို ရောက်ရတဲ့ ဘဝဟာ အင်မတန်ကို ချောက်ချားစရာလည်း ကောင်းတယ်။ ကြောက်စရာကောင်းပုံကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ရတယ်။ အဲဒီတုန်းက ဖြစ်ရပ်နဲ့ ပတ်သက်လို့ကတော့ အခုက ရေကြည်အိုင်မှာ နေခဲ့တာလည်း ပြောပြီးပြီ။ မွေးညှပ်နဲ့ နုတ်တာက နောက်သုံးလေးခါလောက် နုတ်ပြီးတဲ့အခါကျတော့ အသားကျသွားပြီ။ မွေးညှပ်မလိုတော့ဘူး။ လက်နဲ့ နုတ်ရင်တောင် ရသွားပြီ။




www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲ သေနတ်ယူလာရန် ပြောသည်ဆို



# ခေါင်းဆောင်များ လုပ်ကြံရန် ကြံမှုဆက်စပ် စွဲချက်တင်သင့် မတင်သင့် နှစ်ဖက်လျှောက်လဲ



ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် ကြံစည်မှုကို ယနေ့ဆက်လက်စစ်ဆေးရာ တရားခံများအပေါ် စွဲချက် တင်သင့် မတင်သင့်ကိစ္စနှင့်ပတ်သက်၍ တရားလို· တရားခံ နှစ်ဖက်အကျိုးဆောင်များက လျှောက်လဲကြသည်။

ပထမဦးစွာ တရားလိုအကျိုးဆောင် ဦးတင်အုန်းနှင့် ဦးညီညီတို့က တရားခံများအပေါ် စွဲချက်တင်သင့်ကြောင်း လျှောက်လဲတင်ပြကြသည်။ (တရားလို အကျိုးဆောင်များ၏ လျှောက်လဲတင်ပြချက်ကို သီးခြားဖော်ပြထားသည်။)

ဆက်လက်၍ တရားခံများအပေါ် စွဲချက်တင်သင့် မတင်သင့်ကို တရားခံ အကျိုးဆောင်များက လျှောက်လဲတင်ပြကြရာ ရှေးဦးစွာ ဗိုလ်ကြီး အန်းကျော်မြင့်၏ အကျိုးဆောင် ဦးကိုယုက ဗိုလ်ကြီး အန်းကျော်မြင့်သည် တရားခွင်မတင်ရခင်ကပင် အများပြည်သူတို့၏ ရှေ့၌ကြိုတင်၍ စွဲချက်အတင်ခံထားခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံရေး အခြေခံ တရားကြောင့် တရားခံများနှင့် တွေ့ဆုံဆွေးနွေးရာတွင် လွတ်လပ်ခွင့် အပြည့်အဝ မရရှိခဲ့ကြောင်း။

www.burmeseclassic.com



ထမင်းစားပွဲ သေနတ်ယူလာရန် ပြောသည်ဆို

# ဗိုလ်ချုပ်ကြီး နေဝင်းသည် စာမတော် ဖခင်

## လူကြီးများအပေါ် မပြစ်မှားသင့်တာ ပြစ်မှားခဲ့

## ခေါင်းဆောင်များလုပ်ကြံရန်ကြံမှုအုန်းကျော်မြင့်ဖြောင့်ချက်ပေး

ရန်ကုန် ဇွန်လ ၅
နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန်ကြံစည်မှုကို ယနေ့ဆက်လက်စစ်ဆေးသည်။

**တက္ကသိုလ်ဆောက်**

ယနေ့စစ်ဆေးရာတွင်၊ ဗိုလ်ကြီး အုန်းကျော်မြင့်၏ဖြောင့်ဆိုချက်ကို တင်ပြရာ ယင်းဖြောင့်ဆိုချက် အပြည့်အစုံမှာ အောက်ပါ အတိုင်းဖြစ်သည်။

ကျွန်တော်သည် ပျော်ဘွယ်မြို့နယ် ကံမျှားရွာမှ ဦးဖေ ဦးလှ အမိဒေါ်ပိုးရင် တို့က ၁၉၄၀ ခုမှာ မွေးဖွားခဲ့ပါသည်။ မွေးဖွားခဲ့တဲ့ သားသမီးများအနက် သတ္တမမြောက် သားဖြစ်ပါသည်။ မူလတန်းကို ကံမျှား ရွာတွင် ကျောင်းနေခဲ့ပါသည်။ အလယ်တန်းကို ယင်းတော်အလယ်တန်းကျောင်းတွင် နေခဲ့ပါသည်။ အထက်တန်းကို ပျော်ဘွယ်အထက်တန်းကျောင်းတွင် နေခဲ့ပြီး ၁၉၅၇ ခုနှစ်မှာ ၁၀-တန်းစာမေးပွဲ အောင်မြင်ပြီး ယင်းတော်အထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာအဖြစ်တနှစ် လုပ်ခဲ့ပါသည်။ မန္တလေးတက္ကသိုလ်သို့ ဆက်လက်၍ ပညာသင်ကြားပါသည်။

**တပ်ဦးဝင်**

၁၉၆၂ ခု မတ်လမှာ ဥပစာ ဝိဇ္ဇာ (ခ)တန်းကို အောင်ခဲ့ပါသည်။ တက္ကသိုလ်ကျောင်းမှာ နေစဉ် အတွင်းမှာ ကျောင်းသားအရေးလှုပ်ရှားမှု ဝင်ရောက် အလွန် ... မလုပ်ခဲ့ပါ။ ပထမနှစ်မှာ ကျောင်းသားတပ်ဦး၊ ကောင်စီဝင် အဖြစ် ဝင်ရောက်ခဲ့ပါသည်။ နှစ်ကုန်နီး သောအခါမှာ ကျောင်းသား အဖွဲ့ အစည်းတွေဟာ နောက်က နိုင်ငံရေးအဖွဲ့အစည်းက နေပြီး ထောက်ကူပေးပြီး ဆက်သွယ် လုပ်နေတာကို ကြားရ၍ စုံစမ်းရာ ဟုတ်မည် မထင်ပါသဖြင့် နောင် ၂-နှစ်မှာတော့ ကျောင်းသား အဖွဲ့ ထဲမှာမ ပါဝင်တော့ပါ။ မပါသည့်ပြင် ဒုတိယ ၂-နှစ်မှာ ဘယ်အသင်းမှာမှ မဲမပေးခဲ့တော့ပါ။

**တပ်ရုံးမှူး**

၁၉၆၄ ခုနှစ်မှာ မှော်ဘီမှာဖွင့်တဲ့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) တက်ရောက်အောင်မြင်ပြီး ဒုတိယဗိုလ်အဖြစ်နှင့် အမှတ် ၁၀၆ ခြေမြန်တပ်ရင်းမှာ တပ်ရုံးမှူး အဖြစ်နှင့် သွားရောက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အမှတ် ၁၀၆ ခြေမြန်တပ်ရင်းမှာ ၅-နှစ် တာဝန်ထမ်းဆောင်ပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး(တတိယတန်း)ဆက်ဆံရေးအဖြစ် တာဝန်ထမ်းဆောင်ရပြီး နောက် စစ်ဦးစီးမှူး (တတိယတန်း) ထောက်လှမ်းရေး တာဝန်ထမ်းဆောင်ပြီး ထို့အပြင် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှာဘဲ တိုင်းမှူး၏ ဦးစီးအရာရှိ အဖြစ် တာဝန်ထမ်းဆောင်ပါသည်။

**ကိုယ်ရံတော်**

ဗိုလ်မှူးကြီး ကျော်ထင်အား ၃-ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူး

ဇ စာမျက်နှာ ၂ သို့ ★





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ထမင်းစားပွဲ သေနတ်ယူလာရန် ပြောသည်ဆို
ဗိုလ်ကြီးဘချစ်က ကြံစည်ခဲ့ပုံ ဖြောင့်ချက်ပေး
ခေါင်းဆောင်ကြီးများ လုပ်ကြံရန်ကြံစည်မှုဆက်လက်စစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com


# အခန်း - ၁၂

## စစ်ကြောရေးမှာ ထွက်ချက်ယူ

ကျွန်တော်တို့ ရေကြည်အိုင်က အိမ်တွေမှာ နေရာချထားပြီးတဲ့အခါမှာ SB က ပုဂ္ဂိုလ်တွေက ကျွန်တော်တို့ကို နေ့တိုင်း စစ်ကြောရေး လုပ်တယ်။ စစ်ကြောရေးဆိုတာက ထွက်ချက်တွေ ယူတာပေါ့။ ပထမဆုံး ထောက်လှမ်းရေးပေးတဲ့ ထွက်ချက်တွေအပေါ် မူတည်ပြီး ကျွန်တော်တို့ ထွက်ချက်တွေကို ပြန်လုပ်တယ်။ ပြန်လုပ်တဲ့ ရည်ရွယ်ချက်က တော့ ကျွန်တော်တို့ကို တရားရုံးကို သက်သေအဖြစ်နဲ့ခေါ်တဲ့ အခါမှာ ဘယ်လိုထွက်ရမလဲဆိုတာကို သိအောင် ဇာတ်တိုက်တဲ့ သဘောပါပဲ။ အထူးသဖြင့် ကျွန်တော့်အမှုကပေါ့တယ်။ ဘာမှလည်း မဖြစ်လောက်ဘူး။ ဗိုလ်စံကြည် ပြောတဲ့ တစ်ခုနဲ့တင် ဒီကိုပါလာတာကိုး။ သို့သော်လည်းပဲ ထောက်လှမ်းရေး ရဲ့ ရည်ရွယ်ချက်က၊ ထောက်လှမ်းရေးဆိုတာထက် မျက်မှန်ကြီးတင်ဦး က ကျွန်တော့်ကို ပိုပိုမိုမို တရားရုံးမှာ ပြောစေချင်တယ်။ ဘာကိုလဲဆိုရင် ကာကွယ်ရေး ဦးစီးချုပ်ဟောင်းဦးတင်ဦး ရဲ့ ဇနီး ဒေါက်တာဒေါ်တင်မိုးဝေနဲ့ ပတ်သက်ပြီး ကျွန်တော် ကိုစံကြည် ဆီက ကြားတယ်ဆိုတဲ့ သဘောမျိုးတွေပေါ့


www.burmeseclassic.com

www.burmeseclassic.com


လေ။ အဲဒီလိုမျိုးတွေ ပြောစေချင်တယ်။ ဒေါ်တင်မိုးဝေက နိုင်ငံခြားစစ်သံ တွေဆီကနေ တရုတ်ပြည်မှာ စစ်သံအဖြစ်တာ ဝန်ကျနေတဲ့ ဗိုလ်မှူးကြီး သက်ဝေ၊ ဘန်ကောက်မှာ တာဝန်ကျနေတဲ့ စစ်သံဗိုလ်မှူးကြီးသန်းလှ သူ တို့ဆီကနေပြီးတော့ အိမ်ဆောက်ပစ္စည်းတွေမှာတယ်။ အဲဒီ မှာတဲ့ကိစ္စကို သန့်ဇင်မြိုင်ကနေ မှာပေးရတယ်။ ရောက်လာတဲ့အခါမှာ သူတို့က ကြိုပြီး တော့ အိမ်ကို ပို့ပေးရတယ်။ အစ ရှိသဖြင့်ပေါ့။ အဲဒီအချက်တွေကို ထည့် စေချင်တယ်။

## ကျွန်တော့်ကိုထွက်ဆိုချက်ပေးဖို့ SB ခေါ်

ကျွန်တော်ကို ခေါ်ပြီးတော့ ထွက်ဆိုချက်တွေကို SB က၊ အဲဒီတုန်းက SB တပ်ဖွဲ့မှူးက ရဲမှူးကြီး ဦးစိုးမြင့် ပေါ့။ နောက်နှစ်ယောက်က တော့ ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော့်ကို အဲဒီလူတွေလာပြီးတော့ စစ်ကြောရေးလုပ်တာ သက်သေခံပေးဖို့လို့ အစက မရိပ်မိဘူး။ ကျွန်တော့်ကို ပြန်ပြီးတော့ ပြောခဲ့တာတွေကို confirm လုပ်တယ်ပေါ့။ ဒေါ်တင်မိုးဝေ နဲ့ ပတ်သက်ပြီးတော့ သူတို့ပြောတဲ့ဟာကို ကျွန်တော် အကြောက်အကန်ငြင်း တယ်။ ကျွန်တော်က မထည့်စေချင်ဘူး။ ကျွန်တော်လည်း မသိဘူး။ ဗိုလ်စံကြည် ပြောတာလည်း တစ်စွန်းတစ်စတောင် မကြားဘူး။ ငြင်းသော်လည်းပဲ ထုံးစံ အတိုင်း ကျွန်တော်တို့က ငြင်းပိုင်ခွင့် ရှိတာမှ မဟုတ်တာ။ ဖမ်းခံထားရတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့ကို အာခံလို့ မရတဲ့အတွက် ထည့် ချင်လည်း ထည့်ဆိုပြီး လက်မှတ်ထိုးပေးလိုက်တာပါ။

အဲဒီဟာ ရဲ့ အဓိကက တရားရုံးမှာပြောမယ်ဆိုရင် ဒေါ်တင်မိုးဝေ ရဲ့ အကြောင်းကို ပါမယ်။ ဒေါ်တင်မိုးဝေ နဲ့ ကျွန်တော်နဲ့က အဲဒီတုန်းက မျက်မှန်း တန်းမိရုံပဲ တန်းမိတာပါ။ သိပ်မခင်ဘူး။ ကျွန်တော်ရဲ့ ထွက်ချက် ကြောင့် ဒေါ်တင်မိုးဝေ ဟာ ဒီလိုအမျိုးအစားပါလား၊ ဒီလို မိန်းမကြီးပါလား၊ ဆိုတာ သတင်းစာထဲမှာ ထည့်ဖို့၊ အများပြည်သူသိဖို့ဆိုတာ ပထမ ကျွန်တော့် မရိပ်စားမိဘူး။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ အဲဒါပါပဲ။


www.burmeseclassic.com

www.burmeseclassic.com



## သဘောကတော့ ဒေါ်တင်မိုးဝေကို အပုပ်ချတဲ့လုပ်ရပ်ပါ။

ကျွန် တော်နဲ့ အားလုံးဟာ အဲဒီလိုပဲ သွားလိုက် သူတို့က ထွက်ချက် ယူလိုက်၊ ပြီးတော့ ပြန်ညှိလိုက်ဆိုတော့ အားလုံး သက်သေအနေနဲ့တစ်နေ့ကို တစ်ကြိမ် နှစ်ကြိမ်လုပ်ရပါတယ်။ နောက်ပြီး သူတို့အချင်းချင်းပြောတဲ့ စကား တွေထဲမှာလည်း ကျွန်တော်တို့ကို တပ်မတော်အရာရှိတွေလို့တောင် သဘော မထားတော့ဘဲနဲ့ တရားခံတွေလိုသဘော မျိုးနဲ့၊ ဥပမာဆိုပါတော့ ဗိုလ်ကြီး သန့်ဇင်မြိုင်ကို သန့်စင်မြိုင်၊ စိန်သောင်း၊ ကျော် ရှိန်းစသဖြင့် ခေါ်တဲ့အခါမှာ ဩော် တို့ဟာ တပ်မတော်ထဲမှာ နာမည်စာရင်း မပေါက်တော့ဘူး။ တပ်မ တော်ထဲက ထွက်ရတော့မှာ သေချာသလောက်ရှိ တယ်ဆိုတာ အတွေးက တဖြည်းဖြည်းနဲ့ ပေါက်လာတယ်။ အဲဒီလိုနေရင်းမှ စပြီး တော့ ဒီရုံးတင်တဲ့ အခါမှာ ရုံးတင်တဲ့ အကြောင်းကိုလည်း သတင်းစာထဲမှာ ပါ တဲ့အခါကျတော့ ပထမဦးဆုံး နိုင်ငံတော် ပုန်ကန်မှု ပုဒ်မ ၁၂၂(၁) အဲဒီလိုပုဒ်မ သဘောမျိုးနဲ့ ရုံးတင်တဲ့အခါမှာ အမိက တရားခံတွေက အုန်းကျော်မြင့်နဲ့ ဝင်း သိန်း၊ ကြံရာပါ စာရင်းက ဗိုလ်ချုပ်ကြီး ဦးတင်ဦး၊ တိုင်းမှူးဟောင်း ဗိုလ်မှူးကြီး လှဖေ၊ စခန်းမှူးဟောင်း ဗိုလ်မှူးစိန်မြင့်၊ ဗိုလ်ကြီးဘချစ် အဲဒီပုဂ္ဂိုလ်တွေက တရားခံစာရင်းနဲ့ တင်တယ်။ တင်ပြီးတဲ့အခါ ပထမဦးဆုံး ခေါ်တဲ့ သက်သေ အဖြစ်နဲ့ ခေါ်တာက ဗိုလ်မှူးချုပ်သန်းတင်။ ဒီ အင်းစိန်ထောင်ရှေ့က သီးသန့် ထောင် (သီးသန့်ထောင်ဆိုတဲ့ မြေကွက် ကြီးရှိတယ်) အဲဒီမှာ အဆောက်အဦး တွေကို နဂိုကတည်းက ဆောက်တာလား၊ အခုမှ ဆောက်တာလားဆိုတာတော့ မသိဘူး။ အဲဒီအဆောက်အဦးမှာ ရန် ကုန်တိုင်းအထူးတရားရုံးဆိုပြီး ရုံးတင် တာပါ။ တရားရုံးဥက္ကဋ္ဌက ဦးအုန်းမောင်၊ အဖွဲ့သားတွေတော့ မမှတ်မိဘူး။ အဲဒီ ဦးအုန်းမောင်ကို မှတ်မိတာက ကျွန်တော် စစ်ရုံးမှာနေတုန်းက မြန်မာ- အိန္ဒိယ နယ်မြေသတ်မှတ်ရေးကော်မတီမှာ အလုပ်လုပ်တဲ့အခါမှာ ရှေ့တန်း က တပ်တွေ၊ မြေတိုင်းတွေကို ရိက္ခာပို့တဲ့အခါမှာ ထောက်ပို့တပ်နဲ့ ဆက်တာ ကတော့ အဲဒီ ဗိုလ်မှူးဦးအုန်းမောင်ပါ။ သူက ထောက်ပို့တပ်မှူးပေါ့။ ထောက်ပို့တပ်မှူးဆိုတော့ ကျွန်တော်နဲ့ အမြဲတမ်းဆက်သွယ်ရတယ်။ သာမန်



www.burmeseclassic.com

www.burmeseclassic.com


ကားနဲ့ပို့လို့ရတဲ့ဟာ ပို့တယ်။ ပို့လို့မရတဲ့ဟာ လေကြောင်းက နေပဲ လေထီးနဲ့ နာဂတောင်တန်းကြီးကို ချပေးရတယ်။ အဲဒါကြောင့်မို့လို သူနဲ့ ခင်နေတာ။

## အရာရှိငယ်တွေက အရာရှိအကြီးကြီးတွေကို လုပ်ကြံချင်တဲ့သတင်းမို့ တိုင်းပြည်ကစိတ်ဝင်စား

ဒါပေမဲ့ အဲဒီအချိန်မှာ သူက အပြင်ဘက်ရောက်သွားပြီးတော့ တိုင်းတရားသူကြီး အဖွဲ့ဝင်ဖြစ်သွားပြီ၊ အဲဒီအဖွဲ့မှာ သူက တရားသူကြီး ဥက္ကဋ္ဌ။ အဲဒီတော့ ဗိုလ်ချုပ်သန်းတင်က ပထမဦး ဆုံး သက်သေ။ ကျွန်တော်စောစောက ပြောခဲ့တဲ့အတိုင်း ဗိုလ်ကြီးဘချစ်က တစ်ဆင့် ဗိုလ်ကြီးဝင်းသိန်းကို လက်ခံ တွေ့ဆုံတဲ့ အကြောင်း၊ ဗိုလ်ကြီးဝင်းသိန်း က ပြောတယ်ဆိုတဲ့အကြောင်း၊ အဲဒီ ဗိုလ်ကြီးဝင်းသိန်း ဟာ တိုင်းမှူးဗိုလ်ချုပ်မင်းခေါင် ရဲ့ PSOဆိုတဲ့အတွက်ကြောင့်မို့ လူချင်းသိတဲ့အတွက် လက်ခံတာဆိုတဲ့အကြောင်း၊ နောက်ပြီး အုန်းကျော်မြင့် နဲ့ ဗိုလ်ကြီးဝင်းသိန်း တို့ ပေါင်းပြီး လူကြီးတွေကို လုပ်ကြံမယ်ဆိုတဲ့အကြောင်း၊ သူ့ကို ခေါင်းဆောင်မှုပေးဖို့အတွက် တောင်းဆိုတဲ့အကြောင်း။ အဲဒါကတော့ သူရဲ့ ပထမဦးဆုံး ထွက်ချက်ပါ။ နောက် ပုဂ္ဂိုလ်ကတော့ ဗိုလ်ချုပ်စောဖြူ(လေ)။ အဲဒီတုန်းက သူက လေတပ်ကပါ။ အဲဒီတုန်းက ဒုချုပ်ပဲ ရှိသေးတယ်။ လေတပ်ဦးစီးချုပ်ရယ်လို့ မခေါ်သေးဘူး။ ဗိုလ်ချုပ်စောဖြူ ကျတော့ သူ့ကို ဗိုလ်မှူးသူရချစ်ခိုင်ကနေပြီးတော့ အုန်းကျော် မြင့် လာနေပြီဆိုတဲ့အကြောင်း၊ သူကနေ ခေါ်လာခိုင်းတဲ့အတွက် ခေါ်လာပြီး ဗိုလ်ချုပ်ကျော်ထင် ကို အပ်ပေးလိုက်တယ်ဆိုတဲ့အကြောင်း၊ နောက်အရေးကြီးတဲ့ သက်သေတစ်ခုကတော့ ဗိုလ်ချုပ်မင်းခေါင်၊ အနောက်ပိုင်းတိုင်း တိုင်းမှူး။ သူကလည်း ဗိုလ်ကြီးဝင်းသိန်းဟာ သူ့ရဲ့ PSOဖြစ်တယ်ဆိုတဲ့အကြောင်း၊ ဒါပေမဲ့ ဗိုလ်ကြီး ဝင်းသိန်းနဲ့ ဗိုလ်ကြီး အုန်းကျော်မြင့်တို့ ကြံရွယ်တဲ့ ကိစ္စတွေ သူမသိဘူးဆိုတဲ့အကြောင်း ဒါတွေပေါ့ လေ။ ဗိုလ်မှူး သူရချစ်ခိုင်တို့ကတော့ လင်မယားနှစ်ယောက်လုံး သက်သေခံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အုန်းကျော်မြင့် နဲ့ သူတို့က နဝရတ်မှာ အတူတူ နေခဲ့တယ်။ ခင် လည်း ခင်တယ်၊ အိမ်ကို မကြာခဏဝင် ထွက်ပြီးတော့ တိုင်းရေးပြည်ရေး ဆွေးနွေးတယ်။ ဒါ


www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကြောင့် အကုန်လုံး ပါကြရတာပေါ့။

ကျွန်တော့်အလှည့်ကျတော့ ခုံရုံးက တစ်လလောက် ဖြစ်သွားပြီ။ လူထုစိတ်ပါဝင်စားမှုက နည်းနည်းတော့ ကျလာပြီပေါ့လေ။ သို့သော်လည်း နည်းနည်းကျတယ်ဆိုပေမဲ့လည်း ထွက်ဆိုချက်က နေ့တိုင်း သတင်းစာထဲ ပါတယ်ဆိုတဲ့အခါကျတော့ လူထုမထင်မှတ်တဲ့ကိစ္စလေးတွေက ပေါ်ပေါ်လာတဲ့ အခါကျတော့ စိတ်ဝင်စားမှုက ကျတယ် ဆိုပေမဲ့ သိပ်အသိသာကြီး မဟုတ်ဘူး။ တော်တော်များများ စိတ်ဝင်စားကြတယ်။ နောက်တစ်ခုက အရာရှိငယ်ငယ်လေးတွေက အရာရှိအကြီးကြီးတွေကို လုပ်ကြံချင်တယ်ဆိုတဲ့ စိတ်ဓာတ်ဟာ တစ်တိုင်းပြည်လုံး ပျံ့နှံ့ပြီးတော့ အထူးအဆန်း အနေနဲ့သော်လည်းကောင်း၊ တချို့ကျတော့ ဒီ မဆလစနစ်ကြီးရဲ့ အခြေအနေ မဟန်ဘူး ဆိုတဲ့ အဖွဲ့တွေ ပေါ်လာတယ်ဆိုတဲ့အကြောင်း၊ အဲဒီလိုမျိုး အကြောင်းကြောင်း ကြောင့် လူတွေက စိတ်ဝင်စားကြတာပေါ့။

## တရားရေးခုံရုံးသက်သေ

ကျွန်တော့် ကို တရားရုံးကို ခေါ်တဲ့အခါမှာ ဗိုလ်ချုပ် ကြီးတင်ဦးက အစ ဗိုလ်မှူးကြီးလှဖေ၊ တရားခံဖြစ်တဲ့ ဗိုလ်မှူးစိန်မြင့်၊ ဗိုလ်ကြီးဝင်းသိန်း၊ ဗိုလ်ကြီးအုန်းကျော်မြင့်၊ ဗိုလ်ကြီးဘချစ် အကုန်လုံးက သိနေတာပေါ့။ ခင်နေ တဲ့အခါကျတော့ ကျွန်တော်က ရောက်တာနဲ့ အကုန်လုံး နေကောင်းရဲ့ လား၊ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ နှုတ်ဆက်ပါတယ်။ တရားသူကြီး စစ်ဆေးတာ မလုပ်သေးဘူး။ သူတို့ကို နှုတ်ဆက်နေတာ။ ကျွန်တော်က အဲဒီလို နှုတ် ဆက်တာကို သူတို့ကလည်း အံ့အားတွေသင့်လို့။ ဘာထူးခြားသလဲဆိုရင် ခါ တိုင်းလူတွေ လာပြီးတော့ သက်သေခံသွားတယ်ဆိုရင် သူတို့ကို မနှုတ်ဆက် ဘူး။ ပြောစရာရှိတာ ပြောပြီးပြန်ထွက်သွားတယ်။ ကျွန်တော်က အဲဒီလို မဟုတ်ဘူး။ ကျွန်တော်ထွက်ဆိုတဲ့အချိန်က ထမင်းစားချိန်နဲ့ တိုက်သွားတဲ့ အခါကျတော့ နည်းနည်းလေးပဲ ထွက်ဆိုသေးတယ် တစ်နာရီထိုးမှ ပြန်စမယ် ဆိုတော့ ကျွန်တော်ကလည်းပဲ အဲဒီမှာ ထမင်းစားရမယ့် သဘောရှိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး ထွက်သွားတဲ့အခါကျတော့ ကျွန်တော်က ဘာရယ်မဟုတ်ဘူး။ အုန်းကျော်မြင့် ပြစ်မ်း မင်းလက္ခဏာ။ ဥပဒေ့ ဒကကံပါလားလို့ လက်ကို ဆွဲပြီး ကြည့်လိုက်တာ။ အမှန်တော့ ကြည့်ဖို့လည်း အချိန်မရပါဘူး။ လူကြားထဲဖို့ နည်းနည်းပါးပါး နောက်သလို ဖြစ်သွားတာပါ။

အဲဒီမှာ SBတပ်မှူး။ ဒုဗိုလ်မှူးကြီး ဦးစိုးမြင့်ကနေ ဟော့လူ ကိုဝင်းထိန် ခင်ဗျား. . . တရားခံတွေနဲ့ မရောရဘူးလို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်က ဟ. . ကျွန်တော်က ဘယ်သိမလဲဗျလို့ ပြန်ပြောပါတယ်။ ခင်ဗျားတို့ ကြိုမှ မပြောထားဘဲနဲ့ကိုးဗျ။ ကျွန်နှတော်အနေနဲ့က သူတို့ ကို အစိုးရကသာ တရားခံအဖြစ် သတ် မှတ်တာ။ ကျွန်တော်က မသတ်မှတ်ပါဘူး။ ကိုယ်နဲ့သိတဲ့ မိတ်ဆွေတွေလို သဘောထား တဲ့အခါမျိုးကတော့ ခင်ခင်မင်မင် နှုတ်ဆက်တယ်။ အဘိုးကြီးလည်း နှုတ် ဆက်တယ်။ ဗိုလ်မှူးကြီးလှဖေလည်း နှုတ်ဆက်တယ်။ ဗိုလ်မှူးစိန်မြင့်တို့ ဘချစ်တို့ အကုန်လုံး လှည့်ပတ်နှုတ် ဆက်တဲ့အခါကျတော့ နည်းနည်းမြိုင်မြိုင် ဆိုင်ဆိုင်ဖြစ်သွားတာပေါ့။ ခါတိုင်းလူတွေနဲ့ မတူဘဲ ရင်းရင်းနှီးနှီးလိုက် နှုတ်ဆက်တဲ့ အခါကျတော့ ပြောစရာစကားဝိုင်းလို ဖြစ်သွားတာပေါ့။

## တရားခွင်က မြိုင်မြိုင်ဆိုင်ဆိုင်

အဲဒါကို ဦးစီးချုပ်ဟောင်း နာယကကြီး ဦးတင်ဦး က သူ့ အတ္ထုပ္ပတ္တိမှာ ထည့်ရေးထားတယ်။ ဒီခုံ ရုံးကာလမှာ ကျနဲ့တဲ့ လူတွေ လာကြတယ်။ ထွက်ဆိုချက်ပေးပြီးတော့ ပြန်သွားတယ်။ ထူးခြားတာကတော့ ကျွန်တော် လာတဲ့အခါကျမှ သူတို့ရဲ့ တရားခွင်က မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားတယ်ဆို တဲ့ မှတ်ချက်လေး ရေးထားတယ်ပေါ့။ အဲဒီတော့ အဲဒီမှာ နောက်ကျမှ သိရတဲ့ အကွက်တစ်ကွက်ရှိတယ်။ ဘာလည်းဆိုရင် ကျွန်တော်က အုန်းကျော် မြင့် ကို နောက်သလို လက္ခဏာကြည့်တယ်။ အဲဒီလက္ခဏာကြည့်တာကို SB တပ်မှူးကနေ လှမ်းတားတယ်။ ကျွန်တော်ကလည်း ခင်ဗျားတို့ အရင် တည်းက မပြောထားလို့ ဘာညာ ပြန်ပြောတာပေါ့။ သူတို့က ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဘူး။ သူတို့ ကျွန်တော့်ကို ဘယ်လိုလုပ်ကြံသလဲဆိုရင် ဒီ နောက်ပိုင်းမှ ပြန်သိတာပေါ့။

## နေ့စဉ်သတင်းပို့ရ

အဲဒီခုံရုံး နေ့စဉ်လုပ်ငန်းတစ်ခု ရှိပါတယ်။ အဲဒါက တစ်နေ့တာပြီးတယ်ဆိုတာနဲ့ အကြမ်းဖျင်းကို မှတ်တမ်းတင်ပြီးမှ လူကြီးတွေကို အကုန်ပို့ရတယ်။ ဝန်ကြီးအားလုံး။ အဲဒီ ဝန်ကြီး အားလုံးပို့တဲ့အပြင်ကို SB တို့၊ နောက် ရဲချုပ်ရုံးတို့ ပို့ရတယ်။ အဲဒီလို ပို့ရတယ်။ အဲဒီမှတ်ချက်နဲ့တကွပေါ့။ ဒီ ကိစ္စတွေပြီးတော့ ကျွန်တော်အပြင်ရောက်တော့ ကျွန်တော့်သူငယ်ချင်း ဗိုလ်မျိုးမြင့်ဆိုတာ ကျွန်တော့်နဲ့ ညီအစ်ကိုလို ခင်တာပေါ့။ အခုတော့ ဆုံးသွားရှာပါပြီ။ သူက အဲဒီတုန်းက ရဲချုပ်ဗိုလ်မှူးကြီးရွှေသန်း ရဲ့ PSO လုပ်နေတာ။ ဗိုလ်မှူးကြီးရွှေသန်းဆိုတာ အဲဒီတုန်းက ရဲချုပ်။ အခုနောက်ပိုင်းမှာ နာမည်ကြီးတဲ့ ပြန်ကြားရေးဝန်ကြီးဟောင်း ရဲထွဋ်ရဲ့ အဖေပါ။ အဲဒီခုံရုံးရဲ့ သတင်းလွှာက လူကြီး တွေအပြင် ရဲချုပ်ရုံးလည်း ရောက်ရတာ ပေါ့။ ရဲချုပ်ရုံး ရောက်လို့ရှိရင် အဲဒီမျိုး မြင့်လည်း ဖတ်ရတာပေါ့။

## အုန်းကျော်မြင့်ကို လက်ဆွဲနှုတ်ဆက်သည်ဟု SB သတင်းပို့

ကျွန်တော် အပြင်ရောက် တော့ မျိုးမြင့်က ကျွန်တော့်ကို ပြောတယ်။ မင်းက တော်တော်နောက်တဲ့ ကောင်ပဲ။ ဘာလဲကွလို့ ပြန်မေးတော့ မင်းကို ရုံးထုတ်တုန်းက ရုံးရောက်တော့ တရားခံတွေထဲက ဗိုလ်ကြီးအုန်းကျော်မြင့် ကို Congratulation လုပ်တယ် လို့ ဟိုအထဲမှာ ပါတယ်တဲ့။ စသုံးလုံး report ထဲမှာ ပါတယ်တဲ့။ ကျွန်တော် ရုတ်တရက်တော့ သတိမရဘူး။ ဒါပေမဲ့ စဉ်းစားတယ်။ ဘယ်သူကများ Congratulation လုပ်သလဲလို့ပေါ့။ ကျွန်တော့် က မျိုးမြင့်ကို ပြန်ပြောတယ်။ ငါမလုပ်ပါဘူးကွ။ ဘာလုပ်စရာရှိလဲ။ လုပ်စရာ အကြောင်း မရှိပါဘူးပေါ့။ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com


ပြန်စဉ်းစားမိတယ်။ ဟာ. . . ဟုတ်ပြီ။ ငါ သဘောပေါက်ပြီကွ။ ငါ သူ့ကို Congratulation လုပ်တာမဟုတ်ဘူးကွ။ ဒီကောင် ဥပဒေစွဲ့ဒကကာ ပါ၊ မပါ ငါ လက္ခဏာကြည့်ပေးတာကွ။ လက္ခဏာ ကြည့်တာကို ဗိုလ်မှူး စိုးမြင့်က လှမ်းတားလို့ ငါတောင် ပြန်အော်လိုက်သေးတယ်။ အဲဒါကို ဒီ ကောင်တွေက ငါ့ကို လုပ်ကြံပြီးတော့ အဲဒီလို လက္ခဏာကြည့်တယ်လို့ မပြော ဘဲနဲ့ Congratulation လုပ် တယ်ဆိုပြီးတော့ လှည့်ထည့်လိုက်တယ်ပေါ့။

ဆိုလိုတာကတော့ ထောက်လှမ်းရေးပညာနဲ့ လူတစ်ယောက်ကို ဒုက္ခပေးချင်တယ်။ ကသိကအောက် ဖြစ်စေချင်တဲ့အတွက် သူတို့ပညာနဲ့ အချိန်မရွေး လှည့်ပတ်ပြီးတော့ အထင်မှားအောင် လှည့်စားနိုင်တယ်ဆိုတဲ့ အရည်အချင်းပေါ့။ အဲဒါနဲ့ ခုံရုံးက စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလဆန်းမှာ ပြီးသွားတယ်။

## ဗိုလ်ကြီးဝင်းသိန်းနဲ့ ထူးခြားချက်

အဲဒီအထဲမှာ ခုံရုံးမှာ ပြောနေတာ၊ ဆိုနေတာ ရှိတာပေါ့လေ။ ဘာလဲဆိုရင် ဗိုလ်ချုပ်ကြီးတင်ဦးကို ရှေ့နေလိုက်တာ ဦးအေးမောင်၊ ဒေါ်တင်မိုးဝေနဲ့ အမျိုးတော်တယ်။ အုန်းကျော်မြင့်ကျတော့ နာမည်ကျော် ဦးကိုယု၊ ဗိုလ်ချုပ်တင်ဖေ ရဲ့ ယောက်ဖ ဦးကိုယုက လိုက်တယ်။ ဝင်းသိန်းနောက်ကတော့ ဦးရဲထွန်း။ ဦးရဲထွန်းက ရှေ့နေထဲမှာ တော်တော်ထင်ရှားတယ်။ သူ့ရဲ့ရုံး အဆောက်အဦးက ပန်းဆိုးတန်းက တတိယထပ်မှာ။ ကျွန်တော် ထောင်က ထွက်တော့ ရောက်ဖူးတယ်။ ဝင်းသိန်းကို ဦးရဲထွန်းက တာဝန်ယူတယ်။ အဲဒီ တော့ အဲဒီလိုတာဝန်ယူလိုက်တဲ့အခါမှာ ဥပမာဆိုပါတော့ ကျွန်တော်က အုန်းကျော်မြင့် နဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုတော့ ကျွန်တော့်ကို ရှေ့နေ တွေကနေပြီးတော့ cross examation လို့ခေါ်တဲ့ တန်ပြန်မေးခွန်းတွေ မရှိဘူး။ ဥပမာအားဖြင့် ဗိုလ်ကြီးစိန်သောင်း ဆိုပါတော့။ ဗိုလ်ကြီးစိန်သောင်းက သက်သေ လာထွက်တယ်။ အုန်းကျော်မြင့် က သူ့ကို ဘယ်လိုပြောသလဲ၊ ဘယ်လိုပြောတယ်။ အဲဒီလိုပြောတယ်လို့ ထွက်ပြီးလို့ရှိရင် အုန်းကျော်မြင့်


www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရှေ့နေက ပြန်မေးရတယ်။ အဲဒီတော့ အုန်းကျော်မြင့်က ကိုစိန်သောင်း ဆီ လာတယ်လို့ ကိုစိန်သောင်း က ပြောတယ်။ ဒါပေမဲ့ ကိုစိန်သောင်း က အဲဒီလိုမျိုးပြောသော်လည်းပဲ အုန်းကျော်မြင့် က အဲဒီလို မဟုတ်ပါဘူးလို့ ထွက်ဆိုတယ်။ အဲဒီတော့ ကိုစိန်သောင်း ပြောတဲ့ ဟာတွေဟာ တရားရုံးမှာ အကျုံးမဝင်ဘူးပေါ့။ အရင်တုန်းက ထောက်လှမ်းရေး ကို ပြောတာဟာလည်း အကျုံး မဝင်ဘူး။ အခုဟာက မှန်မှန်ကန်ကန် လုပ်တယ်ဆို တဲ့ သဘောမျိုးနဲ့ ဒီသက်သေထွက်ဆိုတဲ့ လူတွေရဲ့ စကားတိုင်း စကားတိုင်းက မဟုတ်ဘူးဆို ပြီးတော့ တရားခံရှေ့နေ တွေက အမြဲတမ်းတင်ပြရတာပေါ့။

အဲဒီ ကိစ္စဟာ အဲဒီလောက်ပဲ ဖြစ် ပြီးတော့ ခုံရုံးမှာ ထူးခြားချက်တော့ တစ်ခုရှိတယ်။ အဲဒီသက်သေတွေ ပြီးတဲ့အခါ မှာ တရားခံလို့ ယူရတဲ့ ပုဂ္ဂိုလ် တွေကို စစ်တာပေါ့။ ဗိုလ်ချုပ်ကြီးတင်ဦး ကလည်း သူ့ဆီကို အုန်းကျော်မြင့် လာတာ အမှန်ပဲ။ ဒါပေမဲ့ အုန်းကျော်မြင့်က သူရဲ့ အစီအစဉ်တွေကို ဘာမှ မပြောပြဘူး။ သူက အုန်းကျော်မြင့် ကို ဆုံးမလိုက်တယ်။ ကောင်းကောင်းနေဖို့ ကောင်းကောင်း ကြိုးစား အစရှိသဖြင့်ပေါ့။

## ဗိုလ်မှူးစိန်မြင့် ဒီကိစ္စမှာ ပါဝင်ပတ်သက်ခြင်းမရှိ

နောက်ပြီး ဗိုလ်မှူးစိန်မြင့် ဆိုရင်လည်း အုန်းကျော်မြင့် က လက်နက်တွေ ဘာတွေ ထုတ်သွားတယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ဗိုလ်မှူး စိန်မြင့် အနေနဲ့ ဒီကိစ္စမှာ ပါဝင်ပတ်သက်ခြင်း မရှိဘူး။ သူ့မှာ အုန်းကျော်မြင့် က ဗိုလ်ချုပ်ကြီးကျော်ထင် ရဲ့ အရှိန်အဝါသုံးပြီး လက်နက်တွေ တောင်းတဲ့ အခါမှာ သူထုတ်ပေးတာတော့ မှန်တယ်။ ဒါ ပေမယ့် သူဟာ ရိုးသားတဲ့ အခြေခံတဲ့စိတ်နဲ့ ဖြောင့်မတ်တဲ့ စေတနာနဲ့ပဲ။ တခြားဘာမှ သစ္စာဖောက် မပါဘူး။ အဲဒီတော့ အားလုံးရဲ့ ထွက်ဆိုချက်တွေမှာတော့ ဘာမှ မထူးခြား ဘဲနဲ့ ဒီ ဝင်းသိန်းကျတော့ တော်တော်ထူးခြားတယ်။ ဘယ်လို ထူးခြားလဲ ဆိုလို့ရှိရင် ဝင်းသိန်းကလည်း သူ့ကို စွပ်စွဲတာတွေ မှန်သမျှ အကုန်ငြင်း သွားတယ်။ ဒီ ဗိုလ်မှူးကြီးသန်းတင် အိမ်သွားတယ်ဆို လည်း မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မတ်လ ၂၇ ရက်နေ့မှာ ပါတယ်ဆိုလည်း မဟုတ်ပါဘူး။ အဲဒီလို ငြင်းတာပေါ့။ ဒါ ပထမ ထွက်ဆိုချက်။ အဲဒီတော့ တရားသူ ကြီးကနေပြီးတော့ နောက်ဆုံးလျှောက်လဲချက်ပေးမယ့်ရက် ချိန်းလိုက်တယ်။

ပေးမယ့်ရက်ပြီးတော့ နောက်ဆုံး လျှောက်မယ့်ရက်မှာ သက်ဆိုင်ရာ ရှေ့နေတွေက လျှောက်လဲချက် ပေးကြတယ်။ အစိုးရရှေ့နေတွေက အရင်ပြောတယ်။ နောက်သက်ဆိုင်ရာ တရားခံလို့ သတ်မှတ်ထားတဲ့ သူတွေရဲ့ ရှေ့နေတွေက နောက်ဆုံးမှ ပြောရတယ် ထင်ပါတယ်။ ပြီးတော့မှ တရားသူကြီးက ဘယ်နေ့ မှာ အမိန့်ချမယ်ဆိုပြီးတော့ တစ်ပတ်ခွာချိန်းတယ်။

## တရားခွင်တစ်ခုလုံးမှ ထူးခြားချက်

အဲဒီမှာ ဝင်းသိန်းက သူ့ ရှေ့နေကို မတိုင်ပင်ဘဲနဲ့ တရားသူကြီး ကျွန်တော်တင်ပြစရာ ရှိတဲ့အတွက် ကျွန်တော့်ကို အချိန်ပေးပါ။ ဆိုတော့ တရားသူကြီးခမျာ သူက အခုမှ တရားရုံးထိုင်ဖူးတာ။ ဘာမှ ရေရေရာရာ နားမလည်ဘူး။ အဲဒီတော့ ဝင်းသိန်း က သူ့ရှေ့နေမပါဘဲနဲ့ ထပြီးတော့ ပြောတဲ့အခါမှာ ကောင်းပြီ။ သူ တောင်းတဲ့ ရက်ကို ချိန်းလိုက်တယ်။ ချိန်းလိုက်တဲ့ အခါကျတော့ အဲဒီမှာ ဝင်းသိန်းက ကျွန်တော်တရားရုံးမှာ ထွက်ဆိုတဲ့ဟာတွေဟာ ကျွန်တော် မမှန် မကန်ထွက်ဆိုတာပါ။ ဘာလို့မမှန်မကန်ထွက်ဆိုတာလည်း ဆိုရင် ကျွန်တော့် ရှေ့နေဦးရဲထွန်းက အဲဒီလို ထွက်ဆိုပါလို့ ပြောလို့ ထွက်ဆို ပြောတာမှန်ပါ တယ်။ အုန်းကျော်မြင့် ပြောတာ မှန်ပါတယ်ဆိုပြီးမှ သူ့အရင်တုန်းက ထွက်ခဲ့ တဲ့ဟာတွေကို ပြောင်းပြန်ပြန်ပြီးတော့မှ ထွက်ဆိုတာ။ ဝန်ခံတဲ့အတွက်ကြောင့်မို့ တရားရုံးကနေ အဲဒီဝင်းသိန်းပြီးတဲ့အခါမှာ ရှေ့နေကြီးဦးရဲထွန်း ကို SB က ဖိတ်ခေါ်ပြီး စစ်ကြော ရေးလုပ်ရသေးတယ်။ သူက သူ့ရဲ့ တရားခံအဖြစ် စွပ်စွဲခံရတဲ့ ဝင်းသိန်းကို ကူညီတဲ့အနေနဲ့ ဥပဒေကြောင်းအရသာ လုပ်တာပါ။ မလျော်ကြံဖန်သုံးတာမျိုး၊ မမှန်မကန် လုပ်တာမျိုး မရှိပါဘူး။ ရှေ့နေပညာရှင်လိုအပ်သလို ထွက်ဆိုဖို့ အတွက် သွန်သင်ခြင်း၊ ညှိနှိုင်းခြင်းသာဖြစ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတော့မှ ဦးရဲထွန်း က အပြစ်လွတ်သွားတာ။ အမှန်ဆိုလို့ရှိရင် ဦးရဲထွန်း ပါယောက်ယက်ခတ် သွားတယ်။ ဒါပေမဲ့ အဲဒီတရားခွင်တစ်ခုလုံးမှာ ထူးခြားချက်က အဲဒါပဲ။ အားလုံးက ပြောကြပြီ၊ ဆိုကြပြီ၊ ငြင်းကြပြီ၊ ဝန်ခံကြပြီဆိုတဲ့အခါမှာ ဝန်ခံတဲ့ သူကလည်း ဝန်ခံတယ်၊ မဝန်ခံတဲ့သူကလည်း မဝန်ခံဘူး။ ဒါပေမယ့် ဝင်းသိန်းကျတော့ သူပြောသမျှအားလုံးမှားပါတယ်။ ရှေ့နေကြီးက သွန်သင်လို့ အဲဒီလို ပြောရပါတယ်ဆိုပြီး ပြောလိုက်တာပေါ့။

## စီရင်ချက်ချပြီ


ပိတ်လိုက်ပြီးတော့ တရားရုံးက ကျွန်တော်ထင်တယ်။ ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က လွတ်လပ်ရေးနေ့ဆိုတော့ ရုံးပိတ်ရက်၊ နောက် ကျွန်တော်ထင်တယ်။ ဇန်နဝါရီ ၅ရက် ၆ရက် ၇ရက် လောက်မှာ ထင်တယ်။ တရားသူကြီးက နောက်ဆုံးအမိန့် ချလိုက်တာ။ အမိန့်ချလိုက်တော့ အုန်းကျော်မြင့် ကို သေဒဏ်၊ ဗိုလ်ကြီးဝင်းသိန်း၊ ဗိုလ်ကြီးဘချစ် ကိုတော့ အနှစ် (၂၀)၊ ဦးတင်ဦး၊ ဗိုလ်မှူးကြီး လှဖေနဲ့ ဗိုလ်မှူး စိန်မြင့် တို့ကို (၇)နှစ် အသီးသီး ကျခံစေဆိုပြီး စီရင်ချက်ချလိုက်ပါတယ်။ ။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၁၃
## အုန်းကျော်မြင့်ကို သေဒဏ်ချမှတ်

၁၉၇၇ ခုနှစ်၊ နှစ်စမှာ သူ့ကို သေဒဏ်ချလိုက်တယ်။ ၇၇၊ ၇၈၊ ၇၉ အဲဒီကာလတွေမှာ အယူခံတို့ ပြင်ဆင်ချက်တို့ တင်တာပေါ့လေ။ ဒီမှာလည်း ဦးနေဝင်းရဲ့ လုပ်ထုံးလုပ်နည်းကို ထည့်ပြောချင်ပါတယ်။ ကျွန်တော်တို့ကို ရေကြည်အိုင်မှာ ဖမ်းထားပြီးတော့ နောက်ပိုင်း SBကို လွှဲပေးလိုက်တယ်။ ခုံရုံးတင်တဲ့ကိစ္စတွေရော၊ ခုံရုံးပြီးတဲ့ ကိစ္စရော အကုန်လုံးကို SBကို လွှဲပေးလိုက်တယ်။ အဲဒီမှာ စိုးမြင့်နှစ်ယောက်ရှိတယ်။ တစ်ယောက်ကတော့ Director General တပ်က သွားတဲ့ စိုးမြင့်၊ နောက်တစ်ယောက်ကတော့ ရဲမှူးစိုးမြင့်ပါ။ ဒီလူက ကျွန်တော်တို့ကို ခင်ခင်မင်မင်ပေါင်းတယ်။ တရားခံလို မပေါင်းဘူး။ အဲဒီတော့ စကားပြောလို့ အဆင်ပြေတာပေါ့။

ကျွန်တော်တို့ စစ်ကြောရေးပြီးလို့ ရုံးတင်တဲ့ကာလထင်ပါရဲ့ ကျွန်တော်က ကိုစိုး မြင့်ကို ဘာပြောလဲဆိုရင် အခုအထဲမှာ ဦးတင်ဦး က



www.burmeseclassic.com

www.burmeseclassic.com


ရာထူးလည်းအကြီးဆုံး၊ ဦးနေဝင်း နဲ့လည်း အနီးစပ်ဆုံးလို့။ ဒီအမှုကြီးက ဦးတင်ဦး ကိစ္စဆိုသော်လည်းပဲ ဦးတင်ဦးကို ထောင်ချချင်လို့ ဖြစ်ချင်တဲ့ အမှုပဲလားတောင် ပြောလို့ရမလားမသိဘူး။ အဲဒီတော့ ဦးတင်ဦးကို ထောင်ချဖို့က ဦးနေဝင်းအတွက် လိုအပ်ချက်။ ဦးနေဝင်း လိုအပ်ချက်ကို ကြမ္မာက ဖန်တီးတာလား၊ အုန်းကျော်မြင့်က ဖန်တီးလာတော့ မသိဘူးပေါ့ နော်။ ဦးတင်ဦး ကို ထောင်ကတော့ ချရတော့မယ်။ အဲဒီတော့ ဦးစိုးမြင့် မှတ်ထား၊ ဦးတင်ဦး ထောင်ချပြီးလို့ရှိရင် သုံးနှစ် နဲ့ လေးနှစ် ကြားကာလမှာ လွတ်ငြိမ်းချမ်းသာခွင့်လုပ်လိမ့်မယ်လို့။ ဘာဖြစ်လဲလို့ဆိုတော့ ဦးနေဝင်းရဲ့ ပုံစံက အဲဒီအတိုင်းပဲ။ ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းတယ်။ ၁၉၆၃ ခုနှစ်မှာ ရာတန်၊ ငါးဆယ်တန်တွေ သိမ်းတဲ့ကိစ္စဖြစ်တယ်။ အဲဒီကိစ္စတုန်းက ဗိုလ်မှူးကြီးစောမြင့် တာဝန်ရှိတယ်ဆိုပြီး ထောင်ကျတယ်။ ၁၉၆၄ ခုနှစ်မှာ ထောင် ခုနစ်နှစ် ချတာပါ။ သုံးနှစ်ကြာတဲ့ အခါမှာ သူ့ကို လွတ်ငြိမ်းချမ်းသာခွင့် မဟုတ်ဘဲနဲ့ သူ့ကို တစ်ယောက်တည်း လွတ်ခွင့်ပေးပြီးတော့ လွတ်လွတ်ချင်းမှာ သူ့ကို ပြန်ကြားရေးမှာ အထူးအရာရှိအဖြစ် ခန့်ခဲ့တယ်။ အဲဒီတော့ ဦးနေဝင်း အကျင့်က လူကြီးတစ်ယောက်ကို လိုအပ်လို့ ထောင်ချလို့ရှိရင် သုံးလေးနှစ် လောက်ကြာရင် လွတ်ငြိမ်းချမ်းသာ ခွင့်တို့၊ တစ်ခုခုတို့ ပြန်ဖန်တီးပေးတတ်တာ ကျွန်တော် သတိထားမိတဲ့အခါကျတော့ အဲဒီ လို ဦးစိုးမြင့်ကို ပြောလိုက်တယ်။

## သာသနာသန့်ရှင်းရေးအကြောင်းပြု လွတ်ငြိမ်းခွင့်

အဲဒီတော့ ၁၉၈၀ ခုနှစ် သာသာနာသန့်ရှင်း ရေးအကြောင်းပြုပြီးတော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့အခါမှာ ဦးတင်ဦး သုံးနှစ်ခွဲလောက် ကြာတော့ လွတ်သွားတာပေါ့။ လွတ်သွားတော့ အဲဒီမှာ ကျွန်တော် သတိရပြီးတော့ ဦးစိုးမြင့်ကို ကျွန်တော်ဖုန်းဆက်တယ်။ ဦးစိုးမြင့်ကို ကျွန်တော် ဖုန်းဆက်တယ်။ ဦးစိုးမြင့် အခု လွတ်ငြိမ်းချမ်းသာခွင့်ပေးတာ ခင်ဗျားသိမှာ ပေါ့လို့။ သိတယ် လေတဲ့။ အဲဒီတော့ ကျွန်တော်က ခင်ဗျားကို ကျွန်တော် ရေကြည်အိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ သတိရမိလားဆိုတော့ ဦးတင်ဦးကြီး ထောင်ကျတာ သုံးလေးနှစ်လောက်ဆို ပြန်လွတ်မှာပါလို့ ပြောခဲ့တာလေ။ ဟာ ဗိုလ်ကြီးကလည်းဗျာဆိုပြီး အရေးထဲမှာ ဖုန်းဆက်ရမလား ဘာညာ ပေါ့နော်။ ၁၉၈၀ ခုနှစ်လောက်မှာ ဦးနေဝင်း က လွတ်ငြိမ်း ချမ်းသာခွင့် ပေးမယ်ဆိုတာ သူသိပြီ။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၇၉ ခုနှစ်မှာ ဦးနေဝင်းက အကျင့်ပျက်တဲ့ ဘုန်းကြီးတွေ ထောင်ဖမ်းတာတွေ လုပ်နေတာကိုး။ သူ့ဟာသူ အဖမ်းခံတာလည်း ပါတယ်။ တစ်ယောက်ပြီး တစ်ယောက် အရေးယူခဲ့တာ။ ဘုန်းကြီး လေးငါးဆယ်လောက်ရှိပါတယ်။ ရန်ကုန်၊ မန္တလေးတစ်ပိုက် အကျင့်ပျက်ဘုန်းကြီးတွေကိုပါ။ ဂိုဏ်းကြီး ၉ဂိုဏ်းနဲ့ သံဃမဟာ နာယက အဖွဲ့ကြီး ဖွဲ့တယ်။ ပြီးတော့မှ သာသနာသန့်ရှင်းရေးအောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်။

## လွတ်ငြိမ်းခွင့်မပေးခင် အုန်းကျော်မြင့်ကို ကြိုးပေး

အုန်းကျော်မြင့်ကိုတော့ လွတ်ငြိမ်းချမ်းသာ ခွင့်မလာခင်မှာ ကြိုးပေးလိုက် တာကို ကျွန်တော် ပြန်မေးကြည့်တဲ့အခါ ကျတော့ အဲဒီတုန်းက မဆလပါတီ က CEC ရဲ့ ဆုံးဖြတ်ချက်။ အဓိကအကြောင်းက တပ်မတော် အရာရှိကြီးတစ်ယောက်က အဲဒီလို လုပ်တယ်ဆိုတာ မဖြစ်သင့်ဘူး။ နောက်လည်း မပေါ်အောင် တစ်ခုခုတော့ လုပ်မှဖြစ်မယ်ဆိုပြီး အပြစ်ပေးလိုက်တယ်။

သူ့သာ အဲဒီလို အပြစ်မပေးလို့ရှိရင် ၁၉၈၀ ခုနှစ် သာသနာသန့်ရှင်းရေးနဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးလို့ရှိ ရင် အုန်းကျော်မြင့် လွတ်ကို လွတ်ပြီ။ လွတ်လို့ ရှိရင် နောက်တစ်ချိန်မှာ သူဟာ အန္တရာယ်ဖြစ်လာနိုင်တယ်။ ဒါမျိုးကို ဦးနေဝင်း တွက်လေ့ တွက်ထရှိတယ်။ ဒါကြောင့်မလို့ အုန်းကျော်မြင့် လွတ်ငြိမ်းချမ်းသာခွင့်ထဲမှာ မပါအောင်လို့ အစောကြီးကတည်းက သေဒဏ်ပေးလိုက်တတယ်လို့ ယူဆပါတယ်။ ဒါတွေကတော့ ကျွန်တော့်ရဲ့ အတွေ့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com


ချက်ပါ။ နောက် တစ်ချက်က ဘာလဲဆိုရင် သေဒဏ်ပေးပုံပေးနည်းပေါ့။ ၁၉၇၉ ခုနှစ် အောက်တိုဘာ၊ နို၀င်ဘာလား။ သူ့မိန်းမက အမြဲတမ်း ထောင်၀င်စာလာတယ်။ ကျောင်းဆရာမအလုပ်လည်း လုပ်တယ်။ ကျောင်းဆရာမ အလုပ်လည်း လုပ်နိုင်အောင် ထောင်နဲ့ နီးစပ်တဲ့ ကျောင်းတစ်ကျောင်းကို ပြောင်းပေးလိုက်တယ်။ ပြောင်းပေးပြီးတော့ အဲဒီအင်းစိန်မှာပဲ ဆရာမလခနဲ့ ရပ်တည်ရတယ်ပေါ့။ အဲဒီကနေပြီးတော့ အလုပ်လုပ်တယ်။ ပြီးရင် ထောင်၀င်စာသွားတွေ့တယ်။ အဲဒီလိုနေရာကနေ တစ်ရက်မှာ ထောင်၀င်စာသွားတွေ့တာ ခါတိုင်းထောင်၀င်စာတွေ့သလို မဟုတ်ဘဲနဲ့ သူ့ကို ထောင်ပိုင်ကြီးက ခေါ်တယ်။ ထောင်ပိုင်ကြီး အခန်းထဲရောက်တော့မှ သူ့ယောကျ်ားကို ကြိုးပေးလိုက်ပြီဆိုပြီးတော့ ပြောတယ်။ အဲဒီတုန်းက ထောင်ပိုင်က မစ္စတာမက်ကမ်းနား ထင်ပါရဲ့။ ကပြားပါ။ အဲဒီမှာ သူ့မိန်းမက လူးလိမ့်ပြီးတော့ ငိုတာ။

ဆိုလိုတာကတော့ ဥပဒေရှိတယ်။ အဲဒီဥပဒေက ဘာလဲဆိုရင် သေဒဏ်ပေးတော့မယ်ဆိုလို့ရှိရင် မပေးခင်တစ်ရက်မှာ သူ ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ လုပ်ပေးရမယ်။ ဘုန်းကြီးနဲ့ တွေ့ပြီးတော့ သီလယူတာတို့ ဘာတို့ လုပ်ပေးရမယ်။ နောက် မိသားစုကို တစ်နေ့လုံး၊ တစ် ညလုံး တွေ့ခွင့်ပေးရမယ်။ စားစရာရှိရင် ဘာစားချင်လည်း လုပ်ပေးရမယ်။ အဲဒီလို ဥပဒေကြောင်းအရ ရေးထားတာ ရှိသော်လည်းပဲ လုံး၀လျစ်လျူရှုပြီး တော့ ဇနီးကိုတောင် အသိမပေးဘဲ သေဒဏ်ပေးလိုက်တာပါ။ အဲဒါတွေကတော့ ဦးနေ၀င်း ရဲ့ လွန်ကဲမှုလို့ ပြောရမှာပါ။


www.burmeseclassic.com


www.burmeseclassic.com



ထမင်းစားပွဲ သေနတ်ယူလာရန် ပြောသည်ဆို



# ဗိုလ်ကြီးအုန်းကျော်မြင့် သေနတ်များထုတ်ယူ ခေါင်းဆောင်များ လုပ်ကြံရန်ကြံမှု ဆက်စစ်





www.burmeseclassic.com

www.burmeseclassic.com



## ဤအမှုကြီးတွင်ပါဝင်ခဲ့သူများနဲ့ သူတို့ရဲ့ရာထူးများ

| | |
|---|---|
| ဗိုလ်ကြီးအုန်းကျော်မြင့် | ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်၏ ကိုယ်ရေးအရာရှိ |
| ဗိုလ်ကြီးဝင်းသိန်း | အနောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်မင်းခေါင်၏ ကိုယ်ရေးအရာရှိ |
| ဗိုလ်ကြီးဟန်ဇော် | မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးလှပေ၏ ကိုယ်ရေးအရာရှိ |
| ဗိုလ်ကြီးဝင်းမောင် | အရှေ့တောင်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီးထွန်းကြည်၏ ကိုယ်ရေးအရာရှိ |
| ဗိုလ်ကြီးဘချစ် | ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းတင်၏ ကိုယ်ရေးအရာရှိ |
| ဗိုလ်ကြီးဝင်းထိန် | ကကကြည်း စာရေးသူ (ယခုအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၊ ဗဟိုအလုပ်မှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင်) |
| ဗိုလ်ကြီးစိန်သောင်း | ဗိုလ်မှူးကြီးမျိုးအောင်၏ ကိုယ်ရေးအရာရှိ |
| ဗိုလ်ကြီးမြင့်သိန်း(၅၁) | ဗိုလ်ချုပ်ချစ်လှိုင်၏ ကိုယ်ရေးအရာရှိ |
| ဗိုလ်ကြီးစံကြည် | ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးသူရတင်ဦး၏ ကိုယ်ရေးအရာရှိ |



www.burmeseclassic.com

www.burmeseclassic.com


# အခန်း – ၁၄

## သတင်းစာမှ ကိုယ်ရေးအတ္ထုပ္ပတ္တိများ

### ဗိုလ်ကြီးအုန်းကျော်မြင့်

ပျော်ဘွယ်မြို့နယ်၊ ကံဖျားရွာမှ အဖ ဦးလွှာ၊ အမိ ဒေါ်ရင်မိုးတို့က ၁၉၄၀ ခု မှ မွေးဖွားခဲ့တယ်။ မွေးဖွားခဲ့တဲ့ သားသမီးများအနက် သတ္တမ မြောက်သား။ မူလတန်းကို ကံဖျားရွာတွင် ကျောင်းနေခဲ့တယ်။ အလယ်တန်းကို ယင်းတော်အလယ်တန်း ကျောင်းတွင် နေခဲ့ပြီး အထက်တန်းကို ပျော်ဘွယ်အထက်တန်းကျောင်းတွင် နေခဲ့ပြီး ၁၉၅၇ ခုနှစ်မှာ ၁၀ တန်းစာမေးပွဲ အောင်မြင်ပြီး ယင်းတော်အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ အဖြစ် တစ်နှစ်ခွဲလုပ်ခဲ့တယ်၊ မန္တလေးတက္ကသိုလ်သို့ ဆက်လက်၍ ပညာ သင်ကြားပါတယ်။

၁၉၆၂ ခု၊ မတ်လမှာ ဥပစာဝိဇ္ဇာ(ခ) တန်းကို အောင်ခဲ့တယ် တက္ကသိုလ် ကျောင်းမှာ နေစဉ်အတွင်းမှာ ကျောင်းသားသမဂ္ဂမှာ ဝင်ရောက် အရွေးခံ ခြင်းမလုပ်ခဲ့။ ပထမနှစ်မှာ ကျောင်းသား တပ်ဦးကောင်စီဝင်အဖြစ် ဝင်ရောက်ခဲ့တယ်။ နှစ်ကုန်နီးသောအခါမှာ ကျောင်းသားအဖွဲ့အစည်းကနေပြီး မထောက်ကူပေးပြီး ဆက်သွယ်လုပ်နေတာကို ကြား၍ စုံစမ်းရာ ဟုတ်မည် မထင်ပါသဖြင့် နောင် ၂ နှစ်မှာ ဘယ်ကျောင်းသားအဖွဲ့ထဲမှာမှ မပါဝင် တော့ပါ။ မပါသည့်အပြင် ဒုတိယ ၂ နှစ်မှာ ဘယ်အသင်းမှ မဲမပေးခဲ့တော့ပါ။

၁၉၆၄ ခုနှစ်မှာ မှော်ဘီမှာဖွင့်တဲ့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉) တက်ရောက် အောင်မြင်ပြီး ဒုတိယဗိုလ် အဖြစ်နှင့် အမှတ်(၁၈) မြန်မာ့တပ်ရင်းမှာ တပ်စုမှူးအဖြစ်နှင့် သွားရောက်တာ ဝန်ထမ်းဆောင်ခဲ့


www.burmeseclassic.com

www.burmeseclassic.com



တယ်။ အမှတ်(၁၀၆) ခြေမြန်တပ်ရင်းမှာ ၅ နှစ် တာဝန်ထမ်းဆောင်ပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး(တတိယတန်း)ဆက်ဆံရေး အဖြစ် တာဝန်ထမ်းဆောင်ရပြီးနောက် စစ်ဦးစီးမှူး(တတိယတန်း)ထောက်လှမ်း ရေးတာဝန် ထမ်းဆောင်ပြီး ထို့အပြင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှာပဲ တိုင်းမှူးရဲ့ ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင် ပါတယ်။

ဗိုလ်မှူးကြီးကျော်ထင်အား ဒု-ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်စစ်ရုံးသို့ ပြောင်းသော အခါ ဒုကာကွယ်ရေးဦးစီးချုပ် ကိုယ်ရံတော် ဗိုလ်ကြီးအနေနဲ့ပါ သွားပြီး တာဝန်ထမ်း ဆောင်ပါတယ်။ ဗိုလ်ချုပ်ကျော်ထင် ကာကွယ်ရေးဦးစီး ချုပ် ကိုယ်ရံတော် ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီးအချိန် အထိ ဖြစ်ပါတယ်။

## ဗိုလ်ကြီးဝင်းသိန်း

၁၉၄၀ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့ ၌ ပြည်ခရိုင်၊ ညောင်စာရေးရွာတွင် မွေးဖွားပါတယ်။ ၎င်းနောက် သာယာဝတီခရိုင် နတ်တလင်းမြို့တွင် ကြီး ပြင်းလာခဲ့ပါတယ်။ နတ်တလင်း အစိုးရ အထက်တန်းကျောင်းတွင် ၁၉၅၇ ခုနှစ် ခန့်က ၁၀ တန်းအောင်ခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက် ပညာသင်ကြားခဲ့ပါတယ်။ ဝိဇ္ဇာသိပ္ပံ ပထမနှစ် ၁၉၆၂ ခုနှစ်တွင် ကျောင်းမှ ထွက်ခဲ့ပြီး ရန်ကုန်မြို့၊ အမှတ်(၁၉၅)၊ ၂၈-လမ်းတွင် နေထိုင်ခဲ့ပြီး မိဘလုပ်ငန်း တွင် ကူညီလုပ်ကိုင်ပေးခဲ့ပါတယ်။ ၁၉၆၄ ခုနှစ် ဧပြီလတွင် ဗိုလ်သင်တန်း အပတ်စဉ် (၃၁)မှာ တက်ခဲ့ပါတယ်။

၁၉၆၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဗိုလ်သင်တန်းမှ ဆင်းခဲ့ပါ တယ်။ အမှတ်(၉၁) ခြေလျင်တပ်ရင်းတွင် တာဝန်ကျပါတယ်။ ၁၉၇၀ ခုနှစ် ဧပြီလတွင် အမှတ်(၂) ခြေလျင်တပ်ရင်းသို့ ပြောင်း ရွှေ့ခဲ့ရပါတယ်။ ၎င်းမှ ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် အမှတ်(၉၉) ခြေမြန်တပ်မ ဌာနချုပ်သို့ တပ်မ မှူး၏ ဦးစီးအရာရှိ အဖြစ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရပါတယ်။ ၁၉၇၅ ခုနှစ် ဧပြီလတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ တိုင်းမှူးနှင့်အတူ ပြောင်းရွှေ့ လိုက်ပါသွားခဲ့ပြီး ၎င်း တိုင်းမှူးမှာ ဗိုလ်မှူးကြီးမင်းဂေါင် ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၁၅

## အုန်းကျော်မြင့် အကျိုးဆက်

ကျွန်တော်တို့ အုန်းကျော်မြင့်အမှု ပြီးခါနီးမှာ SB ကရော၊ ထောက်လှမ်းရေးကရော စိတ်ဝင်စားတဲ့ ဘာသာရပ် တစ်ခုရှိတယ်။ အဲဒီဘာသာရပ်က ဘာလဲဆိုတော့ ဝင်းသိန်းတို့၊ အုန်းကျော်မြင့်၊ ကိုဝင်းမောင် အထူးသဖြင့် PSO တွေထဲမှာ ထက်ထက်မြက်မြက်နဲ့ ကျယ်ကျယ်ပြန့်ပြန့် သိခဲ့သူတွေကို ခေါ်ပြီးတော့ စစ်ကြောရေးဘက်က ထုတ်တယ်။ အခုရေကြည်အိုင်မှာ အမှုတွေလုပ်နေတယ်၊ သက်သေတွေ ထွက်နေတယ်။ အားလုံးပြီးတော့မှ သူတို့ရဲ့ ထင်မြင်ချက်တွေ၊ သူတို့ရဲ့ တွေ့ရှိချက်တွေကို ပေးတာ။ ဘာလဲဆိုတော့ လက်ရှိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ ပတ်သက်လို့လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ခေါင်းဆောင်နဲ့ ပတ်သက်လို့ ဘယ်လိုဖြစ်နေလဲဆိုတဲ့ အခြေအနေနဲ့ သူတို့ရဲ့ ထင်မြင်ချက်တွေကို ပေးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


## လမ်းစဉ်ပါတီအပေါ် ထင်မြင်ချက်

အဲဒီမှာ ဒီအချက် အလက်တွေက မျက်မှန်တင်ဦးအတွက် ဖြစ်မယ့်ကိစ္စတွေ ရှိသလို၊ ဦးနေဝင်း အထိပါရောက်တဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ သုံးသပ်မိတယ်။ ဘာကြောင့်လဲဆိုရင် SB ကလူတွေ၊ ထောက်လှမ်းရေးကလူတွေရဲ့ ပြောဆို ချက်အရ။ ဘာလဲဆိုတော့ အဲဒီအချိန်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မှာ ဥက္ကဋ္ဌက ဦးနေဝင်း၊ အထွေထွေအတွင်းရေးမှူးက ဦးစန်းယု၊ အတွင်းရေး မှူး-၁ က ဦးထွန်းလင်း၊ အတွင်းရေးမှူး-၂ က ဦးသန့်စိန်၊ အတွင်းရေးမှူး- ၃ က ဦးတင်ဝင်းညို သူတို့ သုံးယောက်စလုံးက တပ်ထဲက အရာရှိကြီးတွေပါ။

သူတို့ရဲ့ တင်ပြချက်ဘာလဲဆိုရင် မဆလကို ဦးနေဝင်းနဲ့ ဦးစန်းယုက အဓိက မဟုတ်ဘူး။ တွဲဖက်အထွေထွေအတွင်းရေးမှူးက ဦးသောင်းကြည်။ သူတို့တွေက အဓိကမဟုတ်ဘူး။ ခြယ်လှယ်နေတာက ဦးထွန်းလင်း၊ ဦးသန့်စိန်၊ ဦးတင်ဝင်းညိုတို့က ခြယ်လှယ်နေတာပါ။ နောက် ပြီးတော့ ဒေသဆိုင်ရာမှာ ခန့်အပ်ထားတဲ့ တိုင်းပါတီခေါင်းဆောင်တွေ၊ ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေ အဲဒီလူတွေကို အဲဒီ သုံးယောက်က ခြယ်လှယ် ပြီးတော့ ခန့်နေတယ်။

နောက်ပြီးတော့ သူတို့ မကျေနပ်ဆုံးက တပ်မတော်က ပြောင် မြောက်တဲ့ ခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်မှူးကြီး တင့်ဆွေလို၊ ဗိုလ်ချုပ် သန်းတင်တို့လို အဲဒီလိုပုဂ္ဂိုလ်တွေကို ဒုဝန်ကြီးအဖြစ်နဲ့ ပေးတာတွေကို သူတို့က မကျေနပ်ဘူး။ ဒါကို သူတို့က နှိမ်တယ်လို့ ယူဆတယ်။ အသက် လည်းကြီးတယ်။ ဝါလည်း ကြီးတယ်။ သူတို့တွေကို ဝန်ကြီးပေးရမယ်။ အဲဒါကို ဒုဝန်ကြီးပေးတယ်။ သူတို့တွေနဲ့ အဆင်ပြေတဲ့သူကို ဝန်ကြီးပေးတယ်။ သူတို့တွေ ခြယ်လှယ်နေတယ်ဆိုတဲ့ အချက်တွေကို ပြောကြပါတယ်။

အဲဒီတော့ အဲဒီအချက်အလက်တွေကို ၁၉၇၇ ခုနှစ်လောက်မှာ


www.burmeseclassic.com

www.burmeseclassic.com



စပြီးတော့ ဦးနေဝင်းဆီ ရောက်သွားတဲ့အခါမှာ ဦးနေဝင်းက နိုင်ငံရေး တွက်ချက်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီအချက် အလက်တွေက ဦးနေဝင်းအတွက် အင်မတန်အသုံးဝင်တဲ့ အချက်တွေလို့ ယူဆတယ်။

အဲဒါတွေကို မူတည်ပြီးတော့မှ ၁၉၇၈ ခုနှစ်မှာ ပါတီရဲ့ အရေးပေါ်ညီလာခံခေါ်တယ်။

## ၁၉၇၈ခုနှစ် ပါတီအရေးပေါ် ပါတီညီလာခံခေါ်ပြီ

အရေးပေါ်ညီလာခံခေါ်ရတဲ့ ရည်ရွယ်ချက်က ဘာ လဲဆိုရင် အုန်းကျော်မြင့်တို့၊ ဝင်းသိန်းတို့၊ ဝင်းမောင်တို့ PSO တွေ ပြောခဲ့ တဲ့ အခြေခံ မူတည်ပြီးမှ မဆလပါတီကို ခြယ်လှယ်တဲ့ ဦးထွန်းလင်း၊ ဦးသန့်စိန်၊ ဦးတင်ဝင်းညိုတို့ကို နှိမ့်ကွပ်တဲ့ပွဲပဲ။ ဒါတောင်မှ အရေးပေါ်ညီလာခံမှ မနှိပ်ကွပ်သေးဘူး။ ဦးနေဝင်းက ဦးထွန်းလင်း ကို ပို့/ဆက် ဝန်ကြီးခန့်လိုက်တယ်။ ဦးသန့်စိန်ကို ဝန်ကြီးခန့်လိုက်တယ်၊ ဦးတင်ဝင်းညိုကို ဝန်ကြီးခန့်လိုက်တယ်။ အဲဒါက ပဏာမ ခြေလှမ်း။ မဆလပါတီမှာ မခြယ်လှယ်နိုင်အောင် ပထမခြေလှမ်း။ ပြီးတော့ နောက် ၆ လနေမှ ဖမ်းပြီးစစ်ကြောရေးပို့လိုက်တယ်။ အားလုံးလည်း သိတဲ့အတိုင်း ဘာမှအပြစ်ရှာလို့မရဘူးဆိုတော့ သူတို့ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဖွင့်ထားတဲ့ စားသောက်ဆိုင်လိုဟာမျိုး၊ သက်သာဆိုင်လို ဟာမျိုးမှာ နို့ဆီဘူး နှစ်ဒါဇင်ဘူး မပေးရသေးတာတို့၊ သကြားဖိုး မပေးရသေးတာတို့ အဲဒါတွေ တွေ့တဲ့အခါ ဦးနေဝင်းက သုံးယောက်စလုံးကို ထောင်ဒဏ်အနှစ် ၂၀ စီ ချလိုက်တယ်။ အဲဒီတော့ အဲဒီဖြစ်ရပ်ဟာ အုန်းကျော်မြင့်တို့ဆီက စတဲ့ ဖြစ်ရပ်ပါ။ အုန်းကျော်မြင့်တို့၊ ဝင်းသိန်းတို့ PSO တော်တော်များများပေါ့လေ။ ကျွန်တော်နဲ့ သိလို့ ကိုဝင်းမောင်တို့ကို ခေါ်မေးတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှာ ဦးနေဝင်းတို့၊ ဦးစန်းယုတို့က ရုပ်ပြပဲ။ ဦးထွန်းလင်းတို့၊ ဦးသန့်စိန်တို့၊ ဦးတင်ဝင်းညိုတို့က ခြယ်လှယ်ပြီး လုပ်နေကြတယ်။ လူစုနေတယ်။ တပည့်မွေးတယ်၊ ဆရာမွေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီလိုမျိုးတွေ ပေါ်လွင်မောင် ၇၆ ခုနှစ်ကုန် ၇၇ ခုနှစ်မှာ စတယ်။ အဲဒါကို မူတည်ပြီးမှ ဦးနေဝင်းက ၇၈ ခုနှစ်မှာ အရေးပေါ် ပါတီညီလာခံ ခေါ်တယ်။

## မြန်မာနိုင်ငံရေးမြင်ကွင်းကို အပြောင်းအလဲဖြစ်အောင် တွန်းပို့ခဲ့

ဦးထွန်းလင်း၊ ဦးသန့်စိန်၊ ဦးတင်ဝင်းညိုတို့ သုံးယောက်ကို ပါတီမှာ မထားဘဲနဲ့ ဝန်ကြီးတွေ ပေးလိုက်တယ်။ ပြီးတော့ မကြာခင်မှာ အဲဒီသုံးယောက်ကို လုပ်တယ်ဆိုတာက အုန်းကျော်မြင့်တို့၊ ဝင်းသိန်းတို့၊ ကိုဝင်းမောင် PSO တွေဆီက ရတဲ့အချက်အလက်တွေပေါ်မှာ မူတည်ပြီးတော့ လုပ်တယ်ဆိုတော့ အုန်းကျော်မြင့်ကိစ္စဖြစ်တယ်ဆိုတဲ့ဟာက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးမြင်ကွင်းကြီးကို လုံးဝပြောင်းလဲစေတဲ့ လုံးဝပြောင်းအောင် တွန်းပို့တဲ့ အချက်တွေဆိုတာ ကျွန်တော်က အတွင်းလူဖြစ်လို့ သိတာ။ အပြင်လူတော့ သိဝ်မသိဘူး။ အလားတူပဲ ချက်ချင်းသိသာလာတာကတော့ ခုနကတုန်းကပြောတဲ့ အစိုးရအပြောင်းအလဲဖြစ်တာတွေ၊ မဆလမှာ အပြောင်းအလဲဖြစ်တာတွေက နောက်မှ တဖြည်းဖြည်းဖြစ်တာ။ ချက်ချင်းဖြစ်တာကတော့ တပ်မတော်ထဲမှာပါ။

တပ်မတော်ထဲမှာဆိုရင် ဗိုလ်ချုပ်ကြီး တင်ဦးနဲ့ ခင်မင်တဲ့သူ အားလုံးလိုလို အပြင်ရောက်ကြတယ်။ အမှုဖြစ်စဉ်မှာ ဆွဲထည့်တဲ့သူတွေကတော့ အမှုဖြစ်ပြီး ထောင်ကျကြတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ဥပမာ ဗိုလ်ချုပ်ကြီးတင်ဦး လားရှိုးသွားတယ်။ ကျိုင်းတုံသွားတယ်။ ဇရာဝတီ သွားတယ်။ အဲဒီ သွားသမျှတွေကို ထောက်လှမ်းရေးက မှတ်တမ်းလုပ်ထားတယ်။ ဘယ်သူနဲ့ ဘယ်လိုပြောတယ်၊ ဘယ်လိုဖြေတယ်။ အဲဒီလူတွေ အကုန်လုံးက တပ်ထဲက ထွက်ရတယ်။ ပြောရမယ်ဆိုလို့ရှိရင် ဗိုလ်မှူးကြီး မြတ်စိုးငြိမ်း သူက သူရ မြတ်စိုးငြိမ်း အမြောက်တပ်ကပါ။ တရုတ်ဖြူအရေးအခင်းမှာ ဦးတင်ဦးနဲ့အတူတူသူရဘွဲ့ရတယ်။ ဦးမြတ်စိုးငြိမ်းကလည်း အမြောက်ပစ်ကွင်း၊





www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေတွေ့ခဲ့ တယ်။ သူကိုယ်တိုင်လည်း အနစ်နာခံပြီး လုပ်ခဲ့တယ်။ အဲဒီ တော့ ဦးမြတ်စိုးငြိမ်း ကို ဗိုလ်ချုပ်ကြီးတင်ဦးက အဲဒီကို ရောက်လို့ရှိရင် ခင်ခင်မင်မင်ဆက်ဆံတယ်။ အဲဒီလိုကြောင့်မို့လို့ သူ့ရမြတ်စိုးငြိမ်းကို တပ်မှာ မထားတော့ဘဲနဲ့ စက်မှုအထည် ညွှန်ချုပ်ဆိုပြီး ပို့လိုက်တယ်။

အလားအတူပဲ ဗိုလ်မှူးကြီး ထွန်းလွင်။ သူကလည်း ဗိုလ်ချုပ်ကြီး တင်ဦး ရဲ့ တပည့်ဖြစ်ခဲ့ဖူးတဲ့အတွက်ကြောင့်မို့လို့ သူ့ကိုလည်း စက်မှု(၁) ရုံးချုပ်မှာ ညွှန်ကြားရေးမှူးအဖြစ် ပို့လိုက်တယ်။

## အားလုံးက အုန်းကျော်မြင့် ကိစ္စမှ မြစ်ဖျားခံ

အဲဒီလိုမျိုး ကြည်း ရေ လေ အကုန်လုံး သူနဲ့ ခင်ခဲ့ဖူးတဲ့လူတွေ အကုန်လုံးက အပြင်ရောက်သွားကြတယ်။ အဲဒီတော့ တပ်မတော်ထဲမှာ ချက်ချင်းအပြောင်းအလဲဖြစ်တယ်။ မဆလ မှာကျတော့ ၇၈ ခုနှစ်ကျမှ အပြောင်း အလဲဖြစ်တယ်။ ဒါတွေ အကုန်လုံးက အုန်းကျော်မြင့် ကိစ္စကြီး တစ်ခုလုံးကနေ မြစ်ဖျားခံလာတယ်လို့ မြန်မာပြည်ရဲ့ နိုင်ငံရေးဖြစ်စဉ်ကို အဓိက လွှမ်းမိုးပြီးတော့ အပြောင်းအလဲဖြစ်စေတဲ့ ဖြစ်စဉ်လို့ ကျွန်တော် သုံးသပ်လို့ ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခု၊ မတ်လမှာ
ဥပစာဝိဇ္ဇာ(ခ) တန်းကို အောင်ခဲ့တယ်
တက္ကသိုလ် ကျောင်းမှာ နေစဉ်အတွင်းမှာ
ကျောင်းသားသမဂ္ဂမှာ ဝင်ရောက် အရွေးခံ ခြင်းမလုပ်ခဲ့။
ပထမနှစ်မှာ ကျောင်းသား တပ်ဦးကောင်စီဝင်အဖြစ်
ဝင်ရောက်ခဲ့တယ်။ နှစ်ကုန်နီးသောအခါမှာ
ကျောင်းသားအဖွဲ့အစည်းကနေပြီး ထောက်ကူပေးပြီး
ဆက်သွယ်လုပ်နေတာကို ကြား၍ စုံစမ်းရာ
ဟုတ်မည် မထင်ပါသဖြင့် နောင် ၂ နှစ်မှာ
ဘယ်ကျောင်းသားအဖွဲ့ထဲမှာမှ မပါဝင် တော့ပါ။
မပါသည့်အပြင် ဒုတိယ ၂ နှစ်မှာ
ဘယ်အသင်းမှ မဲမပေးခဲ့တော့ပါ...


ဗိုလ်ကြီးအုန်းကျော်မြင့်

www.burmeseclassic.com

www.burmeseclassic.com


# အခန်း - ၁၆

## သူတို့ ဘယ်ကိုရောက်နေကြပြီလဲ



သူရဦးတင်ဦး

### ဗိုလ်ချုပ်ကြီးတင်ဦး

ဦးတင်ဦးကြီး ကတော့ အင်မတန်ကို တက်ကြွတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နာယက အနေနဲ့ လူတိုင်းချစ်ခင်၊ တပ်မတော်ကလည်း အားလုံးချစ်ခင်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ သူ ထောင်ကနေပြီးတော့ ၁၉၈၀ ခုနှစ်လောက်က လွတ်ငြိမ်းချမ်းသာခွင့် ထွက်ရတဲ့အခါကျတော့ သူ့အိမ်က မချမ်းသာရှာပါဘူး။ ပင်စင်လည်းမရဘူး၊ ဂရယ်ဂျူတီလည်း မရဘူး။ ဂရယ်ဂျူတီဆိုတာက တကယ်တော့ ရသင့်တယ်။ ဘာကြောင့်လဲဆိုရင် တစ်သက်လုံးလုပ်ခဲ့တဲ့ ဆားဗစ်ပေါ့။ တပ်မတော်အရာရှိဘဝနဲ့ ထမ်းဆောင်ခဲ့တဲ့ အခါမှာ အုန်းကျော်မြင့်ကိစ္စဖြစ်တုန်းက ထွက်ပြီးမှဖြစ်တာ။ ထွက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့အတွက်ကြောင့် ပင်စင်လည်း ရသင့်တယ်။ ဂရယ်ဂျူတီလည်း ရသင့်တယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီးကျော်ထင် ကြတော့ တာဝန်လည်း မယူရဲဘူး။ ပေးလည်း မပေးရဲဘူးဆိုတော့ အခွင့်အထူးပစ္စည်း ဘာမှမရဘူး။အမျိုးတွေရဲ့ ဝိုင်းဝန်းထောက်ပံ့မှုတွေနဲ့ ရပ်တည်ခဲ့ရတော့ မချမ်းသာရှာပါဘူး။ ဒါပေမဲ့ သူကရိုးသားဖြောင့်မတ်တယ်၊ ကြိုးစားတယ်။ မူလက တပ်ထဲဝင်ပြီး ၁၀တန်း မအောင်သော်လည်း တပ်ထဲရောက်မှ ၁၀တန်းအောင်တာ။ သူ ထောင်က လွတ်တဲ့အခါမှာ RL သင်တန်းလျှောက်တယ်၊ HGP သင်တန်းပြီး တော့ RL ဘွဲ့လည်း ရပြီးတော့ HGP ဘွဲ့လည်း ထပ်ရတယ်။စာပေးစာယူ ဥပဒေလည်းရတယ်။ အသိပညာနဲ့ပတ်သက်လို့ တော်တော်ကို တိုးတက်မှု အများကြီးရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ သူ့သား မောင်သန့်ဇင်ဦးကတော့ အိမ်ထောင်တွေကျပြီးတော့ ဂျပန်နိုင်ငံကို သွားတယ်။ အခုတော့ မြန်မာပြည် ပြန်ရောက်နေပါပြီ။

## ဗိုလ်မှူးကြီးမောင်မောင်နှင့် ဗိုလ်မှူးစိန်မြင့်

ဗိုလ်မှူးကြီးမောင်မောင် ကျောက်ကုန်း မှာ နေတယ်။ သူ့အမျိုးသမီးက ရှမ်းစော်ဘွားသမီး ဒေါ်နန်း ခေါ်တာပေါ့။ သားတစ်ယောက် သမီးတစ်ယောက်ရှိတယ်။ သူ့ခများကလည်း ဒီကိစ္စကြီးမှာ ပါသာပါလာတာ တကယ်တော့ အဓိပ္ပာယ် မရှိပါဘူး။ မျက်မှန်တင်ဦးကြီး က ဗိုလ်မှူးကြီးမောင်မောင်ကို ကြည့်မရဘူး။ ဘာကြောင့်လဲဆိုတော့ သူက တော်တယ်လေ။ တိုက်ရည်ခိုက်ရည်ရော၊ ရုံးလုပ်ငန်းတွေပါ တော်တဲ့အတွက်ကြောင့် နောင်တစ်ချိန်မှာ တပ်မတော်ခေါင်းဆောင်ဖြစ်လာဖို့ အလားအလာများသူပေါ့။ အဲ့ဒီ ပုဂ္ဂိုလ်က လည်း စခန်းမှူး ဗိုလ်မှူးစိန်မြင့်က ဦးစီးချုပ်တို့၊ ဗိုလ်မှူးချုပ်တို့ ရုံးဆင်းမှသာ သူက တန်းဖြုတ်ရတာဆိုတော့ အဲ့ဒီ ကာလမှာ အုန်းကျော်မြင့် က သူ့အ... အတွက် လုံခြုံရေးဆိုပြီးတော့ ဗိုလ်မှူးစိန်မြင့် ဆီကနေပြီးတော့ လ...က် တိုတွေ၊ လက်နက်ကြီးတွေ။ သူက ထုတ်ထားတာ၊ ထုတ်တာ...ပြင် သူက



www.burmeseclassic.com

www.burmeseclassic.com


ပါးစပ်ကလည်း ပြောသေးတယ်။ ဗိုလ်ချုပ်ကြီး တင်ဦး ထွက်ရတာ မကျေနပ်ဘူး ပြန်ချမယ် ဘာညာပြောသေးတယ်။ အဲ့ဒါတွေကို ဘေးကလည်း ကြားနေရတော့ ဗိုလ်မှူးကြီးစိန်မြင့် က အဲ့ဒါတွေကို ဘယ်လိုအစီပွာယ် ပေါက်ရမယ် သူမသိရှာဘူး။ အဲ့ဒီတော့ ညနေရုံးဆင်းတဲ့အချိန်မှာ ဗိုလ်မှူးကြီး မောင်မောင် ရုံးဆင်းတယ်။ ဆင်းတော့ သူက ဗိုလ်မှူးကြီး သတင်းပို့စရာ ရှိတယ်ဆိုပြီး အုန်းကျော်မြင့် ကျွန်တော့်ဆီက နေပြီးတော့ လုံခြုံရေးအတွက် ဆိုပြီး သေနတ်တွေ လာယူသွားတာ ဟုတ်လား၊ မဟုတ်လား ဆိုတာကို မေးချင်လို့ ပါလို့ပြောတော့။ အုန်းကျော်မြင့် က ငါ့ PSO မှ မဟုတ်ဘဲ ဗိုလ်ချုပ်ကြီး ကျော်ထင်ရဲ့ PSO လေကွာ သိချင်ရင် သူ့ ဆရာဆီသွားမေး လေကွာ။ အဲ့ဒီလိုနဲ့ တစ်ခါနှစ်ခါပြောပြီးတော့ ဗိုလ်မှူးကြီးမောင်မောင်က ဗိုလ်မှူးစိန်မြင့် ပြောတာကို သိလျက်သားနဲ့ ထိမ်ချန်လို့ဆိုပြီးတော့ အဲ့ဒါနဲ့ ဗိုလ်မှူးကြီးမောင်မောင်ပါ ပါလာတာ။

သူ့ ကဏ္ဍက ဘာမှ မဟုတ်ဘူး။ သူက ကျောက် ကုန်းမှာ နေတယ်။ ပင်စင်ကလည်း ရပြီဆိုတော့။ နောက်တော့ သူ့မိသားစုက ညီအစ်ကိုမောင်နှမ တွေက တောင့်တင်းတဲ့အတွက် အနေဆင်းရဲ၊ အစားဆင်းရဲတော့ မဟုတ်ပါဘူး။ ထိုက်သင့်သလောက် အဆင်ပြေပြီးတော့မှာ ၂၀၀၈ - ၂၀၀၉ လောက်မှာ ဆုံးသွားရှာတယ်။

ဗိုလ်မှူးစိန်မြင့် ကျတော့ ထောင်က လွတ်တဲ့အခါမှာ သူ့မိန်းမက တောင်ဥက္ကလာမှာ စီးပွားရေးရှိတယ်။ သူမရှိတဲ့အချိန်မှာလည်း သူ့သား သမီးတွေက ပညာတော်ကြတယ်။ သမီး တစ်ယောက်ဆိုရင် ပါမောက္ခတောင် ဖြစ်နေလောက်ပြီ။

## ဗိုလ်ကြီးဝင်းသိန်း၊ ဗိုလ်ကြီးထွန်းကျော်၊ ဗိုလ်ကြီးစိန်သောင်း၊ ဗိုလ်ကြီးရဲဦး

ဝင်းသိန်းက ထူးခြားတာက ၁၉၈၀ ခုနှစ် အခွင့်ထူးလွတ်ငြိမ်း ချမ်းသာခွင့်ပေးတဲ့အချိန်မှာ သူက သူများတွေလို ချက်ချင်းမလွတ်ဘူး။


www.burmeseclassic.com

www.burmeseclassic.com


၅ရက် ၆ရက် လောက်နေမှ လွှတ်တယ်။ အဲ့ဒီနောက် ဒီခေတ်က ခေတ်စားတဲ့ မော်လမြိုင်လမ်းကြောင်းပေါ့။ သူစီးပွားရှာတယ်။ အတိုက်အလျှောက် အောင်မြင်တယ်။ ၈ လေးလုံး အရေးတော်ပုံဖြစ်တဲ့အချိန်မှာ သူကိုယ်ပိုင် ကားတွေနဲ့ တော်တော်ကို ချောင်ချောင် လည်လည် ဖြစ်နေပြီ။ မြို့ထဲမှာလည်း ကန်ထရိုက်တိုက်တွေ ဆောက်တယ်။ ၃၃ လမ်းနဲ့ ၃၄လမ်းကြားထဲမှာ ဆောက်တာ။ သူက ၈လေးလုံးမှာ ပါဝင်ဆင်နွှဲတဲ့အတွက်ကြောင့် ၈၈ မတိုင်ခင်တုန်းက ဆောက်လို့ပြီးသော်လည်းပဲ နေခွင့်မပေးဘူး။ ဒါပေမဲ့ ၈လေးလုံးပြီးလို့ လွှတ်လည်းလွှတ်ရော ထောက်လှမ်းရေးက အမိန့်နဲ့ သူ့ပိုင်ဆိုင်မှုတွေ ပေးသွားပြီးတော့ လှိုင်ဒေသက တိုက်တွေကို ဆောက်ခွင့် ပေးလိုက်တယ်။ အဲ့ဒီမှာ စီးပွားရေးထောင်တက်တာ။ မြေနီကုန်းက ဒဂုံစင် တာတွေဆိုရင် သူဆောက်တယ်။ ရွှေဂုံတိုင်က စင်တာတွေလည်း သူ ဆောက်တယ်။ အခုလည်း လုပ်တယ်လို့တော့ ပြောတာပဲ သေချာတော့ မသိဘူး။ သို့သော်အခုတော့ သူက ကျန်းမာရေးအရမ်း ချို့တဲ့နေတယ်လို့ ကြားတယ်။ စင်ကာပူကို ၃ လတစ်ခါသွားပြီး ဆေးကုသွားရတယ်လို့ ကြား တယ်။ လူချင်းတော့ မတွေ့မိပါဘူး။

ထွန်းကျော် ကတော့ အခုတော့ စမ်းချောင်းမှာ နေတယ်။ အရင် တုန်းက မဆလ ခေတ်မှာတော့ ဟိုဌာန ဒီဌာန လေလံပစ်တဲ့အခါမှာ လေလံလောကထဲမှာ ဝင်လှုပ်ရှားပြီး ချောင်ချောင်လည်လည် ရှိတာပေါ့။ ကိုဟန်ဇော် ကကျတော့ အမျိုးသမီးက နာ့စ်မ။ သို့သော် သူတို့နေတာက နေရာကောင်း ကမ္ဘာအေးသုခလမ်းမှာ နေတာဆိုတော့ ကန်ထရိုက်တိုက်တွေ ဆောက်ပြီးတော့ တချို့တိုက်ခန်းတွေ ရောင်းစား၊ တချို့ တိုက်ခန်းတွေလည်း ငှားစားရင်း ချောင်ချောင်လည်လည် ရှိပါတယ်။

ကိုစိန်သောင်းက ကျတော့ ထောင်မကျဘူး။ သူက အရမ်းကြို စားတဲ့လူ။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ သူ့မိန်းမက ရန်ကုန်အရှေ့ပိုင်းဆေးရုံမှာ OG အထူးကု ဖြစ်တယ်။ အဲ့ဒီဖြစ်တဲ့အချိန်မှာပဲ ကျွန်တော်ထောင်ကျနေတဲ့ အချိန်မှာ အမေရိကားကို မိသားစုလိုက် ပြောင်းသွားပြီးတော့ လင်သားနှစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက်စလုံး အလုပ်လုပ်နေကြတုန်းပဲလို့ ကြားတယ်။

ကိုရဲဦး က ၁၄ လမ်းမှာ သူ့မိဘနဲ့ ပြန်နေတယ်။ သူ့မိန်းမကလည်း သားနှစ်ယောက်နဲ့ အဆင်ပြေကြပါတယ်။ ဒါပေမဲ့ သူ့ညီရှိတော့ အမေရိကား ကို သွားလည်တာ ရောက်ခဲ့ဖူးသေးတယ်။

## ဗိုလ်ကြီးအောင်ကြည်ဦး

ကိုအောင်ကြည်ဦးက ကျတော့ သူက ထူးခြားတယ်။ ကျွန်တော်တို့ သက်သေ တွေ အားလုံးထွက်ပြီး ကိုယ့်အလုပ် ကိုယ်လုပ်ကြတဲ့အချိန်မှာ သူ့ဆရာ ဗိုလ်ချုပ်စိန်လွင်က ပို့/ဆက်ဝန်ကြီးဖြစ်နေတော့ သူ့ကို ဘာစီစဉ် ပေးလဲဆို တော့ အောင်ကြည်ဦး ထောင်ကလည်း လွတ်ရော ပို့/ဆက်ဝန်ကြီး က မီးရထားလမ်းတွေပေါ့။ စစ်ကိုင်းတိုင်းထဲက မီးရထားလိုင်းတွေကို ဖော်ခွင့်ဆိုပြီး သူ့ ကိုပေးလိုက်တယ်။ အဲ့ဒီကနေ ထောင်တက်ပြီးတော့ ကျွန်တော်တို့ အဖွဲ့ထဲမှာ ပထမဦးဆုံး ကားစီးနိုင်တာ၊ ပထမဦးဆုံး တိုက်ခန်း ဝယ်နိုင်ခဲ့တယ်ပေါ့။ တိုက်ခန်းတောင်မှ လှေကားထိပ် ဟိုဘက်ခန်း၊ ဒီဘက်ခန်း။ အဲ့ဒီလောက်အထိ အဆင်ပြေသွားတာ။ ပြီးတော့ တစ်ဖက်မှာ သံလုပ်ငန်းတွေလည်း ကျွမ်းကျင်တော့ ကြက်တန်းမှာ အင်မတန်အောင်မြင်တဲ့ ကုန်မာဆိုင်တွေနဲ့ သူတော်တော်ချမ်းသာတယ်။ အဲ့ဒီလိုနဲ့ ၃၊၄ နှစ်လောက်နေ တဲ့အခါမှာ သူက အရက်သောက်တာ များတဲ့အတွက် အသည်းကင်ဆာဖြစ် ရော။ ဖြစ်တော့ ရန်ကုန်ဆေးရုံကြီးက ဒေါ်ပုလျှုထားတဲ့ အဆောင်မှာနေရင်းနဲ့ ဒီတောင်ကို မကျော်နိုင်ဘဲနဲ့ဆုံးသွားတယ်။

## ဗိုလ်ကြီးဝင်းမောင်

ကိုဝင်းမောင်က ကျတော့ ကျွန်တော်တို့အတူတူ ထွက်ကျတော့ ကျွန်တော်က ၃၄ နှစ် သူက ၄၀ကျော်နေပြီ။ သူက ပဲခူးမှာ ဆေးလိပ်ခုံထောင်


www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်ကတောင် နောက်လိုက်သေးတယ် ဆေးလိပ်ခုံ အောင်မြင်ရင်တော့ အောင်မြင်၊ မအောင်မြင်ရင်တော့ ဆေးလိပ်သမနဲ့ ညားလိမ့်မယ်လို့ ပြောလိုက်သေးတယ်။ တကယ်ပဲ ညားတော့ သူ့မိန်းမကြီးနဲ့ ကွဲသွားတာပေါ့။ အခုထက်ထိတော့ အသက်ရှင်တုန်းပဲ။ ဗိုလ်မှူးအောင် ရဲ့ မိသားစုနဲ့တွဲမိ သွားပြီးတော့ ဗိုလ်မှူးအောင်ရဲ့ သားနဲ့ပေါင်းမိပြီးတော့ ထောင်ထဲ ပြန်ရောက်သေးတယ်။ ထောင်ထဲက ပြန်ထွက်လာတော့ ကျွန်တော့်ဆီ ရောက်လာသေးတယ်။ ထောင်ကျမယ်မှန်းသိတယ်။ ဘာလို့ ပေါင်းသလဲ ပြောတော့ ရယ်ကျဲ ရယ်ကျဲနဲ့ ထုံးစံအတိုင်းပေါ့။

## ဗိုလ်ကြီးလှမြင့်

ခေါင်းကြီးလှမြင့်ကကျတော့ သူက အပတ်စဉ် ၃ က စီနီယာလည်း ကျတဲ့အခါကျတော့ စာလည်း တော်တယ်။ ဒီလူက အပတ်စဉ် ၃ မှာ ရွှေတံဆိပ်ဆုရှင်။ အပြင် ထွက်လာတဲ့ အခါမှာသူက ထူးခြားတာက ၂၉ လမ်းမှာ တိုက်ခန်းရတယ်။ ကျွန်တော်တို့ ထွက်တဲ့လူတော်တော်များများက နေစရာ ခက်ခက်ခဲခဲ ဖြစ်နေတဲ့အခါမှာ သူက အဆင်ပြေသွားတယ်ပေါ့။ အဲ့ဒီတုန်းက ဦးနု က ပြန်ရောက်နေပြီ။ အိန္ဒိယက ပြန်ရောက်နေပြီပေါ့။ ဦးနုရေးတဲ့ ပိဋကတ် အင်္ဂလိပ်ဘာသာပြန်။ နိပါတ်တော်တွေကို အင်္ဂလိပ်လို ဘာသာပြန်ထားတဲ့အဖွဲ့ တစ်ဖွဲ့ ရှိတယ်။ အဲ့ဒီအဖွဲ့မှာ သူက အလုပ်ရတယ်ဆိုတော့ အထိုက်အလျောက်တော့ အကူအညီတွေရှိတာပေါ့။ကိုလှမြင့် မိန်းမက မဝေတဲ့၊ သားသုံးယောက်ရှိတယ်။ အကြီးတောင်က ၁၉၈၅ လောက်မှာ ဂျပန်နိုင်ငံသွားတယ်။ အခု ပြန်ရောက်နေတယ်ပေါ့။ အလတ်နဲ့ အငယ်ကောင်ကလည်း စင်ကာပူမှာ ပြန်လာတယ်ကြားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်မှူးကြီးမျိုးအောင်

ဗိုလ်မှူးကြီးမျိုးအောင်က ကျတော့ သူ့ခမျာ ဒီထဲ ဘုမသိ ဘမသိနဲ့ ပါလာတဲ့အခါကျတော့ ထွက်သာထွက်လိုက်ရတယ်။ ဘာမှမသိလိုက်ဘူးပေါ့။ သူက မူလက သူတို့ညီအစ်ကိုတွေက ချမ်းသာကြတယ်။ ဝင်ဒါမီယာထဲမှာ ဝယ်ထားတဲ့ တိုက်ကိုရောင်းလိုက်ရတယ် မရောင်းလို့ မရဘူး။ ရောင်းပြီး တော့မှ ငါးမွေးတယ်ပေါ့။ စမ်းချောင်းဘက် ပြောင်းနေတယ်။ သူလည်း ခု တော့ ဆုံးရှာပါပြီ။

## ဗိုလ်ကြီးမြင့်သိန်း

ဖိုးနိုင်း မြင့်သိန်းကျတော့ ဒုတိယ မိန်းမယူတယ်။ နောက်တော့ တတိယမိန်းမယူတယ်။ တတိယမိန်းမကလည်း နှလုံးရောဂါရပြီးတော့ သေသွားတယ်။ နောက်ထပ်ယူဦးမယ်လို့တော့ စနောက် ပြောနေတာပဲ။

## ဗိုလ်ကြီးဟန်ဇော်

ကိုဟန်ဇော် ဆိုရင် သူကတော့ မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူး ကြီးလှဖေ ရဲ့ PSO ဖြစ်တယ်။ သူ့မိန်းမက နှဲ့စ်မ ဆိုတော့ သူ တပ်က ထွက်တဲ့အခါမှာလည်း သူ့မိန်းမ လခကလည်း ရှိတော့ အဆင်ပြေတယ်။ သူက လူအေး ဆင်ပေါင်ဝဲဇာတိ။ ဦးတင်ဦး က ဧလေးလုံးအရေးတော်ပုံမှာ ပြန်ပါတယ်။ နီးစပ်တဲ့လူ သူ့ကို ပြန်ကူဖို့ဆိုတော့ ကိုဟန်ဇော် က ပါလာတာ ပါ။ သားသမီးတွေကတော့ အရွယ်ရောက်နေကြပြီးတော့ အထိုက်အလျောက်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့အကိုင်နဲ့ ဖြစ်နေပါပြီ။လောလောဆယ်မှာ သူ နှလုံးရောဂါရှိတဲ့အတွက်ကြောင့် နိုင်ငံရေးတော့ ဆက်မလုပ်နိုင်တော့ပါဘူး။

ကျွန်တော်တို့ ထောင်ထဲရောက်နေတဲ့အခါမှာ သူကတော့ ထောင်မကျပေမဲ့ မကွေးတိုင်းမှာ အမိကကျတဲ့ နေရာက ပါခဲ့ပါတယ်။။ ကျန်းမာရေးကြောင့်မို့လို့ မလုပ်နိုင်တော့ဘူးပေါ့။

## ဗိုလ်ကြီးဘချစ်

ဘချစ် ဆိုတာက မားဘချစ်ပေါ့။ ဒါကလည်း ဇာတ်ကောင်တစ်ခုအနေနဲ့ပြောတာပါ။ စောစောပိုင်းတုန်းကတော့ သူက ဒု ဝန်ကြီး ဦးသန်းတင်ရဲ့ PSO အနေနဲ့သူကရောက်လာတာ၊ သူလည်း ထောင်ကျတယ်။ ထောင်က ထွက်လာတဲ့အခါမှာ ပဲခူးမှာ နေလိုက်၊ တောင်ငူမှာ နေလိုက်နဲ့ပေါ့။ ရှစ်လေးလုံးအရေးတော်ပုံကျတော့ သူက တောင်ငူမှာ ခေါင်းဆောင်အနေနဲ့ပါတော့ အဖမ်းခံရတယ်။ ဒါပေမဲ့ တိုင်းမှူးဗိုလ်ချုပ်အေးသောင်နဲ့ မျက်မှန်းတစ်မိတဲ့ အတွက် သူက လွတ်သွားတယ်။ သူကတော့ ထစ်ခနဲရှိ အဖမ်းခံရတာများတယ်။ နောက်ဆုံးအကြိမ်ကတော့ ကိုးလေးလုံးမှာ ထင်တယ်။သာယာဝတီမှာ ထောင်ကျတယ်ပေါ့။ အခုတော့ ထောင်ကလွတ်ပြီးတော့ ဘုန်းကြီးဝတ်နေတယ်လို့တော့ ကြားတယ်။

## ဗိုလ်ကြီးစံကြည်

စံကြည် ကတော့ သူ့ဆရာကြီးဖြစ်တဲ့ ဗိုလ်ချုပ်ကြီးတင်ဦး ထွက်ရတဲ့အခါမှာ သူစိတ်ထိခိုက်ပြီးတော့ အုန်းကျော်မြင့် ကို အထင်ကြီးတဲ့စိတ်နဲ့ပါသွားတာ။ ကျွန်တော့်ကို လာပြောတုန်းကဆိုရင် ကျွန်တော်ထင်တာကတော့ သူတို့အထဲကို ဝင်ပါဖို့လာပြောတယ်လို့ သံသယရှိခဲ့တယ်။ ဒါလည်း ရှိတုန်းပဲ။ ကျွန်တော်တို့ မှတ်မှတ်ရရတော့ နောက်ဆုံး ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁၁ရက်နေ့မှာ ရေကြည်အိုင်က လွတ်မယ်ဆိုတော့ လွတ်မယ်



www.burmeseclassic.com

www.burmeseclassic.com


လူတွေ အကုန်လုံး ရေကြည်အိုင်က အဝမှာ စောင့်နေကြတယ်ပေါ့။ ပြီးတော့ အဲ့ဒီမှာ ထောင်ပိုင် ရုံးခန်းမှာ ကျွန်တော်တို့ရှိတယ်။ အဲ့ဒီမှာ တိုင်းမှူးဖြစ်နေတဲ့ ဗိုလ်မှူးကြီးမျိုး အောင်ပေါ့။ သူကလည်း ကျွန်တော် သိရသလောက်ကတော့ ဗိုလ်မှူးကြီး မောင်မောင် နဲ့ ဗိုလ်မှူးကြီးမျိုးအောင် ကို သူတို့ သီးသန့်ခေါ်တွေ့ပြီးတော့ ပြန်ပို့လိုက်တယ်ပေါ့။ ပြီးတော့မှ လွှတ်မယ့်လူတွေ ပြန်ခေါ်တာပေါ့။ အဲ့ဒီမှာလည်း လူတွေက ပြန်ဆုံကြတာပေါ့။ အဲ့ဒီမှာ စံကြည် က မျက်ရည်စမ်းစမ်းနဲ့ ကျွန်တော့်ကြောင့် ကိုဝင်းထိန် အခုလို ဖြစ်သွားတာ စိတ်မကောင်းပါဘူးပေါ့။ ကျွန်တော်ကလည်း ဘယ်တတ်နိုင်မလဲပေါ့။ ဆိုလိုတာက သူ ကျွန်တော့်ကို ပြောတဲ့အတွက်ကြောင့် သူပါလာတယ်။ အဲ့ဒါကို သူ့စိတ်ထဲမှာ သူ့ကိုယ်သူ အပြစ်မကင်းဘူးလို့ ထင်နေတယ်။ နောက်ပိုင်းကျတော့သူက မေမြို့မှာ နေထိုင်တယ်။ ဘော်ဒါဆောင် ဖွင့်ထားတယ်။ အထိုက်အလျောက်တော့ အောင်မြင်နေတယ်။ သူ့သားသမီးတွေက နိုင်ငံခြားမှာ၊ သူလည်း ကျန်းမာရေးမကောင်းလို့ နိုင်ငံခြားမှာ ဆေးသွားကုနေရတယ် လို့ ပြောတယ်။ ရွှေကောက်ပွဲမတိုင်ခင်တုန်းက ကျွန်တော့်ဆီကို တစ်ခေါက်လာသေးတယ်။ သူက သူ့ကိုယ်သူ စိုးရိမ်စိတ် အရမ်းကြီးတယ်။

## ဗိုလ်ကြီးမြင့်သိန်း

ဖိုက်ဝမ်းမြင့်သိန်းကကျတော့ ဒီကောင်က ငယ်ငယ်ကတည်းက ချမ်းသာတဲ့အတွက်ကြောင့် သူ့မိဘက ဒါဂျီလင်ကိုပို့တာ။ ပြီးတော့ နိုင်ငံခြားတက္က သိုလ်မတက်ဘဲနဲ့ ကျောင်းဆက်မတက်တော့ဘဲနဲ့ စစ်တက္ကသိုလ်ကို ရောက်လာတယ်။ သူ့ဇနီး မြင်းခြံသူဒေါက်တာဆူဇန်အောင်သိန်း နဲ့ အိမ်ထောင်ကျပြီးတော့ သားသမီးတွေနဲ့ ကြီးပွားနေပါတယ်။ တပ်က ထွက်တဲ့အခါမှာတော့ သူက ချမ်းသာတဲ့လူပီပီ သာစည်နယ်၊ ယင်းမာပင်မှာ သစ်စက် ရှိတယ်။ သူ့မိဘတွေကို ကူညီပြီးလုပ်တဲ့အခါမှာ သူကလည်း မာတ်ခံအားရှိတဲ့အခါကျတော့ သူများလိုတော့ အကြံအဖန် သိပ်မလုပ်ဘူး။ သူများတွေလိုပဲ အစိုးရကချပေးတဲ့ ခွဲတမ်းနဲ့ ချပေးတဲ့သစ်တွေကိုပဲ


www.burmeseclassic.com

www.burmeseclassic.com


ခဲ့တာဆိုတော့ ရပ်တည်ဖို့တော့ ရပါတယ်။ သူဌေးဖြစ်တော့လုပ်ဖို့မလိုပေါ့။ ချောင်ချောင်လည်လည်တော့ ရှိပါတယ်။

## ဗိုလ်ကြီးမြင့်သိန်း

ဖိုးနိုင်းမြင့်သိန်းကတော့ အဲ့ဒီ အထဲမှာ ဗိုလ်မှူးချုပ် ချစ်လှိုင် ရဲ့ PSO၊ အိုကေမြင့်သိန်းလို့လည်း ခေါ်ကြတယ်။ ရယ်တော့ ရယ်ရတယ် ဒီအမှုကြီးမဖြစ်ခင်မှာ ဗိုလ်စံကြည်ကနေပြီးတော့ ပြင်ဦးလွင်ကို သွားတော့မယ် ဆိုတော့ သူက လိုက်ပို့ပေးတယ်။ သူငယ်ချင်းကိုး။ စံကြည် နဲ့ သူနဲ့ကလည်း အုန်းကျော်မြင့် စီမံတဲ့အကြောင်းကို သူ တို့ ဆွေးနွေးကြတယ်လို့ ပြောတယ်။ အဲ့ဒါလည်း ထွက်ဆိုချက်ထဲမှာပါတယ်။ စံကြည် က လှမ်းခေါ် တယ် အားလုံး အိုကေကြရဲ့လားပေါ့။ အုန်းကျော်မြင့်တို့ ကိစ္စတွေကို အဓိပ္ပာယ် ပေါက်သွား လား မသိဘူး။ ဖိုးနိုင်းမြင့်သိန်းကနေပြီးတော့ အိုကေပဲ အိုကေပဲလို့ပြောတော့ အဲ့ဒါလည်း ပြောပြီးရော သူလည်းထောင်ကျတော့တာပဲ။ အဲ့ဒီအချိန်မှာ သူက ဗိုလ်မှူးကြီးဘရွှေရဲ့ သမီးအကြီးဆုံးနဲ့ အိမ်ထောင်ကြနေတာ။ သူက လည်း PSOဖြစ်ခဲ့ဖူးတယ် ဆိုတော့ ရန်ကင်းမှာ တိုက်ခန်းရှိတယ်။ သူလည်း အိမြွေရရနေရတာပေါ့။ အဲ့ဒီလိုနဲ့ သူလည်း ဝါသနာအရ ဖောက်တဲ့အခါ ကျတော့ ဆရာမတစ်ယောက်နဲ့ နောက်အိမ်ထောင်ပြုပြီး မယားကြီးနဲ့ကွဲသွား တယ်။ နောက် မကြာခင်မှာပဲ ကောင်မလေးတစ်ယောက်နဲ့ ထပ်ဖြစ်တယ် စီးပွားရေးကတော့ လုပ်နေတာပေါ့။ သူနဲ့ လုပ်ဖော်ကိုင် ဖက်အဖွဲ့တွေထဲမှာ ဗိုလ်ချုပ်တွေ ဘာတွေနဲ့ ပေါင်းပြီး စီးပွားရေး လုပ်တယ် လို့တော့ ကြားတာပဲ။

## ဗိုလ်ကြီးစိုးမြင့်

တရုတ်မစိုးမြင့် ကတော့ သူက စိတ်ကောင်းရှိတယ်။ မိန်းမဘက်က လည်း အထိုက်အလျောက် ချောင်လည် ကြတဲ့အခါကျတော့ ဟိုရောက် ဒီရောက်ပေါ့။ အခုတော့ အရှေ့ကြို့ကုန်းမှာ ခြံနဲ့ ဝင်းနဲ့ စီးပွားရေးလုပ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com


ရှိတယ်လို့တော့ ကြားတယ်။ သိပ်ပြီး ပေါက်ပေါက်ရောက်ရောက်ကြီးတော့ မဟုတ်ပါဘူး။

## ဗိုလ်မှူးမောင်လတ်

ဗိုလ်မှူးမောင်လတ်ကတော့ အပတ်စဉ် ၁ က သူကတော့ အင်မတန် ဝီရိယကောင်းတဲ့အပြင် တစ်ခါတလေကျရင် ဇာတ်လမ်းလေးတွေ လုပ်ချင်တယ်။ ဥပမာ ကျွန်တော်ကတော့တပ်က ထွက်ထွက်ချင်းမှာ ဘယ်လိုနည်းနဲ့ စီးပွား ရေးရှာရမယ်ဆိုတာကို စဉ်းစားရင်းနဲ့ အလုပ်တွေ လုပ်ဖြစ်တယ်။ ကျူရှင်ပေးတယ်၊ တက္ကစီမောင်းတယ်ပေါ့။ သူကကျတော့ မေမြို့သွားတယ်။ ဘာကြောင့်လဲဆိုတော့ သူက မေမြို့ဇာတိကိုး။ ဆိုက်ကားတစ်စီး ဝယ်တယ်။ အဲ့ဒီ ဆိုက်ကားကို စစ်တက္ကသိုလ်ဂိတ်မှာထိုးတယ်။ ကိုလတ်က အဲ့ဒီမှာ ဆရာ၊ ဆရာမတွေက ထွက်လာတော့ မောင်လတ်ရယ် အဖြစ်ဆိုးလှချည်လား ငိုကြတာပေါ့။ အဲ့ဒီမှာ သူက အဲဒီလို ဇာတ်လမ်းလေးနဲ့လုပ်ခဲ့တာ။ အခုနောက်ပိုင်းမှာ သူက စိုးစံ ဘော်ဒါနဲ့ အရမ်းကြီးပွားလာတဲ့အခါကျတော့ သူနင်းခဲ့တယ်ဆိုတဲ့ ဆိုက်ကားကြီးကို သေချာဆေးကြောပြီးတော့ အိမ်ဦးခန်းမှာ ရွှေချထားတယ်ဆိုပဲ။ ကျွန်တော်က အဲ့ဒီအကြောင်းကို ထောင်ထဲမှာ ကြားတာ။ ကျွန်တော် စာရေးခွင့်ရတဲ့အခါမှာ သူ့ဆီစာရေးတယ်။ ကျွန်တော် ဟိုတုန်းက စီးပွားရေး ကောင်းတုန်းကဆိုရင် ကိုလတ်ကြီးက ရန်ကုန်လာလို့ ကျွန်တော့် အိမ်မှာ မလာရရင် ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့။ ကျွန်တော် ထောင်လည်းကျရော သူလည်း အရင်လိုပေါ်မလာတော့ဘူး။ ဒါလူ့သဘာဝမို့လို့ ထားလိုက်ပါ။ ကျွန်တော် ထောင်က လွတ်လည်း သူမလာဘူး။ ကျွန်တော် ဒေါ်စု ခရီးစဉ်နဲ့ မေမြို့သွားရမယ်ဆိုတော့ သူ့ဆီကို မသွားရင် စိတ်ဆိုးနေတယ်ထင်မှာစိုးလို့ သွားလိုက်ပါတယ်။ (သူ့အကြောင်းလည်း သန့်ဇင်ဆိုတဲ့ ကောင်က ရေးထားတာ။ သန့်ဇင်ဆိုတာက အပတ်စဉ် ၁၃ ကပေါ့။ သန့်ဇင်ကို သူရေးခိုင်းတာပေါ့။ ဒါပေမဲ့ ကျွန်တော် မဖတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မဖတ်ချင်လို့ပေါ့။ကျွန်တော်ကတော့ အခု ဒီလိုအချိန်


www.burmeseclassic.com

www.burmeseclassic.com



မှာက နိုင်ငံရေးလုပ် ငန်းတွေ၊ အုပ်ချုပ်ရေးလုပ်ငန်းတွေ အထိုက်အလျောက်ပါ နေရသော်လည်းပဲ ဘုရားဟောတဲ့ တရားဒေသနာကို ဘယ်တော့မှ မျက်ခြည်မပြတ်ဘူး။ တစ်အချက်က လူဆိုတာ အချိန်မရွေး ကွေးသောလက်မဆန့်မီ၊ ဆန့်သော လက်မကွေးမီ၊ သေဆုံးတတ်တဲ့သဘောရှိတယ်။ လောကဓံ ၈ ပါးလည်း မဖြုံတော့ပါဘူး။ အခုဆိုရင်လည်း နေရာရလို့ ဟိုက ဖိတ်၊ ဒီက ဖိတ်၊ အမေရိကားက ဖိတ်၊ ဂျပန်က ဖိတ်၊ တရုတ်က ဖိတ်ဆိုပေမယ့်လည်း အကုန်လုံးကို ယဉ်ယဉ်ကျေးကျေးပဲ ငြင်းလိုက်တယ်။ ဒီအသက်အရွယ်မှာ အတွေ့အကြုံအသစ်တွေလည်း မလိုတော့ဘူး။ တစ်ခုတော့ရှိတယ် ကျွန်တော်က ပါးစပ်က ဟောင်ဖွာ ဟောင် ဖွာဆိုတော့ ရယ်စရာ မောစရာ နည်းနည်းတော့ ပြောတတ်တာပေါ့) ကိုလတ်ကြီးရဲ့ သားက အင်မတန် အောင်မြင်တဲ့ ပညာရေးကျောင်းတစ်ခုထောင်ထားတယ် ချင်းတွင်း အင်စတီကျူထင်တယ်။ RIT ဆင်းတာ၊ သမီးတစ်ယောက်ကလည်း အရာရှိတစ်ယောက်နဲ့ အိမ်ထောင်ကျနေတယ်ကြားတယ်။ နောက်တစ် ယောက်ကလည်း စီးပွားရေးသမားဆိုတော့ သူလည်း အဆင်ပြေပါတယ်။ သူ့အမျိုးသမီးလည်း အခုချိန်အထိ ကျန်းကျန်းမာမာ ရှိနေတယ်။ န. ဝ. တ၊ မ. ဝ. တ ခေတ် နေပြည်တော်မှာ မြေကွက်ရပြီး စိုးစံဘော်ဒါ ဖွင့်တယ်လို့သိ ရတယ်။

## ဗိုလ်ကြီးမြင့်သိန်း
## ရွှေရောင်နှလုံးသားနဲ့လူ( The Man With The Golden Heart)

အရှည်ကြီးမြင့်သိန်းက ကျတော့ တော်တော်ထူးခြားတယ်။ အခင်ဖြစ်သွားတဲ့အချိန်တုန်းကတော့ ကက(လေ) မှာရှိတယ်။ ကက(လေ)ဆိုတာက ကာကွယ်ရေးဦးစီးချုပ်(လေ)ရုံး ပေါ့။ အဲဒီမှာနေတော့ နဝရတ်မှာနေတယ်။ ဗိုလ်မှူးသူရချစ်ခိုင် နဲ့ အုန်းကျော်မြင့်နဲ့က တစ်တိုက်တည်းနေတာ။ သူက လူတွေကိုပေါင်းရင် မိသားစုလိုပေါင်းတာ ခင်ခင်မင်မင်ပေါင်းတာ အုန်းကျော်မြင့်ကိစ္စဖြစ်တာ သူမသိဘူး။ အုန်းကျော်မြင့်ကလည်း သူ့ကိုအထင်ကြီးတော့ ဘာမှ မပြောဘူး။ အုန်းကျော်မြင့် အထင်ကြီးတာက ဗိုလ်မှူးသူရချစ်ခိုင်။



www.burmeseclassic.com

www.burmeseclassic.com


အဲ့ဒါနဲ့ ဗိုလ်မှူးသူရချစ်ခိုင်ကလည်း ရေကြည်အိုင်အချုပ်ထဲထိပါလာတာ ပေါ့။ အုန်းကျော်မြင့် ကို ဖမ်းတဲ့အခါမှာ သူ့မိန်းမက ကျန်ခဲ့တယ်။ အုန်းကျော်မြင့်မိန်းမက ကျောင်းဆရာမ၊ သူနဲ့တစ်တိုက်တည်း နေတဲ့အခါကျ တော့ အဲ့ဒီဆရာမကို အစစအရာရာ ကူညီတယ်။ ကျောင်းသွား ကျောင်းလာ လိုက်ပို့တယ်။ အုန်းကျော်မြင့် တို့က ကလေးမရှိဘူး။ သူတို့ လင်မယားကလည်း ခဏခဏ ရန်ဖြစ်တယ်။ သူတို့နှစ်ယောက်ရန်ဖြစ်ရင် အုန်းကျော်မြင့်မိန်းမက ထမင်းလည်း မချက်ပေးဘူး။ အဝတ်လည်း မလျှော်ပေးဘူး။ အုန်းကျော်မြင့် က အဝတ်လျှော်ရင် သူ့ဘာသာလျှော်ရတယ်။မီးပူထိုးရင် ကိုမြင့်သိန်း အိမ်မှာ မီးပူထိုးရတယ်။ သူအဲ့ဒီလိုဖြစ်တဲ့ အခါမှာ ကိုမြင့်သိန်း က အုန်းကျော်မြင့်မိန်းမ ဆရာမကို အစစအရာရာကူညီပေးတော့ သူ့မိန်းမက ဒေါက်တာမဝင်းရီ ဆိုတာရှိတယ်။ ဆေးတက္ကသိုလ် ၂ ကဆင်းတာ။ ကလေး၂ယောက်ရှိပြီ အကြီးမက မသက်ထား၊ အငယ်မ ကတော့ အင်္ဂလန်မှာ ရောက်နေပြီပေါ့။ မိသားစု စုံစုံလင်လင်နဲ့ သာယာတယ်။

အုန်းကျော်မြင့် တို့ ဘဝက မသာယာဘူး။ ဘာကြောင့်လဲဆိုတော့ လင်မယားနှစ်ယောက် ခဏ ခဏ ရန်ဖြစ်ကြတယ်။ ပြီးရင် မြင့်သိန်းကနေပြီး တော့ အစစအရာရာထောက်ပံ့ရတယ်။ အုန်းကျော်မြင့် အမှုဖြစ်တဲ့ ကာလပေါ့။ ၁၉၇၆ခုနှစ် ဇူလိုင်လကနေပြီးတော့ ၁၉၇၇ ခုနှစ်အထိ တောက်လျှောက် ကူညီတယ်။

ထောက်လှမ်းရေးကလည်း သူ့အပေါ်မှာ အမြင်ကပ်တယ်။ ဘာကြောင့်လည်းဆိုတော့ သူက ပွင့်လင်းတာကိုး၊ ဖော်ရွေတယ်။ စစ်တက္က သိုလ်မှာတုန်းက ဗိုလ်လောင်းတွေကို ဆရာတွေ သင်တဲ့ လူတစ်ယောက်မှာ၊ ယောက်ျားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ သတ္တိ ၂ မျိုးရှိတယ်။ နံပတ် ၁ ကအကြောက်တရားမရှိတာ၊ နံပတ်၂ မှန်တယ်ထင်ရင် ဘာတစ်ခုမှမစိုးရိမ်ဘဲနဲ့ ကိုယ့်စိတ်ထဲကအတိုင်း လိုက်ပြီးတော့ ကူညီတာ အဲ့ဒီနှစ်မျိုးက သူ့မှာ အပြည့်ရှိတယ်။ အုန်းကျော်မြင့်ကို ကူညီရင် သူ့မိန်းမကို ကူညီရင် အန္တရာယ် ရှိပါလားဆိုတာ သူသိတယ်။ မသိတာတော့ မဟုတ်ဘူး။ သို့သော် ငါ့အိမ်နီးနားချင်း သူ့ယောက်ျားဒုက္ခရောက်နေတဲ့ အချိန်မှာ ငါကူညီသင့်

www.burmeseclassic.com


တယ်လို့ဆိုတဲ့အသိနဲ့ ကူညီခဲ့တာဆိုတော့ အင်မတန်ထူးခြားတဲ့ အရည်အချင်း။

နောက်ပိုင်းမှာ ကျွန်တော်က နိုင်ငံရေးလုပ်တဲ့အခါမှာ အဖမ်းခံရတယ်။ သူက လေတပ်မှာ ဗိုလ်မှူးဖြစ်နေပြီ။ သူနဲ့က မတွေ့ဘူး။ ကျွန်တော် စီးပွားရေးလုပ်တယ်၊ နိုင်ငံရေးလုပ်တယ် သူနဲ့မတွေ့ဖြစ်ဘူး။ ဒါပေမဲ့ သူ့ဘက်ကလည်း ကျွန်တော့်အပေါ် ခင်မင်မှုမပြတ်တဲ့ အတွက် ကျွန်တော့်ဘက်ကလည်း သူ့ကို ခင်မင်မှုမပြတ်ဘူး။

ကျွန်တော် ထောင်ထဲရောက်တဲ့ အခါကျတော့ ကျွန်တော့်ကို စစ်ခုံရုံးတင်တာ။ စစ်ခုံရုံးတင်တဲ့အခါကျတော့ ကြည်း၊ ရေ၊ လေ၊ အရာရှိ ၃ ယောက်က ပါရတယ်။ အဲ့ဒီတော့ သူက ကျွန်တော့် အမှုကို စစ်ဖို့ ဥက္ကဋ္ဌ တာဝန်ရတယ်။ ကြည့်လိုက်တော့ ကျွန်တော့် အမှုဖြစ်နေတယ်။ ဘာမှ မဟုတ်ဘူး ပုဒ်မ ၅ နဲ့ ထောင် ၁၀နှစ်လား ၁၅ နှစ်လားမသိဘူး ကျမှာဆိုတော့ သူက ဖတ်ပြီးသွားတဲ့ အခါမှာ က က (လေ/ချုပ်) ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်း ကိုသွားပြီးတော့ ကျွန်တော်က ဒီအမှုမှာ မပါနိုင်ဘူး။ ကျွန်တော့် အစ်ကိုကြီးလိုဖြစ်နေတဲ့ ကို ဝင်းထိန်ကို ထောင်ချဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်မပါနိုင်ဘူးဆိုတာ။ သူ့ကို လူလဲလိုက်သော် လည်းပဲ လူကြီးတွေရဲ့စိတ်ထဲမှာ ဒီကောင်သတ္တိမရှိဘူးပေါ့။ သူက တပ် မတော်ကို ဦးစားမပေးဘဲ ခင်မင်မှုကို ဦးစားပေးတယ်ဆိုပြီးတော့ ကောက် ချက်ချ လိုက်တာ။ နောက် ၃လလောက် နေတော့ သူက လေကြောင်း ပို့ဆောင် ရေးဆိုတဲ့ဌာန အပြင်ကို ရောက်သွားတယ်။ ဒါက Moral courage နဲ့လုပ်ခဲ့တဲ့အတွက်ကို အဲ့ဒီအချိန်တုန်းက သူ့ကို အပြစ်ပေးအရေးယူလိုက်တာ။ သူက အရည်အချင်းရှိသော်လည်းပဲ ညွှန်ကြားရေးမှူးဘဝကနေ မတက် တော့ဘူး။ DCA ခေါ်တာ။ လေကြောင်းဌာနမှာ ညွှန်ကြားရေးမှူး။ သူက လူချစ်လူခင်များတဲ့အတွက်ကြောင့် တပည့်ပေါတယ်။ သူငယ်ချင်း တွေက လည်း သူ့ကို ချစ်ကြတယ်။ အထူးသဖြင့် ကျွန်တော်နဲ့ပတ်သက်ပြီး အဲ့လို လုပ်သွားတာကို နောက်မှသိရတဲ့အခါကျတော့ သူ့ကို ကျွန်တော် တော်တော် ကို ခင်မင်မှုအပြင်ကို လေးလည်း လေးစားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတာ ကျွန်တော့် ညီလိုပဲ။ အခုလည်းပဲ သူ့အသက်ကြီးပြီးတော့ ၇၀ ကျော်ဖြစ်ပြီးမှ ဒုက္ခရောက်နေတဲ့ လူတွေကို ကူညီတယ်။ သူတို့ အပတ်စဉ် ၇ က လူတွေဖြစ်တဲ့ ဝန်ကြီးတွေပါတယ်။ သံအမတ်တွေပါတယ်။ ဒါပေမဲ့ အဲ့ဒီလူတွေကို သူက သိပ်ဦးစားမပေးဘူး။ သာမန်နဲ့ တပ်က ထွက်ပြီးတော့မှ ဖျားတယ်၊ နာတယ်၊ ဆေး ရုံတက်တယ်၊ သာရေးနာရေး ဆိုရင်လည်း အဲ့ဒီလို လူမျိုးတွေကို ပိုပြီးတော့ ဦးစားပေးပြီးတော့ ကူညီတယ်။

ဒီလိုလူမျိုးဟာ တန်ဖိုးရှိတဲ့လူ ကျွန်တော်တောင်မှ သူ့ကို နာမည် ပေးထားသေးတယ်။ ရွှေရောင်နှလုံးသားနဲ့လူဆိုပြီးတော့ အုန်းကျော်မြင့် ကို ကူညီတာတင်မကဘူး၊ ကျွန်တော်လို လူမျိုးကို ထောင်ချမယ်ဆိုတာတောင်မှ ချလို့မဖြစ်ဘူးဆိုပြီး ကျွန်တော့် အစ်ကိုကြီးဆိုပြီးတော့ ငြင်းရဲတဲ့ သတ္တိမျိုးရှိ တယ်။ သူ့ဇနီး ဒေါက်တာမဝင်းရီကတော့ ဦးနှောက်ရောဂါကို နှစ်ရှည် လများစွာ ခံစားခဲ့ရပြီးတော့ ဆုံးသွားရှာပြီ။ သမီးငယ်ကတော့ အင်္ဂလန်မှာ၊ သမီးကြီးကတော့ အဖေ့သံယောဇဉ်နဲ့ အိမ်ထောင်မပြုရှာဘူး။ အဖေ့ကို ပါရမီဖြည့်တဲ့ လူပေါ့လေ။

နောက်တစ်ခု ထူးခြားချက်က ၁၉၉၅ခု ဖေဖော်ဝါရီလ ၅ရက်နေ့မှာ ထောင်ကလွတ်လာတော့ ၆ ရက် ၇ ရက်လောက်မှာ ကျွန်တော့် သူငယ်ချင်း တွေကိုလှမ်းပြောတယ်။ ငါအပြင် ရောက်ပြီပေါ့။ အဲ့ဒီမှာ တစ်ညမှာ သူ တို့မိသားစုအကုန် အိမ်ကို ရောက်လာတယ်။ မဝင်းရီက လေဖြတ်နေတာ။ သူက လေသာဖြတ်တာ စိတ်ဓာတ်ကတော့ ကောင်းသေးတယ်။ အဲ့ဒီတော့ တီဗီကြည့်နေတော့ တီဗီမှာလည်း ကျွန်တော် လွတ်လာပြီဆိုတာ သတင်း ပါလာတော့ မဝင်းရီက အတင်းကျီကျပြီး ကိုဝင်းထိန် ဆီ လိုက်ပို့ဆိုတာနဲ့ မိသားစုလိုက် ရောက်လာတာ မောင်မြင့်သိန်းကလည်း မဝင်းရီ ကို ပွေ့ပြီး အိမ်ပေါ် ခေါ်တင်လာတယ်။ အဲ့ဒီမှာ ဝမ်းသာစရာ စကားတွေ ပြောကြတယ် ပေါ့။ အဲ့ဒီလို ဖြစ်စဉ်လေးကတော့ ကျွန်တော့်အတွက် မှတ်တမ်းတင် ထိုက် တဲ့ ဖြစ်စဉ်တွေပါ။ ဘာလို့လဲဆိုတော့ အဲဒီတုန်းက (၁၉၉၅ခုနှစ်)က ကျွန်တော့်အိမ်ကို ဘယ်သူမှ မပြောရဲတဲ့ ကာလလေ။



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်မှူးကြီးလှဖေနဲ့ သူ့ရဲ့သူငယ်ချင်း

ဗိုလ်မှူးကြီးလှဖေ နဲ့ ဗိုလ်မှူးကြီးမောင်မောင် လို့ ပြောလို့ရမယ်။ ဗိုလ်မှူးကြီးလှဖေ က ရန်ကုန်လာတိုင်း စစ်ရုံးကို သတင်းပို့တယ်။ ဦးစီးချုပ်ကို သတင်းပို့တယ်။ ပြီးရင် အုန်းကျော်မြင့် က သူ့တပည့်ဆိုတော့ သူရွေးပေးတဲ့လူကိုး အမြဲတမ်း ကိုအုန်းကျော် နေကောင်းလား၊ ဘာညာပေါ့။ အုန်းကျော်မြင့် ကလည်း သူ့ကိုပြောလိုက်တယ် ချမယ် ပြုမယ်ပေါ့။ ဟာ မင်းလူကြီးနားမှာနေရင် အဲ့ဒီလိုမပြောရဘူးလေ ဘာညာပေါ့။ ငါလည်း ဗိုလ်ချုပ်ကြီးတင်ဦး ပြုတ်လို့ စိတ်တော့ မကောင်းဘူးပေါ့။ အဲ့ဒီလိုပြောပြီးတော့ ဆုံးမတယ်ပေါ့နော်။ ဆုံးမပြီးတော့ ဦးစီးချုပ်နဲ့တွေ့၊ တွေ့ပြီးတော့ က. က(ကျင့်) လို့ခေါ်တဲ့ လေ့ကျင့်ရေးသင်ကြားရေးမှူးရုံးက G1 ဒုတိယဗိုလ်မှူးကြီးမောင်မောင်၊ တပ်ထဲမှာ မောင်မောင် က များတော့ သူ့ကို အပွနားမောင်မောင် လို့ ခေါ်တယ်။ ကုလားကပြားပေါ့။ သူက မန္တလေးသား ၊ ဗိုလ်မှူးကြီးလှဖေနဲ့ တစ်တန်းတည်း စစ်ထဲဝင်တော့လည်း အတူတူ၊ ဒါပေမဲ့ ဗိုလ်မှူးကြီးဦးလှဖေ က ကျန်းမာတယ်၊ ရွှတ်ရွှတ်ချွံချွံ လုပ်တယ်။ တိုက်ရည်ခိုက်ရည်ကောင်းတယ်။တဖြည်းဖြည်းနဲ့ ရာထူးတွေ တက်လာရင်းနဲ့မှ တပ်မမှူးတွေ၊ တိုင်းမှူးတွေ ဖြစ်သွားတာ။ ဗိုလ်မှူးကြီးမောင်မောင် ကျတော့ ကျန်းမာ ရေးမကောင်းဘူး၊ ခါးပြဿနာဖြစ်ပြီးတော့ တပ်မှာဆိုရင် ကျန်းမာရေးကောင်းရင်ကောင်းသလောက် ရာထူးတိုးမယ်ဆိုရင် ကျန်းမာရေး အရင်စစ်ခိုင်းတယ်။ ကောင်းတယ်ဆိုရင် ဆက်ပေးတယ်။ မကောင်းဘူးဆိုရင် ဆက်မပေးတော့ဘူး။

ဗိုလ်မှူးကြီးမောင်မောင် နဲ့ ဗိုလ်မှူးကြီးလှဖေ ကွာတာကတော့ ဟိုလူက ကျန်း မာရေးအရမ်းကောင်းတယ်၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်တော့ အသင့်ဖြစ်တယ်။ လေထီးခုန်တာ ဘာညာအဆင်ပြေတာပေါ့။ ဗိုလ်မှူးကြီးမောင်မောင် က တော့ ခါးပြဿနာက ရှိတော့ ရာထူးမတက်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



စစ်ရုံးမှာ G1/ရာထူးနဲ့ က. က(ကျင့်) မှာ G1 ဖြစ်တာ။ သူတို့က ငယ်သူငယ်ချင်းတွေ၊ အဲ့ဒီတော့ ဗိုလ်မှူးကြီးလှဖေ က ဗိုလ်ချုပ်ကျော်ထင် တို့နဲ့တွေ့ပြီးပြီ ဆိုရင် သူ့ဆီအမြဲ တမ်းလာတယ်။ သူငယ်ချင်းအနေနဲ့ နှုတ်ဆက်တယ်ပေါ့။ နှုတ်ဆက်ရင်းနဲ့ ဘာပြောလည်းဆိုတော့ ဗိုလ်ချုပ်ကြီးတင်ဦး နဲ့ပတ်သက်ပြီးတော့ အရာရှိငယ်တွေ မကျေနပ်ကြဘူး ချချင်ပြုချင်တယ် ပြောနေကြတယ်။ ဗိုလ်ကြီးစန်းယု ကိုလည်း မကျေနပ်ဘူး၊ မျက်မှန်ကြီးတင်ဦး ကိုလည်း မကျေနပ်ဘူး အဲ့ဒီလို ပြောနေကြတယ်ဆိုတော့ ဟိုကလည်း သူငယ်ချင်းဆိုတော့ ဟုတ်လား ဟုတ် လားပေါ့။ ဒီလိုပဲ အလိုက်သင့်ပေါ့။ နောက်ကျတော့ ၁၀မိနစ် ၁၅ မိနစ် လောက်နေတော့ ပြန်သွားရော။ ဗိုလ်မှူးကြီးလှဖေ သွားသွားချင်း လှမ်းဖုန်းဆက်တာ။ အဲ့ဒီတုန်းက က. လ (၅) က ဘယ်သူလည်း မသိဘူး။ ဗိုလ်မှူးကြီးကျော်ထွန်း ဖြစ်ဖို့ များတယ်။ အဲ့ဒီတုန်းကလည်း အဲ့ဒီလိုပဲ ဗိုလ်မှူးကြီးလှဖေ က ကျွန်တော့်ကို လာပြောတယ်လို့ သူက ပြောတယ်။ ထွက်ဆိုချက်လည်း ရေးပေးခဲ့တယ်။

ဗိုလ်မှူးကြီးလှဖေ က ဒီကိစ္စကို သိလျက်သားနဲ့ ဖွင့် မပြောဘူးဆိုပြီးတော့ ပေါ်လွင်အောင်လုပ်တာ။ အဲ့ဒီတော့ ကျွန်တော်တို့ လည်း သတင်းစာဖတ်ရမှ သိတာ။ ဟာ ဦးမောင်မောင် က အဲ့ဒီလိုပါလားပေါ့။ ကျွန်တော်တို့တောင်မှ စံကြည် ကိစ္စကို ထုတ်မပြောဘူး အကြောင်းကြောင့် မပြောဖြစ်ခဲ့ဘူး။ ဒါပေမဲ့ သူက သတင်းပို့တယ်။

၁၉၉၇ ခုနှစ် ဇန်နဝါရီလမှာ အဲ့ဒီအမှုက ပြီးတယ်။ ပြီးတဲ့ အခါမှာ ဗိုလ်မှူးကြီးမောင်မောင်က G1 ကနေပြီးတော့ နောက် ၆ လလောက်ကြာတဲ့အခါမှာ သူ့ကို ဂျာမနီသံအမတ် ဆိုပြီးတော့ ခန့်လိုက်တယ်။ ဘာကြောင့်ပေးတယ်၊ ဘယ်သူကပေးတယ်ဆိုတာ ထင်ရှားနေတာပဲ။ အဲ့ဒီတော့ လူတွေက ဝိုင်းပြောကြတာပေါ့။ သူ့သူငယ်ချင်းကို နင်းပြီးတော့မှ ရာထူးတက်သွားတာပေါ့။ အခုတော့ သူ ရှိသေးလား၊ မရှိဘူးလားတော့ မသိဘူး။ ဗိုလ်မှူးကြီးလှဖေ ကတော့ ဆုံးသွားတာကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com


## သူရဦးသောင်းလွင် ရဲ့ကံကြမ္မာ

သူရဦးသောင်းလွင် က အပတ်စဉ် ၁၀ က တက္ကသိုလ်ကျောင်းဆင်းတဲ့ အရာရှိတစ်ယောက်၊ သူက ခလရ ၅ တပ်မ(၈၈) မှာ တာဝန်ကျတယ်။ တာဝန်ကျတော့ တပ်မ ၈၈ က ဒု-ဗိုလ် ကနေ ဗိုလ်၊ ဗိုလ် ကနေ ဗိုလ်ကြီး အဲ့ဒီလိုဖြစ်တဲ့အခါမှာ တပ်မဆိုတော့ အရှေ့မြောက်ဒေသကို ဝင်တဲ့အခါမှာ သူက ဗကပ နဲ့ အကြီးအကျယ်တိုက်ရတယ်။ တပ်မ ၈၈ က မာတယ်။ အဲ့ဒီတော့ တပ်မ ၈၈ မှာပါတဲ့ တပ်ရင်း ၁၀ ရင်း ကလည်း မာ တော့ ဗကပ ကို ရင်ဆိုင်နိုင်တယ်။ ဒါပေမဲ့ အဲ့ဒီအချိန်မှာ ဘာဖြစ်လဲဆို တော့ ၁၉၇၀-၁၉၇၂ ခုနှစ်လောက်မှာ ဗကပ အရှိန်က သိပ်ပြင်းနေတဲ့ အချိန်ကျတော့ အရှေ့မြောက်တိုင်း ကွတ်ခိုင်မြို့နယ်ပေါ့။ အခု နာမည်ကြီး နေတဲ့ အစရှိတဲ့ နေရာတွေမှာ ဗကပ နဲ့ အကြီးအကျယ်တိုက်ပွဲတွေဖြစ်ခဲ့ ကြတယ်။ အခု အုန်းကျော်မြင့် တို့ အစီအစဉ်မှာပါတဲ့ ဗိုလ်ကြီးထွန်းကျော် တို့၊ ခလရ ၁၀၆ နဲ့လည်း အကြီးအကျယ်တိုက်ပွဲတွေ ဖြစ်ခဲ့တဲ့ နေရာပေါ့။ အဲ့ဒီလိုနေရင်း ကနေပြီးတော့ ဗကပ တွေက သူတို့ စစ်နယ်မြေတိုးချဲ့ဖို့အတွက် ဆိုပြီးတော့ လားရှိုးကို သိမ်းဖို့ဆိုပြီး အကြီးအကျယ် စစ်ဆင်ရေးလုပ်လာတယ်။ အဲ့ဒီမှာ ကက(ကြည်း) အရန်တပ်က ခလရ ၅ ၊ လားရှိုးကို စစ်ကြောင်းဝင်လာတဲ့အခါကျတော့ ခလရ ၅ ကို လွှတ်တယ်။ အဲ့ဒီခေတ်တုန်းက တပ်ရင်း တစ်ရင်းဆိုရင် လူ ၆၀၀ လောက်ရှိတယ်။ တပ်ကြောင်း နှစ်ကြောင်း၊ တပ်ခွဲ ၂ ခွဲ က တစ်ကြောင်း၊ တပ်ခွဲ ၃ ခွဲက တစ်ကြောင်းပေါ့။ အမှန်ဆိုရင် တပ်ခွဲ တစ်ခွဲက လက်နက်ကြီး တွေပါတယ်။ လားရှိုးရဲ့ အရှေ့မြောက်ဘက် ပန်ကြုံ ရွာ ဆိုတာရှိတယ်။ ပန်ကြုံးရွာမှာ တိုက်ပွဲတွေ အကြီးအကျယ် ဖြစ်ကြတယ်။ ဘယ်လောက်အထိ ဖြစ်လည်းဆိုရင် လုံးထွေးပြီးတော့မှ လူလူချင်း လုံ့စွပ် တွေနဲ့ ထိုးရတဲ့ အထိအောင်ကို တိုက်တာ။ အဲ့ဒီအချိန်မှာ ဗိုလ်သောင်းလွင် ကလည်း သူ့တပ်ခွဲကို ကြီးကြပ်ရင်းနဲ့ တိုက်ပွဲဝင်ရတဲ့အချိန်မှာ ဘာဖြစ်လဲဆို တော့ သူ့ရဲဘော်တွေကို အော်ဟစ် အမိန့်ပေးတဲ့အချိန်မှာ သူ့ပါးက ပူကနဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ဖြစ်သွားတယ်။ ဘယ်ဘက်ပါးရော၊ ညာဘက် ပါးရော ဖြစ်သွားတာ ပေါ့။ သွားကို မထိဘဲနဲ့ ဘယ်ဘက်ပါးက ဝင်ပြီးညာဘက်ပါးက ပေါက်ထွက်သွားတယ်။အဲ့ဒီမှာ တိုက်ပွဲက အကြီးအကျယ် ဖြစ်နေတော့ သူ့ဒဏ်ရာကို အရေးမလုပ်ဘဲ နဲ့ သူ့မှာပါလာတဲ့ ပတ်တီးနဲ့ ပါးနှစ်ဖက်ကို လက်နဲ့ကိုင်ပြီးတော့ ကွပ်ကဲရင်းနဲ့ တိုက်ပွဲဝင်တယ်။ အဲ့ဒီ ပန်ကြံုး တိုက်ပွဲက ၂ ရက်၊ ၃ ရက်လောက်ကြာတယ်။ နေ့ရော ညရော တိုက်ခိုက်တဲ့ အခါမှာ ဗကပ ကလည်း စစ်ကြောင်းတွေ ပြိုကွဲပြီးတော့ ထွက်ပြေးသွားတယ်။ အဲ့ဒီ ပန်ကြံုးတိုက်ပွဲမှာ ခလရ ၅ က အောင်ပွဲခံတာပေါ့။ အောင်ပွဲခံတော့ ခလရ ၅ က ကျဆုံးတဲ့လူရော၊ အောင်ပွဲခံတဲ့ လူရော ကို ဆုတံဆိပ်တွေပေးတဲ့အချိန်မှာ ကိုသောင်းလွင် က သူရ တံဆိပ်ရတယ်။ သူနဲ့အတူ အပတ်စဉ် ၁၀ ပဲ တင်စိုး ဆိုတဲ့ လူကလည်း သူရ ရတယ်။ နှစ်ယောက်ပေါ့။ အဲ့ဒီအချိန်မှာ ကျွန်တော်ကလည်း စစ်ရုံး ကို ရောက်နေပြီ။ စစ်ရုံးမှာ တိုက်ပွဲအကြောင်းလည်း သိတယ်။ အပေါ်ကနေ ပြီးတော့ သူတို့ ကွပ်ကဲတာကိုလည်း သိတယ်။ တိုက်ရိုက်ကွပ်ကဲတာကတော့ ကက(ကြည်း) စစ်ဆင်ရေးကပေါ့။ ကျွန်တော်တို့က စီမံရေးကပေါ့။ အဲ့ဒီတော့ လူဦးရေအရ ကျွန်တော်တို့ တပ်က အရာရှိလိုတယ်ဆိုတော့ သူရသောင်းလွင် ကလည်း သူရ ဆုတံဆိပ်ရတဲ့အပြင်ကို ပညာအရည်အချင်းကလည်း အထိုက်အလျောက် အဆင့်အတန်း မြင့်တယ်ပေါ့။ သူ့အပတ်စဉ်မှာ ဆု မရ သော်လည်းပဲ IQ Level မြင့်တဲ့အတွက် ကျွန်တော်တို့ ကက(ကြည်း) စီမံ ရေးမှာ စစ်ဦးစီးတတိယတန်းဆိုပြီးတော့ ခေါ်လိုက်တယ်။ ခေါ်လိုက်တော့ ရောက်လာတယ်။ သူရောက်လာတဲ့အခါမှာပဲ လပိုင်းလောက်မှာ ဗိုလ်ချုပ်ကြီး တင်ဦး ကိစ္စဖြစ်တယ်။ ဖြစ်တော့ စုံကြည်ပြောတဲ့ ကိစ္စတွေ သူလည်း ကြား တော့ ကြားမှာပေါ့လေ။ အဲ့ဒီတော့ ဌာနဆိုင်ရာကိုလည်းပြောတဲ့အခါမှာ ကျွန်တော်ပြောခဲ့တဲ့ တရုတ်မ စိုးမြင့် တို့ ၊ မြင့်သိန်း တို့ကတော့ သူတို့ မသိ ဘူး၊ ဘာညာ ဘူးခံတာပေါ့။ ဘူးခံလို့မရဘူး။ ပြဿနာဖြစ်လာတဲ့အခါမှာ သူ့ကို ဘယ်သူက စစ်ဆေးလည်းဆိုတော့ ထလရ ဒါရိုက်တာ ညကြား



www.burmeseclassic.com

www.burmeseclassic.com



ရေးမှူး ဗိုလ်မှူးကြီး အောင်ငွေး စစ်တယ်။ ဗိုလ်မှူးကြီးအောင်ငွေး အပြင်ကို တခြား အရာရှိတစ် ယောက်ပါတယ်။ ဗိုလ်မှူးကြီးအောင်ငွေး နေရာကို လျှာထားမယ့် ဗိုလ်မှူးကြီး မျိုးအောင် ဆိုတာရှိတယ်။ ရှမ်းမျိုးအောင်လို့ လည်းခေါ်တယ်။ နောက်တော့ သံအမတ်အနေနဲ့ အငြိမ်းစားယူသွားပြီ။ ဗိုလ်မှူးကြီးမျိုးအောင် ကတော့ အရန်ပေါ့။ ဗိုလ်မှူးကြီးအောင်ငွေး က စစ်ဆေးတယ်။ ဗိုလ်မှူးကြီးအောင်ငွေး က ပခုက္ကူသား အင်မတန်ကို စိတ်တိုတတ်တယ်၊ ကိုသောင်းလွင် ကို စစ်တဲ့အခါကျတော့ သောင်းလွင်က လည်း မဖြေဘူး။ မဟုတ်ဘူး၊ မသိဘူးဆိုတော့ မအေ နှမ ကိုင်ဆဲတော့တာပေါ့။ ကိုင်ပြောတော့ ကိုသောင်းလွင် က ဗိုလ်မှူးကြီး ၂ ယောက်ရှိတော့ သူက ဗိုလ်မှူးကြီးအောင်ငွေး ကို ပြောတယ်။ ကျွန်တော့်ကို ပြောချင်တာပြော ကျွန်တော့် အမေကိုတော့ မထိပါနဲ့ ကျွန်တော့် အမေထိရင် မခံဘူး။ အဲ့ဒီလိုပြောတော့ ဘာဖြစ်လဲကွာဆိုပြီးတော့ ထပ်ဆဲတာ ထပ်ဆဲတော့ ကိုသောင်းလွင်ကလည်း ဗိုလ်မှူးကြီးအောင်ငွေး ကို လက်သီးနဲ့ ပိတ်ထိုးပစ် လိုက်တာ ဗိုလ်မှူးကြီးအောင်ငွေး လဲကျသွားတဲ့အထိတဲ့။ အမှုက ပိုကြီးသွား တာပေါ့။ အုန်းကျော်မြင့်ကိစ္စ ဖြစ်နေတဲ့ အချိန်မှာ လက်ထောက်အရာ ရှိတစ်ယောက်က ဗိုလ်မှူးကြီးကို လက်သီးနဲ့ထိုးတယ်ဆိုတာ အဲ့ဒီမှာ တစ်ခါ တည်း ဗိုလ်မှူးကြီးအောင်ငွေးက သောင်းလွင်ကို ခုံရုံးတင်တယ်။ အဲ့ဒီမှာ နာမည်ကြီးတဲ့ မျက်မှန်ကြီးတင်ဦး ဆီရောက်သွားတာပေါ့။ မျက်မှန်ကြီး ဆီရောက်သွားတော့ ဘယ်သူတွေရှိလဲဆိုတော့ ဗိုလ်မှူးကြီးမျိုးအောင် နဲ့ နောက်ထပ် အရာရှိတစ်ယောက်ကိုလည်း ထပ်ခေါ်တဲ့အခါမှာ ကိုသောင်းလွင် ပြောတဲ့စကားတွေနဲ့ ဗိုလ်မှူးကြီးအောင်ငွေး ပြောတဲ့ စကားတွေက ပြန် သိရတဲ့အခါမှာ ကိုသောင်းလွင် အလွန်မဟုတ်ဘူး။ ဗိုလ်မှူးကြီးအောင်ငွေး အလွန်ဆိုပြီးတော့ ကိုသောင်းလွင် ကို အရေးမယူတဲ့အပြင် ဖမ်းလည်း မဖမ်းဘူး။ အဲ့ဒီတော့ ဌာနတစ်ခုလုံး မှာ သူတစ်ယောက်ပဲ ကျန်တော့တယ်။ အဲ့ဒီမှာ ဌာနတစ်ခုလုံး ဖမ်းသွားလည်း လုပ်ငန်းကိုင်ငန်းတွေ ပျက်သွားမှာ စိုးလို့ သူ့ကို ဝါနုသေးတဲ့ လူကို ထားတယ်လို့ပဲ ယူဆတယ်။ အဲ့ဒီကိစ္စမှာ လွတ်သွားပြီးတော့ တဖြည်းဖြည်း ရာထူးတွေတက်၊ ဗိုလ်မှူးဘဝမှာ တစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခြစားတာတွေကို သိလာတော့ အရပ်ဘက်ကို ပြောင်းတယ်။ မီးရထားဘက်ကို ပြောင်းတယ်။ ခြစားတာတွေ သိတယ်ဆိုတာကလည်း သူကျွန်တော့်ကို ပြောပြလို့ သိရတာ။ အဲ့ဒီအထဲမှာ လူကြီးတွေကိုမျက်နှာပူတာတွေ၊ တခြားနည်းနဲ့ပိုက်ဆံရှာရတာတွေကို မသတီတော့ဘူး။ အဲ့ဒါက ၁၉၇၈-၁၉၇၉ ခုနှစ်လောက်မှာ ဘာကြောင့်လဲဆိုတော့ သူက နယ်ရောက်သွားပြီ။ က က(ကြည်း) ကနေ နယ်ရောက်သွားတော့ ဗိုလ်မှူးဖြစ်သွားပြီ။ မီးရထားမှာ ဂျနရယ်မန်နေဂျာပေါ့။ အဲ့ဒီမှာ သူက အလုပ်ကြိုးစားတဲ့အတွက်ကြောင့် ညွှန်ကြားရေးမှူးဖြစ်၊ MD ဖြစ်၊ သူ ဂျနရယ်မန်နေဂျာဘဝတုန်းက ဗိုလ်မှူးကြီး ဝင်းစိန်က MD သူ MD ဖြစ်တဲ့ အချိန်မှာ ဗိုလ်မှူးကြီး ဝင်းစိန်က မီးရထား ဝန်ကြီးဆိုတော့ သူ့ကိုအဲ့ဒီလို ဆွဲတင်သွားတဲ့အခါမှာ ဒုတိယ ဝန်ကြီးတောင်မှ ဖြစ်သွားတယ်။ အမှုထဲမှာ ထူးထူးခြားခြားအနေနဲ့ ဗိုလ်မှူးကြီးတစ်ယောက်ကို လက်သီးနဲ့ ထိုးလို့ ဘာအမှုမှလည်း မဖြစ်တဲ့ အပြင်ကို အများမခံဘဲနဲ့ ကြီးပွားသွားတာ သူတစ်ယောက်တော့ ရှိသေး တယ်လို့ ပြောလို့ရတာပေါ့။

## ဂျိုဖြူဦးသိန်းဟန် အကြောင်းကို ဂုဏ်ပြုလို

ဂျိုဖြူဦးသိန်းဟန် (ခ) ပြောင်ကြီးပေါ့။ ဒီကိစ္စ သူနဲ့တော့ ပတ်သက်လာတဲ့အကြောင်းတော့ မပြောလို့မဖြစ်ဘူး သူ့ကို ဂုဏ်ပြုချင်လို့ပါ။ ကိုသိန်းဟန် ကတော့ ပြည်က ငယ်ငယ်ကတည်းက ပညာထူးချွန်တော့ ပြောရရင် RIT လို့ခေါ်တဲ့ စက်မှုတက္ကသိုလ် ကျောင်းဆင်းတစ်ယောက် သူက အတန်းထဲမှာ လျှပ်စစ်ပညာနဲ့ပတ်သက်လို့ နံပတ် ၁ ချိတ်တဲ့အခါ ကျတော့ အဲ့ဒီခေတ်က ၁၉၇၀ ကျော် ခုနှစ်မှာ သူ အင်းစိန်မြို့နယ်မှာ လျှပ်စစ်ဦးစီးမှူးဆိုပြီးတော့ နေရာရလာတာ။ သူ့စာတော်တဲ့အရှိန် ကြောင့်လည်း ပါတာပေါ့။ ကြမ္မာငင်ချင်တော့ အင်းစိန်မြို့နယ်မှာ အုန်းကျော်မြင့် အမှုကြားနာမှုလုပ်မယ်၊ ပွင့်ပွင့်လင်းလင်း ပြုလုပ်မယ်ဆိုတော့ အဲ့ဒါနဲ့ ပတ်သက်လို့ မျက်မှန်ကြီးက အသံဖမ်းရမယ်၊ မှတ်တမ်းတင်ရမယ် ဆိုတော့ အသံဖမ်းရင် မီးက ကောင်းရမှာကိုး။ အဲ့ဒီတော့ မြို့နယ်ဦးစီး



www.burmeseclassic.com

www.burmeseclassic.com


မှုနဲ့ကိုခေါ် ဒီမှာ ဒီလိုလုပ်မယ်။ ဒါကြောင့် မီးမပျက်အောင်လို့ တာဝန်ယူရမယ်ဆိုတော့ သူကိုယ်တိုင်ကလည်း နိုင်ငံရေး ဝါသနာပါတယ်။

**လက်ဝဲစာပေဝါသနာ**

ဘယ်လောက် ဝါသနာပါလည်းဆိုတော့ သူက ပြည်က သူ့ အဖေက အစ္စလာမ်ဘာသာဝင် ကျောင်းအုပ်ဆရာကြီး။ ဦးနေဝင်း နဲ့ ငယ် သူငယ်ချင်း။ သူ ၈ တန်းကျောင်းသားဘဝမှာ မက်(စ်)ဝါဒ ၊ လီနင်ဝါဒတို့ ဖတ်နေပြီ၊ သူ့အဖေက မဖတ်နဲ့ပြောလည်း မရဘူး။ ဝါသနာပါနေပြီ။ ပြီးတော့ မဆလ အကြောင်းတွေ ဝေဖန်နေပြီ။ အဲ့ဒီအခါကျတော့ ဦးနေဝင်း က တစ် ချိန်မှာ နှစ်ထပ်သဘော်ကြီးနဲ့ တိုင်းခန်းလှည့်လည်တာ၊ ပြည်မှာ စခန်းချပြီး တော့ သူ တောင်နဝင်းဆည်တွေ ၊ မြောက်နဝင်းဆည်ကိစ္စတွေ စစ်တယ်နဲ့ တူပါတယ်။ ကိုသိန်းဟန် အဖေကလည်း အစ္စလာမ်ဘာသာဝင်၊ သူက ဦးနေဝင်းနဲ့ တွေ့ပါရစေဆိုပြီး ခွင့်တောင်းတာ။ တစ်ရက်ကြာတော့ ရသွားတယ်။ ဒါကလည်း ကိုသိန်းဟန် ပြောပြလို့ သိတာပါ။

သဘော် အပေါ်ထပ်က သူတို့ VIP အခန်းထဲမှာ တွေ့တယ်။ ဘာလုပ်လည်းဆိုတော့ ဇလုံကြီးတစ်ခုမှာ ရေနွေးတွေထည့်ထားပြီးတော့ ခြေထောက်စိမ်နေတယ်တဲ့။ ခြေထောက် စိမ်ပြီးတော့ ပက်လက် ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်တဲ့။ သူ့အဖေနဲ့ သူ့ကို လည်း ကုလားထိုင်ပေးထိုင်ပါတယ်။ ထိုင်ပြီးတော့မှ နှုတ်ဆက်၊ ပြီးတော့မှ သူ့တပည့်တစ်ယောက်က ခြေသလုံးကို မျက်နှာသုတ်ပဝါနဲ့ သုတ်တာတို့ လုပ်ပေးနေတယ်တဲ့။ ကဲ ဘာပြောမလဲ ပြောဆိုတော့ ကိုသိန်းဟန် အဖေက ကျွန်တော့်သား ၈ တန်းကျောင်းသား၊ အခုဘယ်လိုမှ တားလို့မရဘူး။ လက်ဝဲစာတွေ ဖတ်နေတာ ဘယ်လိုမှ တားလို့မရဘူး။ တစ်ချိန် ဒီကောင်တော့ ဒုက္ခရောက်တော့မယ် အဲ့ဒါ လာပြတာဆိုတော့ ဦးနေဝင်းကလည်း ကြောင်ပြီးတော့ ကြည့်နေတာပေါ့။ ဘာလို့လာပြတာလဲပေါ့။ ပြတဲ့ အကြောင်းအရင်းကတော့ ဒီကောင် တစ်ခုခုဖြစ်ရင် သူ့ကို သတ်တော့ မသတ်လိုက်ပါနဲ့၊ ထောင်ချယုံပဲ

www.burmeseclassic.com


ချပါပေါ့။ သူ့ကို မသတ်ဖို့ လာပြတာပေါ့။ ဦးနေဝင်း ကလည်း ရပါတယ်ဗျာ။ ကလေးပဲရှိသေးတာပဲ ဖြစ်ချင်မှလည်း ဖြစ်မှာပါဆိုပြီး သူ့အဖေကို ဖျောင်းဖျပြီး လွှတ်လိုက်တယ်ပေါ့။ ဒါပေမဲ့ ကိုသိန်းဟန်အဖို့ကတော့ အမှတ်တရ ဖြစ်သွားပါတယ်။

ကို သိန်းဟန်က သူကိုယ်တိုင်ကလည်း လက်ဝဲစာတွေ ဝါသနာပါတယ်။ ဦးနေဝင်းက ဒီလို ဇလုံမှာရေနွေးထဲမှာ ခြေ ထောက်နှစ်နေပြီး သူ့တပည့်တစ်ယောက်က ဖိနပ်တွေ ခြေထောက်တွေ ဆေးပေးနေတယ် ဆိုတာကို သူက လုံးဝမနှစ်မြို့တာ၊ ဒါ လူလူချင်း အထက်စီးကျတဲ့ ပုံစံမျိုးနဲ့ပေါ့။

## လက်ခုပ်ထတီး

ကိုသိန်းဟန်ကလည်း အုန်းကျော်မြင့် ကိစ္စမှာ မီးလုံးဝ မပျက်ဖို့ တာဝန်ယူရတယ်။ နေ့တိုင်းသူက တရားရုံးတက်တယ်။ တရားရုံးတက်တော့ အဲ့ဒီက ပြောတာဆိုတာတွေ အကုန်လုံးကြားတယ်။ သူ ဘာသာသူ ဝေဖန်တာပေါ့လေ။ အဲ့ဒါနဲ့ နောက်ဆုံး တရားစီရင်မယ့်နေ့ရောက်တော့ မစီရင် ခင်မှာ တရားခံတွေဘက်က လျှောက်လွှဲချက်တွေ တင်ရတယ်။အဲ့ဒီတော့ အုန်းကျော်မြင့် အမှုမှာ လျှောက်လဲချက်တင်တာက ဦးကိုယု၊ သူကနာမည်ကြီး သခင်စိုးကြီးအမှုတုန်းကလည်း သူလိုက်တာပဲ၊ နာမည်ကြီးတဲ့ လူတွေ အမှုမှာ သူလိုက်တာချည်းပဲဆိုတော့ ဦးကိုကြီးတို့က လျှောက်လဲတဲ့ အခါမှာ ဘာလဲဆိုတော့ အုန်းကျော်မြင့် ဒီလိုလုပ်တယ်ဆိုတာက စွဲချက်ကတော့ နိုင်ငံတော်သစ္စာဖောက်မှုပေါ့။

တကယ်တော့ နိုင်ငံတော်သစ္စာ ဖောက်မှုမဟုတ်ပါဘူး။ ဗိုလ်ကြီးတွေ၊ ဗိုလ်မှူးတွေ ထွက်ဆိုချက်အရ လုပ်ကြံဖို့ ကြိုးစားတာက တစ်ပိုင်း၊ နောက်တစ်ပိုင်းက အုန်းကျော်မြင့် လုပ်ကြံဖို့ စိတ်ထားပေါ်ပေါက်လာအောင် ဘယ်လိုအရာက တွန်းပို့သလဲ၊ တွန်းပို့တဲ့ အချက်ဆိုရင် တိုင်းရေးပြည်ရေး၊ တော်တော်ချွတ်ခြုံကျနေတာ၊ စနစ်ကလည်း တော်တော် ချွတ်ခြုံကျနေတာ


www.burmeseclassic.com

www.burmeseclassic.com


တိုင်းပြည်ကလည်း မွဲနေတယ်၊ လူတွေကလည်း မွဲနေတယ်။ အဲ့ဒါကို မခံနိုင်တဲ့ အတွက်ကြောင့် သူတို့တော်လှန်ချင်တဲ့ စိတ်နဲ့ လုပ်ထားတာပေါ့။ လူသတ်ချင်လို့လည်း မဟုတ်ဘူး၊ တိုင်းပြည်ရဲ့ ဒုက္ခရောက်နေ တဲ့အနေအထားကနေ ပြောင်းလဲချင်လို့ တော်လှန်ရေးစိတ်နဲ့ လုပ်တာပါ ဆိုပြီးတော့ လျှောက်လဲချက်ပေးတယ်။ ဒါကြောင့်မို့လို့ အပြစ်မပေးသင့်ဘူး ဆိုပြီး လျှောက်တော့ အဲ့ဒီမှာ ကိုသိန်းဟန်က လက်ခုပ်ထတီးတာ။ အဲ့ဒီမှာ ချက်ချင်း ထောက်လှမ်းရေးက ဖမ်းပြီးတော့ ဖြုတ်လိုက်ရော။

## NLD အတွက် ဆောင်ရွက်

ဖြုတ်လိုက်ပေမဲ့ ဒီလူက ဉာဏ်ကောင်းတဲ့ အခါကျတော့ ၅ လ၊ ၆ လ အတွင်းမှာ ရန်ကုန်မြို့ မှာ နာမည်ကြီးတယ်ဆိုတဲ့ ကျူရှင်ဆရာတွေကို စာချုပ်ချုပ်တာ။ သချာၤမှာဆို ဦးသာ၊ နောက်ပြီးတော့ သန်းနိုင်၊အင်္ဂလိပ်စာ ဦးအောင်ဖေညွန့် ၊ ဘိုင်အိုဆို ရင်လည်း ဒီလိုပဲ ဆရာတွေ အားလုံးကို စာချုပ်ချုပ်ပြီးတော့ ၂၈ လမ်းမှာ ဂျီးဖြူဆိုတဲ့ ကျူရှင် စဖွင့်တာ။ အဲ့ဒီမှာ အရမ်းအောင်မြင်တာ သူပြောပြတာ ပိုက်ဆံဆို လက်ဖျားမှာ ငွေသီးတယ် ဆိုတာ အဲ့ဒါကို ခေါ်တယ်ပေါ့။ သူက နံနက်စာ၊ နေ့လယ်စာ၊ ညစာ တွေကို Strand Hotel မှာ စားတာ၊ ဘယ် လောက်ဈေးကြီးလိုက်လဲ။ အဲ့ဒီခေတ်တုန်းကဆိုရင် မြန်မာပြည်မှာ Strand Hotel နဲ့ အင်းယားလိတ်ဟိုတယ်က ဈေးအကြီးဆုံး။ ဒါပေမဲ့ သူက လုပ်တတ်တော့အောင်မြင်လာရော။ ၈ လေးလုံးမှာ သူ့တပည့်တွေက ပါလာတော့ သူလည်း အရှေ့ဆုံးကနေပြီးတော့ ပါလာတယ်။ သိတဲ့အတိုင်းပဲ NLD အဖွဲ့မှာ ပါလာလေရော။ NLD မှာ ရန်ကုန်တိုင်းအတွင်းရေးမှူးထင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲ ဝင်ခွင့်ရအောင် မြို့နယ်မှာ ဥပဒေအရ လိုက်တာ အောင်မြင်တယ်။ တိုင်းမှာကျတော့ ရှုံးသွားတယ်။ အဲ့ဒီမှာ အကြိတ်အနယ် ဖြစ်ပြီး ခဏလည်းနေရော သူလည်း အဖမ်းခံရတာပဲ။ ပြီးတော့ ထောင်က ထွက်လာတော့ သူက မန္တလေးသွားပြီး ရွှေ့နေလိုက်သေးတာ။ သူက


www.burmeseclassic.com

www.burmeseclassic.com


ကံလိုက်တော့ တရားမအမှုတွေ လိုက်ရင် တချို့ဆိုရင် သိန်းရာနဲ့ ချီပြီးတော့ ရတာပေါ့။

## အပြောနဲ့အလုပ် ညီသူ

၂၀၁၀ နိုဝင်ဘာမှာ ဒေါ်အောင်ဆန်းစုကြည် လွတ်တယ်။ အဲ့ဒီမှာ သူက မန္တလေးကနေ ရောက် လာပြီးတော့ တိုက်ဆိုင်တာပေါ့။ အဲ့ဒီမှာ ကျွန်တော်တို့ အတွင်းရေးမှူး ဦးလွင်ကြီးရဲ့ အမျိုးသမီး အရင်ဆုံးတယ်။ ဆုံးတဲ့အခါကျတော့ ကိုသိန်းဟန် မိန်းမနဲ့ (အဲ့ဒီမှာ ကိုသန်းဟန်က နောက်မိန်းမ တစ်ယောက်ရနေပြီ။ သူက အဲ့ဒီကိစ္စမှာ နည်းနည်း နာမည်ကြီးတယ်။ ကိုသိန်းဟန်က မန္တလေးမှာရတဲ့ မိန်းမက ဆရာဝန် အထူးကု တက္ကသိုလ်က ပါမောက္ခ၊ ရုပ်လည်းချောတယ်။ လူထုဒေါ်အမာရဲ့ တူမ။ ဦးလွင်ကြီးရဲ့ မိန်းမနဲ့ လူထုဒေါ်အမာနဲ့က အမျိုးတော်တယ်ဆိုတော့) သူက လာတယ်။ အဲ့ဒီ အသုဘမှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း လာတော့ တိုက်တိုက်ဆိုင်ဆိုင်သူက သူ့စကားကို ကျွန်တော် ကောင်းကောင်း မှတ်မိနေတယ်။ သူသေတဲ့အခါကျတော့ အဲ့ဒီစကားက သွားပြီးတော့ တိုက်ဆိုင်လိုက်တာလို့ အောက်မေ့မိပါတယ်။ ဒေါ်စုကို သူက ဘာပြောလဲဆိုတော့ **အစ်မ ဗုက္ခရောက်နေတဲ့အချိန်မှာ မန္တလေးမှာ ကျွန်တော် အရမ်းအောင်မြင်တယ်ပေါ့။ ကျွန်တော့် မိန်းမလည်း မကြောင့်ကျအောင် အိမ်တွေကားတွေလည်း ဝယ်ပေးပြီးပြီ။ အားလုံး စီစဉ်ပြီးပြီ၊ ကျွန်တော့် အရင်အိမ်ထောင်က ကလေးတွေကိုလည်း ကျွန်တော် လုပ်ပေးပြီးပြီပေါ့။ အစ်မ အောင်မြင်တဲ့အထိ ကျွန်တော် သေချင်သေသွားပါစေ။ ကျွန်တော် လုပ်တော့မယ်ဆိုပြီး အဓိဋ္ဌာန်** လုပ်ထားတယ်ဆိုတာကို ဒေါ်စု ကို ပြောပြီးတော့ ကျွန်တော်ကတော့ ယုံးစံအတိုင်း ကိုသိန်းဟန် ကတော့ လုပ်ချလိုက်ပြန်ပြီ ဆိုပြီး အောက်မေ့တာ။ အဲ့ဒီလို လုပ်ပေးရင်းနဲ့ ကြားဖြတ်ရွေးကောက်ပွဲလုပ်တဲ့အချိန်မှာ ဘယ်မြို့နယ်မှာမှ မပါဘူး အရွေးမခံဘူးပေါ့။ ဒါပေမဲ့ အောင်နိုင်ရေး အဖွဲ့မှာတော့ သူက ခေါင်းဆောင်ပြီးတော့ အနုပညာသည်တွေနဲ့ စစ်ကိုင်းသွားတယ်၊


www.burmeseclassic.com

www.burmeseclassic.com


မေမြို့ သွားတယ်။ အဲ့ဒါတွေဖြစ်တဲ့အချိန်မှာ သူက အဆုတ်ကင်ဆာဖြစ်နေပြီ။ အဲ့ဒီ လို ဖြစ်နေပေမဲ့လည်း မနားဘူး အောင်နိုင်ရေး ဆက်လုပ်နေတာပဲ။ ရွေး ကောက်ပွဲလည်းပြီးရော ၄ လ လောက်မှာ သူဆုံးသွားရှာတာ။ ဒါကြောင့် မို့လို့ သူက သူ့ကဏ္ဍလေးမှာ စိတ်ဝင်စားစရာကောင်းတဲ့အတွက်ကြောင့်မို့ လို့ သူ့အကြောင်းကို ထည့်ချင်တာပါ။ အုန်းကျော်မြင့်အမှုက သူ့ဘဝ လမ်းကြောင်းကို ပြောင်းစေခဲ့တာပါ။


www.burmeseclassic.com

www.burmeseclassic.com


# နောက်ဆက်တွဲ

## မြှုပ်ကွက်တစ်ခု

လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်ကဖြစ်ရပ်တွေကို ပြန်စဉ်းစားရင်းရေးရတာ မလွယ်လှပါဘူးခင်ဗျား။ ရှေ့ရောက်လိုက်၊ နောက်ရောက်လိုက်။ တစ်ခါတလေကျတော့ ရေးပြီးသားတွေ ပြန်ထပ်ပါလာတာတွေ့ရပါတယ်။ အထူးသဖြင့် ပြန်ပြီးဖတ်ကြည့်၊ စစ်ကြည့်တဲ့အခါတွေ့ရတော့ ကိုယ့်ကိုယ်ကိုယ် မချင့်မရဲဖြစ်မိပါတယ်။ စိတ်ထဲမှာတော့ မိမိကိုယ်ကိုယ် ဖြေသိမ့်ရပါတယ်။ "အော် ငါဟာ သမ္မာရင့်စာရေးဆရာမှမဟုတ်တာ"ဆိုတဲ့ ဖြေသိမ့်မှုနဲ့ပေါ့။ အဲဒီလို အကြောင်းအရာတွေပေါ်လာလိုက်၊ ဖြည့်ပေးလိုက်နဲ့ ပြင်ရတာပဲ မနည်းလှတော့ပါဘူး။ ဒါပေမဲ့လည်း အဲဒီဖြစ်စဉ်ကြီးကို အမှန်ကန်ဆုံး နီးပါးသိသမျှပြန်ရေးချလိုက်ရတဲ့အခါ သမိုင်းမှာ အရေးပါတဲ့ ဖြစ်ရပ်တစ်ခုကိုတော့ မှတ်တမ်းမှတ်ရာအဖြစ် စိတ်ဝင်စားမယ့် စာဖတ်သူအများကို တင်ပြနိုင်ခဲ့ပြီလို့ တွေးရင်းနဲ့ ကျေနပ်ရပါပြီ။

ဒီလိုရေးရင်းနဲ့ မှတ်ဉာဏ်မှာ ဖြတ်ကနဲ ကိစ္စတစ်ခုဟာ ပေါ်လာပါတယ်။ ဒီလိုပေါ်လာတဲ့ကိစ္စကို ဆင်ခြင်ကြည့်တော့ ဒါကိုရေးမှဖြစ်မယ်လို့ စိတ်ထဲမှာ ဖြစ်ပေါ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ အရေးကြီးတဲ့ကိစ္စကိုး။ ဒီအကြောင်းကို ကျွန်တော့်ကိုပြောတာ ကိုဝင်းမောင်လား၊ ကိုထွန်းကျော်လား တစ်ယောက်ယောက်ပဲ။ စံကြည့်တော့ မဖြစ်နိုင်ဘူး။

ကျွန်တော် အထက်မှာတင်ပြခဲ့ပြီးပါပြီ။ ဗိုလ်ကြီးအုန်းကျော်မြင့်ရဲ့ အရည်အချင်းက သာမန်အဆင့်ပဲရှိပြီး ထူးချွန်တဲ့အရာရှိမဟုတ်ဘူးဆိုတဲ့ အချက်။ သူလုပ်ခဲ့တာတွေကို ကြည့်ရအောင်. . .

www.burmeseclassic.com


- ဗိုလ်ချုပ်ကြီးတင်ဦးကိုဖြုတ်တာ မတရားလို့ သူ့ကိုပြန်တင်ချင်တယ်။
- သူ့ကို ပြန်တင်ဖို့အတွက် ဗိုလ်ချုပ်ကြီးစန်းယုနဲ့ ဗိုလ်မှူးကြီးမျက်မှန်တင်ဦး တို့ကို လုပ်ကြံမယ်။
- ဦးနေဝင်း ကိုတော့ ဒီအတိုင်းထားတယ်။

ဟုတ်တာမဟုတ်တာထား။ ဖြစ်သင့်တာ မဖြစ်သင့်တာထား။ ဒါတွေက သူ့ရဲ့ ရည်မှန်းချက်တွေဆိုပါတော့။ အဲဒီလိုစိတ်ကူးတွေ အကောင်အထည်ပေါ်လာဖို့ နည်းဗျူဟာမြောက် ဘာတွေလုပ်ခဲ့သလဲ ပြန်ကြည့်ကြဦးစို့ ။

- သူနဲ့ခင်မင်ရင်းနှီးခွင့်ရတဲ့ PSO တွေကို စည်းရုံးတယ်။ စည်းရုံးလို့လည်းရတယ်။ စစ်ရုံးနဲ့ တခြားနေရာတွေမှာတာဝန်ကျနေတဲ့ အရာရှိတွေကိုကျတော့ ဟုတ္တိပတ္တိ မစည်းရုံးနိုင်ခဲ့ဘူး။ ကိုထွန်းကျော်နဲ့ ကိုကျော်ရှိန် တို့က လွဲရင်ပေါ့။
- လုပ်ကြံဖို့လိုအပ်တဲ့ လက်နက်တချို့ စုဆောင်းနိုင်းလိုက်တယ်။ ဒါကလည်း လက်နက်ငယ် ၄/၅လက်ကို စခန်းမှူး ဗိုလ်မှူးစိန်မြင့် ဆီက သူ့ဆရာနာမည်သုံးပြီး မလိမ့်တစ်ပတ်ထုတ်ယူနိုင်ခဲ့တယ်။ ဒါဟာလည်း သူလုပ်မယ့် လုပ်ငန်းကြီးနဲ့စာရင် မဖြစ်စလောက်လို့ ပြောရမှာပါ။
- တင့်ကားသုံးလို့ရရင် ထိရောက်မယ်ဆိုတဲ့ အတွေးရှိတယ်။ ကောင်းတဲ့အအတွေးပါ။ တင့်ကားရဖို့ ဗိုလ်ကြီးရဲဦးကို ချဉ်းကပ်ပြန်တော့လည်း စည်းကမ်းတွေနဲ့မို့ အဖျားရှူးသွားတယ်။ တကယ်ဖြစ်မလာ။
- ခြေလျင်တပ်ရင်း သုံးနိုင်ရင်ကောင်းမယ်လို့ တွေးတာလဲမှန်တယ်။ ဒါပေမဲ့ အဲဒီတုန်းက ရာမည်မှာတပ်စွဲထားတဲ့ ခလရ(၁၆)ကိုသုံးဖို့ ဗိုလ်မှူးမောင်လတ်ကို သူ့ဆရာ ဗိုလ်ချုပ် ကျော်ထင်က ခိုင်းလို့ဆိုပြီး သွားပြောတယ်။ တကယ့် နေ့ကျတော့ ဗိုလ်မှူးမောင်လတ် က ချော်ထော်ငေါ့သွား


www.burmeseclassic.com

www.burmeseclassic.com


တယ်။ သူ့အကြံအစည် လုံးဝ ရုပ်လုံးမပေါ်ခဲ့ပြန်ဘူး။

ကျွန်တော် ဒီလိုရေးဖြစ်တာက သူဟာ တစ်ခုခုလုပ်ဖို့ ကြံရွယ်ရင် လိုအပ်ချက်တွေကိုတော့ ကောင်းကောင်းသိတယ်။ ဒါပေမဲ့ လက်တွေ့ အကောင်အထည်ဖော်နိုင်မှုကတော့ လုံးဝမလုပ်နိုင်ခဲ့ဖူးဆိုတဲ့ အချက်ပါ။

အထက်ပါ ကိစ္စရပ်တွေလိုပဲ တခြားအရေးကြီးအချက်တစ်ခုကိုလည်း ဗိုလ်ကြီးအုန်းကျော်မြင့် တွေးမိထားတယ်ဆိုတာ ခေါင်းထဲ ပြန်ပေါ်လာတယ်။ တွေးမိထားတဲ့အတိုင်းလည်း ကြိုတင်ပြင်ဆင်ထားခဲ့တယ်။ တကယ့်ထိရောက်မှု ဘယ်လောက်ရှိတယ်ဆိုတာကတော့ ကျွန်တော်မသိရပါဘူး။ အဲဒီကိစ္စကတော့ 'ပြန်ကြားရေး'ပါ။

## ပြန်ကြားရေး

ဗိုလ်ဦးအုန်းကျော်မြင့်က ဗိုလ်ချုပ်ကြီးကျော်ထင်ရဲ့ PSO အဖြစ် သူ့ဆရာတိုင်းမှူးဘဝ၊ ဒုချုပ်ဘဝနဲ့ ကာကွယ်ရေးဦးစီးချုပ်ဘဝတွေမှာ လှည့်လည် ရတော့ အစိုးရယန္တရားတွေရဲ့ အလုပ်လုပ်ပုံတွေ သိပြီးသားဖြစ်နေတယ်။ ယူဆရပါမယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ လုပ်ကြံမှုကြီးအောင်မြင်ရင် တိုင်းပြည်ကို အသိပေးရမယ်ဆိုတာ သူသိတယ်။ လက်ဦးမှုယူရမယ်ပေါ့။

ဒါကြောင့် သူက ပြန်ကြားရေးမှာအရေးပါတဲ့ ကိစ္စတစ်ခုလုပ်ခဲ့သေးတယ်ဆိုတာ နောက်မှ သိရပါတယ်။ ပြည်သူပိုင် သတင်းစာတွေကို ဘယ်လို ချိတ်သလဲဆိုတာတော့ မသိရဘူး။ မြန်မာ့အသံကိုတော့ ချိတ်မိထားတာ သေချာပါတယ်။ သူက မြန်မာ့အသံက သတင်းထုတ်လွှင့်ရေး ကြေညာတဲ့သူ တစ်ဦးမဟုတ် တစ်ဦးထက်မက ဆက်သွယ်ထားပါတယ်။ ဒါကိုလည်း ရေကြည်အိုင်ရောက်မှလား၊ အပြင်ပြန်လွတ်လာမှလား၊ အဲဒီကျမှ သိရတာပါ။ ဗိုလ်ကြီးအုန်းကျော်မြင့်က သူ့လုပ်ငန်း အောင်မြင်ရင် အိမ်တော်က တယ်လီဖုန်းနဲ့ အကြောင်းကြားမယ်။ ကြေညာရမှာကို သူက အဲဒီပုဂ္ဂိုလ်ကို ရုတ်တိုက်ချပေးမယ်၊ အဲဒီလိုပြောထားဟန်တူပါတယ်။

တကယ်တန်း ဘာမှမလုပ်ဖြစ်တော့ ဒီစခန်းအထိ မရောက်ခဲ့ဘူးပေါ့။

www.burmeseclassic.com



ပြီးတော့ သူ့ကိုဖမ်းပြီးစစ်တဲ့အခါမှာလည်း ဒီကိစ္စကို လုံးဝမဖော်ခဲ့ပါဘူး။ သူ ဘယ်သူတွေကိုဖော်ခဲ့သလဲဆိုရင် ထွန်းကျော်၊ ဟန်ဇော်၊ စိန်သောင်း၊ ရဲဦး၊ စံကြည်၊ သန့်ဇင်မြိုင်၊ ဗိုလ်မှူးစိန်မြင့်၊ ဗိုလ်မှူးကြီးလှဖေ၊ ဗိုလ်မှူးမောင်မောင်လတ် စတဲ့ပုဂ္ဂိုလ်တွေကိုတော့ တသီကြီးပြောခဲ့တယ်။ သူမပြောခဲ့တဲ့ လူတစ်ယောက်ကိုတော့ ကျွန်တော် တပ်အပ်ပြောနိုင်တာတစ်ခုတော့ရှိတယ်။ သူကတော့ ဗိုလ်ကြီးမျိုးဟန်လတ်။ ခင်တဲ့သူတွေကတော့ Fred လို့ ခေါ်ကြပါတယ်။ သူနဲ့က လင်မယားလိုနေတာ။ Fred ဟာ နောက်ကျတော့ ကုန်း/လမ်းကို ပြောင်းသွားပြီး အခုတော့ ကွယ်လွန်သွားပါပြီ။

အုန်းကျော်မြင့်ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်က လူတိုင်းကို သိတဲ့အခါကျတော့ ကျွန်တော် အစမှာ ပြောခဲ့တာကတော့ အုန်းကျော်မြင့်ကို အရာရှိချင်း ယှဉ်ပြီးတော့ အထင် မကြီးတာကို ပြောခဲ့ဖူးတာ ရှိတယ်။ သို့သော် နိုင်ငံရေးအရ ကြည့်မယ်ဆိုရင်တော့ သူဟာ ခံစားချက်ဖြင့် လုပ်သည်ဖြစ်စေ၊ မလုပ်ဖြစ်စေ တိုင်းပြည်ရဲ့ အပြောင်းအလဲ၊ ခေါင်းဆောင်တွေရဲ့ အပြောင်းအလဲ၊ လမ်းစဉ်ရဲ့ အပြောင်းအလဲကို လိုလားပြီးတော့ လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်၊ ဆိုတဲ့အခါကျတော့ သမိုင်းမှာ မြန်မာနိုင်ငံရဲ့ အပြောင်းအလဲအတွက် တစ်ခန်း တစ်ကဏ္ဍကနေ အနစ်နာခံပြီး လုပ်သွားတဲ့ ပုဂ္ဂိုလ်လို့ ကျွန်တော်ပြောရင် မှားမယ်လို့ မထင်ပါဘူး။ အဲဒီလို ကျွန်တော် မြင်ပါတယ် ခင်ဗျာ။

ဝင်းထိန်

၁၈၊ စက်တင်ဘာ၊ ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ် ရေးနိုင်၊ ထုတ်ဝေနိုင်ရေး၊ စာမူစုဆောင်းစီစဉ်ပေးတဲ့ ကိုမျိုး(မြန်မာစာ)နဲ့ တကွ ကူညီဆောင်ရွက်ပေးခဲ့ကြသူအပေါင်းကို ကျေးဇူးတင်ရှိပါတယ်။ စာဖတ်သူအပေါင်းကိုလည်း ကျေးဇူးတင်ရှိသလို စာဖတ်ရှုရာမှာ မပြေမပြစ် အဆင်မပြေဖြစ်ရပါက စာရေးမှု အတွေ့အကြုံနုခြင်းကြောင့် နားလည်ခွင့်လွှတ်ပေးနိုင်ဖို့ တောင်းပန်လိုပါတယ်။ စာအုပ်ပါ အချက်အလက် အကြောင်းအရာများ အားလုံးအတွက်ကိုတော့ စာရေးသူ အနေနဲ့ တာဝန်ယူပါတယ်။ ဒီဖြစ်စဉ်ဖြစ်ရပ်တွေမှာပါရှိတဲ့ ပုဂ္ဂိုလ်တွေ၊ မိသားစုတွေအတွက် ထိခိုက်နစ်နာမှုတစ်စုံရာပါရှိပါကလည်း ခွင့်လွှတ်ဖို့ရာ မေတ္တာရပ်ခံပါတယ်။

ဝင်းထိန်

www.burmeseclassic.com